www.burmeseclassic.com

သုမောင်

# အချစ်သစ်ပင်

ဒုတိယအကြိမ်

TMT 2004

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီး သူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ၊

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ချက်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သုမောင်

# ချစ်သစ်ပင်

(ဒုတိယအကြိမ်)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်-
၁၀၆၆/ ၂၀၀၄(၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်-
၁၁၄၆/၂၀၀၄ (၁၀)
ဒုတိယအကြိမ်
၂၀၀၄-ခုနှစ်၊ နိဝင်ဘာလ၊

ရန်အောင်စာပေ-၂

တန်ဘိုး-၁၀၀၀
မျက်နှာဖုံးပန်းချီ
တင်မောင်သန်း
ကွန်ပျူတာစာစီ
ယု(မြဝတီ)
အဖုံး/အတွင်း ပုံနှိပ်ရိုက်
"စွယ်တော်"အော့ဖ်စက် ၀၇၀၅၃။
ဦးတင်အောင်ကျော်၊ ၅၁-လမ်း၊ ပုဇွန်တောင်။
ထုတ်ဝေသူ
ဦးလှတိုး(မြဲ- ၀၆၃၆၄)
ရန်အောင်စာပေ
၃၄၃/၁၈
အနောက်ရန်ကင်း၊ ရန်ကုန်။

ဖြန့်ချိရေး
ရန်အောင်စာပေ-၂
၈၅၅-ဦးငွေကိုင်လမ်း၊
၄၁-ရပ်ကွက်၊
မြောက်ဒဂုံ။

မင်းတို့ကို ပြန်ပြောလိုက်ရင်တော့ အရင်ကလိုပဲ ငါကြောင်တယ် အပြောခံရမှာ သေချာတယ်။ ငါပြောလိုက်ရင် စကားအဆန်းတွေ ဖြစ်ဖြစ်နေတတ်တယ်လို့ မင်းတို့က ထင်ထားကြတာကိုး။ တကယ်တော့ လူတိုင်း တစ်ယောက်တစ်မျိုးစီ ကြောင်နေတာပဲကွာ။ လူမသိအောင် ကြောင်တာနဲ့ လူသိအောင် ကြောင်တာပါပဲ ကွာတာပါ။

ငါကြားဖူးတယ်။ အရူးတစ်ယောက်ရဲ့စကား။ အေး···အရူးစကား။ သတင်သည်စကားနဲ့ ကလေးစကားဟာ မှန်တတ်သတဲ့။ ငါ့အဖိုး ပြောဖူးတယ်။

အဲ့ဒီ ငါပြောတဲ့ အရူးတစ်ယောက်။ အေး ... သူပြောတဲ့စကား တစ်ခွန်း ငါ့နားက မထွက်ဘူး။ ဘာလဲဆိုတော့···။

လူတစ်ယောက်ဟာ သူ့စိတ်ထဲရှိတာ လုပ်တယ်။ သူ့အပြုအမူကို ပတ်ဝန်းကျင်က လက်မခံရင် သူ့ကိုအရူးလို့ ခေါ်တယ်။ ပတ်ဝန်းကျင်က လက်ခံနိုင်ရင် လူကောင်းလို့ ခေါ်တယ်။ ဒါပါပဲတဲ့။

အေး ... ငါပြောတဲ့စကားတွေကို မင်းတို့လက်မခံနိုင်သေးသရွေ့ ငါ ကြောင်တယ်ပဲ ထားလိုက်ကြပေါ့ ဟုတ်လား။ ဒါပေမဲ့ တနေ့နေ့မှာ မင်းတို့လက်ခံလာကြမယ်လို့ ငါယုံပါတယ်ကွာ။

www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ မနက်ကတည်းက ငါ့မြင်ကွင်းတွေဟာ ထူးဆန်းနေတယ်ကွ။ ငါတွေ့ရှု မြင်ဖူးနေကျ အရာရာတိုင်းဟာ အေး . . . အရာရာတိုင်းဆိုလို့ ပြောရအုံးမယ်။ ငါမြင်ဖူးနေကျအရာရာဆိုတာ သိပ်မများပါဘူး။ လူတွေနဲ့ အုတ်တံတိုင်းကြီးတွေနဲ့ သံတိုင်တွေပဲပေါ့။ ဟဲ . . . ဟဲ လုံးတီးဆန်ထမင်းနဲ့ ပဲဟင်းရည်ပျံ့လည်း ပါသပေါ့လေ။ ထားပါ . . . အဲ့ဒီ အရာရာတိုင်းကိုက ထူးဆန်းနေလေရဲ့။

ဘယ်လောက်အထိ ထူးဆန်းနေသလဲဆိုရင် ငါနဲ့ အနီးဆုံးဖြစ်တဲ့ သံတိုင်ကြီးတွေဟာ ခြူးပန်းခြူးနွယ်တွေလို တွန့်လိမ်ကောက်ကွေးနေကြတယ်။ ဟိုခပ်လှမ်းလှမ်းက အုတ်တံတိုင်းကြီးတွေဟာ ဒီလှိုင်းကြီးတွေလို တဖြည်းဖြည်း မြင့်ရာက နိမ့်ဆင်းလာကြလေရဲ့။ ကဲ . . . မထူးဆန်းဘူးလား။ အေး . . . အေး ဟုတ်တယ် . . . ဟုတ်တယ်။ ငါ ကြောင်တယ်ပေါ့ကွာ။ ထားလိုက်ပါ။

ဘာပဲဖြစ်ဖြစ် ငါ့မျက်စိထဲတော့ အဲသလိုပဲ မြင်နေရတာပဲ သူငယ်ချင်းတို့။

မင်းတို့ စဉ်းစားကြည့်စမ်း။ မင်းတို့မမြင်ဖူးပေမဲ့ စဉ်းစားကြည့်လို့ ရပါတယ်လေ။ ထောင်ထဲက သံတိုင်တွေဟာ ဘယ့်နယ် ခြူးပန်းခြူးနွယ်တွေလို တွန့်လိမ်နေပါ့မလဲ။ မဟုတ်ဖူးလား . . .။

ထောင်သားတွေကို ထည့်လှောင်ထားတဲ့ သံတိုင်တွေဆိုတာ မျက်စိထဲကြည့်လို့ကောင်းအောင် သံတံခါးညွှန့်ရွှေဆီမှာ အော်ဒါပေးထားရတဲ့ ပစ္စည်းမျိုးမှမဟုတ်ပဲကလားကွ။ ပြီးတော့ကျတော့ ထောင်ကို ကာရံထားတဲ့ အုတ်တံတိုင်းကြီးတွေဆိုတာလဲ ဘယ်လောက် နိုင်ခံ့မယ်ဆိုတာ မင်းတို့ စဉ်းစားနိုင်ပါတယ်လေ။ ဘယ့်နယ်လုပ်ပြီး ဒီလှိုင်းတွေလို နိမ့်ချီမြင့်ချီဖြစ်[illegible] မလဲ။

တကယ်တမ်း မဖြစ်နိုင်မှန်းတော့ ငါလည်း သိတာပေါ့။ ဒါပေမဲ့ ငါမျက်စိထဲမြင်မိတာကို ပြောနေရတာ။

အင်း . . . လောကမှာ အခြေအနေတစ်ခုပြောင်းတော့မယ်ဆိုရင် အဲ့ဒီအခြေအနေနဲ့ သက်ဆိုင်သမျှ အရာတိုင်းဟာ ဆန့်ကျင်ဘက်ပုံသဏ္ဌာန်တွေ ဖြစ်ကုန်ကြတာပါပဲလားကွာ။

ဖြောင့်စင်းတဲ့သံတိုင်တွေ ကောက်ကွေးကုန်တယ်။ နိုင်ခံ့တဲ့ အုတ်တံတိုင်းကြီးတွေ ယိုင်နဲ့ကုန်တယ်။

ငါဒီနေ့ အခြေအနေပြောင်းတော့မှာကိုးကွ။ အေးလေကွာ . . . လူဆိုတာ တစ်နေရာတည်းမှာ အမြဲနေပါ့မလဲ။ တခြားမကြည့်နဲ့လေ အရင် ဟိုး . . . လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကဆို ငါဟာ မင်းတို့နဲ့ သစ်တော်သီးပင့်တွေရဲ့ အောက်မှာ အတူတူအလုပ်လုပ်၊ အတူတူစားသောက်၊ အတူတူဂစ်တာ ခေါက်နေခဲ့တာ မဟုတ်လား။ ခုတော့ ကြည့်စမ်း ငါတစ်ယောက်တည်း။ မဟုတ်ဘူးလေ။ မင်းတို့နဲ့ ကင်းကွာလို့သာ တစ်ယောက်တည်းပြောရတာ။ ဒီမှာ အဖော်အသစ်တွေတော့ ရှိတာပေါ့။ မင်းတို့နဲ့တော့မတူဘူး။ တချို့က ငါ့လို သူသတ်ဖူးတဲ့လူတွေ၊ တချို့ကျတော့ ငါ့ထက် ပိုပြီးသတ်ဖူးခဲ့တဲ့လူတွေ၊ တချို့ကျတော့ သူခိုး၊ တချို့က ဓားမြ တချို့က ဒိုက်ကွာ . . . ဘာညာကွိကွ စုံလို့ . . . စုံလို့ပေါ့။

မင်းတို့နဲ့တုန်းက ငါဟာ လူကောင်း။ ခု ငါဟာ လူဆိုး။ ဒါဟာ အခြေအနေ ပြောင်းတာပဲပေါ့။ လွတ်လပ်သန့်ရှင်းတဲ့ ယာခင်းတွေပေါ်က လေပြည်နဲ့ ကျဉ်းကျပ်ရှုပ်ထွေးတဲ့ သံတိုင်တွေကြားက လေပြည်ဟာ ဘယ်တူနိုင်ပါ့မလဲလေ။

ဒါပေမဲ့ ခု ငါအခြေအနေတစ်ခု ပြောင်းပြန်တော့မယ်။ မနက်ဖန်

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတစ်ခု ပြောင်းလိမ့်မယ် သူငယ်ချင်းတို့။

ငါ မနက်ဖန် လူကောင်းဘဝ ပြန်ဖြစ်တော့မယ်။ လွတ်လပ်သန့်စင်တဲ့ လေပြည်ကို ပြန်ပြီး ရှူရှိုက်ခွင့်ရတော့မယ်။ ငါ မနက်ဖန် ထောင်က လွတ်မယ် ချစ်သူငယ်ချင်းတို့ . . .။

*　　　*　　　*

"အပြာ . . . အဆောင်မှူးခေါ်နေတယ်"

ဒီနေရာမှာတော့ တူတယ်ကွ။ မင်းတို့ ခေါ်သလိုပဲ၊ ငါ့ကို ထောင်သားအချင်းချင်းတွေကရော ထောင်မှူး၊ ထောင်ပိုင်တွေကပါ "အပြာ"တဲ့။ ပါးစပ်ခံတွင်းတွေ့လို့ ခေါ်နေကြတာတော့ မဟုတ်ဖူးကွ။ ထောင်ကို ရောက်စကတည်းက နာမည်စာရင်းပေးတဲ့အခါ နာမည်ဘယ်နှမျိုးရှိသလဲ၊ ရှိသလောက် ပေးရတယ်။ မင်းတို့လည်း သတင်းစာတွေထဲမှာ ဖတ်ဖူးမှာပေါ့။ ငြိမ်းကျော်(ခေါ်) အဘိုးကြီး(ခေါ်) အီစွတ်(ခေါ်) ဘာခေါ်ညာခေါ်နဲ့လေ . . .။ အေး . . . အဲ့သလိုပဲ။ ငါ နာမည်ပေးတဲ့အခါမှာလဲ ကြည်ပြာ(ခေါ်) အပြာလို့ ပေးရတယ်။ နာမည်ကြားရစက သူတို့လည်း ပြုံးကြသေးတယ်ကွ။ နောက်တော့လည်း ရိုးပြီး ခေါ်ရတာ ရှောရှောရှူရှူ ဖြစ်သွားတာပါပဲလေ . . .။ "အပြာ"တဲ့။

ငါ ထောင်ဝါတာနဲ့ လိုက်သွားတယ်။ တို့အဆောင်မှူးက ငါ့ကို ချစ်တယ်ကွ။ သူကဆိုရင် ငါ့ကို "အပြာလေး"လို့ခေါ်တာ။ မရယ်ကြနဲ့လေကွာ။

"အပြာလေး"



"ဟုတ်ကဲ့ဆရာ"

"မနက်ဖန် ဘာနေ့လဲ သိရဲ့လား"

"ရှင်လူထွက်တဲ့နေ့တော့ မဟုတ်ဖူးဆရာ၊ ပျော်စရာကောင်းတဲ့နေ့ဆိုတာတော့ သေချာပါတယ်"

အဆောင်မှူးက အားရပါးရရယ်တယ်။

"မင်း အဲ့ဒီလို စကားတတ်လို့ တို့မင်းကိုချစ်ရတာပေါ့ အပြာရယ်၊ အေး . . . အေး . . . ရှင်လူထွက်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့နဲ့ ထောင်ကလွတ်တဲ့နေ့တွေဟာ အပျော်ဆုံးနေ့တွေပေါ့။ မင်း ဒီနေ့လွတ်ရက် မဟုတ်လား"

"ဟုတ်ကဲ့ ကျွန်တော် သိပ်ပျော်ပါတယ် ဆရာ"

"အေး . . . အပြင်ရောက်ရင် လိမ္မာအောင်နေ၊ မင်းက လိမ္မာပြီးသားပါကွာ၊ ငါတို့ဆီလည်း အလည်လာခဲ့အုံးပေါ့"

"ခင်ဗျာ . . ."

"ဟား . . . ဟား . . . ငါ့အိမ်ကို အလည်ခေါ်တာပါကွ အပြာရဲ့ အတုန်း မင်းက ထောင်ကို သိပ်ကြောက်နေပြီလား"

"ထောင်ကိုကြောက်တာ နည်းနည်းပါဆရာ၊ ကျွန်တော် အပြင်ကို လွမ်းလို့ပါ"

"မင်းမှာ လွမ်းစရာ ရည်းစားကျန်ခဲ့လို့လား"

ငါ ဘယ်သူ့မျက်နှာကို ကွက်ကနဲ သတိရလိုက်မယ်ဆိုတာ မင်းတို့သိမှာပေါ့ကွာ။ အေး . . . အမေ့မျက်နှာကို မြင်ယောင်လာမိသလို အိမ်နန်းမေရဲ့ မျက်နှာကိုလည်း မြင်မိမယ်ဆိုတာ ပြောပြစရာတောင် မလိုပါဘူး"

"ထောင်ထဲရောက်တဲ့အခါ အပြင်လောကရဲ့ လွတ်လပ်မှုကို

www.burmeseclassic.com



ကျွန်တော် အလွမ်းဆုံးပဲ ဆရာ"

"မင်း နောက်တစ်ကြိမ် ဒီကို ပြန်မလာနဲ့တော့ ဟုတ်လား အပြာ။ ထောင်ဆိုတာ တစ်ခါမှမကျဖူးရင် အကောင်းဆုံးပဲ၊ ကဲ . . .ဆိုစမ်းပါအုံး မင်းရဲ့ ရှေ့ရေးအစီအစဉ် . . ."

"ကျွန်တော် အောင်ပန်းကို ပြန်မယ် ဆရာ၊ ခြံပြန်လုပ်မယ်၊ ကျောင်း ပြန်တက်မယ်၊ ထောင်ထဲရောက်ခဲ့ပြီးမှ ကျွန်တော် ပိုပြီး အားအင်တွေပြည့် လာသလိုပဲ၊ ကျွန်တော် လွတ်လပ်စွာ ရန်းကန်ခွင့်ရဲ့ဒာန်ဖိုးကို ခုပိုပြီး သိနေပြီ ဆရာ"

"အေး . . .အေး . . . ကောင်းပါလေ့ကွယ်၊ ဒါနဲ့ မင်း ပြန်ဖို့စရိတ် စကကော . . ."

"မြေလည်မှာပါ ဆရာ၊ ရန်ကုန်မှာ ကျွန်တော်တို့သစ်တော်သီးတွေ သွင်းတဲ့ ဒိုင်တစ်ခု ရှိပါတယ်၊ သူတို့လည်း ကျွန်တော့်ကို သားသမီးလို ခင် ရှာပါတယ်၊ ကျွန်တော့်ကို ထောင်ဝင်စာလာလာတွေ့နေတဲ့ လူတွေလေ"

"သူတို့က လုံးဝတာဝန်ယူမလား"

"ယူမှာပါ ဆရာ"

"မသေချာပါလား အပြာရဲ့ ကဲ . . .ကဲ . . .ငါလည်း တတ်နိုင် သလောက် ကူညီပါ့မယ်၊ ဒါပေမဲ့ အဆောင်မှူးဆိုတာ ဆင်းရဲသားပဲနော် စရိတ်စကအကုန်တော့ တာဝန်မယူနိုင်ဘူး၊ ကဲ . . .ထောင်က ထွက်ထွက် ချင်းသာ ငါ့အိမ်ဝင်ခဲ့အုံး၊ ငါ စီစဉ်စရာ စီစဉ်ပေးမယ် ဟုတ်လား၊ မင်းကို လွှတ်မယ့်အချိန်ဆို ငါ အိမ်ပြန်ရောက်နေပြီ၊ ငါ့အိမ်ကို ဘယ်သူ့မေးမေး ရတယ် ဟုတ်ပလား"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ"



"အေး . . .ပြန်တော့ အဆောင်ကို"

ငါ လှည့်ပြန်ခဲ့တယ်၊ သူ့အခန်းဝရောက်မှ သူက ထပ်ခေါ်ပြန် တယ်။

"အပြာ ငါတစ်ခုမှာဖို့ မေ့သွားတယ်"

သူ ငါ့ကို ပြုံးကြည့်တယ်။ သူ့အပြုံးက အဓိပ္ပာယ်ရှိလှတယ်။ ခေတ်လူငယ်တစ်ယောက်ကို ရှေးလူကြီးတစ်ယောက်က ဆုံးမခါနီး ပြုံးပုံ မျိုးကွ၊ သိလား။

"ငါမှာတာ သေသေချာချာမှတ် အပြာ၊ ထောင်ဘူးဝကထွက်သွား တဲ့အခါ ထောင်ဘူးဝဘက်ကို ယောင်လို့မှ လှည့်မကြည့်လေနဲ့၊ ပြန်ဝင်ရ တတ်သတဲ့"

* * *

သူငယ်ချင်းတို့ရေ . . .

လူ့သဘာဝတစ်ခုကို မင်းတို့လည်း နားလည်ကြမှာပါ။ ဘာလဲဆို တော့ ဆိုကြပါစို့ကွာ။

တို့တစ်တွေ ချစ်တဲ့သူနဲ့ ချိန်းတွေ့ကြမယ်၊ နောက်လာမယ့် ဆယ်ရက်မြောက်နေ့မှာ တွေ့ရမယ်ဆိုရင် ရင်ခုန်ကြတာပဲ။ ထားကွာ။ တွေ့ရမှာလည်း ပထမဦးဆုံးအကြိမ်အဖြစ်၊ ကဲ . . .ဒါဆိုရင် အဲသလို ချစ်သူ နဲ့ တွေ့ကြရတော့မယ်လို့ စပြီး သိသိချင်း တို့တစ်တွေဟာ နလုံးသွေးရှပ် သွားမတတ် ရင်ခုန်ကြည်နူးရမြဲပဲ မဟုတ်လား။ အေး . . .ဒီလိုနဲ့ ချစ်သူနဲ့ တွေ့ရဖို့ တစ်ရက်၊ နှစ်ရက်၊ သုံးရက်ဆိုသလို ကြာလာတဲ့အခါ နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သက်သာသွားပြန်ရောပေါ့။ အနည်ထိုင်သွားတဲ့သဘောကွာ၊ ဟုတ်ကဲ့လား။

တစ်ခါ ဒီလိုကနေ မနက်ဖန်လိုမှာ တွေ့ရတော့မယ်ဆိုရင် တစ်ခါပြန်ပြီး ပထမတုန်းကလို ရင်ခုန်မြန်လာပြန်ရောလေ။ ဒီလိုမျိုး ဖြစ်ဖူးကြတယ်မဟုတ်လားကွ၊ ဟေ . . .˝

ဥပမာကွာ၊ တို့ထမင်းဆာတယ်၊ ဘာမှ စားစရာမရှိဘူး၊ ဒီအခါအဆာခံရတာ နည်းနည်းသက်သာတယ်။ အဲ . . .ထမင်းဆာနေတုန်း စားစရာသောက်စရာတစ်ခုခုကို တွေ့လိုက်ပြီဆိုရင်တော့ စောစောက ဘာမှစားစရာမရှိတုန်း ဆာတာထက် ပိုပြီး ဆာလောင်လာတတ်တယ် မဟုတ်လား။ အေး . . .အဲ့လိုမျိုးပေါ့။

ဒါထက် ဥပမာရှင်းရှင်းပေးရရင်တော့ကွာ။ ငါ့အဘိုးပြောသလို ˝အိပ်သာမြင်မှ ပိုပြီး ယိုချင်လာသကွာ˝ဆိုတာမျိုးပေါ့။ တခြားတော့ မဟုတ်ဘူး သူငယ်ချင်းတို့၊ မနက်ဖန်လွတ်တော့မယ်ဆိုကာမှ ဒီညမှာ ငါဗိုလ့် လွမ်းနေမိတာပဲ။ အေးပေါ့ . . .မင်းတို့ကိုရောပေါ့။ အမေ့ကိုရောပေါ့။ ပြီးတော့ကျတော့ အိမ်နန်းမေကိုရောပေါ့။

လွမ်းတာမှ ထောင်ထဲရောက်ရောက်ချင်းညက လွမ်းရတာထက်တောင် ပိုအုံးမယ် ထင်ရဲ့ကွာ။

ကွာ . . .ညနေကလည်း ထမင်းတောင် မစားနိုင်ဘူး၊ ပျော်လွန်းလို့ ခုလည်း အိပ်ချိန်တန်နေပြီ။ လုံးဝအိပ်မရဘူး၊ ပျော်လွန်းလို့ အိပ်မပျော်တော့တာပေါ့။

တစ်ခုတော့ ထူးဆန်းတယ်ကွာ။ ငါ့ကိုယ်ငါလည်း နားမလည်နိုင်ဘူး။



ထောင်ထဲရောက်တဲ့နေ့ကစပြီး လုံးဝမငိုဘူးတဲ့ ငါဟာ ခု မျက်ရည်တွေကျနေမိတယ်။ ဘယ်လိုထိန်းထားလို့မှ မရဘူးကွာ။ နံ့ဘေးကလူတွေမကြားရအောင် မျက်နှာနဲ့ ခေါင်းအုံးအပ်ပြီး ကြိတ်ကြိတ်ရှိုက်နေရတယ်။ ဝမ်းနည်းလာတာကလည်း မကြုံဖူးအောင်ပဲ။ အဲ့ဒါ ဘာလို့လဲကွာဟင် . . .။ မင်းတို့ကော သိကြရဲ့လား။

ဒါပေမဲ့ ငိုရတာကတော့ အရမ်းကောင်းတာပဲ။ ကဲ . . .မထူးဆန်းဘူးလား။ ငိုလို့ကောင်းတယ်တဲ့ . . .။ ငိုရတာ ကောင်းတယ်တဲ့ . . .။ ဘယ်လိုခံစားမှုသဘောတွေများလဲကွာ။

ပြီးတော့လဲကွာ၊ ဒီညအချိန်မှ အပြင်လောကရဲ့အကြောင်းကို စိတ်ထူးရတာ ဘယ်လိုခံတွင်းတွေ့မှန်း မသိဘူး။

အင်း . . .မျှော်လင့်ချက်ရှိလာပြီဆိုရင် စိတ်ကူးယဉ်ရတာ တယ်ပျော်စရာကောင်းပါလား။

စိတ်ကူးယဉ်ရတာ ပျော်စရာကောင်းသလို အတိတ်ကဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို ပြန်စဉ်းစားရတာလည်း ပျော်စရာကောင်းတာပဲ။ ပျော်စရာကောင်းရုံတွင် ဘယ်ကမလဲ။ မှတ်မိလိုက်တဲ့မှတ်ဉာဏ်ကလည်း မပြောပါနဲ့တော့ကွာ။ မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သလိုပဲ။

ငါ့ရဲ့အတိတ်ကအဖြစ်တွေက အစီအရီ စီကာစဉ်ကာ ပေါ်လာတယ်။ ပထမဆုံး သတိရတာက အမေ။

* * *

www.burmeseclassic.com



(၁)

ဟိုး . . . ခပ်လှမ်းလှမ်းဆီမှာ နှမ်းပန်းခင်းတွေကို တွေ့ရတယ်။ ရှမ်းဒေသ . . .ကုန်းတွေရဲ့သဘောအတိုင်း နိမ့်ချီမြင့်ချီလှိုင်းထနေတဲ့ မြေပြင်ပေါ်မှာ နှင်းမှုန်တွေ ဖြူးထားသလိုပဲ။ သိပ်လှတဲ့ နှမ်းပန်းခင်းတွေ။ အရောင်ကတော့ အဝါရောင်တွေထဲမှာ အညံ့ဆုံးအရောင်ပဲ။ စဉ်းစားကြည့်လေ . . . နှင်းရောင်။ ဒါပေမဲ့ ဘာလို့လဲ မသိဘူး။ ခပ်လှမ်းလှမ်းက တောင်ပြာတန်းတွေရယ်၊ ဟိုး . . . က မိုးကောင်းကင်ရယ်၊ နံဘေးနားက အုံ့မှိုင်းနေတဲ့ ထင်းရှူးပင်တန်းကြီးရယ် ပြောက်တိပြောက်ကျားကျနေတဲ့ နေရောင်ရယ်၊ ဒီသဘာဝအလှတွေနဲ့ နှင်းဝါရောင်နှမ်းပန်းခင်းဟာ သူ့အလိုလို အစပ်အဟပ်တည့်ပြီး လှနေတယ်။ ငါကတော့ လှတယ်လို့ ထင်တာပဲ။

ငါ သစ်တော်သီးခြံကိုရောက်တိုင်း အဲဒီနှမ်းပန်းခင်းကြီးကို ခဏခဏမျှော်ကြည့်နေမိတာပဲ။ တစ်နေ့နေ့ ငါတို့ကိုယ်တိုင် ကိုယ်ပိုင်ခြံနဲ့စိုက်ပျိုးနိုင်တဲ့အခါ အဲ့လိုမျိုး နှမ်းပန်းခင်းတွေ ကြံရအုံးမယ်။

အင်း . . . ငါကတော့ အမြဲစိတ်ကူးယဉ်နေတဲ့ကောင်ပဲ။ စိတ်ကူးဆိုတာ တကယ့်လက်တွေ့နဲ့ မကင်းကွာရင် ယဉ်ချင်တိုင်း ယဉ်လိုက်စမ်း။ မဖြစ်လာနိုင်ဘူးဆိုတာ မရှိဘူး၊ ငါ ယုံတယ်။

ငါ စိတ်ကူးယဉ်တာတွေက အများကြီးပဲ။ နှမ်းပန်းခင်းတွေကြံဖို့ရော၊ သစ်တော်သီးမျိုးကောင်းတွေ ထပ်စိုက်ဖို့ရော၊ ငါ ဆယ်တန်းအောင်ရင် စိုက်ပျိုးရေးတက္ကသိုလ်တက်ဖို့ရော၊ တက္ကသိုလ်ကရတဲ့ပညာနဲ့ စိုက်ပျိုးခင်းတွေကို အလှဆုံး၊ အကောင်းဆုံး၊ အအောင်မြင်ဆုံးဖြစ်အောင် ဆော်ပြမယ်။ ဆော်မယ်ဆိုတာ စိုက်မယ်၊ ပျိုးမယ်လို့ ပြောတာကွ၊ သိလား။ ထားပါလေ၊



. . .တွေက နောက်မှ လုပ်ရမယ့်အလုပ်၊ လောလောဆယ် စိတ်ကူး . . .။

ခုလုပ်ရင် ခုဖြစ်နိုင်တာတစ်ခုလည်း ငါ စဉ်းစားထားတယ်။ ဒီ . . .ကြောင်းကို စဉ်းစားရင် ငါ ထမင်းတောင် မဆာဘူး။ သိပ်ပျော်ဖို့ ကောင်း . . .။ လူငယ်ဆိုတာ တက်ကြွရမယ်လို့ ငါ့ဆရာက ပြောတယ်။ ဒါပဲ . . .တယ်၊ ငါ့စိတ်ကူးလေးတွေ အကောင်အထည်ဖော်ဖို့ (အကောင်အထည် . . . ဖော်လို့ဖြစ်နိုင်တယ် ဆိုရင်ပေါ့လေ) စိတ်ကူးမိတိုင်း ငါ . . . . . .ကြွမိတာပဲ။

အဲ့ဒီ ငါပြောတဲ့စိတ်ကူးဆိုတာက တခြားမဟုတ်ဘူး။ ငါတို့ ခု . . .နေတဲ့ သစ်တော်သီးခြံကို ခုထက်ပိုပြီး တိုးတက်ကောင်းမွန်အောင် . . .ပဲ။ ခုဆို ဒီသစ်တော်သီးခြံမှာ အလုပ်သမားဆိုလို့ ငါရယ်၊ ငါ့အဖေရယ် . . .ရယ် . . . ဒါပဲ။ အဖေက သစ်တော်သီးနဲ့ ပတ်သက်လို့တော့ ကျွမ်း . . .တယ်၊ သူ့မိတ်ဆွေတွေကဆိုရင် "ကိုဘကြည်က သစ်တော်သီးပင်ဖက် . . .လာတာကွ" လို့တောင် နောက်ကျတာပဲ။ ဒါပေမဲ့ကွာ . . . ဘယ်လောက် . . .ကျင် ကျွမ်းကျင် ဝန်နဲ့အား မမျှရင် အလေအလွင့်၊ အပျက်အစီး . . . ရှိစမြဲပဲပေါ့။

ငါ့အဖေက ဘယ်လောက်ပဲ ခြံလုပ်ငန်းမှာ ကျွမ်းကျင်တယ်ဆိုပေ . . . ငါကလည်း ကျောင်းက ပြန်တာနဲ့ အဖေ့ကိုကူပြီး ခြံထဲဆင်းတယ် . . .မယ် . . . ကွာ ဘယ်မှာလာပြီး အလုပ်က ကောင်းကောင်းဖြစ်မှာလဲ။ . . .ယို၊ ဒီကမိုးယိုနဲ့ ဧရပ်အိုကြီးလိုသာ နေမှာပေါ့။ ပြီးခဲ့တဲ့ရာသီကဆို . . . သစ်တော်သီးတွေ ငါးပုံတစ်ပုံလောက် ပုပ်ကုန်တယ်၊ ပိုးကျတာ။ ရတဲ့ . . .တွေကျတော့လည်း စံချိန်မီအောင် မဖွံ့ဖြိုးဘူး၊ အရှုံးမပေါ်ရုံတစ်မယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဘာကြောင့်ထင်သလဲ။ အလုပ်သမားနည်းလို့ပေါ့ကွ။ ဒီသစ်တော် သီးခြံကြီးတစ်ခြံလုံးကို အသီးခူးချိန်ကလွဲရင် ကျန်တဲ့အလုပ်မှန်သမျှ အဖေ ရယ်၊ အမေရယ်၊ ငါရယ် သုံးယောက်တည်း နိုင်ခဲလုပ်နေတဲ့နောက် ဘယ်မှာ လာပြီး နိုင်နိုင်နင်းနင်းရှိပါ့မလဲ။ ဒါဟာ အဓိကအပြစ်ပဲ။

ပြီးတော့ တစ်ခုရှိသေးတယ်။ အဖေက ဇွတ်သမား၊ ရှေးရိုးအစဉ် အလာ အစွဲကြီးတယ်။ စိုက်ပျိုးရေးကိစ္စမှာ မိရိုးဖလာနည်းကလွဲပြီး တခြား ဘယ်သိပ္ပံနည်းကိုမှာ အားမကိုးဘူးဆိုတော့ကာ ...။ တစ်ခါတစ်ခါ ဆေးကုလို့ ရပေမယ့် မကုဘဲနေသလို ဆုံးရှုံးမှုတွေ ကြုံရတာပဲပေါ့။

မင်းတို့ စဉ်းစားကြည့်လေ၊ အသားဝါရောဂါဆိုတာ တို့နိုင်ငံသမိုင်း မှာ ရှိဖူးခဲ့တဲ့ရောဂါ မဟုတ်တာ။ သိပ္ပံသဘောအရ သဘာဝအပြောင်းအလ တစ်ခုခုကြောင့် တစ်နေ့မနေ့ကမှ ထူးထူးဆန်းဆန်း ထဖြစ်ခဲ့တာ မဟုတ် လား။ ဒီသဘောအတိုင်းပဲ သစ်ပင်ပန်းမာလ်နဲ့ ပတ်သက်လို့ ရောဂါဆန်းတွေ ဆိုတာလည်း ရှိနိုင်တာပဲ။ ဒါကို ရှေးရိုးနည်းနဲ့ကုလို့တော့ ဘယ်ရမလဲ။ သိ နည်း၊ သိပ္ပံဆေးနဲ့ ကုမှပေါ့။ ဒါကို ငါ့ဖအေသားကြီးက လုံးဝလက်မခံဘူးကွ ဒီမှာတင် မဆုံးရှုံးသင့်တာတွေ ဆုံးရှုံးကုန်တော့တာပဲပေါ့။

ဘာပဲဖြစ်ဖြစ်ပါလေ၊ အဓိကအကျဆုံးအချက်ကတော့ ခြံလုပ်ငန်း နဲ့ အလုပ်လုပ်မယ့်သူ မမျှတတာပဲလို့ ငါ ထင်တယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ အဖေ့ကို ငါဆွေးနွေးဖို့ ကြိုးစားနေတာ ကြာပြီ။

ငါတို့ခြံဟိုဘက် တစ်ခြံကျော်က "အိုက်ပေါင်း"တို့ခြံဆိုရင်ကွာ ကြည့်စမ်း ... ဘယ်လောက်အားကျစရာကောင်းလဲ။ အိုက်ပေါင်းအဖေက လုပ်ငန်းကို ဦးစီးဦးဆောင်လုပ်တယ်။ အိုက်ပေါင်းနဲ့ သူ့သူငယ်ချင်းတွေက



ပေါင်းလုပ်ကိုင်ကြတယ်။ တပျော်တပါးကြီးပဲ၊ အလေအလွင့်လည်း နည်း တယ်၊ ပိုပြီးတော့လည်း သီးနှံထွက်တယ်။ ငါဖြင့်လေ အိုက်ပေါင်းတို့ခြံ မြင်ရတိုင်း ငါတို့ခြံအတွက် အားမလို အားမရ ဖြစ်မိတယ်။

ငါတို့ခြံကိုလည်း ငါနဲ့ မင်းတို့နဲ့သာပေါင်းပြီး လုပ်ကိုင်လိုက်ရရင် ...။

* * *

"အဖေ ဒီမှာ ကြည့်စမ်းဗျာ"

ငါ စိတ်ပျက်အားငယ်သံနဲ့ အဖေ့ကို ပြောလိုက်တယ်။ ငါ လက် ညွှန်ရာကို အဖေက မျက်မှောင်ကုပ်ပြီး ကြည့်တယ်။ သစ်တော်သီးပင် ပင်မှာ အသီးတစ်ဝက်လောက် ပိုးကျနေတယ်။

အဖေ့ရဲ့ထူးခြားတဲ့လက္ခဏာကတော့ ဒါပဲ။ ပိုးကိုက်လို့ ပျက်စီးနေ သစ်သီးတွေကို ကြည့်နေတဲ့နေရာမှာ ဘယ်လိုမြင်ရလဲဆိုတဲ့အကြည့် ကြည့်တယ်။ လုံးဝ စိတ်ပျက်အားလျှော့တဲ့အမူအရာ မပါဘူး။

ဒါကြောင့်လည်း အဖေဟာ ဇွတ်တရွတ်သမားဖြစ်နေတာပဲ။ အဖေဟာ သူ့ကိုယ်သူ သိပ်ယုံကြည်တယ်။ ဇွဲလည်း သိပ်ကောင်းတယ်။ ခံမလှဲ့စတမ်းထဲကပဲ။ စိုက်ပျိုးရေးမှာ ရှေးရိုးစဉ်လာနည်းကို လုံးဝလက် ွတ်တမ်း ဆုပ်ကိုင်ထားတဲ့အတွက် တစ်ခါတစ်ခါ အားမလို အားမရ ရပေမယ့် အဲ့ဒီဇွတ်တရွတ်နိုင်တဲ့ သူ့ဇွဲကိုတော့ ချီးကျူးရမှာပဲ။

သူ့ကိုယ်သူ ယုံကြည်တဲ့နေရာမှာတော့ အဖေဟာ နံပါတ်ဝမ်းပဲ။

"ဒါကတော့ ရာသီပိုးပဲ၊ မတတ်နိုင်ဘူး၊ ဒါပေမဲ့ ခလောက်များများ

www.burmeseclassic.com

www.burmeseclassic.com



ကျတာကတော့ ဆိုးသကွာ"

ကဲ . . . အဖေ့မှတ်ချက်။

ငါ့အဖေကို သွေးတိုးစမ်းကြည့်တယ်။

"အိုက်ပေါင်းတို့ခြံလည်း ဒီလိုပဲဖြစ်တယ် အဖေ"

"အေးပါကွာ . . . ရာသီပိုးပါဆိုနေမှပဲ"

"မဟုတ်ဘူး အဖေ၊ အဲဒါ ပိုးသတ်ဆေးနဲ့ ဖျန်းလိုက်တာ ကျန်တဲ့ အသီးတွေ ပိုးဆက်မကျတော့ဘူးတဲ့"

အဖေက ခေါင်းကို ဆတ်ကနဲ ခါလိုက်တယ်။ စုပ်တစ်ချက် သတ်လိုက်တယ်။ ဒါက အဖေ့အကျင့်ပဲ၊ တစ်ခုခု သူ့ကို အတိုက်အခံလုပ်လာရင် ဒီလိုပဲ လုပ်တတ်တယ်။

"မဖြစ်ပါဘူး၊ တော်နေ ပိုးသတ်ဆေးဖျန်းထားတဲ့အပင်က အသီးတွေစားလို့ လူတွေ နုကျွရောက်ကုန်မှဖြင့် . . ."

"အဲ့ဒီပိုးသတ်ဆေးက လူကို ဥပါဒ်မပေးဘူးတဲ့ အဖေ"

"ပြောနိုင်သလားကွ"

"အိုက်ပေါင်းတို့တော့ ဒီလိုပဲ"

ငါ့စကားကို အဆက်မခံတော့ဘူး။ ထုံးစံအတိုင်း အပြတ်ကောတော့တာပဲ။

"နင့်အမေကလွှားတဲ့၊ အိုက်ပေါင်းပဲ ခဏခဏထည့်ပြောနေတာပဲ"

ငါ ဘာမှ အတွန့်မတက်ရဲတော့ဘူး။ ဘာပြောလို့ ရမှာလဲ။ ငါ့အဖေ မို့လို့ပေါ့ကွာ။

*    *    *



ငါက လူငယ်၊ ငါ့အဖေက လူကြီး။ အေးလေ . . . ဒါက ဘာထူးဆန်းလို့လဲ။ ဒါပေမဲ့ ငါပြောချင်တာက လူကြီးနဲ့ လူငယ်ရဲ့သဘာဝ။

လူငယ်ဆိုတာ စိတ်တက်ကြွလွယ်တယ်၊ စိတ်ထိခိုက်လွယ်တယ်။ လူကြီးဆိုတာ ရင့်ကျက်တည်ငြိမ်တယ်။

စောစောက ငါ့စကားမအောင်မြင်လို့ ငါ နည်းနည်းတော့ ဝမ်းနည်းမိတယ်။ အဖေကတော့ ဘာမှမဖြစ်သလိုပဲ။

ငါတို့ ထမင်းစားနေကြတဲ့အချိန်မှာ ငါ စိတ်ပျက်နေတာကို အဖေ သိသွားတယ်။

ပြောရဦးမယ်၊ တို့မိသားစုဟာ မနက်စာကို ခြံထဲမှာပဲ စားကြတယ်။ အမေက ချိုင့်နဲ့ ထမင်းလာပို့တယ်။ အိမ်က ခြံရဲ့အစပ်မှာ ရှိတယ်ဆိုပေမယ့် တို့ အိမ်ပြန်ထမင်းမစားဘူး။ ဒါက ဘာမှ သိပ်အကြောင်းအချက်မရှိပါဘူး။ တို့မိသားစု(အဖေရယ်၊ အမေရယ်၊ ငါရယ်) သစ်တော်သီးပင်အရိပ်မှာ ထမင်းဝိုင်းဖွဲ့စားရတာ အရသာတွေ့လို့ပဲ။

အေး . . . အဲ့သလို ထမင်းစားနေတုန်း အဖေက ငါ့ကို စောစောကစကား ပြန်ကောက်တယ်။

"စိတ်ပျက်သွားသလား"

"ဘာကိုလဲ အဖေ"

"ခုနက ဖေဖေဆူတဲ့ကိစ္စ၊ သစ်တော်သီးတွေ ပိုးကျတာနဲ့ ပတ်သက်တဲ့ကိစ္စ"

"မညစ်ပါဘူး ဖေဖေ"

"အေး . . . မညစ်ဘူးဆိုရင် မင်းမျက်နှာကို ပြင်စမ်းကွာ၊ မှုန်ကုပ်ကုပ်လုပ်မနေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေဟာ သူ့ကိုယ်သူ ယုံကြည်သလောက် အမြဲတမ်းအနိုင်ယူဖို့ ကြိုးစားတယ်။

မင်းတို့ စဉ်းစားကြည့်ကြပါကွာ၊ အရှုံးပေးရတဲ့လူဆိုတာ အနည်းနဲ့ အများတော့ စိတ်ထိခိုက်ရတာပဲ မဟုတ်လား။ အေး . . . ငါ့အဖေကလေ အဲ့သလို ရှုံးလို့ စိတ်ထိခိုက်ပြန်ရင်လည်း မကြိုက်တတ်ဘူး။ ဒီလောက်ဆိုရင် ငါ့အဖေရဲ့စိတ်ဓာတ် ဘယ်လောက်ပြင်းထန်တယ်၊ ဘယ်လောက် သူ့ကိုယ်သူ ယုံကြည်တယ်ဆိုတာ မင်းတို့ သိလောက်ရောပေါ့။

ထမင်းစားပြီးကြလို့ တို့သားအမိ၊ သားအဖတစ်တွေ ရေနွေးကြမ်းထိုင်သောက်ရင်း ခဏအပန်းဖြေနေကြတုန်း ငါက စကားပြန်စတယ်။

"အဖေ အလုပ်လုပ်ရတာ မပင်ပန်းဘူးလား"

အဖေက ငါ့စကားကို နားမလည်သလို ငါ့ကို လှမ်းကြည့်တယ်။

"ငါအလုပ်လုပ်ရလို့ ပင်ပန်းတယ် ညည်းတာ မင်းတစ်သက်နဲ့ တစ်ကိုယ် ကြားဖူးသလား"

"အဲ့သလိုကြားဖူးဖို့ဝေးလို့ အဖေ အလုပ်မလုပ်ဘဲ အလဟဿ ထိုင်နေတာတောင် ကျွန်တော် မတွေ့ပါဘူး အဖေ"

"ဒါဆို မင်းက ဘာလို့ အလုပ်လုပ်ရတာ ပင်ပန်းသလား မေးရသလဲကွ ဟေ . . ."

"မဟုတ်ပါဘူး အဖေ၊ အဖေ့အသက်က ထောက်လာပြီ မဟုတ်လား ဘာပဲဖြစ်ဖြစ် အရင်ကလောက်တော့ . . ."

"ဘာလဲကွ၊ မင်းက ငါ့ကို အထင်သေးနေတာလား"

"အဖေ့ကို အထင်မသေးပါဘူး အဖေ၊ သဘာဝတရားကို အထင်ကြီးနေတာပါ"



"ဘာ . . . သဘာဝလဲ"

"လူဆိုတာ တဖြည်းဖြည်းအသက်ကြီးလာပြီး အားအင်တွေ ဆုတ်ယုတ်လာတတ်တဲ့ သဘာဝပါ"

"သောက်အကြီးအကျယ်စကားတွေ မပြောစမ်းပါနဲ့ကွာ၊ မင်း အဓိကပြောချင်တာ ဘာလဲ၊ အဲဒါပဲ ပြော"

ဟုတ်တော့လည်း အဟုတ်သားကွ၊ သိလား။ ငါ တကယ်တမ်း အဓိကပြောချင်နေတာက အဖေ အသက်ကြီးလာလို့ အလုပ်လုပ်ရတာ ပင်ပန်းတယ်ဆိုတဲ့ကိစ္စ မဟုတ်ဘူး။ အဖေ့အသက်က ခုမှ လေးဆယ်ကျော်ရုံ ရှိသေးတာ။ အလုပ်လုပ်လို့ အရှိန်အကောင်းဆုံးအရွယ်ပေါ့။

တကယ်တမ်း ငါပြောချင်နေတာက တို့သစ်တော်သီးခြံမှာ အလုပ်သမားရှာပြီး လုပ်အားတိုးမြှင့်ဖို့ပဲ။ လုပ်အားတွေထပ်တိုးပြီး သီးထွက်ပိုအောင်၊ သစ်သီးတွေ ပိုးကျတဲ့ဒဏ်ရာကို ကာကွယ်နိုင်အောင်၊ အလေအလွင့်၊ အဆုံးအရှုံးနည်းပါးအောင် စီစဉ်ချင်တဲ့အကြောင်းပြောဖို့။ သဘောကတော့ကွာ၊ အဖေ အသက်ကြီးပြီ၊ အလုပ်လုပ်ရတာ ပင်ပန်းတယ်ဆိုတာကို အကြောင်းပြပြီး အလုပ်သမားထပ်ရှာဖို့၊ တိုက်တွန်းဖို့ ငါက စကားစတာ၊ အဲဒါကို အဖေက ရိပ်မိတယ်နဲ့ တူတယ်။

ဒါနဲ့ ငါလည်း မထူးဘူးဆိုပြီး အရဲစွန့်ပြောရတော့တာပဲ။

"ဒီလိုပါ အဖေ၊ ကျွန်တော်တို့ခြံရဲ့ အကျယ်အဝန်း၊ သီးပင်အရေအတွက်နဲ့ ကျွန်တော်တို့ရဲ့လုပ်အားနဲ့က မမျှဘူး ဖြစ်နေလို့ပါ"

"ဟော့ကောင် စကားပြောရင် လူလိုပြောကွာ၊ ပညာလေးဆယ်တန်းလောက်ရောက်တာနဲ့ စကားကြီး စကားကျယ်တွေ ပြောချင်လာတော့တာပဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



စကားကြောင်းတစ်ခု အဖေပြောင်းတိုင်းသာ လိုက်ပြောင်းနေလို့ကတော့ လိုရင်းကို ရောက်မှာမဟုတ်ဘူး၊ ဒါကြောင့် . . .။

"ဟုတ်ကဲ့ အဖေ၊ ကျွန်တော်ပြောချင်တာက မြေအလုပ်ကများပြီး လုပ်မယ့်လူက နည်းနေတာကို ပြောတာပါ"

"တို့ နိုင်နိုင်နင်းနင်းလုပ်နိုင်သား မဟုတ်လားကွ"

"နိုင်နိုင်နင်းနင်းတော့ လုပ်နိုင်တာပေါ့ အဖေ၊ ဒါပေမဲ့ အိတ်ပေါက်နဲ့ ဖားကောက်သလို . . ."

"ဘာလဲ . . . ငါ့လုပ်သမျှဟာ အရာမထင်ဘူးလို့ ပြောတာလား"

"မဟုတ်ပါဘူး အဖေရာ၊ အဖေ အပင်ပန်းခံရသလောက် အဖေ အကျိုးမခံစားရတာကို ပြောချင်တာပါ"

ဒီစကားအတွက်တော့ အဖေ တွေသွားတယ်။ အဘိုးကြီး တွေမယ့်သာ တွေသွားတာကွ၊ အမှန်တော့ ငါပြောတဲ့စကားအဓိပ္ပာယ်ဟာ "လုပ်သမျှ အရာမထင်ဘူး"ဆိုတဲ့ အဓိပ္ပာယ်နဲ့ အတူတူပဲ မဟုတ်လား။

ဒါပေမဲ့ အဖေက ဘာပြန်ပြောတယ် မှတ်သလဲ။

"အင်း . . . ငါ့အလိုအရကတော့ ငါ အလုပ်လုပ်တယ်၊ ထမင်းစားနေရတယ်၊ လိုအပ်သလောက် ဝတ်ဆင်နေရတယ်ဆိုရင် ပြီးတာပါပဲကွ။ ဒါပေမဲ့ မင်းကလူငယ်၊ မင်းအတွက် ငါ စဉ်းစားရမှာပေါ့။ မင်းပညာရေး မင်းစားဝတ်နေရေး စသဖြင့်ပေါ့။ 'သူများတကာ ရှယ်တူတန်းတူတွေလောက်တော့ ထားနိုင်ရမှာပေါ့။ အေးကွာ . . . တို့မြေ ခုထက်ပိုပြီး သီးနှံထွက်အောင် လုပ်ရမှာပေါ့"

ငါ့စကား အောင်မြင်တော့မှာမို့ ငါ ဝမ်းသာသွားတယ်။ ဒါပေမဲ့ အဖေက ဘာပြောတယ် မှတ်သလဲ။



"အေး . . . အဖေ ခုထက်ပိုပြီး အလုပ်လုပ်ပါ့မယ် သားရယ်"တဲ့။ ကိုင်း . . . အဲ့ဒါ အဖေရဲ့ သီးနှံအထွက်တိုးဖို့ အလေအလွင့်နည်းပါး ...တိန်းပဲ၊ မှတ်ကရော။

"ဒီလိုပါ ဖေဖေ၊ ကျွန်တော် စိတ်ကူးတစ်ခု ရှိနေလို့ပါ။ ဖေဖေ ... အသက်ကြီးပြီ"

"ငါ ခုမှ လေးဆယ့်ခုနစ်နှစ်ပါကွာ"

"ဟုတ်ကဲ့ပါ ဖေဖေ၊ ဒါပေမဲ့ ကျွန်တော်တို့ထက်တော့ အသက် ...ပြီ ဒီတော့ ဖေဖေ့တာဝန်တချို့ကို ကျွန်တော့်ကို ခွဲပြီး . . ."

"ခုလည်း မင်းကျရာကနေ လုပ်နေသားပဲ သားရဲ့"

"မဟုတ်ဘူး ဖေဖေ၊ ကျွန်တော်ဆိုလိုတာက တတ်နိုင်သလောက် ...ကိုယ်တိုင်မလုပ်ဘဲ မြေလုပ်ငန်းကို ကွပ်ကဲကြပ်မတ်ပေးပြီး ကျွန်တော် ...တော့်သူငယ်ချင်းတွေက . . ."

"လူရှုပ်ရင် စကားရှုပ်ပါတယ်ကွာ"

"ကျွန်တော့်သူငယ်ချင်းတွေအကြောင်းလည်း ဖေဖေ သိပါတယ် ...ကောင်တွေဟာ ကျွန်တော့်ကိုရော ဖေဖေတို့၊ မေမေတို့ကိုပါ ချစ်တဲ့ ...ပါ ဘာမှ ပြဿနာလုပ်မယ့်ကောင်တွေ မဟုတ်ပါဘူး"

"ဟုတ်ပါပြီ သူတို့ လူကောင်းသူကောင်းလေးတွေဆိုတာ ငါ သိပါ ... ငါဆိုလိုတာက သူတို့က ပြဿနာများလာမှာကို ပြောတာ"

"မများစေရပါဘူး ဖေဖေ၊ လုပ်ခအနေနဲ့လည်း ဝိုင်းလုပ်ဝိုင်းစား ...သလောက် ပေးရမှာပါ"

"ပေးတာတော့ ပေးရမှာပဲ မဟုတ်လား"

"ပေးရတာနဲ့အမျှ သီးနှံထွက်လည်း တိုးလာမှာမို့ . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါလုပ်နေတာ သီးနှံထွက်လျော့နေလို့လား"

"မဟုတ်ပါဘူး ဖေဖေ၊ လုပ်အားများလာတော့ ကုန်ထွက်ပိုလာ မှာကို ပြောတာပါ"

"ပြဿနာတွေလည်း ပိုရှုပ်လာမှာ သေချာတယ်"

"ကျွန်တော် တာဝန်ယူပါတယ် ဖေဖေ"

"ငါ သည်းညည်းမခံနိုင်ဘူး"

ဘာဆက်ပြောရမှန်း မသိတော့ဘူး။ အဖေကလည်း ဘာမှ ဆက် မပြောတော့ဘူး။ အမေကတော့ ထုံးစံအတိုင်း ငါနဲ့အဖေ အချီအချပြော ရင် ဘေးက မျက်လုံးကလေး ကလယ်လယ်နဲ့သာ နေတတ်တဲ့လူ။ စကားလေးဆုံးမှ လေချိုဝင်သွေးတတ်တယ်။

"သားရယ်၊ မင်းအဖေဆိုလိုတာက တို့မိသားစု တဝမ်းတခါး ရင် ပြီးတာပဲ၊ လူများလာရင် တာဝန်လည်း ပိုလာမယ်လေ၊ ဒါကို ပြော တာ။ ပြီးတော့ ကိုအောင်ပန်းတို့အနေနဲ့ကလည်း သဘောတူအုံးမှ"

"ဦးလေး ဦးအောင်ပန်းနဲ့လည်း ကျွန်တော် သွားဆွေးနွေးမှာ မေမေ"

"အေး"

အဲ့ဒီ "အေး"က ငါ့အဖေရဲ့ "အေး"။ ညင်ညင်သာသာပြော "အေး" မဟုတ်ဘူး၊ သိလား။ ဒေါသတကြီးပြောတဲ့ "အေး"။

"အဲ့သလို သွားတိုင်ပင်လိုက်မှ ငါပါ ခွေးဖြစ်မှာကွ၊ သိလား..."

အဖေ ဘာဆိုလိုမှန်း ငါ ရုတ်တရက် မသိဘူးကွ။

"ဒါသောက် တို့အပေါ်ကောင်းတဲ့ အောင်ပန်း။ ပြီးတော့ ငါ့သူငယ် ချင်း။ ဟင်...ခုလို တို့မိသားစုဟန်မပျက် လုပ်ကိုင်စားသောက်နေနိုင်အောင်



ဘယ်သူက လုပ်ပေးထားတာလဲ၊ သူက ငါတို့ စားပါ၊ သောက်ပါစေဆိုပြီး လုပ်ပေးထားတာ သူများတွေပါဝင်စားအောင် မင်းက သွားပြောရင် ငါ ခွေး မဖြစ် ဘယ်သူဖြစ်တော့မတုံး။ ဟင်...ကြည့်ပြော"

ငါဆိုလိုတာကို အဖေ သဘောမပေါက်ဘူး။ သူငယ်ချင်းတို့ ဘယ့်နှယ်လုပ်ရမလဲ။

ဦးအောင်ပန်း ငါတို့အပေါ် ကျေးဇူးကြီးတာကိုတော့ ငါ မငြင်းပါ ဘူးကွာ။ တကယ့်ကို ကျေးဇူးကြီးတာပါ။

တို့အခု လုပ်ကိုင်စားသောက်နေတဲ့ခြံက ဦးအောင်ပန်းပိုင်ခြံ။ သူ့ မှာက သစ်တော်သီးခြံတွေ အများကြီးရှိတယ်။ ခြံတစ်ခြံကို ငါတို့မိသားစုကို ပေးထားတယ်။ ကန်ထရိုက်သဘောပေါ့ကွာ။ ဒီခြံကထွက်သမျှသီးနှံတွေကို တို့သဘောအတိုင်း ကြိုက်သလိုလုပ်၊ တစ်နှစ်မှာတစ်ခါ သူ့ကို ခြံဖိုးပေး ဒါပဲ။ ဒါတောင် အရှုံးပေါ်တဲ့နှစ်ဆို ခြံဖိုးမပေးရဘူး။

အဖေနဲ့ ဦးအောင်ပန်းက ငယ်သူငယ်ချင်းတွေကွ။ မင်းတို့နဲ့ ငါနဲ့ လိုပေါ့။ အဖေနဲ့ အမေ အိမ်ထောင်ကျပြီးစက စီးပွားရေးအဆင်မပြေဖြစ်နေ လို့ ဦးအောင်ပန်းက ကြည့်ရှုထားတဲ့သဘော။ ငါတစ်သက်ရှိပြီ ဆိုပါတော့ ကွာ။ ဒီခြံဟာ တို့ခြံလိုကို ဖြစ်နေပါပြီ။

ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ ငါ ခုနကပြောတဲ့ အလုပ်သမားထပ်တိုးဖို့ ကိစ္စဆိုတာလည်း ဘယ်သူ့အကျိုးမှ ထိခိုက်နိုင်တဲ့ကိစ္စမှ မဟုတ်တာပဲ။ သီးနှံ အထွက်တိုးရင် ဒီခြံနဲ့ပတ်သက်တဲ့ လူမှန်သမျှ အကျိုးခံစားခွင့်ရှိတာပဲ မဟုတ် လား။

ငါ့ရဲ့သဘောထားကို ဦးအောင်ပန်းကလည်း နားလည်မယ်လို့ ငါ ယုံကြည်ပါတယ်။ အဘိုးကြီးကလည်း ခေတ်ပညာတတ်ကြီးပဲ၊ ပြီးတော့ ခြံ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းမှာ အကျိုးဖြစ်မယ့်ကိစ္စမျိုးဆို သူက အံ့တိုနေပြီ။

"သူတို့မိသားစုရဲ့ကျေးဇူးကိုတော့ ကျွန်တော်လည်း တစ်သက်မမေ့ပါဘူး အဖေ၊ ဒါပေမဲ့ ကျွန်တော့်အစီအစဉ်ဟာ သူတို့ကို ကျေးဇူးကန်းရာကျတယ်ဆိုလည်း ကျွန်တော် မပြောတော့ပါဘူး"

ငါ ခြံထဲဘက်ကို ပြန်ထွက်လာခဲ့တယ်။ တို့စကားဝိုင်းဟာ ဒီမှာပြတ်ပြီပဲ။ အဖေနဲ့ ငါနဲ့ ဆက်ဆွေးနွေးလို့ မရနိုင်တော့ဘူးလေ။

ဦးအောင်ပန်းကို တစ်ယောက်တည်းကွက်ပြီး မပြောဘဲ "သူတို့မိသားစု"လို့ ငါပြောမိတာ ဘာအတွက်လဲ၊ မင်းတို့ သိပါတယ်လေ၊ သိတယ်မဟုတ်လား။

သူတို့မိသားစုလို့ပြောမှ သူရယ်၊ သူ့အစ်မ ဒေါ်စောနန်းရယ်၊ သူ့သမီး "အိမ်နန်းမေ"ရယ် ပါလာတော့မပေါ့။ ဦးအောင်ပန်းရဲ့အကြောင်း ငါ့ခေါင်းထဲ ရောက်လာတိုင်း အိမ်နန်းမေအကြောင်းပါ ပူးတွဲပါလာမြဲဆိုတာ မင်းတို့အသိသားပဲကွ။ အိုကွာ...သူ့အကြောင်းထက် အိမ်နန်းမေအကြောင်းက ငါ့ခေါင်းထဲမှာ ပိုပြီး နေရာယူနေတာပါလေ။

ငါ ခြံလုပ်ငန်းကို ဖြတ်လိုက်တယ်။ အိမ်ပြန်တယ်။ လွယ်အိတ်ယူတယ်၊ ငါ ကျောင်းသွားရအုံးမယ်။ ကျောင်းချိန် သိပ်ကပ်နေပြီ။

ကျောင်းရောက်ရင် အိမ်နန်းမေနဲ့ တွေ့ရမယ်။

ဩော်...မေ့နေလိုက်တာ။

အိမ်နန်းဖို့ သစ်တော်သီးတစ်လုံး ခူးသွားအုံးမှ။

* * *



(၂)

ငါ "အောင်ပန်း"မှာနေတာ မင်းတို့အသိ။

ငါ "ကလေ"မှာ ကျောင်းတက်တာ မင်းတို့အသိ။

ကဲ- ထူးဆန်းတယ် မဟုတ်လား။ နေတာကတစ်မြို့ ကျောင်းတက်တာတစ်မြို့။

အေး...ဟုတ်တာပေါ့။ မင်းတို့ကို ချစ်လို့ မင်းတို့နဲ့ မခွဲနိုင်လို့ မင်းတို့နဲ့အတူတူပဲ တစ်ကျောင်းတည်းနေခဲ့တယ်ဆိုတာ သိပ်ဟုတ်တာပေါ့။ ...ပါကွာ၊ ချစ်သူငယ်ချင်းတွေဆိုတာ အမြဲပဲ တတွဲတွဲနေချင်ကြတာ ...လား။

တကယ်တော့ ခြောက်မိုင်လောက်ဝေးတဲ့ခရီးကို နေ့စဉ်နဲ့အမျှ ကျောင်းသွား၊ ကျောင်းပြန်လုပ်နေရတဲ့ကိစ္စဟာ သိပ်မလွယ်လှဘူး။ ဒါပေမဲ့ ...ဖို့တော့ ခြောက်မိုင်ဟာ အနီးကလေးပါ။ လာချင်လျှင် အနီးကလေးပါကွာ။ အိပ်မက်ထဲမှာဆိုရင် ကမ္ဘာအနှံ့တောင် ရောက်နိုင်တာပဲ။

ဒါပေါ့...အိပ်မက်ပေါ့။ ငါ့အဖို့တော့ အိပ်မက်လိုပါပဲကွာ။ အိပ်မက်ဆိုတာ တကယ်မှမဟုတ်ဘဲ။

ငါ့ဘဝမှာ "အိမ်နန်း"ဟာ အိပ်မက်ပေါ့။ ဘယ်လိုမှ ပေါင်းစပ်လို့ ...တဲ့အခြေအနေပါကွာ။ ငါ သိပါတယ်။ ဒါပေမဲ့ သာလိကာလိုပဲ ထပ်ပြောပါရစေ။ "အိမ်နန်း"ဟာ ငါ့အိပ်မက်။

အချစ်ဆိုတာ မအိပ်ဘဲမက်တဲ့အိပ်မက် မဟုတ်လား။ ထားပါ၊ ငါ ...င်ပါတယ်။ ဘာပဲဖြစ်ဖြစ် ငါ အိမ်နန်းကို ချစ်တယ်။

အိမ်နန်းရဲ့မျက်နှာကို ငါ နေ့တိုင်းကြည့်ချင်တယ်။ ကျောင်းဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ရက်တိုင်း အိမ်နန်းကို ငါ မြင်ရတယ်။ ကျောင်းပိတ်ရက်ကို ငါ မကြိုက်ဘူ

ကဲ . . . ရှင်းပြီလား။ ငါ ဘာကြောင့် အောင်ပန်းကနေ ကလော မှာ ကျောင်းလာတက်ရတယ်ဆိုတာ။

စိတ်မကောင်း မဖြစ်ကြပါနဲ့ကွာ။ မင်းတို့ကိုလည်း ချစ်ပါတယ် အိမ်နန်းကိုလည်း ချစ်ပါတယ်။ မတူတော့ မတူဘူး။ ဘယ်တူနိုင်ပါ့မလဲလေ မင်းတို့ စဉ်းစားကြည့်ကြပေါ့။

အိမ်နန်းကို ငါ ပိုချစ်တယ်ဆိုလို့ မင်းတို့ စိတ်မညစ်ကြပါနဲ့၊ စ စရာ ရှိပါတယ်။

"၁၅၀၀"အချစ်ထက် "၅၂၈"အချစ်က ပိုပြီး သန့်စင်သတဲ့ကွ အဲ့သလို ဖြေကြပေါ့၊ မဟုတ်ဘူးလား။

*　　　*　　　*

ဒေါင်ဒေါင်ဒင်ဒင်မြည်သံတွေ အားလုံးထဲမှာ ငါ့အဖို့ ကျောင်းတ ခေါင်းလောင်းထိုးသံဟာ သာယာနာပျော်ဖွယ် အကောင်းဆုံးပဲ။ ဟုတ်တ ဟုတ်တယ်။ ကျောင်းဆင်းခေါင်းလောင်းထိုးသံထက် သာယာနာပျော်ဖွ ကောင်းတယ်။

ငါက ကျောင်းမှာ ပျော်တဲ့ကောင်ကိုး။ ဒီနေရာမှာတော့ အိမ်န မေနဲ့ ကျောင်းမှာ ဆုံရတာမို့ဆိုတဲ့ အကြောင်းပြချက်တစ်ခုတည်းနဲ့ မဟု ဘူး။ ပညာသင်ရတာကို ငါ ပျော်တာ၊ မင်းတို့အသိပဲလေကွာ။ အတန် မှာ ငါဟာ စာအတော်ဆုံး နံပါတ်ဝမ်းကျောင်းသားမဟုတ်ပေမယ့် ပညာ လိုလားတာတော့ အမှန်ပဲ။



ငါ့အဖေက ပြောဖူးတယ်။ ပညာတတ်ထားရင် ကူလီထမ်းစားရ ောင်မှ သူများရဲ့အထက်က နေနိုင်တယ်တဲ့။

ဒီစကားကို ငါ သိပ်ကြိုက်တာပဲ။

ဟော . . . ကျောင်းတက်ခေါင်းလောင်းသံ ကြားရပြီ။ မဟုတ်ဘူး ုတ်ဘူး။ ကျောင်းတက်ခေါင်းလောင်းသံ မဟုတ်ဘူး။ စာသင်ခေါင်းလောင်း ခေါင်းလောင်းက နှစ်ခါထိုးတယ်။ ပထမခေါင်းလောင်းက ကျောင်း... င်းလောင်း။ ဒုတိယခေါင်းလောင်းက စာစပြီးသင်ဖို့အချိန် သတ်မှတ်ပေး ခေါင်းလောင်း။

ခု ငါကြားရတာ ဒုတိယခေါင်းလောင်းပေါ့။ ငါ ကျောင်းနောက်ကျ ယ်။

ခပ်လှမ်းလှမ်းကတည်းက မြင်တယ်။ ထင်လည်း ထင်ထားတယ်။ ဒီလိုပဲ စောင့်နေလိမ့်မယ်လို့။ အိမ်နန်းပေါ့၊ ငါချစ်တဲ့ အိမ်နန်းမေ။

သူဟာ အမြဲတမ်း ငါ့ကို ကျောင်းတံခါးဝက စောင့်တယ်။ ငါက ည်း အမြဲကျောင်းနောက်ကျတယ်။ အောင်ပန်းကနေ လာရတဲ့ခရီးကိုး။

မိချိုကတော့ ပြောဖူးတယ်။ မိချိုဆိုတာ ဖက်တီးချိုပေါ့။ ဆတ်စလူး လ၊ ငါတို့အတန်းထဲမှာ စာအတော်ဆုံး၊ အစပ်စုဆုံး၊ အဝဆုံး၊ အစား တ်ဆုံး၊ စကားအများဆုံး ကောင်မလေးပေါ့။

အေး . . . အဲဒီ မိချိုကတော့ ပြောဖူးတယ်။ "နန်းမေဟာ အမြဲ က်ကျတယ်၊ ကျောင်းတက်ခါနီးမှချည်း ကျောင်းကို ရောက်လာတယ်၊ တော့ အိမ်ကနေ ကျောင်းကိုလည်း မော်တော်ကားနဲ့၊ ကားပေါ်ကဆင်း ်လည်း ပိုသီပတ်သီ၊ ထဘီမနိုင် ပဝါမနိုင်နဲ့။ ဘယ်တော့မှ အဆင်သင့် လာဘူး၊ သပ်သပ်ရပ်ရပ် မရှိဘူး"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ အိမ်နန်းမေဟာ ကျောင်းကိုလာတဲ့အခါ သူများတွေ လို သပ်သပ်ရပ်ရပ် အစီအစဉ်တကျမရှိဘူး။ အမြဲပဲ ကျောင်းရှေ့ရောက်ဖို့ ကားပေါ်ကဆင်းမှ ဆံပင်ကို သားရေကွင်းစည်းရတာနဲ့၊ အင်္ကျီလုံချည်ကို ဆွဲဆန့်ရတာနဲ့၊ ကျောင်းစာအုပ်တွေ လွယ်အိတ်ထဲ အစီအစဉ်တကျထည့် ရတာနဲ့ အမြဲ အဲသလိုပဲ၊ ငါကလည်း အဲဒါလေးတွေကိုပဲ သဘောကျနေ တာ။

ဒါပေမဲ့ သူ ငါ့ကို အမြဲရှုံးတယ်။ သူ ကျောင်းရောက်ပြီးမှ ငါ ကျောင်းရောက်တယ်။ သူ ဘယ်လောက်ပဲ ပိုသီပတ်သီနိုင်နိုင်၊ ကျောင်းလာ ခါနီး အိမ်က ရေတော့ချိုးလာမှာပဲ။ ငါက ကျောင်းရောက်ပြီးရင် ချွေးမခဲ သေးဘူး။ လက်ဖျားမှာ၊ တံတောင်ဆစ်မှာ နွားချေးတွေ၊ သဲတွေ၊ ဖုန်တွေ မစင်သေးဘူး။ ခြံထဲက ကျောင်းကို တန်းလာခဲ့တာကိုး . . .။

ဒီတော့ အိမ်နန်းက ငါ့ကို ပြောတယ်။

"နင်ဟာလေ အမြဲပဲ ပိုသီပ်သီနဲ့ နင့်ပုံစံကို ငါ သိပ်ကြိုက်တာပဲ" တဲ့။

ငါ ဒီနေ့ အမေရိကန်ကျောင်းသားအင်္ကျီ ဝတ်လာတယ်။ နေ့တိုင်း လိုလိုပဲလေ၊ ခြံထဲက တန်းလာတာဆိုတော့ ဒီအင်္ကျီနဲ့ပဲပေါ့။ ချွေးတွေတောင် မတိတ်ချင်သေးဘူး။ ချိုင်းကြားမှာဆို ချွေးကွက်ကြီးနဲ့။

နွားကျောင်းသားအင်္ကျီကို ငါ ကြိုက်တယ်။ အမေရိကန်မဟုတ်ပေ မယ့် တို့ရာသီဥတုနဲ့ အဆင်ပြေတယ်။ ငါ့အလုပ်နဲ့လည်း ကိုက်ညီတယ်။ နေချင်သလိုနေ၊ ပေချင်သလိုပေ တကယ်ပါ။ ငါ အိုက်တင်ခံဖို့ ဝတ်တာ မဟုတ်ဘူး။ ငါ့ဘဝနဲ့ ကိုက်ညီလို့ ဒါကိုပဲ အိမ်နန်းက ပြောသေးရဲ့။

ငါက အသားနည်းနည်းညိုတယ်။ တစ်နေကုန်တစ်နေခမ်း နေ



လုပ်ငန်းနဲ့သာ အချိန်ကုန်နေတတ်တော့ ငါ့အသားတွေဟာ နေလောင်ပြီး ကျွတ်လစ်နေတယ်။ နေပူထဲမှာအနေများတော့ ငါ့မျက်လုံးတွေက အမြဲတမ်း မှေးကုတ်ပြီး ပြောင်လက်နေတတ်တယ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားဘဝမဟုတ် တော့ ငါ့မျက်နှာက အမြဲမှုန်တေတေဖြစ်နေမှာပေါ့။ ငါ့ဆံပင်က နည်းနည်း ရှည်တယ်။ ဒါကတော့ ဘဝနဲ့မဆိုင်ဘူး။ ငါက ဆံပင်ရှည်တာ လှတယ်ထင် လို့။

ဘာပဲဖြစ်ဖြစ် ငါ့အထင်ကို ပြောရရင်တော့ အလှဆိုတာ ဘဝ ပါ။

"အပြာရယ် . . . နင့်ဟာက တရားလွန်တယ်"

အိမ်နန်းက ကျောင်းတံခါးဝကနေဆီးပြီး အပြစ်တင်တယ်။ ဒါပေမဲ့ အရုဏာဒေါ်သောပါ။

"ဘာဖြစ်လို့လဲဟ"

"နေ့တိုင်း ကျောင်းနောက်ကျတာ အကောင်းမှတ်နေလား"

"ဟ . . . ငါကလည်း ဘယ်ကျောင်းနောက်ကျချင်ပါ့မလဲ၊ အိမ်မှာ အလုပ်က မပြတ်လို့ပေါ့"

"တော်ရုံတန်ရုံဆိုလည်း . . . အေးလေ . . . ပြောမယ့်သာ ပြောရတာ ခြံအလုပ်ကလည်း နင်မှမလုပ်ရင် နင့်အမေတစ်ယောက်တည်း ဒိုင်ခံ လုပ်ရမှာကိုး . . ."

"ကဲပါဟာ . . . လာ စာသင်နေလောက်ပြီ"

ငါတို့နှစ်ယောက် အတန်းဘက်လျှောက်လာကြတယ်။ ဒီတော့မှ သတိရတယ်။ အိမ်နန်းဖို့ခူးလာတဲ့ သစ်တော်သီး။

"ရော့ . . . တို့ခြံကထွက်တဲ့အသီး၊ ဒီနှစ်ထဲ ဒီအသီး အကြီးဆုံးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ် . . .နင့်ခြံ ဟုတ်လား"

ငါတို့နှစ်ယောက် ရယ်လိုက်ကြတယ်။ ဟုတ်သားပဲ၊ တို့ခြံလို့ ငါက ပြောလိုက်ပေမယ့် တကယ်တော့ ဒီခြံဟာ အိမ်နန်းအဖေရဲ့ခြံမဟုတ်လား။ ဒါကို အိမ်နန်းက သက်သက်ကျီစယ်တာလေ၊ အိမ်နန်းမှာ ငါ့ကို နှိမ်ချချင်တဲ့စိတ် မရှိရှာပါဘူး။

ဆရာ မရောက်သေးဘူး၊ တစ်တန်းလုံး ဆူညံနေကြတုန်းပဲ။

ငါတို့အတန်းဝလည်းရောက်ကရော ကိုဖေသန်းရဲ့အသံကို အကျယ်ကြီး ကြားလိုက်ရတယ်။

"မင်္ဂလာပါ ဆရာ"

တစ်တန်းလုံး ငြိမ်ကျသွားပြီး အခန်းဝကို ကြည့်လိုက်ကြတယ်၊ အားလုံး မတ်တတ်ရပ်ပြီးသား။ အခန်းဝက ငါနဲ့ အိမ်နန်းဝင်လာတာလည်း တွေ့ရော ဘာပြောကောင်းမလဲ၊ ကိုဖေသန်းကို ဝိုင်းဆဲကြတာပေါ့။

"ကိုယ်ဖေကိုယ်သန်း . . .ကိုယ့်နမကိုယ်သန်း" အို . . .စုံလို့။

ကိုဖေသန်းက အတန်းထဲမှာ အသက်အကြီးဆုံး၊ အနောက်ဆုံး။ သူ့ကို အားလုံးက ချစ်ကြသလို ဘယ်သူကမှ မရှိသေကြဘူး။ ဒါကြောင့် ကိုဖေသန်းကို "ကိုယ်ဖေကိုယ်သန်း"လို့ ခွာနီးက နာမည်ပျက်ပေးထားတာ။ ခွာနီးဆိုတာက ချင်းကလေး၊ သူက စကားတတ်တယ်။ စကားပုံတွေ၊ ပုံပြင်တွေနဲ့ နိုင်းနှိုင်းပြီး ပြောတတ်၊ ဆိုတတ်တယ်။ တစ်တန်းလုံးမှာ ကိုဖေသန်းကို နှိမ်နိုင်တာ သူတစ်ယောက်ပဲ ရှိတယ်။

တို့အတန်းထဲရောက်ပြီး နောက်ကဆက်ရက် ဆရာရောက်လာတယ်။ ဆရာဆိုတာ ဆရာမပါ။ မြန်မာစာ ဆရာမ။

"မင်္ဂလာပါ ဆရာမ"



အားလုံး နေသားတကျရှိတဲ့အချိန်မှာ ကိုဖေသန်းက ဖြုန်းဆို ော်တတ်ထတယ်၊ သူ့ကို ဆရာမရော အတန်းသားအားလုံးကပါ ဂရုစိုက် ိုက်ကြမှ ခပ်တည်တည်နဲ့ ဆရာမနားကို လျှောက်သွားတယ်။ ဘောဖျက် အေး . . .အင်္ဂလိပ်လို ဒတ်စတာပေါ့ကွာ)ကိုယူပြီး ကျောက်သင်ပုန်းကို ရပ်းရှပ်နေတော့တာပဲ။ တစ်တန်းလုံး ဝိုင်းရယ်ကြတာပေါ့။ ဘာဖြစ် လဲဆိုတော့ ကျောက်သင်ပုန်းပေါ်မှာ ဘာမှမ ရေးထားပြီးသား မရှိဘဲကိုး။ ာမှရေးမထားတဲ့ ကျောက်သင်ပုန်းကို ကိုဖေသန်းက အတင်းဖျစ်ညှစ်ပြီး ာက်နေတော့ ရယ်ရတာပေါ့။

ဒီလိုလေကွာ။ ခုမြန်မာစာသင်တဲ့ ဆရာမက မှာထားတယ်။ သူ့ တန်းချိန်ကျရင် သူမရောက်ခင် ကျောက်သင်ပုန်းကို အမြဲဖျက်ထားနှင့်ရ ယ်လို့ ကိုဖေသန်းကို မှာထားတာကိုး။

အဲဒါကို ကိုဖေသန်းက သက်သက်နောက်တာ။

သူက ဟန်လုပ်ပြီး တအားဖျက်နေတာကို ကြည့်ပြီး ဆရာမကပါ နိုင်ဘူး ရယ်တော့တာပဲ။

ဆရာမက သိပ်သဘောကောင်းတယ်။ သူ့ကိုနောက်ရင်လည်း ဘယ် ာမှ စိတ်မဆိုးဘူး။ ငါတို့ကလည်း မဖွယ်မရာတော့ မနောက်ပါဘူး။ င်ကို သားငယ်က ကျီစယ်တဲ့သဘောမျိုးသာ နောက်တာပါ။ ဒါကို ဆရာ လည်းသိတော့ ခွင့်လွှတ်ထားတာပေါ့။ ဆရာမကို တို့သိပ်ချစ်တာပဲ။ ြောက်တော့ သိပ်မကြောက်ချင်ဘူး။ ဒါပေမဲ့ ဆရာမစာသင်ရင်တော့ တို့ တွေ အမြဲအာရုံစိုက်ကြတာပဲ၊ ဆရာမကလည်း သင်တဲ့အခါ အာရုံ ်စိုက်အောင်ကို သင်နိုင်တာကိုး။

ကိုဖေသန်းက ကျောက်သင်ပုန်းဖျက်ပြီးတဲ့အခါကျတော့ လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



နစ်ဖက်ကို ဟန်ကျပန်ကျခါပြီး ပြုံးစစနဲ့ သူ့နေရာကို ပြန်လာတယ်။ သူ သူ့နေရာပြန်ရောက်လို့ ထိုင်လိုက်မှ ဆရာမက ပြန်ခေါ်တယ်။

"ဖေသန်း လာအုံး"

ကိုဖေသန်းက ပြုံးစစနဲ့ပဲ ဆရာမအနား သွားရပ်တယ်။ ဆရာမက ကျောက်သင်ပုန်းဖျက်(ဒတ်စတာ)ကို ကောက်ပြီး ကိုဖေသန်းလက်ကို လှမ်းပေးတယ်။

"ဖေသန်းရယ် . . .နင့်ကိုခိုင်းလိုက်ရင် တစ်ခုမှအဆင်မပြေဘူး ရော့ . . .သေသေချာချာပြန်ဖျက်၊ ဟိုမှာ . . .စင်မှမစင်ဘဲ"

တစ်တန်းလုံး ပွဲကျပြန်ရော။ ဆရာမက အဲ့သလိုပဲ။ သူ့ကိုနောက်ရင် ပြန်နောက်တဲ့နည်းနဲ့ ဒဏ်ပေးတတ်တယ်။ ခုလည်း ဘာမှရေးမထားတဲ့ ကျောက်သင်ပုန်းကို ကိုဖေသန်းကဖျက်တော့ ဆရာမက ဖျက်ပြီးသားကိုပဲ ထပ်ဖျက်ခိုင်းတာပေါ့။ ဒဏ်ပေးတဲ့သဘောလည်း ပါတယ်။ ကျီစယ်တဲ့သဘောလည်း ပါတယ်။ သမားဂုဏ်လည်း မြောက်တယ်။

ငါ့စိတ်ထဲမှာ အသိတစ်ခု တိုးလာတယ်။ ဆရာဆိုတာ တပည့်ထက် တော်တယ်။ ဒါကြောင့် ဆရာဖြစ်တာ။

စာသင်တော့ တစ်တန်းလုံး ငြိမ်ကျသွားတယ်။ ဒါပေါ့ ကျောင်းသားဆိုတာ စာသင်တဲ့အခါ စာမှာသာ စိတ်ဝင်စားရမှာပေါ့။

ဒါပေမဲ့ ငါ နန်းအိမ်မေကို ဘာလို့ လှမ်းကြည့်လိုက်ပါသလဲ။ သူကကော ငါ့ကို ဘာလို့ကြည့်နေပါသလဲ။ ကဲ . . .။

*　　*　　*



ဆရာမရဲ့အသံက နားထဲကို တိုးဝင်လာတယ်။

"ကဲ . . .လာမယ့်လမှာ တစ်ကျောင်းလုံး စာစီစာကုံးပြိုင်ပွဲ ကျင်းပမယ် ပွဲမဝင်ခင် အပြင်မှာ လေ့ကျင့်ဆိုတဲ့အတိုင်း ဒီအတန်းတစ်တန်းတည်း စာစီစာကုံးပြိုင်ပွဲ လုပ်ကြရအောင်၊ ခေါင်းစဉ် ပေးမယ်"

ဆရာမက ကျောက်သင်ပုန်းဘက် လှည့်သွားတယ်။ ငါတို့အားလုံး ခေါင်းစဉ်ပေးမယ်ဆိုတာ စိတ်ဝင်စားနေကြတယ်။ ဆရာမက တော်တော်ကြာအောင် စဉ်းစားနေပြီးမှ ကျောက်သင်ပုန်းပေါ် မြေဖြူနဲ့ ရေးချလိုက်တယ်။

## စပေါင်းစိုက်ပျိုးခြင်း

ငါ့စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားတယ်။ အခွင့်အရေးတစ်ခု ဆုံးရှုံးသလိုပဲ။ ငါ ဝမ်းနည်းမိတယ်။ ဒီစာစီစာကုံးပြိုင်ပွဲမှာ ငါ ရှုံးမှာပဲ။ နိုင်တယ်ထားအုံး။ ငါရေးသမျှဟာ စိတ်ကူးသာ ဖြစ်လိမ့်မယ်။ စိတ်ကူးကနေ ယ်တွေ ဖြစ်ရမယ်တဲ့။ ငါ့စိတ်ကူးဟာ စာရွက်ပေါ်မှာ ဒီအတိုင်း တင်ကျန်မယ့်စိတ်ကူးမျိုးပါလား။

ငါ့စိတ်ကူးကို ငါ အကောင်အထည်မဖော်နိုင်ပါဘူးလေ။

*　　*　　*

(၃)

"နင် ဘာဖြစ်နေသလဲ အပြာ . . .ဟင်"

"ဘာမှ မဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"နှင့်မျက်နှာက အောက်သိုးသိုးနဲ့ပါ"

"ငါ အမြဲ ဒီလိုနေတာပဲဟာ"

"ဒီနေ့ ပိုကိုပိုပါတယ်"

"ဟုတ်လား"

"အို . . . ကိုယ့်ဘာသာကိုယ် မသိဘူးလား"

"မသိဘူး"

"နှင်တစ်ယောက်ဟာလေ . . ."

"ဘာဖြစ်လဲ"

"နှင့်ကို ငါ သိပ်သနားတာပဲ"

"နောက်ကို ဘယ်တော့မှ မပြောနဲ့"

"ဟင် . . . ဘာကိုလဲ"

"ငါ့ကို သနားတာကို"

"နှင့်ကို ခင်လို့ပါဟာ"

"အေး . . . ခင်ရင် မသနားနဲ့"

"နှင်က လူတစ်မျိုးပဲနော်"

"လူတိုင်း လူတစ်မျိုးချည်းပါပဲ၊ ကမ္ဘာပေါ်မှာ လူတိုင်းဟာ ဘယ် [illegible] နဲ့မှ မတူဘူး"

ကျောင်းဆင်းတုန်းက သူတို့အိမ်က ကားလာကြိုဘူး။ ဒါက [illegible] ထုံးစံပဲ။ အမြဲလိုလို ကျောင်းကအပြန် အိမ်နန်းမေဟာ လမ်းလျှောက် [illegible] ရတယ်။ ကျောင်းဆင်းချိန်ဆို သူတို့အိမ်က ကားမအားဘူး။ ကောင်းတာ [illegible]

ဒါကြောင့် ညနေကျောင်းဆင်းရင် ငါနဲ့အိမ်နန်း လမ်းလျှောက် [illegible] ကြတယ်။



ဘာပြဿနာမှ မရှိပါဘူး။ သူတို့မိသားစုကိုယ်၌က ငါ့ကို တူလို [illegible]လို ခင်ကြတာပဲ၊ အိမ်နန်းကို ကျောင်းအပြန် ငါက လိုက်ပို့တဲ့အတွက် [illegible]ရေးတောင်တင်ကြသေးတယ်။ ငါနဲ့ဆိုတော့ တခြားလူတွေလည်း လိုက် [illegible]ရဲတော့ဘူးပေါ့။

သူတို့အိမ်ရောက်ရင်လည်း ငါက ထိုက်သင့်သလောက်တော့ ဝိုင်း [illegible]ကူညီလိုက်တာပါပဲ။

ဒေါ်လေး ဒေါ်စောနန်း(အိမ်နန်းနရဲ့ ကြီးဒေါ်)က ငါ့ကို ကော်ဖီ [illegible]တိုက်တယ်။

ခုလည်း ငါနဲ့အိမ်နန်း ကျောင်းကနေ လမ်းလျှောက်ပြန်လာကြ [illegible] ကောက်ဖီသောက်ချင်လို့ မဟုတ်ပါဘူး။ အိမ်နန်းကို အိမ်လိုက်ပို့ချင် [illegible]။

အရင်ကတော့ သူတို့အိမ်ထဲအထိ အိမ်နန်းကို ငါလိုက်ပို့မြဲပဲ၊ [illegible]တော့ အိမ်ကို စောစောပြန်ချင်နေတယ်။

"ငါ ပြန်တော့မယ်"

"ဟင် . . . အိမ်ထဲမဝင်တော့ဘူးလား"

"အေး"

အိမ်နန်းက ငါ့အကြောင်း ကောင်းကောင်းသိတယ်၊ ဒါကြောင့် [illegible] ငွတ်မတားဘူး။

ကားဂိတ်ဘက်ကို ငါပြန်လျှောက်လာခဲ့တယ်။ ဓာတ်တိုင်တစ်တိုင် [illegible]ောက်အရောက်မှာ လက်ခုပ်သံကြားရတယ်။

အိမ်နန်းမေက သိပ်လုတာပါလား။ မဟုတ်ဘူးလေ၊ လက်ခုပ်သံ [illegible]ကြားလို့ လှည့်အကြည့်မှာ သူတို့ခြံဝမှာ အိမ်နန်းကို တွေ့ရတယ်။ ငါ့ကို

www.burmeseclassic.com



လက်ခုပ်တီးပြီး ခေါ်နေတယ်။ လှတယ်ဆိုတာက ခြေဖျားနီနီကလေးကို ထောက်ပြီး အားရပါးရလက်ခုပ်တီးနေတဲ့ ကောင်မလေးရယ်၊ သူ့နောက်မှာ မားမားကြီးရပ်နေတဲ့ ဝက်သစ်ချပင်ကြီးရယ်၊ ညို့ဆိုင်းနေတဲ့ သူတို့ရဲ့ခြံကြီး ရယ်၊ ဒီအချိန်မှာမှ ရုတ်တရက်တိုက်ချလိုက်တဲ့ လေပြည်ရယ်၊ လေပြည် နဲ့အတူ ဝဲကျလာတဲ့ သစ်ရွက်ခြောက်တွေရယ်။ ဟာ . . .အလိုလိုနေရင်း လိုက်ဖက်ပြီး လှနေတာကို ပြောတာ။ ဂျပန်ပြက္ခဒိန်လေး ကြည့်ရသလို။

တစ်ခါတစ်ခါ လူသားတွေနဲ့ သဘာဝတရားပေါင်းစပ်ပုံဟာ ပန်း ဆန်လွန်းတယ်။ သက်ရှိပန်းချီကားနားကို ငါ ပြန်လျှောက်လာခဲ့တယ်။

"ဦးလေး ခေါ်နေတယ်"

ဦးလေး ဦးအောင်ပန်း သူတို့ဝရန်တာမှာ ထွက်ရပ်နေတယ်။ ငါ့ ကိုတွေ့တော့ လက်ယပ်ခေါ်တယ်။ အိမ်နန်းမေနဲ့အတူ သူတို့အိမ်ထဲ ဝင် ကြတယ်။

* * *

ဆင်ဝင်အောက်မှာ ဦးအောင်ပန်းက လာစောင့်နေတယ်။

"ဟုတ်ကဲ့ . . .ဦးလေး၊ ဘာခိုင်းစရာရှိလို့လဲ"

"မရှိပါဘူးကွယ်၊ စကားနည်းနည်းပြောစရာ ရှိလို့ပါ"

"ဟုတ်ကဲ့ ဦးလေး"

နည်းနည်းတော့ ဒိတ်ကနဲ ဖြစ်သွားမိတယ်။ ဦးလေး ဦးအောင်ပန်း ဟာ အကြောင်းထူးမရှိဘဲ ဘယ်တော့မှ ရေးကြီးခွင်ကျယ်စကားပြောလေ့ မရှိဘူး။



ပြီးတော့ ငါဟာ သူ့သားအရွယ်လောက်ရှိတဲ့ ချာတိတ်၊ တော်ရုံ အကြောင်းကိစ္စနဲ့ အရေးတယူ စကားခေါ်ပြောနေစရာ မလိုဘူး၊ ဘာများ ပါလိမ့်။

တော်တော်နဲ့ သူ စကားမစဘူး။ ဆေးတံကြီးခဲပြီး စဉ်းစားနေသေး တယ်။

"လာကွာ . . .အိမ်ထဲမှာ အေးအေးသက်သာ စကားပြောရအောင်၊ ... အိမ်ပြန်ချင်နေပြီလား"

"ရပါတယ် ဦးလေး"

ညှော်ခန်းမှာထိုင်မိကြတော့ ဦးလေးက အိမ်နန်းကို လှမ်းပြောတယ်။

"နန်းရေ . . . နင့်သူငယ်ချင်းကို ကော်ဖီတိုက်လိုက်အုံးလေ၊ ... ကွာ . . .ရှုပ်ပါတယ်၊ သွား . . .သွား လိုက်သွား။ နောက်ဖေးမှာသာ မင်း ...သာ ထည့်သောက်ချေ"

ဒီကိစ္စနဲ့ပတ်သက်လို့တော့ ငါနဲ့ သူတို့မိသားစုကြားမှာ ဘာမှ ...နာစရာမရှိဘူး။ ငါ မီးဖိုခန်းထဲဝင်ပြီး ကော်ဖီတစ်ခွက် သောက်လိုက်တယ်။

ပြန်ထွက်လာတော့ ညှော်ခန်းစားပွဲပေါ်မှာ သစ်တော်သီးနှစ်လုံး တင် ...တယ်၊ ဦးလေးက သစ်တော်သီးနှစ်လုံးကို စိုက်ကြည့်နေတယ်။

"ကဲ . . .အပြာ ထိုင်"

ငါ ဝင်ထိုင်လိုက်တော့ ဦးလေးက သစ်တော်သီးအသေးတစ်လုံး ... ငါ့ဘက်ကို တိုးပေးရင်း . . .

"ဒါ မင်းတို့ခြံကထွက်တဲ့ အကြီးဆုံးအသီး၊ ဦးလေး နေ့လယ်က ...တို့ခြံရောက်တော့ ခူးလာတာ"

ဘာကိုဆိုလိုမှန်း ရုတ်တရက်တော့ နားမလည်ဘူး။ နောက်တော့

www.burmeseclassic.com



သဘောပေါက်လာတယ်။ ငါတို့ခြံကထွက်တဲ့အသီးဟာ စံချိန်မမီဘူး။ မ...
ထွားဘူး။

ဦးလေး ဦးအောင်ပန်းက သစ်တော်သီးအကြီးတစ်လုံးကို ယူပြီး သူ့လက်ဖဝါးပေါ်မှာ တင်ပြရင်း . . .

"ဟောဒါက ဦးလေးရဲ့ တခြားခြံကထွက်တဲ့အသီး ဒါ အကြီးဆုံး မဟုတ်သေးဘူး၊ သူ့လိုငါလို အရွယ်ထဲကပဲ ရှိသေးတယ်"

နားလည်သွားပြီ။ စိတ်မကောင်းဖြစ်သွားတယ်။

"ကျွန်တော် သဘောပေါက်ပါပြီ ဦးလေး"

"ဘာကိုတုန်း အပြာ"

ရုတ်တရက် ဘာပြန်ပြောရမှန်း မသိဘူး။ ဒါပေမဲ့ မထူးဘူး။ ငါ့ရဲ့ စိတ်ကူးကိုတော့ ပြောပြသင့်တယ်လို့ ထင်တယ်။

"ဒီကိစ္စနဲ့ ပတ်သက်လို့ အဖေနဲ့ ဒီမနက်ပဲ စကားပြောဖြစ်ခဲ့တယ် ဦးလေး"

"ဘာပြောဖြစ်တာလဲ"

"ကျွန်တော်တို့ခြံ . . . အဲ . . . ဦးလေးရဲ့ခြံ . . ." ——

ဦးလေးက ငါ့စကားကို သဘောကျသွားတယ်။ ဟက်ဟက်ပက်ပက်ရယ်တယ်။

"အတူတူပါပဲ အပြာရယ်၊ မင်းတို့ခြံလို့လည်းပြောရင် ရပါတယ်။ ဒီခြံကို မင်းအဖေ ပြုစုပျိုးထောင်လာတာပဲ မင်းတစ်သက်ရှိနေပြီပဲ"

"ဟုတ်ကဲ့ ဦးလေး၊ အဲဒါ ခြံထွက်သီးနှံတွေ ပိုးကျများတာ၊ အလုံး မအောင်တာနဲ့ ပတ်သက်လို့"

စကားမဆက်ဖြစ်တော့ဘူး။ ခုမှ သတိရတယ်။ အဖေ့စကား။ အလုံး



သမားခေါ်ဖို့ကိစ္စနဲ့ ပတ်သက်လို့ မနက်က ငါနဲ့ အဖေ စကားပြောတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဦးလေး ဦးအောင်ပန်းကိုဖွင့်ပြောရင် "ငါ ခွေးဖြစ်သွားမယ်လို့" အဖေပြောလိုက်တဲ့စကား။

ငါ ဘာဆက်ပြောရမှန်း မသိတော့ဘူး။ ဦးလေးက ပြုံးတယ်။

"ပြောပါ အပြာရဲ့ အဲ့ဒီတော့ . . ."

ငါ ခုံးဖြတ်လိုက်တယ်။ ဆက်မပြောတော့ဘူး။ အဖေ မပြောစေချင်တဲ့စကား ငါ ဆက်မပြောသင့်ဘူး။

"အဲဒါလောက်ပါပဲ ဦးလေးရယ်၊ ခြံထွက်သီးနှံ မအောင်တာလောက်ပဲ ပြောဖြစ်ပါတယ်"

ဦးလေးက ရယ်တယ်။ သူ့ကုလားထိုင်က ထလာပြီး ငါ့ဘေးမှာ ခင်ထိုင်ရင်း ငါ့ပခုံးကို လာဖက်တယ်။

"မင်းက သိပ်လိမ္မာတဲ့ ကလေးပဲ"

"ခင်ဗျာ . . ."

"မင်းက မိဘစကားကို နားထောင်တယ်၊ မင်းအဖေမကြိုက်တာကို မပြောဘူး"

ငါ သိပ်အံ့သြသွားတယ်။ အဖေက မပြောနဲ့ဆိုလို့ ငါဘာမှ ဆက်မပြောတာ ဦးလေး သိနေတယ်။ ဘယ်လိုလုပ် သိလဲ။

ဦးလေးက ငါ့ခေါင်းကို ပွတ်သပ်တယ်။ ငါ့ကိုကြည့်နေပုံကလည်း တစ်မျိုးပဲ။ သူ့မျက်လုံးထဲမှာ လျှို့ဝှက်ချက်တစ်ခုခု၊ ဒါမှမဟုတ် နက်နဲတဲ့ အဓိပ္ပာယ်တစ်ခုခု ရှိနေသလိုပဲ။ သေချာတာကတော့ သူ့အကြည့်ဟာ ငါ့အပေါ် သိပ်ကရုဏာသက်နေတာပဲ။

ဒီမျက်လုံးရဲ့အဓိပ္ပာယ်ဟာ နောင်တစ်ချိန်ချိန်မှာ ငါ့ဘဝကို အပြောင်း

www.burmeseclassic.com

www.burmeseclassic.com



အလွဲတစ်ခုခု ဖြစ်စေမယ်လို့ ငါ မတွေးမိဘူး။ အေး . . .ဟုတ်တယ် ဟုတ်တယ်၊ ငါ ထောင်တန်းကျဖို့အထိ ဖြစ်လာမယ့် ကရုဏာမျက်လုံးတွေဆိုတာ ငါ ကြိုမတွေးမိဘူး။ ဒါပေမဲ့လေ . . .ဘဝနဲ့ မနီးစပ်တဲ့အရာဆိုတာ တို့ဘယ်မှာ ကြိုတွေးလို့ ရပါ့မလဲ။ အင်း . . .ခက်တာက ဘဝဆိုတာ ဘာလဲ။ ဘာမှန်းမသိနိုင်တဲ့အရာကို ကြိုပြီးတွေးရမှာ ဘယ်လောက်ပင်ပန်းလိုက်သလဲ။

တကယ်တော့ ခက်ခဲနက်နဲတဲ့ဘဝရဲ့ မျက်လှည့်ပြပွဲကို အလိမ်မမိအောင် ကြည့်နိုင်တာဟာ ပညာရှိတွေပဲ ရှိတယ်။ ငါက ပညာရှာနေတုန်း အရွယ် ချာတိတ်ကလေးရှိသေးတာပဲ။ ဘာကို ငါ ကြိုတွေးနိုင်မှာလဲ။

ဦးလေးရဲ့အကြည့်ဟာ ငါ့အပေါ် သံယောဇဉ်ကြီးမားတဲ့၊ ကရုဏာထားတဲ့အကြည့်ဆိုတာတော့ သေချာတယ်။ ကြည့်စမ်း ဘယ်လောက်ထူးဆန်းသလဲ။ သံယောဇဉ်ကြီးမားပြီး ကရုဏာထားတဲ့မျက်လုံးတွေက ဆန့်ကျင်ဘက်ဖြစ်တဲ့ ရက်စက်ကြမ်းကြုတ်မှုကို ဖြစ်တတ်တယ်။ တခြားမကြည့်နဲ့၊ ငါ့ကိုသာ ကြည့်တော့။ ထားပါလေ . . .ဒီအကြောင်းက နောက်ပိုင်းမှ သိရမယ့်ကိစ္စပါ။

ဦးလေးအောင်ပန်းက စကားဆက်တယ်။

"ဒီလိုကွာ . . .မင်းနဲ့ မင်းအဖေ ဘကြည်နဲ့ မနက်က ပြောကြဆိုကြတဲ့ကိစ္စကို ဦးလေး သိပြီးပါပြီ"

"ခင်ဗျာ . . .ဦးလေးကို အဖေ ပြောလိုက်သလား"

"မင်းအမေအကြောင်း မင်းအသိသားပဲ အပြာရယ်၊ မင်းကိုတောင်မှ ဒီကိစ္စ ငါ့သွားမပြောနဲ့လို့ တားမြစ်ထားတာပဲ၊ သူကိုယ်တိုင်က ဘယ်ဖွင့်ပြောပါ့မလဲ"

"ဒါဖြင့် အမေက . . ."



ဦးလေးက ရယ်တယ်။

"အပြာရယ် . . .မင်းအမေက မင်းအဖေရဲ့စကားကို ဘယ်တုန်းက [illegible] ဆန့်ကျင်ဖူးလို့လဲ"

ဦးလေးရဲ့ မျက်လုံးများနဲ့ နှုတ်ခမ်းမှာ အပြုံးကလေးတစ်ပြုံး လက်ဆနဲ့ ဖြစ်သွားတယ်။ ဒီအပြုံးဟာလည်း တစ်ချိန်ချိန်မှာ ငါ့ဘဝနဲ့ ပတ်သက်လာအုံးမှာပါပဲ။ ဒါလည်း နောင်တော့ မင်းတို့သိလာမှာပါလေ။

"ဒီလိုကွာ . . .နေ့လယ်က ဦးလေး မင်းတို့ခြံကို ရောက်တယ်၊ အလည်အပတ်သဘော ဆိုပါတော့ကွာ၊ ဒါနဲ့ပဲ ခြံထဲလျှောက်ရင်း အသီးတွေ မအောင်တဲ့အဖြစ်ကို တွေ့ရတယ်၊ မင်းအဖေဘကြည်နဲ့ ဒီကိစ္စစကားပြောဖြစ်တယ် ဆိုပါတော့ကွာ"

ဦးလေးက စကားကို ခဏဖြတ်ပြီး ဆေးတံမီးညှိတယ်။ သူဆက်ပြောမယ့်စကားကို ငါ စိတ်ဝင်စားပေမယ့် သူပြောနေပုံကတော့ အေးအေးဆေးဆေးပဲ။ ဒါပေမဲ့လေ၊ ခုပြောနေကြတာက တို့ခြံရဲ့ကိစ္စကို။ ဒီခြံဟာ သူ့ကိုပေမယ့် ဒီခြံမျိုး သူ့ဆီမှာ အများကြီးရှိတာပဲ။ ဘယ်တုန်းလှုပ်ပါ့မလဲ။ ငါ့ကို ခြံကိစ္စအရေးတယူဆွေးနွေးဖော်ရတာပဲ ကျေးဇူးတင်ရအုံးမှာ။

"ငါက အသီးတွေမအောင်တာနဲ့ ပတ်သက်လို့ ဓာတ်မြေဩဇာသုံးဖို့ အလုပ်သမား ထပ်တိုးဖို့ကိစ္စ စသဖြင့်ပေါ့ကွာ၊ မင်းပြောတဲ့သဘောမျိုးပဲ"

"အဖေက ဘာပြန်ပြောသလဲဟင် ဦးလေး၊ သဘောတူတယ်တဲ့လား"

ဦးလေးက ပြုံးပြီး ခေါင်းခါပြတယ်။ ဆေးတံကို အားရပါးရ တစ်ချက်ဖွာပြီးမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်းအဖေက ငါ့စကား နားထောင်ပါ့မလား အပြာရယ်၊ မင်းပဲ စဉ်းစားကြည့်ပါအုံး။ ခြံလုပ်ငန်းမှာ သူက ငါ့ဆရာပါကွ၊ အေး . . . သမားရိုးကျ ခြံသမားတွေထဲမှာဆို သူက ဘုရားတစ်ဆူပဲ မဟုတ်လား၊ မာနလည်း ကြီး လိုက်တာ ခေမာမိဖုရားရဲ့ ဘကြီးလား အောက်မေ့ရတယ်"

ခေမာမိဖုရားဆိုတာ မာနကြီးတဲ့နေရာမှာ မြတ်စွာဘုရားကိုတောင် အရေးမလုပ်တဲ့ မာနရှင်လေ။

"ဒါဖြင့် အဖေက ဘာပြန်ပြောသလဲ ဦးလေး"

"ပထမ ငါ့ကိုတောင် စေ်လားမေးလား လုပ်နေသေးတာကွ၊ ခင်ဗျား ကို အပြာ ဘာလာပြောသလဲ၊ ဘာလဲနဲ့၊ ငါက အပြာ ဘာမှမပြောပါဘူး။ ကျုပ်က စိတ်ကူးရလို့ပြောတာပါ ဆိုတော့မှ"

"ဘာပြောသလဲဟင် ဦးလေး"

"တစ်လုံးတည်းပြောတယ်၊ မဖြစ်ဘူး ထင်ပါတယ် . . . တဲ့"

"ဦးလေး ထပ်ပြောကြည့်သေးလားဟင်"

ဦးလေးက ခေါင်းခါတယ်။ ဆေးတံကို ဆက်ဖွာတယ်။

"ငါလည်း ဆက်မပြောရဲဘူးလေကွာ၊ တော်ကြာ ငါ့အကျိုးအတွက် ပြောတာလို့ ထင်သွားမှာစိုးလို့ . . ."

ငါလည်း စိတ်ပျက်လက်ပျက်နဲ့ ထိုင်ရာက ထလိုက်တယ်။ အိမ် ပြန်တော့မလို့။

"အဲဒါ မင်းအဖေက ပြောလိုက်တယ်၊ မင်းကလည်း ငါပြောသလို ပဲ ပြောတယ်တဲ့၊ မင်းနဲ့ တိုင်ပင်ချင် တိုင်ပင်ကြည့်ပေါ့တဲ့"

ငါ အားတက်ပြီး ပြန်ထိုင်လိုက်တယ်။

"ကျွန်တော့်သဘောကတော့ ကျွန်တော့်သူငယ်ချင်းတစ်စုကို



ခေါ်ပြီး ဝိုင်းလုပ်ဝိုင်းစား လုပ်ကြည့်ချင်တာပါပဲ ဦးလေးရာ"

"အေး . . . ဒါဖြင့်ရင် မင်းအဖေကို တဖြည်းဖြည်း ပြောယူပေါ့၊ သူ လည်း နောက်ဆို စိတ်ဝင်စားလာမယ် ထင်တာပါပဲကွာ"

"ဟုတ်ကဲ့ . . . ကျေးဇူးပါပဲ ဦးလေး၊ ကျွန်တော် သိပ်ဝမ်းသာတာ ပဲ၊ ကျွန်တော် ပြန်တော့မယ်"

"အေး . . အေး . . . ဩော် . . . နေအုံးကွ၊ ငါပေးလိုက်စရာ ရှိသေး တယ်"

ဦးလေးက အိမ်နန်းကို လှမ်းခေါ်တယ်။ ငါ ရယ်ချင်သွားမိတယ်။ လုံးဝအဓိပ္ပာယ်မရှိတဲ့အတွေးပေမယ့် ဦးလေးရဲ့စကားက ရယ်စရာကောင်း လို့ပါ။ ဘာလဲဆိုတော့ "ငါပေးစရာ ရှိတယ်"ဆိုပြီး "သမီးရေ"လို့ လှမ်းခေါ် လိုက်လို့ ငါ့ကို အိမ်နန်းကိုများ ပေးလိုက်မလားလို့။

"မင်းအဖေကို ခြံမှာ ဓာတ်မြေသြဇာနဲ့ ပိုးသတ်ဆေးသုံးဖို့ ငါ တိုက်တွန်းခဲ့တယ်၊ အတော့်ကို ပြောယူရတယ် မောင်၊ ဒါတစ်ခုတော့ သူ လုပ်မယ်ပြောတာပဲ၊ အဲဒါ ဆေးတွေ ဦးလေးပေးလိုက်မယ်၊ တစ်ခါတည်း ယူသွား . . ."

"ဟာ . . . ဝမ်းသာလိုက်တာ ဦးလေးရာ"

"အေး . . . သုံးဖို့အညွှန်းလည်း . . ."

"မလိုပါဘူး ဦးလေး၊ အသုံးချနည်းတွေ ကျွန်တော် လေ့လာထား ပြီးသားပါ"

ဦးလေးက ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြောတယ်။

"မင်းဟာ သိပ်လိမ္မာတဲ့ကောင်လေးပဲ"

ဦးလေးက အပေါ်ထပ်ဆီကို လှမ်းအော်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ . . . ဦးလေးခုတင်ခြေရင်က အထုပ်တစ်ထုပ်ပါ တစ်ခါတည်းယူခဲ့ဟေ့"

ခြေဖွဖွနင်းပြီး လေ့ကားပေါ်က ဆင်းလာသံကြားရတယ်။

အိမ်မှာနေရင်းဝတ်လေ့ရှိတဲ့ ဘလောက်(စ်)အကျႌပါးလေးနဲ့ ထဘီပင် ဖားချပြီး ဆင်းလာတဲ့ အိမ်နန်းမေဟာ ဘယ်လောက်များ လှလိုက်တယ်ဆိုတာ ပြောမပြတတ်အောင်ပါပဲ သူငယ်ချင်းတို့။

အင်း . . . တစ်ခါတစ်ခါ လောကကြီးဟာ လူတွေကို အလိုက် အထိုက် ပေါင်းတတ်၊ သင်းတတ်ပါကလား။

*　　*　　*

(၄)

ဒီနေ့ ကျောင်းပိတ်တယ်။ ကျောင်းပိတ်ရင် ငါ ခြံမှာ တစ်နေ့လုံး အလုပ်လုပ်ရတယ်။ ခြံအလုပ်ဟာ ငါ့ဘဝပဲ မဟုတ်လား။

ခါတ်မြေဩဇာနဲ့ ပိုးသတ်ဆေးကို တို့ခြံမှာ စပြီးသုံးနေပြီ။ စိတ်ဆိုတာ ဖော်တော်တူးခာန်းတယ်။ ဓာတ်မြေဩဇာသုံးလို့မှ သုံးရက်မပြည့်သေးဘူး။ ငါ့စိတ်ထဲမှာ သီးနှံတွေ ပိုပြီးကြီးထွားလာသလိုပဲ။ အဖေကတော့ သိပ် မကြည်လင်လှဘူး။ "ကြည့်ကြသေးတာပေါ့ကွာ၊ အသီးထွက်ပဲ တိုးမလား အမျိုးပဲပြုတ်မလားလို့" ဆိုတဲ့သဘောနဲ့ ပြုံးလေ့ရှိတယ်။

သေချာတာကတော့ ပိုးသတ်ဆေးသုံးပြီးကတည်းက ပိုးအကျ သက်သာလာတာပဲ။



ကျောင်းပိတ်ရက်ဆိုရင် အိမ်နန်းဟာ တို့ခြံထဲကို လာတတ်တယ်။ သူလာတဲ့နေ့ဆိုရင် ခြံထဲမှာလာလာပြီး သူများအတင်းပြောတတ်တဲ့ ငှက် ကလေးတွေ ရှောင်ပြေးတတ်ကြတယ်။

ဒါပေါ့၊ အိမ်နန်းရဲ့ အသံစာစာကလေးကသာ တစ်ခြံလုံးကို လွှမ်း မိုးနေတတ်တာကိုး။ ဒါပေမဲ့ အိမ်နန်းကတော့ ငှက်ကလေးတွေလို သူများ အတင်းအဖျင်းကို မပြောတတ်ဘူး။

ကျောင်းက သူငယ်ချင်းတွေနဲ့ အတန်းထဲမှာ ကွာစေ့လော်နိုးစား တဲ့အကြောင်း၊ ကိုဖေသန်း ဆရာမကို စတဲ့အကြောင်း၊ ဖက်တီးမ မိချို အစားပုတ်တဲ့အကြောင်း၊ စိန်ဝင်းကျောင်းပြေးတာ ဆရာကြီးမိသွားတဲ့ အကြောင်း၊ ခွာနီးက ဆယ်တန်းအက်ဖ်က လုံလုံဝေကို ခါတ်ပုံခိုးရိုက်လို့ ခံရတဲ့အကြောင်း၊ ပြီးတော့ . . . သူ့ကိုယ်သူအကြောင်း၊ ငါ့အကြောင်း။ . . . ငါ့အကြောင်းကတော့ အိမ်နန်းပြောရင် အကောင်းချည်းပဲပေါ့ကွာ၊ တတ်ဖူးလား။

ဒီနေ့တော့ အိမ်နန်း ခုထိ ရောက်မလာသေးဘူး။ လာမှ လာပါ့ ဲ့ နေတောင် အတော်မြင့်နေပြီ။ သူမလာရင် အလုပ်လုပ်ရတာ ငါ့ ထဲမှာ မဖြောင့်လှဘူး။ ဘာကြောင့်မှန်း မသိဘူး။

ငါ အလုပ်လုပ်နေတဲ့အခါ အိမ်နန်း အနားမှာရှိရင် အလုပ်လုပ် ပ်အားရှိတယ်။ သူ့အသံစာစာကလေးဟာ ငါ့အတွက် ဘူးခါးရေလို ယ်ပေတယ်။

အလုပ်လုပ်ရင်းနဲ့ ခြံဝဆီကို လှမ်းလှမ်းမျှော်ရတာ အမောပဲ။

"သား ဘယ်သူ့ကိုမျှော်နေတာလဲ"

ငါ ရှက်သွားတယ်။ ငါ့အနားကို အမေရောက်နေတာ ဘယ်လောက်

www.burmeseclassic.com



ကြာပြီလဲ မသိဘူး။ အမေက သဘောပေါက်သလို ပြုံးတယ်။ ဒါပေါ့လေ အမေဆိုတာ သူမွေးထားတဲ့သားရဲ့အမူအရာကို သိရမှာပေါ့။

လူတစ်ယောက်ရဲ့ အပြောအဆိုကိုကြည့်ရင် သူ့အမေအကြောင်း သိနိုင်သတဲ့။ အမူအရာကိုကြည့်ရင် သူ့ရဲ့အဖေအကြောင်းကို သိနိုင်သတဲ့။

ငါ့ရဲ့အမူအရာကို ငါ့အမေ သိမှာပေါ့။ ဘာကြောင့်ဆို ငါ့ရဲ့အဖေ အကြောင်းကို ငါ့အမေ အသိဆုံးကိုး။

ဟုတ်တယ် . . . ဟုတ်တယ်၊ ငါက ဖအေတူသား။ တစ်ခုခုကို စိတ်ဝင်စားရင် မျက်နှာမှာ လာပေါ်တတ်တယ်။ ဒေါ်သဖြစ်ရင် ချက်ချင်း သိသာတယ်။

အမေက ပြောဖူးတယ်။

"မင်းအဖေရဲ့မျက်လုံးတွေက လူပျိုဘဝက သိပ်လှတာ" . . . တဲ့။

"သူ့မျက်လုံး စူးရှတောက်ပြောင်ပြီး စွဲမက်စရာကောင်းတယ်" . . . တဲ့။

ဒါကြောင့် ထင်တယ်။ အိမ်နန်းမေက ငါ့ကို တစ်ခါပြောဖူးတယ်။

"နင့်မျက်လုံးတွေကလေ မှုန်တေတေ၊ ကုတ်တုတ်တုတ်နေပေ မယ့် သိပ်အရောင်ထွက်တာပဲ၊ နင်သေရင် ငါ့ကို အဲ့ဒီမျက်လုံးတွေ ပေးဖို့ ခုကတည်းက စာချုပ်ထားပါလားဟင် . . ."တဲ့။ ဒီတုန်းက ငါဖြင့် ပျော် သွားတာပဲ။ မျက်လုံးဆိုတာ အချစ်ရဲ့ဆီမီးချက်ပဲ မဟုတ်လား။

ငါ့အချစ်ကို သူတောင်းတာလို့ ငါ့စိတ်ကူးနဲ့ငါ ပျော်လိုက်ရတာ ငါက ပြန်ပြောသေးတယ်။

"ခု ယူပါလား"လို့။

သူက ရယ်တယ်။



"နေပါစေဟာ၊ တော်ကြာ . . . ခွေးမျက်လုံးနဲ့ အစားထိုးနေရအုံး မယ်"တဲ့။

ငါက ပြန်ပြောလိုက်တယ်။

"ရပါတယ်၊ ငါက ခွေးရူးမျက်လုံး ပြန်တပ်ထားမှာပေါ့၊ တစ်ခါ ကြည့်လိုက်ရင် ဘယ်တော့မှ ရောဂါမပျောက်တော့ဘူး"လို့။

"ဘာရောဂါလဲ"တဲ့။

ငါ ရယ်နေလိုက်တယ်။ ချစ်ရောဂါလို့ပြောမလို့ဟာ မပြောရဲလို့။

အင်း . . . ပြောရင်းဆိုရင်း အိမ်နန်းကို လွမ်းလိုက်တာ။ တစ်ခါ တစ်ခါ အဲ့သလိုပဲ။ တစ်ရက်လောက်မတွေ့ရရင်ကို လွမ်းလွမ်းနေတတ်တယ်။ အချစ်လားကွ ဟေ . . .။

"ဟော . . . ပြောရင်းဆိုရင်း ဟိုမှာ အိမ်နန်းမေ လာပြီ"

အမေပြောလို့ ခြံဝကို ခုန်ပေါက်ပြေးဝင်လာတဲ့ အိမ်နန်းကို တွေ့ တယ်။ ငါ ပျော်သွားတယ်။ ဟာ . . . ခုမှ သတိထားမိတယ်၊ အမေ့စကား။ . . . စဉ်းစားကြည့်စမ်း၊ အမေ့စကားကို . . .။

"ပြောရင်းဆိုရင်း"တဲ့။ အမေနဲ့ ငါနဲ့ ပြောနေကြတဲ့စကားထဲမှာ မေအကြောင်း တစ်လုံးမှ မပါဘူး။ အမေက ပြောရင်းဆိုရင်းလို့ ကြောင့်ပြောရမလဲ။ "သား ဘယ်သူ့ကို မျှော်နေတာလဲ"လို့ အမေ မေး ကြည့်စမ်း၊ အမေ တော်တော်ဆိုးတာပဲ။ လက်စသတ်တော့ အိမ် ကိုမျှော်နေတာ သူ သိနေတာကိုး။ ငါ ရှက်သွားတယ်။

ဒါကြောင့် . .

"အမေကလဲဗျာ"

အမေက ရယ်တယ်။ ငါ့ခေါင်းကို ဖုတ်ကနဲ ပုတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း သားရဲ့ အမေက ဘာပြောလို့လဲ၊ မင်းဘာသာ မလုံမလဲဖြစ်နေတာ"

ကြည့်စမ်း၊ ငါမှားပြန်ပြီ။ ဒါပေါ့...ချစ်တတ်လာစအခါမှာ လူတွေဟာ အမှားမှား အယွင်းယွင်း၊ ယောင်နနကို ဖြစ်တတ်တယ်ဆိုတာ။

ထုံးစံအတိုင်း အိမ်နန်းက စကားတွေအများကြီး ပြောတယ်။ ငါက အလုပ်တွေ အများကြီးလုပ်တယ်။ အိမ်နန်းက ငါ့နောက်တကောက်ကောက် လိုက်ရင်း ပြောလိုက်တာ စုံနေတာပဲ။ စကားတွေ ဒါလောက်ပြောတာ မမောတဲ့အတိုင်း၊ သူ့မို့လို့။ အို...သူ့မို့လို့ ဘယ်ဟုတ်ပါ့မလဲ။ ငါလည်း အတူတူပဲ၊ သူ ငါ့အနားမှာ စကားတွေဖောင်နေတဲ့အခါ ငါဟာ ဘယ်လောက်ပဲ အလုပ်လုပ်ရလုပ်ရ မမောဘူး မဟုတ်လား။ ငါတောင် အလုပ်လုပ်ရတာ မမောရင် သူလည်း စကားပြောရတာ ဘယ်မောပါ့မလဲလေ။

စကားတွေပြောတာကတော့ ဘယ်လောက်ပြောပြောပါ။ ငါက အိမ်နန်းစကားပြောရင် သဘောကျပြီးသားပဲ။ ဒါပေမဲ့ ငါ့လက်မောင်းကို ပုတ်ပုတ်ပြီး စကားပြောတာတော့ ငါမကြိုက်ဘူး။ မကြိုက်ဘူးဆိုတာက ကြိုက်လို့ပေါ့ကွာ၊ သိတယ် မဟုတ်လား။

သူ စကားပြောနေရင် ချစ်ဖို့ကောင်းသလို ငါ့စိတ်ထဲမှာလည်း သန့်ရှင်းပြီး ကြည်နူးနေရတာပဲ။ ငါ့လက်မောင်းကို သူ့လက်မောင်းကလေးနဲ့ ပုတ်လိုက်တဲ့အခါ ငါ့တစ်ကိုယ်လုံး ကျင်စက်နဲ့တို့ခံရသလိုပဲ။ တစ်မျိုးကြီး ဖြစ်ဖြစ်သွားတတ်တယ်။ ရင်ခုန်တယ်ဆိုတာလားတော့ မသိဘူး။ အဲဒီအခါမျိုးမှာ သူ့လက်ကလေးကို ဖမ်းဆွဲထားချင်စိတ် ပေါက်ပေါက်လာတတ်တယ်။ စိတ်ထဲမှာ မသိုးမသန့်ဖြစ်ဖြစ်သွားတတ်တယ်။ ဒါကြောင့် ငါ့လက်မောင်းကို သူ လာလာပုတ်တာ ငါမကြိုက်ဘူး။ ကြိုက်လွန်းလို့ မကြိုက်ဘူး။



ခက်တာက အိမ်နန်းကလည်း အကျင့်ဖြစ်နေပြီ။ စကားပြောရင် အမြဲတမ်း လက်ကပါတယ်။

ခုလည်း သူရောက်ကတည်းကဆိုရင် ငါ့လက်မောင်းကို လက်နဲ့ ပုတ်တာ ရှစ်ခါရှိနေပြီ။ ဟင်းနော်...ငါ နင့်လက်ကို ဖမ်းဆွဲမိတော့မယ် သိလား။

တစ်နာရီလောက်ကြာတဲ့အထိ ပေါက်တတ်ကရတွေ လျှောက်ပြောပြီးပြီ။ တော်တော်လည်း မောသွားပုံ ရတယ်။ သစ်တော်သီးပင်တစ်ပင် အောက်မှာ တင်ပလ္လင်ခွေသွားထိုင်ပြီး ငါပေါက်တူးပေါက်တာကို မော့ကြည့်နေတယ်။ ငါကပြုံးပြတော့ ငါ့ကိုပြန်ပြီး စူးစူးရဲရဲပြုံးပြတယ်။ သူ့အပြုံးက [illegible]ပဲ၊ ဘယ်လိုပြောရမလဲဆိုတော့ ငါ့လက်မောင်းကို သူပုတ်တဲ့အခါ ငါ့ရင်ထဲမှာ ကျဉ်ကျဉ်သွားသလိုမျိုး။ ဟုတ်တယ်ပေါ့...အိမ်နန်းရဲ့အပြုံးဟာ ငါ့ရင်ထဲကို ကွေ့ကောက်တိုးဝင်သွားသလိုပဲ။ ငါတို့နှစ်ယောက် အကြာကြီးကြည့် [illegible] ပြုံးနေမိကြတယ်။

"ဘာကြည့်တာလဲ" ဆိုတဲ့စကားကို အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံနဲ့ ငါ့ကို ပြောတယ်။ ငါကရယ်ပြီး မျက်နှာလွှဲလိုက်တယ်၊ ပေါက်တူးကို [illegible]ရပေါက်ပစ်လိုက်တယ်။ ငါ့ရင်ထဲမှာရှိနေတဲ့ စကားလုံးတွေကို တစ်ချက်တည်းမှာ စုပြုံပြီး အားကောင်းကောင်းနဲ့ ပေါက်တူးကနေတစ်ဆင့် မြေကြီးထဲကို ပေါက်ချလိုက်တာပဲ။ ဟုတ်တယ်၊ ငါပြောချင်တဲ့စကားတွေကို မြေကြီးဟာသာ လက်ခံနိုင်လိမ့်မယ်၊ ငါ့သည်းညည်းကိုခံမှာ၊ ငါ့ဒဏ်ကို နားလည် [illegible]အချစ်ကို အသိအမှတ်ပြုမှာ မြေကြီးကလွဲလို့ ဘာရှိမှာလဲလေ။ ဟုတ် [illegible]...။

ငါ ပေါက်တူးပေါက်နေတာကို အိမ်နန်းက စိုက်ကြည့်နေမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ငါ သိတယ်။ ဒါပေမဲ့ ငါ ပြန်မကြည့်ဘူး။ ခဏကြာတော့ သူက စကားစပြောတယ်။

"ခဏနားပါအုံးလား အပြာရယ်"

ပေါက်ချမလို့ မြှောက်လက်စဖြစ်နေတဲ့ ပေါက်တူးကို ခေါင်းပေါ် မှာရပ်ထားရင်း သူ့ကို ကြည့်လိုက်တယ်။ သူက သူ့ဘေးကမြေကြီးကို လက်နဲ့ပုတ်ပြရင်း ဒီမှာလာထိုင်ဆိုတဲ့အဓိပ္ပာယ်မျိုး ပြတယ်။ ပေါက်တူးကိုပစ်ချ ရင်း သူ့အနားမှာ သွားထိုင်လိုက်တယ်။ ခပ်လှမ်းလှမ်းပေါ့လေ။ ကပ်ပြီးတော့ ဘယ်ထိုင်ပါ့မလဲ။ သူက ပြောတယ်။

"တို့တွေ စာမေးပွဲနီးပြီနော်"

"အဲဒါ ဘာဖြစ်လဲ"

"စာကျက်ရတော့မယ်"

"အဲဒါကော ဘာဖြစ်သလဲဟ"

"နင်ဟာလေ ဂျစ်ကန်ကန်နဲ့"

"မဂျစ်ကန်ပါဘူး၊ ကျောင်းသားဟာ စာမေးပွဲနီးရင် စာကျက်ရမယ် ဆိုတာ အဆန်းမှမဟုတ်ဘဲ"

အိမ်နန်းက ပြုံးတယ်၊ သူ့အပြုံးက ငါ့ကို စကားနိုင်မလုပ်ပါဘူးဆို တဲ့အပြုံး။

"မဟုတ်ပါဘူးဟာ၊ ငါပြောစရာရှိလို့ပါ၊ စာမေးပွဲအောင်ရင် နင် ဘာလုပ်မယ်စိတ်ကူးလဲဟင် . . . အပြာ"

"ငါလား"

ဘာဆက်ပြောရမှန်း မသိဘူး။ ကျောက်ဆက်တက်မှာပေါ့၊ စိုက်ပျိုး ရေးတက္ကသိုလ်အမှတ်မီရင် သိပ်ကောင်းမှာပဲ စသဖြင့် ပြောလိုက်ချင်တယ်



ဘာလိုလုပ် ပြောမလဲ၊ အခြေအနေက ပေးအုံးမှ၊ အဖေ့ကို ခြံအလုပ်တွေနဲ့ ဒီအတိုင်း ဘယ်လိုလုပ်ထားခဲ့ရမလဲ။

"စာမေးပွဲအောင်မှ စဉ်းစားတာ ကောင်းပါတယ်ဟာ"

"နင်က အောင်မှာပဲဥစ္စာ"

"ဘယ်ပြောနိုင်မလဲဟ"

"အောင်ပါတယ်၊ နင်က စာတော်တာပဲ၊ ငါလည်း အောင်မှာပဲ၊ ဒါပေမဲ့ ငါက ဝိဇ္ဇာ-သိပ္ပံပဲရမှာ သေချာတယ်၊ နင်ကတော့ ဆေးတို့၊ စက်မှု တို့ဝင်မှာ သေချာတယ်"

သူ့စကားဟာ ငါ့ကို အထင်တကြီးနဲ့ပြောတဲ့ စိတ်ကူးယဉ်စကား ဆိုမယ့် ရှတ်တရက်တော့ ငါလည်း ပျော်သွားမိတယ်။ ဆေးကျောင်းသား အဖြစ် စက်မှုအင်ဂျင်နီယာကျောင်းသားကြီးအဖြစ်နဲ့ . . . ဒါပေမဲ့ ချက်ချင်းပဲ စိတ်တွေ ပြန်လေးသွားတယ်။ ငါ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက် တယ်။

"မမျှော်လင့်ပါဘူး အိမ်နန်း"

"ဒါနဲ့ နင် . . . ဟိုးတစ်ခါ ငါ့ကိုပြောတော့ လူဆိုတာ မျှော်လင့်ချက် နဲ့ အသက်ရှင်နေရတာပါဆို"

"အေး . . . ဒါပေမဲ့ တန်ရာတန်ရာမျှော်လင့်တာပဲ ကောင်းပါတယ် ဟာ"

"ဘာလို့ နင်က မတန်ရမှာလဲ၊ နင်ကကော ဘာသားနဲ့ထုထားတာ လဲ"

ငါ ပြုံးလိုက်တယ်။ တကယ်တော့ အိမ်နန်းဟာ ငါကောင်းစေ ချင်တာပဲ သိတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



"ငါလား...ငါက သစ်တော်သီးပင်သားနဲ့ ထုထားတာမို့လို့ပေါ့"

ရယ်တယ်၊ နှစ်ယောက်စလုံး ရယ်လိုက်ကြတယ်။ အဖေက ရယ်သံ ကြားတော့ ခပ်လှမ်းလှမ်းကနေ တို့နှစ်ယောက်ကို စိုက်ကြည့်လိုက်တယ်။ အဖေ့မျက်နှာကိုကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေသလိုပဲ။ တကယ်တော့ လူဆိုတာ တန်ရာတန်ရာသာ မျှော်လင့်ရမယ်ဆိုတာ အဖေကလည်း သိနေတာပါပဲလေ။

အိမ်နန်းက ငါ့စကားကို သဘောကျလွန်းလို့ အားပါးတရရယ် ပေမယ့် ငါကတော့ ကျွေးမြွေဆည်လိုက်ရတယ်။

"ငါ့စိတ်ကူးကတော့ အမှတ်မီရင် စိုက်ပျိုးရေးတက္ကသိုလ်တက် မလားလို့ပဲ၊ ဒါပေမဲ့..."

"ဘာဖြစ်သလဲဟာ၊ ကောင်းတာပေါ့"

"ကောင်းတိုင်းလုပ်လို့မှ မဖြစ်တာ အိမ်နန်းရာ၊ ငါ တက္ကသိုလ် တက်ရင် အဖေတစ်ယောက်တည်း ဒီခြံကို ဘယ့်နှယ်ဆက်လုပ်မလဲ"

အိမ်နန်းရဲ့ လှပတဲ့နှုတ်ခမ်းဟာ ဟောင်းလောင်းကလေး ဖြစ်သွား တယ်။ တကယ်တော့ အိမ်နန်းဟာ ဖြစ်စေချင်တာပဲ သိတာပဲ။ ဖြစ်နိုင်တာ ကိုမှ မသိဘဲ။ ဒါပေါ့ သူ့ဘဝမှာက ဖြစ်စေချင်တာ အကုန်ဖြစ်နေတာကိုး။

သူ့မျက်နှာလေး ငယ်သွားတယ်။ ငါ့အတွက် အားငယ်သွားသ ပဲ၊ ဟော...ချက်ချင်းပဲ ပြန်ပြီးရွှင်ပျလာပြန်ရော၊ မျက်နှာလေးကို ဝင်း

"ဒီလိုလုပ်လေ...ငါ့ဦးလေးကို ငါပြောပေးမယ်၊ နင်တက္ကသိုလ်ဆ တက်နိုင်ဖို့ လူငှားတစ်ယောက် နင်တို့ခြံအတွက် ရှာပေးပါလို့"

"မလွယ်ပါဘူးဟာ"

"လွယ်ပါတယ်ဟာ၊ ငါဖြစ်အောင် ပြောပေးပါ့မယ်၊ ငါလည်း



တက္ကသိုလ်မှာအဖော်ရတာပေါ့လို့၊ မကောင်းဘူးလား"

အင်း...အိမ်နန်းဟာ တကယ်ကို ကလေးစိတ်မကုန်သေးပါလား။ ကလေးစိတ်မကုန်သေးတဲ့ ချာတိတ်မကို ငါ ဘယ်လိုချစ်လို့ ရမှာလဲ...ကဲ။

"အေးပေါ့ဟာ...စာမေးပွဲပြီးတော့မှ စဉ်းစားကြတာပေါ့ ဟုတ်လား"

ငါပေါက်တူးကို ပြန်ကိုင်တယ်။ အိမ်နန်းကတော့ သစ်တော်သီးပင် အောက်မှာ ငိုင်နေရစ်တယ်။ အင်း...သူ နည်းနည်းစဉ်းစားသွားပြီ။ ငါ့ဘဝ ရဲ့ မပြည့်စုံမှုကို ရိပ်ဖမ်းသံဖမ်းတော့ သူသိသွားပြီ။

ခဏကြာတော့ ငါ့အနားမှာ သူလာရပ်တယ်။

"ငါ ပြန်တော့မယ် အပြာ"

"နေအုံး ငါလိုက်ပို့မယ်လေ"

"ဟင့်အင်း...နေပါစေ၊ ဟိုမှာ ဦးလေး လာကြိုနေတယ်"

ခြံထိပ်မှာ သူတို့အိမ်ကကားလေး လာရပ်နေတာ တွေ့လိုက်ရ တယ်။

လေတစ်ချက် ဝေ့သွားတယ်။ အိမ်နန်းရဲ့ဆံပင်လေးတွေ လွင့်ဝဲ သွားတယ်။ သစ်တော်ပင်အကိုင်းဖျားရွက်တွေ လှုပ်သွားတယ်။ သူတို့အိမ်က မော်တော်ကားလေးကတော့ လှုပ်မသွားဘူး။ ငါ့လက်ထဲက ပေါက်တူးက လည်း လေတိုက်ပေမယ့် မလှုပ်ပါဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၅)

မနက်ဖြန် စာမေးပွဲစဖြေရမယ်။

ဒီည စာနည်းနည်းပိုကြည့်ရမယ်။

ငါ့မှ အကျင့်တစ်ခုရှိတာက စာမေးပွဲကပ်လာမှ စာကျက်တတ်တဲ့အကျင့်ပဲ။ ဒါကတော့ ကျောင်းသား၊ ကျောင်းသူတိုင်းလိုလိုပါပဲလေ။ ဘယ်လောက် စာကျက်ပျင်းတဲ့ ကျောင်းသားဖြစ်ဖြစ်၊ ဘယ်လောက် စာကျက်တော်တဲ့ ကျောင်းသူဖြစ်ဖြစ် စာမေးပွဲနီးရင်တော့ စာပိုကျက်လာကြတာ သေချာတာပဲ။

တို့ခြံမှာ လျှပ်စစ်မီးမရှိဘူး။ ရေနံဆီမီးခွက် သုံးတယ်။ တခြားညတွေမှာတော့ ရေနံဆီမီးခွက်သုံးပေမယ့် ငါ စာမေးပွဲနီးလာတဲ့ရက်ပိုင်းမှာတော့ အောက်လင်းမီးဖိုကြီး ထွန်းထားတယ်။ ဒီအောက်လင်းမီးဖိုက ဦးလေး ဦး အောင်ပန်းပေးထားတာ။

ဒါပေမဲ့ ရေနံဆီကလည်း ရှား၊ တို့မိသားစုအဖို့လည်း ညတိုင်း အောက်လင်းမီးလောက်လင်းတဲ့ အလင်းက မလိုအပ်တာကြောင့် ရေနံဆီမီးခွက်နဲ့ အိမ်ရှေ့ခန်းအတွက် ဖန်မီးအိမ်လေးပဲ သုံးခဲ့တယ်။

ငါ စာစပြီးကျက်တဲ့နေ့ညကစပြီး အဖေက အောက်လင်းမီးဖိုကြီးကို ထင်းရှူးသေတ္တာထဲကထုတ်၊ ဖုန်သုတ်ပြီး စတင်အသုံးပြုတော့တာပဲ။

ညတိုင်း အဖေ့မှာ တာဝန်ကြီးတစ်ခုလိုကို ဖြစ်နေပြီ။ ခက်တာက အောက်လင်းမီးဖိုကို ငါ့ဘာသာထွန်းဖို့လည်း အဖေက စိတ်မချဘူး။ မီးစာ ကြွေမယ်၊ လေပေါင်မများပြီး ပေါက်ကွဲမယ် စသဖြင့် စိတ်ပူပြီး သူကိုယ်တိုင်ပဲ ညတိုင်းထွန်းပေးတယ်။



ညနေခြောက်နာရီခွဲတာနဲ့ အဖေက ဒူးခေါင်းကြီးနှစ်လုံး ပြောင်သောက်အောင် တင်ပလ္လင်ခွေထိုင်ပြီး မီးထွန်းဖို့ ပြင်တယ်။ အမေက အဖန်အိုးအသင့်ပြင်တယ်၊ အဖန်အိုးဆိုတာ ရေနွေးကြမ်းအိုးပေါ့ကွာ။ တို့အိမ်က ရေနွေးကြမ်းကို မြေကရားအိုးနဲ့ တည်တယ်။ ရေကို မြေကရားအိုးနဲ့ ဆူအောင်တည်၊ ဆူတာနဲ့ လက်ဖက်ခြောက်ခပ်ပြီး ထင်းမီးခဲနဲ့ အမြဲနွေးထားတယ်။ တို့အိမ်မှာ ရေနွေးဓာတ်ဘူးမရှိတော့ ရေနွေးကြမ်းကို အေးမသွားရအောင် ဒီလိုပဲ ထင်းမီးခဲနဲ့ အမြဲနွေးထားပေးရတယ်။ ဟုတ်တယ်၊ အဖန်ရေဆိုတာက အေးရင် သောက်မကောင်းဘူးကိုး။

ငါ စာမေးပွဲဖြေဖို့အတွက် ငါ့အဖေနဲ့ အမေရဲ့ ဂရုတစိုက်ရှိပုံကတော့ ဒါလောက်ပါပဲ။ တကယ်တော့ ကျောင်းသားတစ်ယောက် စာမေးပွဲဖြေဖို့ဆိုတာ တပ်မတော်သားတစ်ယောက် ရှေ့တန်းထွက်တာလောက် အရေးကြီးတဲ့အလုပ်မှ မဟုတ်တာ။

တချို့လူတွေကို ငါ သိပ်မုန်းတယ်။ ကလေးတစ်ယောက် စာမေးပွဲဖြေဖို့ လူကြီးဆယ်ယောက်လောက် အလုပ်ပျက်၊ အကိုင်ပျက် ဖြစ်ကြရတယ်။

ကျောင်းသားဘဝမှာ စာမေးပွဲဆိုတဲ့အလုပ်ဟာ အကြီးမားဆုံးတာဝန်ဆိုတာ ဟုတ်တော့ဟုတ်တယ်။

ဒါပေမဲ့ ကျောင်းသားဖြစ်လာရင် စာမေးပွဲဖြေရမယ်ဆိုတာ သိပ်ထူးဆန်းလှတဲ့ကိစ္စမှ မဟုတ်ဘဲ။

လူ့ဘဝမှာ စာမေးပွဲဖြေဖို့ကိစ္စထက် အရေးကြီးတဲ့အရာတွေ အများကြီးရှိလာအုံးမယ် မဟုတ်လား။

ငါ့အဖေဆိုရင် သိပ်ရှင်းတယ်။ စာမေးပွဲနီးလာတော့ ငါ့ကို ခြံအလုပ်

www.burmeseclassic.com

www.burmeseclassic.com



လျှော့လုပ်နိုင်းတယ်။ ညတိုင်း စာကျက်ဖို့ သတိပေးတယ်။ ဒါလောက်ပဲ။ အဖေက ခြံအလုပ်ကို လုံးဝမလုပ်ရတော့ဘူးလို့တော့ မတားမြစ်ဘူး။

“နေ့စဉ်လုပ်နေကျအလုပ်တစ်ခုကို လုံးဝမလုပ်ဘဲ ရပ်ပစ်လိုက်ရင် ဘာလုပ်ရမှန်းမသိဘဲ ယောင်နနနဲ့ စိတ်လေတတ်တယ်။ ပြီးတော့ ဘာအလုပ်မှမလုပ်ဘဲ စာပဲဖိကျက်နေမှ စာမေးပွဲအောင်မယ်ဆိုတာလည်း မဟုတ်သေးပါဘူးကွာ”

အမေကတော့တစ်မျိုး။ မိန်းမသားဆိုတော့ စာမေးပွဲကိစ္စကို အရေးထက်ပိုပြီး ပူပင်တယ်။ သိပ်လွန်လွန်ကဲကဲကြီးတော့ မဟုတ်ပါဘူး။ ညတိုင်း ငါစာကျက်နေရင် နံဘေးမှာ လာထိုင်ပြီး ယပ်တောင်တစ်ချောင်းနဲ့ ခြင်ယပ်နေတတ်တာလောက်ပဲ။ ငါက တားပါသေးတယ်။ မရဘူး။ ရှမ်းဖက်လိပ်ကြီး တရှဲရှဲဖွာရင်း ထိုင်နေတော့တာပဲ။ အဖေကတော့ ရှစ်နာရီခွဲလောက်ဆိုရင် အိပ်ပြီ။ ငါကလည်း စာပိုကျက်တယ်ဆိုပေမယ့် အလွန်ဆုံး ဆယ်နာရီခွဲလောက်ထိပဲ။

ဒီနေ့တော့ နည်းနည်းထူးခြန်းတယ်။ ငါစာကျက်တဲ့နံဘေးမှာ အမေရော၊ အဖေရော လာထိုင်နေကြတယ်။ ခု ၁၀-နာရီထိုးပြီ။ အေး . . . ဟုတ်တယ်။ ငါ့မှာ လက်ပတ်နာရီရှိတယ်။ အဖေငယ်ငယ်ကပတ်တဲ့ နာရီလေး။ ငါ့ကို ပေးထားတာ။ ရှေးတုန်းကပုံစံမျိုးပေါ့။

ပြောရအုံးမယ်။ ငါ့လက်ဖျံမှာ မွေးညှင်းတွေရှိတယ်။ အလုပ်နဲ့ လက်နဲ့ မပြတ်တဲ့လူဆိုတော့ ကြွက်သားတွေ အမြောင်းလိုက်ပေါ်နေတဲ့ လက်ဖျံတုန်တုန်ကြီးပေါ်မှာ ဝိုင်းဝိုင်းပြားပြားနဲ့ ရှေးပုံစံနာရီလေးကို သားရေကြိုးအမည်းလေးနဲ့ တင်းကပ်နေအောင် ပတ်ထားတဲ့အခါ သိပ်ကြည့်လို့ကောင်းတာပဲ။ အိမ်နန်းက ပြောဖူးတယ်။



“နင်ကလေ ရှိသမျှနဲ့ ခေတ်မီအောင် ပြင်တတ်၊ ဆင်တတ်တယ်” တဲ့။

တကယ်တော့ ခေတ်မီတယ်ဆိုတာ ကိုယ့်အခြေအနေနဲ့ကိုယ် ဆိုက်ဖက်အောင် နေတတ်တာဆိုတာကို သင်း ဘယ်သိပါ့မလဲ။

အဲ့ဒီတုန်းက ငါက နောက်မိသေးတယ်။

“ဒီနာရီက ရာဇဝင်ရှိတယ် အိမ်နန်းရဲ့ အမေရိကန်သမ္မတကြီး သင်ကွန်းပတ်ခဲ့တဲ့နာရီ၊ သူလုပ်ကြံခံရတဲ့နေ့က ရုတ်ရုတ်သဲသဲဖြစ်သွားရင်း အစပျောက်သွားခဲ့တာ . . . အဲ . . . တို့နိုင်ငံလွတ်လပ်ရေးမရခင် ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင်မှာ အမေရိကန်စစ်သားတစ်ယောက် ဆေးလိပ်ဖိုးမရှိလို့ ဦးအဖေကို ပြန်ရောင်းသွားတာ . . .”

ငါက အဲလိုမျိုးပေါက်တတ်ကရတွေ ပြောတဲ့ကအခါ အိမ်နန်းက ရယ်တယ်။ ပြီးတော့ ဘာပြောတယ် မှတ်သလဲ။

“နင့်လို ငါလည်း စကားတတ်ချင်လိုက်တာ” တဲ့။ အိမ်နန်းကတော့ ဆော ငါ့ဆိုရင် အကောင်းချည်းပဲ ပြောနေတတ်တာပဲ။

ဒီလိုပဲ။ စာကျက်နေတုန်းလည်း အိမ်နန်းအကြောင်း ငါစဉ်းစားမိတတ်တာပဲ။ ဒါပေမဲ့ စာကျက်တော့ အနှောင့်အယှက်မဖြစ်ပါဘူး။ ငါက ညဆ်ကောင်းတာပဲ။ စိတ်ကို ငြိမ်အောင်ထိန်းတတ်တာပဲ။

ဒီလိုနဲ့ စာကျက်လိုက်တာ ဆယ်နာရီလေးဆယ့်ငါးမိနစ်ရှိသွားပြီ။ တော်ပြီ မနက်စောစောမှ အရေးကြီးတာလေးတွေ နည်းနည်းထပ်နွှေးတော့မယ်။

စာအုပ်တွေ သိမ်းဆည်းပြီးတော့ အဖေနဲ့အမေ့ဆီ ငါ ပြန်လာတယ်။ အတော်ပဲ၊ ဖေဖေ မအိပ်သေးဘူး။ ကန်တော့ရအုံးမယ်။ ဒီလိုပဲ၊

www.burmeseclassic.com



ငါဟာ ငါ့ဘဝမှာ အရေးကြီးတဲ့ကိစ္စတစ်ခု လုပ်တော့မယ်ဆိုရင် အဖေနဲ့ အမေ့ကို ကန်တော့တယ်။ ပြီးတော့ ငါ့ရဲ့မွေးနေ့ဆိုရင်လည်း အဖေနဲ့ အမေ့ကို ကန်တော့တယ်။ ကန်တော့ရတဲ့အကျိုး ဘယ်လိုရှိတယ်ဆိုတာတော့ ငါ မသိဘူး။ ငါ့အကျိုးအတွက် ကန်တော့တာလည်း မဟုတ်ဘူး။

တို့လူမျိုးမှာ ရှိသေကိုင်းရှိုင်းတဲ့အခါ ဂါရဝပြုတဲ့အခါ လက်အုပ်ချီပြီး ကန်တော့တဲ့ယဉ်ကျေးမှု ရှိတယ်။

အဖေနဲ့ အမေရဲ့ကျေးဇူးတရားကို ဒီနည်းနဲ့ ငါတုံ့ပြန်တတ်တယ်။

အဖေကတော့ ဘာဆုပေးသလဲ မသိဘူး။

အမေကတော့ စုံနေတာပဲ။ အသံထွက်ဆုပေးတယ်။

ကန်တော့ပြီးတဲ့အခါ ငါက ပြောတယ်။

"အိပ်တော့မယ်"

အဖေက ခဏစဉ်းစားသလိုလုပ်ပြီး အမေ့ကို တစ်ချက်ကြည့်တယ်။ အမေက အဖေ့ကို ကြည့်နေတယ်။

အဖေက စပြောတယ်။

"အိပ်ချင်လို့လား"

"မဟုတ်ပါဘူး ဖေဖေ။ မနက်စောစောထချင်လို့ပါ"

"အဖေ နည်းနည်းပြောစရာရှိလို့ကွာ"

"ဟုတ်ကဲ့ ရပါတယ် ဖေဖေ"

အဖေက ဆေးပြင်းလိပ်ကို တစ်ကိုက်ကိုက်ပြီး ဝါးနေရင်း စဉ်းစားနေတယ်။ ပြီးမှ . . .

"မင်းမနက်ဖြန် စာမေးပွဲဖြေမယ် မဟုတ်လား။ မင်းအတွက် အားရှိစရာစကား ပြောချင်လို့ပါ"



ဘာများလိမ့်လို့ ငါ စဉ်းစားတယ်။ မရဘူး။

"ဒီလိုကွာ . . . ဒီစာမေးပွဲမှာ မင်းအောင်မယ်ဆိုတာ ငါတို့ယုံကြည်တယ်။ စာမေးပွဲအောင်ရင် ဘာဆက်လုပ်မယ်ဆိုတာလည်း မင်း စဉ်းစားပြီးထားပေါ့"

"ဟုတ်ကဲ့ ဖေဖေ၊ စဉ်းစားသင့်သလောက် စဉ်းစားထားပါတယ်"

"ဟင်း . . . ယတိပြတ်ဆုံးဖြတ်ထားတာ မရှိသေးဘူးလားကွ၊ မင်းနယ် ဟုတ်တော့မလိုနဲ့ အတော်ရှော်တဲ့ကောင်"

"စဉ်းစားတိုင်း ဖြစ်လာနိုင်တာမှ မဟုတ်တာ"

"ဖြစ်နိုင်တာပဲ စဉ်းစားပေါ့ကွ။ ငါ့နယ် မင်းတို့ဟာက ရှင်းရှင်းလေးကို ရှုပ်ရှုပ်ပစ်တာကိုး"

အမေကတော့ ထုံးစံအတိုင်း လေချိုဝင်သွေးတယ်။

"သားက ဘယ်လိုစဉ်းစားထားလို့လဲ"

"အဖေပြောသလိုပါပဲ အမေ၊ စာမေးပွဲအောင်ရင် ဘာဆက်လုပ်ရမယ်ဆိုတာ သိပ်စဉ်းစားစရာတော့ မလိုပါဘူး။ ဒါပေမဲ့ . . ."

ပြောသင့်၊ မပြောသင့် ငါ စဉ်းစားလိုက်တယ်။ ခုမပြောလည်း နောက်တော့ ပြောရမှာပဲ။ မထူးဘူး . . . .

"ကျွန်တော်ကတော့ စိုက်ပျိုးရေးတက္ကသိုလ်ကို အမှတ်မီရင် တက်ချင်တာပေါ့။ ခက်တာက တစ်နယ်တစ်ကျေးမှာ ကျွန်တော်ကျောင်းသွားတက်နေရင် ခြံအလုပ်ကို အဖေတစ်ယောက်တည်းလုပ်နေရမှာ စိုးလို့ပါ"

အဖေက ငါ့စကားဆုံတော့ အားရပါးရရယ်တယ်။ ငါ့ခေါင်းကို ပုတ်တယ်။

"မင်းက ငါ့ကို အထင်သေးတာကိုးကွ ဟား . . ဟား . . ဟား"

www.burmeseclassic.com

အမေက အဖေ့ကို ပြောတယ်။

"အို . . . ရှင့်နှယ်၊ အပြောက ခုလိုသိတတ်ကိုပဲ ဝမ်းသာစမ်းပါအုံး ဘယ့်နှယ်"

အဖေကတော့ ဆက်ပြီးရယ်နေတယ်။ ပြီးမှ အမေ့လက်ထဲက ဆေးပေါ့လိပ်ကို လှမ်းယူရင် ပြောတယ်။

"ဒီတစ်ခါ ငါက ဝမ်းသာလို့ နောက်တာပါကွာ"

အဖေကတော့ ဒီလိုပါပဲ။ ဆူစရာရှိရင်လည်း ပြေးမလွှတ်တဲ့အပြစ်ကို ထောက်ထားပြရင်း ဆူတတ်တယ်။

ပျော်ရွှင်စရာရှိရင်လည်း အပြစ်ကို ထောက်ထားပြပြီးမှ ပျော်တတ်တယ်။ တစ်မျိုးပဲ။

အဖေက ဣန္ဒြေဆယ်လိုက်တယ်။

"ဒီလိုကွာ . . . မင်း အဲ့သလို ကြိုတင်စဉ်းစားထားမယ်ဆိုတာလည်း အဖေ သိသားပဲ၊ အဖေ့အနေနဲ့ကလည်း အစစ စဉ်းစားပြီးပြီ ဒီတော့ . . ."

အဖေက သူ့စိတ်ကူးကို ရှင်းပြတယ်။

ငါ စာမေးပွဲအောင်ရင် ကျောင်းဆက်တက်၊ ဝရိတ်စကအတွက် သူ့မှာ စုဆောင်းထားအသင့် ရှိတယ်။

ငါကျောင်းသွားတက်နေတုန်းအခိုက်မှာ အလုပ်သမားတစ်ယောက် ငှားထားမယ်။

ငါ ဝမ်းသာသွားတယ်။

"ကျွန်တော် စာမေးပွဲပြီးလို့ နွေကျောင်းပိတ်ကတည်းကစပြီး ငှားပါလား အဖေ၊ သူလည်း အလုပ်သဘောကို ကြိုတင်သိရတာပေါ့"



အဖေက ငါ့ကို ပြုံးပြီးကြည့်တယ်။

ငါသိပါတယ် အပြာရယ် ဆိုတဲ့သဘောမျိုး။

"ခြံအလုပ် ကျွမ်းကျင်ပြီးသား အလုပ်သမားဆိုရင် ဘာကြိုငှား လိုမလဲကွ၊ ဘာတုန်း မင်းက မင်းသူငယ်ချင်းတစ်ယောက်ယောက် ငှားချင်လို့လား"

ငါ့စိတ်ကို အဖေ သိနေတာမို့ ငါရယ်နေလိုက်ရတယ်။

"ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရှိတယ် အဖေ၊ သန်းထွတ်တာ . . . သိပ်ဆင်းရဲတယ်၊ သူဆိုရင် စာမေးပွဲဖြေပြီးလို့ အောင်ရင်တောင် တက္ကသိုလ်ဆက်တက်နိုင်မှာ မဟုတ်ပါဘူး၊ အဲ့ဒါ . . ."

အဖေက မျက်မှောင်ကုတ်ပြီး စဉ်းစားတယ်။ ဆေးပြင်းလိပ်ကို တစ်ကိုက်ကိုက်လိုက်တယ်။ အမေက ဝင်ပြောတယ်။

"ဟုတ်သားပဲ ကိုဘကြည်ရယ်၊ ဘာမှမတတ်သေးတဲ့ လူသစ်တော့ အားလုံးလည်း ရှင့်အလိုကျဖြစ်မယ်၊ ပြီးတော့ သားရဲ့သူငယ်ချင်းမို့ ည်းချရတယ်၊ ကုသိုလ်လည်းရပါတယ်တော်"

အဖေက ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ အဖေက ငါ့ကို ကြည့်လိုက်ပြီး ပြုံးတယ်။

"ကောင်းသားပဲ" တဲ့။

ငါ ဘယ်လောက် ပျော်သွားမယ်ဆိုတာ မင်းတို့ စဉ်းစားကြည့်

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒီညှ ငါကောင်းကောင်း အိပ်မပျော်ဘူး။ ပျော်နေလို့၊ တောင်တွေး မြောက်တွေးနဲ့၊ ငါ့အတွေးတွေထဲမှာ အိမ်နန်းနဲ့ တက္ကသိုလ်မှာ အတူတူနေ ရဖို့လည်း ပါတယ်။

ငါ စဉ်းစားကြည့်တယ်။ ဒီအချိန်ဆို အိမ်နန်းတစ်ယောက် စာတွေ အော်ကျက်နေတုန်း ရှိအုံးမယ်၊ သူ့အမေ ဒေါ်နန်းစေလည်း ကောင်းကောင်း နေရမှာ မဟုတ်ဘူး။ ကော်ဖီဖျော်ပေးရ၊ ခြင်ယပ်ပေးရနဲ့ နေမှာပဲ။ ဦးလေး ဦးအောင်ပန်းလည်း သူ့အနားကနေ မသိတာမေးဖို့ ထိုင်စောင့်ပေးနေရမှာပဲ။

ငါ သူ့အကြောင်း တွေးနေသလို အိမ်နန်းလည်း တစ်ခါတစ်ခါ ငါ့ အကြောင်း တွေးနေမှာပဲလို့ ငါထင်တယ်။ ဘာဖြစ်လို့ ရမှာလဲ။ ကြည့်စမ်း- ကောင်းကင်တစ်ခုလုံး ဝင်းလက်နေတာပဲ၊ ငါ့အိပ်ရာခေါင်းရင်း ပြတင်းပေါက် ဝမှာ မြင်နေရတယ်၊ ဘယ်လောက်သာတဲ့ လလဲ။

*   *   *

(၆)

လောကမှာ ဘယ်အရာမဆို အနိမ့်အမြင့်၊ အကြီးအသေး ရှိစမြဲ ပဲ။ စက်ရုံကထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေကလွဲရင်ပေါ့။

တို့ခြံက သစ်တော်သီးတွေဆိုလည်း တစ်ပင်တည်းမှာကိုပဲ အရွယ် အစားအမျိုးမျိုး . . .၊ အပင်တွေကိုယ်တိုင်ကလည်း ပုတာပု၊ ရှည်တာရှည်။

မညီညာတဲ့ သစ်တော်ပင်တွေကြားကနေ ငါနဲ့အိမ်နန်း ဖြတ် လျှောက်ခဲ့ကြတယ်။ အိမ်နန်းက စာမေးပွဲမဖြေနိုင်လို့ ငိုပြီးပြန်သွားတဲ့



ကျောင်းသူတွေအကြောင်း၊ စာမေးပွဲဖြေခါနီး စိပ်ပုတီးစိပ်တဲ့ ကျောင်းသူတွေ အကြောင်း၊ စာမေးပွဲဖြေနိုင်လို့ သူ့ခိုးရွေ့ရ၊ တပြုံးပြုံးလုပ်နေတဲ့ ကျောင်းသူ တွေအကြောင်း၊ ဖြေနိုင်ဖြေနိုင်၊ မဖြေနိုင် မဖြေနိုင် ဟန်မပျက် ပျော်ရွှင် နောက်ပြောင်နေတဲ့ ကျောင်းသားတွေအကြောင်း . . .၊ အို . . .စုံလို့ပဲ ပြော နေတယ်။

ခု စာမေးပွဲနောက်ဆုံးနေ့ဖြေပြီး တို့ပြန်လာကြတာ။ သူလည်း အစအဆုံး ဖြေနိုင်သတဲ့၊ ငါလည်း ဖြေနိုင်ပါတယ်။ စာမေးပွဲဖြေနိုင်တယ်ဆို တာ ကျောင်းသားဘဝမှာ ဝန်ထုပ်ကြီးတစ်ခု ပေါ့သွားသလိုပဲ မဟုတ်လား။ ရင်ထဲမှာ လွတ်လပ်ပျော်ရွှင်နေကြတယ်။

ဒီနေ့ စာမေးပွဲနောက်ဆုံးနေ့မို့ ဦးလေး ဦးအောင်ပန်းက တို့နှစ် ယောက်ကို ကားနဲ့လာကြိုပြီး တရုတ်ဟိုတယ်မှာ ထမင်းကျွေးတယ်။ ပြီး တော့ ထူးထူးခြားခြား ငါ့ကို အောင်ပန်းထိ ကားနဲ့ လိုက်ပို့ပေးတယ်၊ လမ်း က ဦးလေးက အလွန်အားတက်ဖို့ကောင်းတဲ့စကားကို ပြောတယ်။

"ကဲ . . .အပြာ၊ မင်းဆယ်တန်းတော့ ပြီးပြီ၊ ရှေ့အစီအစဉ် ဘယ်လို လဲ"

"စာမေးပွဲအောင်ရင်တော့ . . ."

"အောင်မှာပေါ့ကွာ၊ ဦးလေး သိပါတယ်၊ မင်းဘာဆက်လုပ်ချင် တယ်ဆိုတဲ့ အစီအစဉ်သာ ဦးလေးကို ပြောပါ"

ငါ သဘောပေါက်လိုက်ပြီ၊ ငါ့ရဲ့အစီအစဉ်ကိုရော ငါ့ရဲ့အခြေအနေ ကိုပါ ဦးလေးက သိပြီးနေပြီ။ အိမ်နန်းက ကြိုပြောလိုက်ပြီ ထင်တယ်။ သူ့ ကို ဘာပြန်ပြောရလဲလို့ စဉ်းစားနေတုန်း အိမ်နန်းက ဝင်ပြောတယ်။

"သူက စိုက်ပျိုးရေးသွားချင်တယ် ဦးလေးရဲ့၊ အဲဒါ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဦးဘကြည်တစ်ယောက်တည်း ခြံလုပ်ငန်းတွေနဲ့ ပစ်ထားခဲ့ရမှာစိုးလို့တဲ့"

ဦးလေးက အိမ်နန်းကိုကြည့်ပြီး ပြုံးလိုက်တယ်။ သူ တစ်ခုခု သဘောပေါက်သွားသလိုပဲ။ ငါ့မှာတော့ ကြားထဲကနေရခက်နေတယ်။

"မင်းအစီအစဉ် ကောင်းသားပဲ အပြာရဲ့ ဦးလေး ကူညီမှာပေါ့ ပညာဒါနဆိုတာ ကုသိုလ်လည်း ထူးပါတယ်၊ မင်းအဖေ ကိုဘကြည်ကို လည်း ဦးလေး ပြောလိုက်မယ် ဟုတ်လား"

ငါ ပြောစရာတစ်ခု လိုလာပြီ။ ငါ့ဘဝရေရှည်ရေးအတွက်ကတော့ အဆင်ပြေပြီ။ ငါလည်း ဝမ်းသာရပြီ။ ဒါပေမဲ့ ငါ့သူငယ်ချင်း သန်းထွတ်ကို သန်းထွတ်ကို ခြံမှာအလုပ်သွင်းဖို့ကိစ္စ။

"ကျွန်တော် တစ်ခုစဉ်းစားထားပါတယ် ဦးလေး၊ ကျွန်တော် ကျောင်းဆက်တက်ဖြစ်ရင် အဖေနဲ့ကူပြီး ခြံလုပ်ဖို့ ကျွန်တော့်သူငယ်ချင်း တစ်ယောက်ကို ဝိုင်းလုပ်ဝိုင်းစားသဘော ဖားထားချင်တယ်၊ သူနဲ့ပတ်သက် လို့တော့ အစစ ကျွန်တော် တာဝန်ခံပါတယ် ဦးလေး"

ဦးလေးက နည်းနည်းစဉ်းစားလိုက်တယ်။ ကန့်ကွက်မယ့်သဘော တော့ သူ့မျက်နှာမှာ မပေါ်ပါဘူး။

ပြီးမှ ပြန်စဉ်းစားမိတယ်။ ငါ သိပ်ပြီး ကိုယ့်တက်ကို ယက်မိသလား လို့။ ငါတက္ကသိုလ်တက်ဖို့လည်း သူက ကူရအုံးမယ်၊ ခြံမှာလည်း ငါ့သူငယ် ချင်းကို အလုပ်သွင်းပေးအုံးမယ်ဆိုတော့ . . .။

ဒါပေမဲ့ ဦးလေးက ဘာပြောတယ် မှတ်သလဲ။

"အင်း . . . အပြာကတော့ကွာ စံပဲ၊ မင်းကလေးဟာ အရာရာမှာ သိတတ်တဲ့ကလေးပဲ"တဲ့။

အောင်ပန်းရောက်တော့ ဦးလေးက သူ့မိတ်ဆွေတစ်ယောက်အိမ်



ဝင်တယ်။ ဒါနဲ့ ငါနဲ့အိမ်နန်းက ငါတို့ခြံကို လမ်းလျှောက်ရင်း သွားနှင့် မယ်ဆိုပြီး ထွက်ခဲ့ကြတာ။

ငါတို့ သစ်တော်သီးပင်တွေကြားက လမ်းလျှောက်လာခဲ့ကြတယ်။ ချုပ်တဲ့တစ်နေရာမှာ ငါကစပြီး ခဏရပ်လိုက်တယ်။ အိမ်နန်းကတော့ ဘာမှမသိသလို ဟိုငေးဒီငေးနဲ့ ငါက သူ့ကို စူးစိုက်ကြည့်နေလိုက်တယ်။

ငါ့မှာ သူ့ကို ပြောစရာစကားတွေ ရှိနေတယ်ဆိုတာ မင်းတို့ သိပါ တယ်လေ။ ပြောမယ်ပြောမယ်နဲ့ ချိန်နေခဲ့တာ ကြာပြီ။ သင့်မသင့်ကို ချင့်နေ တာလည်း ပင်ပန်းလှပြီ။ သူတို့မိသားစုရဲ့ကျေးဇူးတရား၊ သူ့ဘဝနဲ့ ငါ့ဘဝရဲ့ ကွာဟမှု၊ အို . . . ဘယ်ထောင့်ကတွေးတွေး ရင်လေးစရာချည်းပဲ။

ပြီးတော့ ဆယ်တန်းစာမေးပွဲမပြီးသေးခင် ငါ ရင်မဖွင့်ချင်ဘူး။

အင်း . . . တကယ်တော့ ခုစာမေးပွဲပြီးပေမယ့်လည်း ငါ ပြောမထွက် သေးပါဘူးလေ။

ဒါပေမဲ့ ပြောချင်စိတ်ကလည်း အလွန်ပဲ။ လွန်တယ်၊ မပြောသင့် တာနဲ့ ပြောချင်တာနဲ့က လွန်ဆွဲနေတယ်။ ငါ ဘာလုပ်ရမလဲ။

ဒါကြောင့် မနေ့ညကတော့ အပြတ်စဉ်းစားလိုက်တယ်။ ဖွင့်ပြော မယ် စကားနဲ့တော့ မဟုတ်ဘူး၊ တစ်နည်းနည်းနဲ့ . . .။

မနက်ကတည်းက ကလောဈေးထဲမှာ ပန်းစည်းတစ်ခုဝင်ဝယ်တယ်။ ဘာဝယ်ရမှန်း မသိပါဘူး။ ဘာစိတ်ကူးမှလည်း မရှိဘူး။ နောက်ဈေး လျှောက်ကြည့်ရင်း ပန်းစည်းလေးတစ်ခု အမှတ်မထင်တွေ့တယ်။

ဖဲကြိုးဝါလေးတွေ။

ခေါင်းမှာစည်းတဲ့ ဖဲကြိုးဝါလေးတွေ။

ဒီလောကမှာ အတိတ်နိမိတ်ဆိုတာ ရှိသလား မသိဘူး။ အဲ့ဒီ ဖဲ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးဝါလေးတွေကို ငါဝယ်ချင်စိတ် ဘာကြောင့်ပေါက်လာရသလဲ။

ဖဲကြိုးဝါလေးတစ်စ ဝယ်လိုက်တယ်။ အိမ်နန်းကို လက်ဆောင် ပေးဖို့။

ဒီဖဲကြိုးဝါလေးဟာ ငါ့ဘဝမှာ အကြီးမားဆုံး အမှတ်အသားဖြ လာလိမ့်မယ်ဆိုတာ ငါလည်း မသိခဲ့ဘူး။

ဒါပေမဲ့ ဘာလို့ ဖဲကြိုးဝါလေးတစ်စကို ငါ ဝယ်မိသလဲ။ နိမိတ်လ ထင်တယ်။

ဒီဖဲကြိုးဝါလေးဟာ ဘာမှမဟုတ်သောက်တဲ့ပစ္စည်းပေမယ့် ငါ့ဘ မှာ ကြီးမားတဲ့အဆုံးအဖြတ်တစ်ခု ပေးမယ်လို့လည်း ငါ ကြိုတင်မသိ ပါလား။

ဒီဖဲကြိုးဝါလေးကို အိမ်နန်းကို ငါ လက်ဆောင်ပေးလိုက်မယ် သူ့ သိမှာတော့ မဟုတ်ဘူး။ ငါ့ရင်ထဲက အချစ်စကားဟာ ဒီဖဲကြိုးဝါလေ ဆိုတာ သူသိမှာတော့ မဟုတ်ဘူး။ ဘာပဲဖြစ်ဖြစ်၊ ငါကတော့ ချစ်စကားပြေ လိုက်ရပြီလို့ ငါ့ဘာသာထင်တယ်။ သက်တသဘောပေါ့။

ငါ့ရဲ့ဖဲကြိုးဝါလေးဟာ ငါ့ရဲ့အချစ်ပဲ။

ဒီဖဲကြိုးဝါလေးပေးလိုက်ရုံနဲ့ သူ့ကို ငါချစ်ရေးဆိုလိုက်တာလို့ သိမှာမဟုတ်ပေမယ့် ရတ်တရက်တော့ မပေးရဲသလိုပဲ၊ ဘာဖြစ်လို့လဲ။

သစ်တော်ပင်တွေကြားကို ဖြတ်သန်းလာတဲ့ လေရူးလိုပဲ။ ငါ့ ထဲမှာ ချီတုံချတုံနဲ့ ဖြစ်နေတယ်။ အမေရိကန်နွားကျောင်းသားအင်္ကျီအိတ် မှာ ထည့်လာခဲ့တဲ့ ဖဲကြိုးဝါလေးကို ငါ ခဏခဏစမ်းကြည့်နေမိတယ်။

ငါ့ရဲ့အချစ်က ရင်ထဲကနေ ထွက်လိုက်၊ ဝင်လိုက်လုပ်နေသ ဖဲကြိုးဝါလေးလည်း အိတ်ထဲက ထွက်သွားမှာစိုးလို့။



ငါ့ရဲ့စိတ်နဲ့အတူတူ ငါ့မျက်နှာက အမျိုးမျိုးပြောင်းလွဲနေလို့လား သိဘူး၊ အိမ်နန်းက ငါ့ကို မေးတယ်။

"နင် ဘာဖြစ်နေတာလဲ အပြာ"

"ဘာဖြစ်လို့လဲ"

"မသိဘူး၊ နင့်မျက်နှာကြည့်ရတာ တစ်မျိုးပဲ"

"ဟုတ်လား"

"အို..."

"ဟုတ်တယ်...ဟုတ်တယ်၊ ငါတစ်ခုခု ဖြစ်နေတယ်"

"နင်ဟာလေ စကားပြောလိုက်ရင် ခွချည်းပဲ၊ ကိုယ့်ဟာကိုယ် ဖြစ်လို့ ဖြစ်တယ်တောင် မသိဘူးလားဟ"

အိမ်နန်းရဲ့စကားက မှန်ပါတယ်။ လူဆိုတာ ကိုယ့်ကိုကိုယ်တော့ သာပေါ့။ အမှန်တော့ ငါလည်း သိပါတယ်လေ၊ မသိဟန်ဆောင်ပြီး လျှောက်ပြောနေတာ။

"အလကား လျှောက်နှောက်နေတာပါ အိမ်နန်းရာ၊ ငါ ဘာဖြစ်နေ ဆိုတာ ငါ့ဘာသာ သိပါတယ်"

"ဘာဖြစ်နေတာလဲ၊ ကဲ..."

"ငါ နင့်ကို လက်ဆောင်တစ်ခု ပေးချင်နေတာ"

အိမ်နန်းရဲ့ရယ်သံလေးက တစ်တောလုံး ပျံ့နှံ့သွားတယ်။ ဟိုး... က မြင်းမထိတောင်ထိပ်ကို ရောက်သွားသလိုပဲ။

"ဒါကြောင့် နင့်ကို နင့်သူငယ်ချင်းတွေက ပြောတာ၊ အပြာက န်းတွေ ပြောတတ်တယ်တဲ့"

ဘာကြောင့်မှန်း မသိဘူး။ ငါ့လက်က ရုတ်တရက် အင်္ကျီအိတ်ထဲ

www.burmeseclassic.com



နှိုက်လိုက်မိတယ်။ ဖဲကြိုးဝါလေးကို ဆွဲထုတ်လိုက်တယ်။ အိမ်နန်းက မျက်လုံး လေးပြူးကြည့်လိုက်တယ်။ ငါက သူ့ကို လက်ကမ်းပြီး ပေးလိုက်တယ်။ သူက ရုတ်တရက် မယူသေးဘူး။

"ဘာအတွက်ပေးတာလဲဟ"

အတင်းတိုးငှေထွက်လာတဲ့စကားတွေကို ငါ့ရဲ့ သန်မာတဲ့လည်ချောင်း ကြွက်သားတွေက ဖျစ်ညှစ်တားဆီးပေးထားရတယ်။ ပြောချင်တာကို မပြော ရဲသေးဘူး။ ပြောသင့်တာကိုပဲ ပြောလိုက်ရတယ်။

"ဘာအတွက်ဆိုတာ စာမေးပွဲအောင်စာရင်းထွက်မှ ပြောပြမယ်"

အိမ်နန်းရဲ့မျက်လုံးမှာ ဖျတ်ကနဲ အရောင်လက်သွားတယ်။ ငါ့ လက်ဆောင်ကို သူသဘောပေါက်သလား မသိဘူး။ ဒါပေမဲ့ သူ့မျက်လုံး လက်သွားတဲ့အရောင်ကတော့ ဒေါသရောင်မဟုတ်ဘူး။ တစ်မျိုးပဲ။ အချစ် အရောင်ရှိသလား။

အိမ်နန်းက ဖဲကြိုးဝါလေးကို ခေါင်းမှာစည်းလိုက်တယ်။

"အောင်စာရင်းထွက်တဲ့နေ့ကျရင် ခုလိုပဲ ခေါင်းမှာစည်းခဲ့အုံးနော် အိမ်နန်း"

အိမ်နန်းက ခေါင်းညိတ်ပြတယ်။

ငါ ပျော်သွားတယ်။

ငါ့ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတယ်။ နှလုံးအခုန်မြန် တာလား။ ထမင်းဆာသွားတာလားတော့ ငါလည်း မသိဘူး

* * *



(၇)

သိလာတယ်၊ သိပ်ကို သိလာတယ်။ တကယ်ဟော့ ငါ့ခြံထဲက သစ်တော်သီးဟာ ငါ့ရဲ့သားသမီးတွေပဲ။ ဘယ်မိဘဖြစ်ဖြစ် ကိုယ့်သားသမီး အကြောင်းကို ကောင်းကောင်းသိတာပဲ။ အရိပ်တကြည့်ကြည့် နေရတာကိုး။ ဒီလိုတဲ့ကောင်ကလည်း ငါ့အပင်တွေကို အရိပ်တကြည့်ကြည့် နေနေတာပဲ။ အဲဒီကြောင့် သိပ်သိနေတာပေ့ါ။

ကြည့်စမ်း . . .။ ငါ့ခြံထဲကထွက်တဲ့အသီးတွေဟာ ထူးထူးခြားခြား ကြီး ကြီးလာတယ်။ ပိုးကျလည်း သက်သာလာပြီ။

အဖေကိုယ်တိုင်ကလည်း ငါ့ကို အရင်ကထက် ပိုပြီးယုံကြည် အားထားလာတယ်။

ငါ ပြောစရာတစ်ခု မေ့ကျန်နေတယ်။ သန်းထွတ်ကို အဖေက ခြံလုပ်ငန်းမှာ ငါနဲ့အတူလုပ်ကိုင်ဖို့ ခန့်ထားလိုက်ပြီ။ ဦးလေး ဦးအောင်ပန်းရဲ့ သားရင်းပဲ။ ခုတလော ငါအလုပ်လုပ်ရတာ သိပ်စိတ်လက်ပေါ့ပါးတာပဲ။ ပျော်ဖျတ်လတ်လတ်၊ ကြည်ကြည်လင်လင်လည်း ရှိတယ်။ မင်းတို့စကားနဲ့ ဆိုရင် အားလုံး ဝေ၊ အရာရာ ဝေ၊ ကမ္ဘာဝေ။

ပြီးတော့ ဘယ်လောက်ထိများ ဝေသလဲဆိုရင် . . .။ အေး . . . . . .အဲဒီအကြောင်း ငါမပြောရသေးဘူး။

ငါ့ကို အိမ်နန်းက လာပြောတယ်။ မဟုတ်သေးပါဘူး။ မင်းတို့က လည်း အရမ်းအထင်ကြီးတာကိုး။ အဲဒီကိစ္စ မဟုတ်သေးပါဘူး။ အဲဒီကိစ္စ ဆိုရင် ငါက ပြောဖို့ ဘယ်မေ့ပါ့မလဲ။ ချက်ချင်းလာပြောမှာပေ့ါ။ ဟိုဟာက ခြင်းကိစ္စ။

www.burmeseclassic.com



ဘာလဲဆိုတော့ . . .။ ငါ စာမေးပွဲအောင်တယ်တဲ့။ မြန်မာစာဂုဏ်ထူး ပါတယ်တဲ့။ စိုက်ပျိုးရေးတက္ကသိုလ်ဝင်ဖို့ အမှတ်မီတယ်တဲ့။ သူလည်း အောင်တယ်တဲ့။ သူလည်း စိုက်ပျိုးရေးမီတယ်တဲ့။ ငါနဲ့အတူတူ စိုက်ပျိုးရေးပဲ တက်မယ်တဲ့။ အဖော်ရတာပေါ့တဲ့။

ဒီသတင်းကြားရတော့ ဝမ်းသာမိတာတော့ အမှန်ပဲ။ ကျောင်းသားပဲလေ၊ စာမေးပွဲအောင်တဲ့သတင်းကြားရရင် ဝမ်းမသာ ဘယ်ရှိပါ့မလဲ။

ဒါပေမဲ့ သတင်းဆိုတဲ့အတိုင်း သတင်းပဲ။ ပါးစပ်သတင်း။ တကယ့်တရားဝင်မှ ထုတ်ပြန်သေးတာမှ မဟုတ်တာ။

အိမ်နန်းက ပြောတယ်။ သူ့ဦးလေး ဦးအောင်ပန်းရဲ့ မိတ်ဆွေအရာရှိကြီးက ပြောတာတဲ့။ သူက ခုံနံပါတ်တွေပေးပြီး ကြည့်ခိုင်းတာတဲ့။ ငါကတော့ မထင်ဘူး၊ သူ့ စိတ်ချမ်းသာအောင် ဦးလေးက ပြောတာပဲ ဖြစ်မယ်။ တကယ်တော့ ဘယ်သူက ခုလိုကြိုပြီး ပြောပြပါ့မလဲ။

ဘာပဲဖြစ်ဖြစ်၊ အိမ်နန်းကတော့ ပျော်နေတာပါပဲ။ ဟုတ်ဟုတ် မဟုတ်ဟုတ် လေလည်ရင်တော့ ခွေးဆိုတာ ဝမ်းသာမြဲပဲ မဟုတ်လား။

ဒီလိုမျိုးပေါ့လေ။ ငါ့လတ်တလောအခြေအနေက တော်တော်ဟုတ်နေတယ်။ ကိစ္စတိုင်း ဝမ်းသာစရာချည်း ဖြစ်ဖြစ်နေတတ်တယ်။

နည်းနည်းတောင် စိုးရိမ်လာတယ်။ ဘာလဲဆိုတော့ . . .ငါ ကံကြွေပေါင်းများပြီ၊ အဲ့သလို အဆင်ပြေတာတွေများလာရင် တစ်စုံတစ်ခုက အဆင်မပြေတာ ဖြစ်ဖြစ်လာတတ်တယ်။ ဘယ်လိုသဘောလဲတော့ မသိဘူး။

ကျောင်းက မြန်မာစာဆရာပြောပြောနေတဲ့ "လောကကြီးဟာ အမြဲတမ်း ညီမျှတယ်" ဆိုတာများလား မသိဘူး။

တစ်ခုခုဖြစ်လာမှာ ငါကြိုပြီး စိုးရိမ်နေတယ်။



ဒီနေ့ စာမေးပွဲအောင်စာရင်းထွက်တယ်။ ငါ သိပါတယ်။ ငါ အောင်မှာပါ။ ကျောင်းသားဆိုတာ ကိုယ့်ပညာ ကိုယ်သိရမှာပေါ့။

ငါအောင်တယ်။ အိမ်နန်းပြောသလို ဒီတွေ၊ ဒက်တွေတော့ မပါဘူး။ ရိုးရိုးအောင်တာ။ ဘာပဲဖြစ်ဖြစ် ပျော်တာတော့ ပျော်တာပဲ။

အိမ်နန်းလည်း အောင်တယ်၊ ဟော . . .သူကတော့ သင်္ချာဂုဏ်ထူး ပါတယ်။

အောင်စာရင်းဖတ်ပြီးရော အိမ်နန်းခမျာ ပျော်လွန်းလို့ ငါ့ပခုံးကို ကိုင်ပြီး စွေ့စွေ့ကို ခုန်နေတာပဲ။ ငါ့မှာ သူပြောသလို မြန်မာစာဂုဏ်ထူးပါ လာတာတောင် သူ မေ့နေတယ်။

ကြည့်စမ်း . . . သူခုန်တော့ သူ့ခေါင်းပေါ်က ဆံပင်လေးတွေလည်း ခုန်တာပေါ့။ ဒီအခါ ခေါင်းမှာစည်းတဲ့ ဖဲကြိုးဝါလေးလည်း ခုန်တာပေါ့။

သူ သတိရသားပဲ။ အောင်စာရင်းထွက်တဲ့နေ့မှ ဖဲကြိုးဝါလေး စည်းခဲ့တာ။

စာမေးပွဲအောင်ကြတဲ့လူတွေရဲ့ ထုံးစံအတိုင်း မြင်မြင်ကရာလူတွေ ကို ဆိုက်နှုတ်ဆက်ကြတယ်။ ငါကတော့ ထုံးစံအတိုင်း သိပ်မထူးခြားလှ ဘူး။ ဝမ်းသာရုံလောက်ပဲ။ အိမ်နန်းကသာ ဟိုလူနှုတ်ဆက်၊ ဒီလူ့ သတင်း ပေး၊ အောင်တဲ့လူကို ချီးကျူး၊ ကျတဲ့လူကို အားပေးနဲ့၊ ခြေရောလက်ရော မငြိမ်တိုင်းရှုပ်နေတာ။ ငါကတော့ သူသွားလေရာ နောက်က တကောက် ကောက်ပေါ့။

ဒီနေ့ ဦးလေးအောင်ပန်း ကလောမှာ မရှိဘူး။ ကိစ္စတစ်ခုနဲ့ သာစည် ဆင်းသွားတယ်တဲ့။ ဒါကြောင့် အိမ်နန်းကို အိမ်ပြန်လိုက်ပို့ရမယ်။ ဒါ ကောင်းတာပေါ့။ ငါ ဒီနေ့ အိမ်နန်းကို ဖွင့်ပြောတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ အမျိုးမျိုးစဉ်းစားပြီးပြီ ငါတို့နှစ်ယောက်ရဲ့ဘဝ၊ ငါတို့နှစ်ယောက် ရဲ့အခြေအနေ၊ ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်၊ ငါတို့နှစ်ယောက်ရဲ့ ရှေ့ဆက် ရမယ့်ခရီး...အကုန်လုံးစဉ်းစားပြီးပြီ။ ဘယ်လိုပဲ စဉ်းစားစဉ်းစား၊ ငါ သူ့ကို ဖွင့်ပြောဖို့ဘက်ကပဲ အလေးသာနေတယ်။ သူက တုံ့ပြန်တာ မပြန်တာက တစ်ပိုင်းလေ။ ငါဖွင့်ပြောချင်တာက တစ်ပိုင်းပဲ။ တကယ်တော့ အခြေအနေ အရပ်ရပ်ကို အပြန်ပြန် စဉ်းစားတယ်ဆိုပေမယ့် အဓိကတော့ ငါ သူ့ကို ဖွင့် ပြောချင်တဲ့ဆန္ဒက လွှမ်းကဲနေတာပဲ။ ဖွင့်ပြောဖို့ဘက်ကချည်း ငါကလည်း လှည့်ပတ်တွေးနေတာ။

အင်း...အမှန်တရားဆိုတာ မိမိတို့ရဲ့စိတ်ဆန္ဒကို ဆိုလိုတာလား။ ဒါမှမဟုတ် ဆန္ဒအာသာပြင်းပျလာရင် အမှန်တရား မရှိတော့ဘူးလား။

"ငါ နင့်ကို ပြောစရာရှိတယ်"

သူတို့အိမ်ရောက်လုရောက်ခင်မှာ ငါ စကားစလိုက်တယ်။ ညီ အသံက ပုံမှန်ပဲ။ တုန်ခါမနေဘူး။ လေ့ကျင့်ခန်း နေ့တိုင်းဆင်းတဲ့ အားကစား သမားဟာ ပွဲဝင်တဲ့အခါ အသင့်ဖြစ်နေသလိုပေါ့။

အိမ်နန်းကို ငါ ချစ်ရေးဆိုခဲ့တာ အကြိမ်ပေါင်းမှ မနည်းတော့ပဲ နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်းပဲ။ စိတ်ကူးထဲမှာ၊ အိပ်မက်ထဲမှာ...။

"နင် ဘာပြောမယ်ဆိုတာ ငါ သိသားပဲ"

ဒီတစ်ခါတော့ ငါ တုန်လှုပ်သွားတယ်။

အိမ်နန်း တကယ်သိနေသလား၊ ငါ့အမူအရာတွေက ထင် သိသာလောက်အောင် ပေါ်လွင်နေသလား။

"နင် ဘာကိုသိတာလဲ"

"နင် စိုက်ပျိုးရေးဆက်တက်ဖို့ကိစ္စ မဟုတ်လား"



ငါ ခေါင်းခါပြရင်း ပြုံးလိုက်တယ်။ ငါ့အပြုံးက သရော်ပြုံးနည်း နည်းဆန်တယ်၊ ဘာလို့လဲဆိုတော့ သူ့အဖေရဲ့အကူအညီနဲ့ ငါ တက္ကသိုလ် ဆက်တက်ဖို့ကို ငါ့မှာ အချိန်နှင့်အမျှ စဉ်းစားနေရတယ်လို့ သူ ထင်နေတဲ့ အတွက်။ တကယ်တော့ ကျေးဇူးကန်းစကားပြောတာ မဟုတ်ပါဘူး။ ဦးလေ က ကူညီမယ်ဆိုတဲ့အတွက် ငါ ဝမ်းသာသလို ကျေးဇူးလည်း ပြောမပြတတ် အောင် တင်ပြီးသားပါ။ ဒါပေမဲ့ အချိန်နဲ့အမျှ ဒီကိစ္စအတွက် ငါစိတ်လှုပ်ရှား မနေဘူး။

တကယ်လို့ ဦးလေးက မကူညီနိုင်ဘူးတဲ့။ ငါ အရှုံးမရှိပါဘူး။ ငါ့ ဘဝနဲ့ ငါပဲ။ ထားပါလေ။ ဒီကိစ္စက ခဏထားလိုက်ပါ။ အရေးကြီးတာက သူ့ကို ငါ့အချစ်ပေးဖို့၊ နည်းနည်းတော့ ဝမ်းနည်းသွားသလိုပဲ။

တကယ်ဆို နင့်ကို ငါပြောစရာရှိတယ်ဆိုကတည်းက အိမ်နန်း နည်းနည်းတော့သိဖို့ ကောင်းတယ်။ ဒီစကားမျိုးနဲ့စာရင်းအဆုံးမှာ ချစ်ခွင့် ပန်တာပဲ ဖြစ်ရမယ်ဆိုတာ နိယာမပဲ။ ရုပ်ရှင်ကားတွေလည်း သူ ကြည့်ဖူးသားနဲ့ ဝတ္ထုတွေလည်း သူဖတ်ဖူးသားနဲ့။

ခုတော့ "နင် စိုက်ပျိုးရေးဆက်တက်ဖို့ကိစ္စ မဟုတ်လား"တဲ့။ တစ်ချိန်ချိန်မှာ သူ့ကို ငါ ချစ်ရေးဆိုလာလိမ့်မယ်ဆိုတာ သူ မသိဘူးလား။ ငါနဲ့ သူနဲ့ တစ်ချိန်ချိန်မှာ ချစ်သူတွေဖြစ်လာနိုင်တယ်ဆိုတာ သူ မစဉ်းစား မိဘူးလား။

ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် အရွယ် ရောက်လာကြတယ်။ သူတို့ဟာ ပူးတွဲပူးတွဲလျှောက်သွားလေ့ ရှိတယ်။ ဒါဆို သူတို့နဲ့အတူ အချစ်ဆိုတဲ့အရာဟာလည်း ကပ်ပါလာလိမ့်မယ်ဆိုတာကော သူ မသိဘူးတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ထင်းရှူးရွက်ဖျားချွန်ချွန်လေးတွေရဲ့ တိတ်တခိုးရယ်မောအတင်းပြောတဲ့ အသံတွေဟာ ဟိုး . . .က ရှမ်းတောင်တန်းကြီးတွေရဲ့ ရင်ခွင်ကျယ်ကြီးတွေကို ပြေးရိုက်ပြီး ပဲ့တင်ထပ်သံတွေဟာ ငါ့ရင်ခေါင်းထဲ တိုးဝင်သွားသလို ခံစားလိုက်ရတယ်။

သူတို့အိမ်ဝင်းခြံဝကို ရောက်လာတယ်။ ခြံဝမှာရှိတဲ့ အထင်ကရ သစ်ပင်ကြီးအောက်မှာ ငါတို့ ရပ်လိုက်ကြတယ်။ ဝက်သစ်ချပင်အိုကြီးအောက်မှာ . . .။

အိမ်နန်းကတော့ အိမ်ထဲကို ဝင်ပြေးချင်လှပြီ ထင်တယ်။ တရှူရှူဖြစ်နေတယ်။ ဒါပေါ့ စာမေးပွဲအောင်တဲ့သတင်းကို သူလည်း သူ့အမေဆီ ပြေးပြောချင်မှာပဲပေါ့။

"ပြောလေဟာ . . .နင်က ပြောစရာရှိတယ်ဆိုပြီး ဘာမှလည်း မပြောဘူး"

ငါ သိပ်ပြီး စဉ်းစားမနေဘူး။ စဉ်းစားစရာလည်း မလိုဘူး။ ကျောင်းစာမေးပွဲဖြေတာတောင် စိတ်လှုပ်ရှားတဲ့ကောင်မှ မဟုတ်ဘဲ။ ဆုံးဖြတ်ပြီးရင် နောက်ဆုတ်ဖို့ဆိုတာ စဉ်းစားစရာလိုတဲ့ကိစ္စမှ မဟုတ်တာ။

သူ့ကို ငါ တစ်ချက်ကြည့်လိုက်တယ်။ ကိုဝင်းဦးလို အချစ်ရည်ရွှန်းတဲ့အကြည့်နဲ့လည်း မဟုတ်ဘူး။ ကိုကျော်ဟိန်းလို ဂျစ်ကန်ကန်အကြည့်နဲ့လည်း မဟုတ်ဘူး၊ ကိုဇော်ဝမ်းလို ပြောင်ချော်ချော်အကြည့်နဲ့လည်း မဟုတ်ဘူး။ ငါ့အကြည့်က ငါ့အကြည့်ပဲ။

သေချာတာကတော့ ငါ့အကြည့်ဟာ ငါပြောမယ့်စကားအတွက် လမ်းခင်းပေးလိုက်တဲ့ အိမ်နန်းကို ချုပ်နှောင်လိုက်တဲ့အကြည့်ပေါ့။ ဘာအကြည့်ဆိုတာတော့ ငါလည်း မသိ။



"အိမ်နန်း . . ."

"ဟင်"

"နင့်ကို ငါ ချစ်တယ်"

"ဘာ . . ."

မိန်းမတွေရဲ့မျက်နှာဟာ တစ်စက္ကန့်ရဲ့ ဆယ်ပုံတစ်ပုံအတွင်းမှာ ပြောင်းလွဲနိုင်စွမ်း ရှိသလား။

ချိုပြီးရွှင်နေတဲ့ မျက်နှာကလေးဟာ အရေးအကြောင်းတွေ ပေါ်လာတယ်။ စာမေးပွဲအောင်လို့ ပျော်နေတဲ့ ပါးစုံဖောင်းဖောင်းလေးက အလိုတော့တဲ့အနီရောင်ကို ပြောင်းသွားတယ်။ သန့်စင်ဝိုင်းစက်နေတဲ့ မျက်လုံးလေးမှာ ခက်ထန်တဲ့ အလင်းရောင်တစ်ခု ဖျတ်ကနဲ လက်သွားတယ်။ သချာ ထူးပါတဲ့အကြောင်း သူ့အမေကို အရမ်းပြောပြချင်နေတဲ့ နှုတ်ခမ်းလေးဟာ ဒေါသကြောင့် ဆတ်ဆတ်. ဆတ်ဆတ်နဲ့ ခုန်နေတယ်။

တစ်ခုပဲ မပြောင်းလွဲတာတစ်ခုပဲ။ မျက်ရည်၊ မိန်းမတွေစိတ်လှုပ် ရှားရင် သက်သေပြတဲ့မျက်ရည်၊ အရောင်မရှိတဲ့ မျက်ရည်။

"ဘာ" ဆိုတဲ့ စကားတစ်လုံးကို ပြောပြီးတဲ့နောက်မှာ အိမ်နန်းဟာ ဆက်မပြောနိုင်တော့ဘူး။ ငါ့ကို တွေတွေကြီးစိုက်ကြည့်ပြီး မျက်ရည်တွေ ကျလာတယ်။

တက်တစ်ချက်ခေါက်တယ်၊ ချာကနဲလှည့်ပြီး မျက်နှာကို လက်ဝါးနဲ့အုပ်လျက် အိမ်ဘက်ကို ထွက်ပြေးသွားတယ်။ ငါ ဘာဆက်လုပ်ရမယ်မှန်း မသိဘူး။ ဝက်သစ်ချပင်အိုကြီးအောက်မှာ ယောင်ပေပေနဲ့ ကျန်ရစ်ခဲ့တယ်။ ငါလည်း ဝမ်းနည်းတာပဲ၊ ဒါလောက်ထိ သူ စိတ်ထိခိုက်သွားမယ်မှန်း ငါ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက်ပျော်စရာကောင်းနေတဲ့အချိန်မှာ ဒါလောက်စိတ်ညစ်ရမယ်မှန်းသိရင် ငါဒီနေ့ ဖွင့်မပြောပါဘူး။ တစ်ရက် နှစ်ရက် ဆိုင်းပါသေးတယ်။

ငါ စိတ်မကောင်းဘူး။

* * *

စာမေးပွဲအောင်တဲ့သတင်းကို ပိုက်ပြီး စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာခဲ့တယ်။

ဒီကနေ့ လောကကြီးကိုကြည့်ရတာ တစ်မျိုးပဲ။ အရာရာဟာ ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့။ ချစ်သူရဲ့ ခက်ထန်တဲ့အမူအရာဟာ လောကကြီးနဲ့ ဘယ်လိုပတ်သက်နေသလဲ။

လေက ပိုပြီးအတိုက်ကြမ်းသလို ထင်ရတယ်။ လွမ်းစရာသီ ကောင်းတာပဲ။ "လွမ်းပိုးထတဲ့ ရှမ်းရိုးမကြီးများသက်သေ"ဆိုတဲ့ "ကလော အလွန် တစ်ဘူတာ"သီချင်းရဲ့ အဓိပ္ပာယ်ကို ခုမှ ပိုပြီးခံစားတတ်လာသလိုပဲ

ဘာပဲဖြစ်ဖြစ်၊ လူဆိုတာ ကလ္လာခြားတတ်ရတယ်။ ငါ့အချစ်နဲ့ ငါ ခံစားရတာတစ်ပိုင်း။ ဘဝမှာ အောင်မြင်မှုရတဲ့အတွက် ငါ့မိဘကို ဝမ်းသာ ရမှာက တစ်ပိုင်းပဲ။ ငါ စာမေးပွဲအောင်တဲ့အကြောင်းကိုတော့ ငါ့အဖေ အမေကို ဝမ်းသာအားရ ပြန်ပြောရမှာပဲ။ ငါ့ရဲ့အချစ်အတွက် ကျက်သ ကင်းမဲ့နေတဲ့မျက်နှာကို ပြင်ရမယ်။ ပျော်ရွှင်ဝမ်းမြောက်တဲ့ ကြည်လင်သန့် တဲ့မျက်နှာနဲ့ အိမ်ပြန်ရတယ်။ ရင်ထဲမှာ ဘယ်လောက်ပဲ ဝမ်းနည်းနေပေ မျက်နှာမှာမပေါ်စေရဘူး။

အောင်ပန်းဈေးထဲ ခဏဝင်တယ်။ အဖေ့ဖို့ လုံချည်ကြမ်းတစ်ထည်



ဝယ်မယ်။ အမေ့ဖို့ တဘက်တစ်ထည် ဝယ်မယ်။ ငါ စာမေးပွဲအောင်တဲ့ အထိမ်းအမှတ်အဖြစ် အဖေနဲ့အမေကို ကန်တော့ရမယ်။ ပထမ အဖေ့အတွက် လုံချည်ကြမ်းတစ်ထည် ဝယ်တယ်၊ လုံချည်ဝယ်ပြီးလို့ ဆိုင်ကပြန်အထွက် အိုက်ပေါင်းတို့ခြံက အလုပ်သမားတစ်ယောက်နဲ့ တွေ့တယ်။

သူက ငါ့ကိုလည်းမြင်ရော သိပ်အံ့ဩသွားတဲ့အမူအရာနဲ့ မေးတယ်။

"ဟင် . . . ကြည်ပြာ၊ မင်း အိမ်မပြန်သေးဘူးလား"

"ပြန်မယ်လေ၊ ဝယ်စရာရှိတာလေး ဝယ်အုံးမယ်"

"အရေးမကြီးရင် နောက်မှဝယ်ကွာ၊ ဟိုမှာ မင်းအမေက မင်းကို မြန်မြန်ပြန်ခဲ့ဖို့ ကလောကို လူလွှတ်မှာနိုင်းတာ ငါ ကြားခဲ့တယ်"

ငါ စိတ်ပူသွားတယ်။ အဖေတို့၊ အမေတို့ဟာ ငါ့ကို ဘယ်တော့မှ နောက်ကျလို့ စိတ်ပူကြရိုးထုံးစံ မရှိဘူး။ ကလောထိအောင် လူလွှတ် မှာနိုင်းတယ်ဆိုတော့ . . .။

"ဘာဖြစ်လို့တဲ့လဲဗျ"

သူ တစ်ချက်စဉ်းစားသွားတယ်။ ငါ့မျက်လုံးကို စိုက်ကြည့်တယ်။

"မင်း စာမေးပွဲအောင်လား"

"အင်း . . . အောင်တယ်၊ ကဲ- ပြောစမ်းပါအုံး၊ ဘာဖြစ်လို့လဲ . . ."

"ငါလည်း မသိပါဘူးကွာ၊ အိမ်သာ မြန်မြန်ပြန်ပါ"

အမေ့အတွက် တဘက်မဝယ်ဖြစ်တော့ဘူး။ ဈေးထဲက အမြန် ခဲ့တယ်။

အောင်ပန်းမြို့ထဲကနေ ငါတို့ခြံကို တော်တော်လှမ်းသေးတာ၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကတော့ တော်တော်ပူနေပြီ။ ဒီအတိုင်း ခြေလျှင်ပဲပြေးသွားမလား… တောင်ကြီးတက်မယ့် ဘတ်စ်ကားပဲ စောင့်စီးရမလား။ ဘယ်လိုလုပ်ရမ… စိတ်ကူးရင်းနဲ့ ခြေလှမ်းနေပြီး . . .။

အဖေနဲ့ပတ်သက်လို့၊ အမေနဲ့ပတ်သက်လို့ ငါ့စိတ်ထဲမှာ အတွေး… ပေါင်းစုံ ဝင်နေတယ်။

အိမ်နန်းကိုလည်း သတိမရနိုင်ဘူး။ စာမေးပွဲအောင်တာကိုလည်း… မေ့နေတယ်။ ငါ့စိတ်တွေ ယောက်ယက်ခတ်နေတာပဲ။

"ဟော့ . . . အပြာ"

စက်ဘီးတစ်စီးနဲ့ မောကြီးပန်းကြီးရောက်လာတဲ့ သန်းထွက်၊ … နားရောက်တော့ တော်တော်နဲ့ စကားမပြောနိုင်သေးဘူး။ စက်ဘီးနင်းလာ… ရလို့ မောနေသလိုပဲ။

"ဟော့ကောင် သန်းထွက်၊ မင်း ခုဘယ်ကလာတာလဲ ဟင် . . ."

"ကလောက . . ."

"အိမ်က ဘယ်အချိန်ထွက်လာသလဲ၊ အိမ်မှာ ဘာဖြစ်နေသလဲ"

"ငါ မင်းကို ကလောမှာသွားရှာတာ၊ မအိမ်နန်းမေတို့အိမ်လည်း… ရောက်တယ်၊ အိမ်နန်းက မင်း ဒီကို မလာပါဘူးဆိုလို့ ပြန်လာတာ"

အိမ်နန်းရဲ့ ဥပေက္ခာစကားကို ကြားလိုက်ရတော့ ဝမ်းနည်းသွား… တယ်။ ဒါပေမဲ့ အရေးကြီးတာက အိမ်ကကိစ္စ။

"ဟ . . . ငါမေးလာလည်း ပြောစမ်းပါအုံး သန်းထွက်ရ၊ အိမ်မှ… ဘာ . . ."

"လာကွာ . . . လမ်းကျမှ ပြောမယ်"

ပထမတော့ စက်ဘီးရှေ့တန်းပေါ် တက်ထိုင်တော့မလို့၊ နောက်…



…ကောင် သိပ်မောနေမှန်း သတိရတာနဲ့။

"ကဲ . . . ငါပဲ နင်းမယ်၊ မင်းက ရှေ့ကထိုင်"

* * *

မြို့ပြင်ကားလမ်းပေါ် ရောက်လာကြတယ်။ ဒီတော့မှ သန်းထွက် …စကားစတယ်၊ သူ့အသံက ကတုန်ကယင်နဲ့။

"မင်း စာမေးပွဲအောင်သလား"

"အေးပါ အောင်ပါတယ်၊ အဲဒါ အသာထားစမ်းပါ။ အိမ်မှာ ဘာ…နေတယ်ဆိုတာ ပြောစမ်းပါကွာ"

"အိမ်ရောက်တော့ သိမှာပဲ အပြာရယ်"

"ပြောသာ ပြောစမ်းပါကွာ၊ ငါ စိတ်တွေအရမ်းပူနေပြီ"

သန်းထွက်က တော်တော်နဲ့ ဘာမှမပြောဘူး။ သူတော်တော် အပြော…က်နေပုံ ရတယ်။ သူတို့ အဲ့သလို ယောင်လည်လည်လုပ်လေ ငါမှာ…ပူပန်ရလေပဲ။

"မင်း စိတ်ငြိမ်ငြိမ်ထားနော်၊ ငါ ပြောပြမယ်"

ဒီလိုပြောလာပြီဆိုကတည်းက ငါ ဘယ်စိတ်ငြိမ်နိုင်ပါ့မလဲ၊ ငါ့…ထောက်တွေက စက်ဘီးခြေနင်း ပိုပြီး သွက်သွက်နင်းနေတယ်။

"ဦးလေး ကိုဘကြည် မနက်က . . ."

"ဘာဖြစ်သလဲ"

"ပိုးထိလို့ . . ."

"ဘာကွ"

ငါ စက်ဘီးကို ထိုင်ရက်က မတ်တတ်ရပ်နင်းနေပြီ၊ ခြေကုန်ပဲ။

"မင်းတို့ ဆေးရုံမပို့ကြဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း မင်းအဖေအကြောင်းသိသားပဲ အပြာရယ်၊ သူ လွှန်ဆန်ပြီး တို့ဘာလုပ်လို့ရမှာလဲ၊ ဆေးရုံမသွားဘူး၊ အဆိပ်ရှိတဲ့မြွေ မဟု ပါဘူးဆိုပြီး သူ့ဘာသာသူ ဆေးမြီးတိုနဲ့ ကုနေတာပဲ"

"ခုကော . . ."

"ဒီလို . . . ပိုးထိတာကို တို့ဘယ်သူမှ မသိဘူး၊ ဒေါ်ဒေါ်လည်း မ ဘူး၊ သူ့ဘာသာ ခြေသလုံးကို ပတ်တီးစည်းပြီး လျှောက်လုပ်နေတာ၊ နေ့လ ပိုင်း မဟန်နိုင်တဲ့အထိဖြစ်လာမှ တို့ကိုဖွင့်ပြောတာ၊ ဒါနဲ့ ဒေါ်ဒေါ်က ဆ ဝန်သွားခေါ်ဆိုလို့ ငါခေါ်ပေးခဲ့ပြီးပြီ၊ ခု မင်းကိုလိုက်ရှာနေတာ၊ မင်းကလ ကိစ္စပြီးပြီးချင်း ပြန်လာတာ မဟုတ်ဘူး။

အရေးထဲမှာ သူက ငါ့ကို အပြစ်တင်နေသေးတယ်။ ငါ သ စိတ်တိုသွားတယ်။ အဖေ့အတွက် စိတ်ပူနေရတဲ့အထဲ။

"ဒီလိုဖြစ်မယ်မှန်း သိရအောင် မြွေက မင်းဘကြီးမှ မဟုတ်တာ

သူနဲ့ငါ စကားဆက်မပြောဖြစ်တော့ဘူး။ စက်ဘီးကိုသာ ခြေ နင်းနေရတယ်။ ငါ့စိတ်ကို ငါ့ခြေထောက်က အမီလိုက်နေရတယ်။ တို့ခြ လမ်းမြင်ရပြီ။ ငါ့ရင်တွေ အခုန်ဆုံးအချိန်ပေါ့။ ကုန်းတက်ကုန်းဆင်းကို တစ်ယောက် အပိုတင်နင်းရတာဆိုတော့ အရှမ်းပင်ပန်းတယ်။ စိတ်ကဆော လို့သာ အသက်ရှူလို့ မဝဘူး။ စိတ်မောလူမောဆိုတာ ဒါပဲ ထင်တယ်။

ရောက်ပြီ။ တို့ခြံဝကို ရောက်ပြီ။ စက်ဘီးကို အရှိန်မသတ် ကတ္တရာလမ်းပေါ်က ကွေ . . . တို့ခြံထဲကို စက်ဘီးစီးဝင်ဖို့က ခက်တ ချိုင့်တွေ၊ ဘုတွေက အများကြီး၊ အရှိန်နဲ့လည်းဖြစ်ပြန်၊ ကွေ့ဆင်းလိုက် လည်းဖြစ်ပြန် ကျောက်ခဲကြီးတစ်ခဲနဲ့လည်း ဝင်တိုက်မိပြန်ဆိုတော့ သန်းထွတ်ရော စက်ဘီးပါ ဒလိမ့်ကောက်ကွေး လဲကျသွားတယ်။ စက်



တို့နှစ်ယောက်ပေါ်ပိနေလို့ တော်တော်နဲ့ ထမရဘူး။

ဒီအချိန်မှာ အိမ်ဘက်ဆီက အသံသဲ့သဲ့ကြားလိုက်ရတယ်၊ အမေ့ အသံ . . . ဟုတ်တယ် . . . ဟုတ်တယ်။ ရင်ပတ်စည်တီး ငိုလိုက်တဲ့ အမေ့ အသံ၊ သွားပြီ . . . ငါ မမီလိုက်တော့ဘူး။

ဘယ်လိုနည်းနဲ့ တွန်းဖယ်ပစ်လိုက်သလဲတော့ ငါ့ဘာသာမသိဘူး။ က်ဘီးနဲ့ သန်းထွတ် လွှင့်စင်ပြီး ကျန်ရစ်ခဲ့တယ်။ ငါကတော့ ဘာကိုမှ သိတော့ဘူး။ စက္ကန့်ပိုင်းအတွင်းမှာ မျက်ရည်တွေကျလာတယ်။ အိမ်ဘက် ဆီကို အားကုန်သွန်ပြေးရင်း ငါ့ပါးစပ်က စကားတစ်လုံးပဲ ထပ်ကာထပ်ကာ ထွက်နေတယ်။ အသံကုန်ပဲ၊ အရူးလိုပဲ။ ငါ အော်နေတယ်။

"အဖေ . . ."

* * *

(၈)

အဖေ ဆုံးပြီ။ အဖေဆုံးပြီဆိုမှ အဖေ့တန်ဖိုးကို ပိုသိလာတယ်။ ဘယ်ပဲဖြစ်ဖြစ် အဖေ မရှိတော့ဘူးလို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် ငါ့ဘဝရဲ့ စိတ်အပိုင်းကြီးတစ်ခု လက်လွှတ်ဆုံးရှုံးသွားတာပဲ။ လူဆိုတာ သေမျိုးဆို မယ့် အချိန်မကျသေးဘဲ၊ မသေသင့်ဘဲ သေရတာတော့ နာလှတယ်။

လူမှန်းသိလာကတည်းက ပထမဆုံးအကြိမ်အဖြစ် ငါ့ဘဝမှာ ပြီ။ အားရပါးရ ငိုဖူးပြီ။ အမေ့ရင်ခွင်ထဲကိုလည်း ကလေးတစ်ယောက်လို ဝင်ဝက်ပြီး ငိုဖူးပြီ။ အရူးတစ်ယောက်လိုလည်း အသက်မရှိတော့တဲ့လူကို

www.burmeseclassic.com



စကားတွေ ထိုင်ပြောဖူးပြီး အဖေ့အနားမှာထိုင်ပြီး ငါ စကားတွေ ပြောတယ်။ ငါ စာမေးပွဲအောင်တဲ့အကြောင်းလည်း ပြောပြလိုက်တယ်။ အဖေကတော့ ဘာမှ ပြန်မပြောတော့ဘူး။

* * *

ညနေပိုင်းမှာ ဦးလေး ဦးအောင်ပန်းရော၊ ဒေါ်လေး ဒေါ်နန်းဖေရော ရောက်လာကြတယ်။ ဦးလေး ဦးအောင်ပန်းခမျာလည်း၊ လူကြီးတန်မဲ့ မျက်ရည်ကျရှာတယ်။

“သူငယ်ချင်းရယ်”ဆိုတဲ့စကားအပြင် သူ ဘာမှပြောလို့ မရသလိုပဲ။

အမေနဲ့ ငါ့ကိုတော့ အားပေးရှာပါတယ်၊ ဘာမှ မပူဖို့၊ သူ အသက်ထင်ရှားရှိနေသမျှ အစစ တာဝန်ယူတဲ့အကြောင်း။

ခြံနီးချင်းတွေကလည်း တစ်စုတစ်ဝေးတည်းရောက်လာပြီး ကူညီကြပါရဲ့၊ အားပေးစကား ပြောကြပါရဲ့၊ ဒါပေမဲ့ အဖေမရှိတော့ဘူးဆိုတဲ့အသိဝင်လာတိုင်း ငါ့မျက်လုံးမှာ မျက်ရည်တွေပြည့်လျှံလာတာပဲ။ ထိန်းလို့ကို မရဘူး။

လတ်တလော လုပ်စရာရှိတာတွေ လုပ်ကိုင်ပြီးတဲ့အခါ ညပိုင်းမှာ ဦးလေး ဦးအောင်ပန်းက ငါ့ကို ခြံထိပ်ဘက်ခေါ်သွားတယ်။ ငါ့ပခုံးကို ဖက်လို့

ဖျတ်ကနဲ အိမ်နန်းကို သတိရလိုက်တယ်။ သူ မလာဘူး။ ငါ့ကို သိပ်စိတ်နာနေသလား။

ဒါမှမဟုတ် ဦးလေးကပဲ စိတ်မကောင်းမှာစိုးလို့ ခေါ်မလာတာလား



အိမ်နန်းအကြောင်း ခေါင်းထဲဝင်လာတော့ ပိုပြီး ဝမ်းနည်းမိတယ်။

လောကမှာ အကုသိုလ်ဖြစ်ဖြစ်၊ ကုသိုလ်ဖြစ်ဖြစ် အုံနဲ့ကျင်းနဲ့ ဝင်တတ်တယ်ဆိုတာ ဟုတ်မှာပဲ။ စည်းလုံးခြင်းသည် အင်အားတဲ့။ အင်း...။ စည်းစည်းလုံးလုံးနဲ့ ဝင်လာတဲ့ အကုသိုလ်ဟာ ငါ့အဖေရဲ့အသက်ကို သတ်တယ်။ ငါ့ဘဝကို အိုးနင်းခွက်နင်းဖြစ်စေတယ်။ ငါ့အချစ်ကို မုန်းစေတယ်။

“သား...”

ငါ အံ့သြသွားတယ်။ ဦးလေး ဦးအောင်ပန်းက ငါ့ကို ခေါ်လိုက်တဲ့စကားလေ။ သူက ငါ့မှာ အဖေမရှိတော့တာကို ရည်ညွှန်းပြီး အားပေးတဲ့သဘောနဲ့ ခေါ်လိုက်တာ ဖြစ်မယ်။

ဒါပေမဲ့ “သား”လို့ အခေါ်ခံရတဲ့အခါ အဖေ့ကို သိပ်သတိရတာပဲ။ ငါ တစ်ချက်ရှိုက်လိုက်မိတယ်။

“မင်း စာမေးပွဲအောင်တယ်လို့ ဦးလေး ကြားပြီးပြီ အေး...ခုလို စာမေးပွဲအောင်တဲ့နေ့မှာ ခုလိုအဖြစ်မျိုးနဲ့ ကြုံရတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အားငယ်စရာပေါ့ကွယ်”

ငါ အားငယ်နေသလား၊ စဉ်းစားကြည့်တယ်။ မငယ်ပါဘူး။

“ကျွန်တော် အားမငယ်ပါဘူး ဦးလေး။ လူဆိုတာ ကိုယ့်ဘဝကိုယ် ဖန်တီးတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ကျွန်တော် ဝမ်းနည်းတာ တစ်ခုပါပဲ”

“အင်း...မင်းက တကယ့်ကို လိမ္မာတဲ့ကလေးပဲ၊ ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်၊ မင်းရဲ့ရှေ့ခရီးအတွက် မှုချထားတဲ့အတိုင်း အစီအစဉ်ကို မျက်နဲ့ဆက်လုပ်၊ အစစ ဦးလေး တာဝန်ယူတယ်၊ ဒီနေ့ကစပြီး ဦးလေးကို မင်းရဲ့

www.burmeseclassic.com



အဖေ့ကိုယ်စား ဘာမဆိုလိုအပ်တာပြော၊ ဦးလေးကူညီမယ် ဟုတ်လား"

"ကျေးဇူးတင်ပါတယ် ဦးလေး၊ ဦးလေးရဲ့စေတနာနဲ့ မေတ္တာတ ကျွန်တော် မထီလေးစားပြုတယ်တော့ သဘောမထားစေချင်ဘူး"

ငါ ဆက်ပြောသင့်၊ မပြောသင့် စဉ်းစားလိုက်တယ်။ ငါ့ဘာသာ တော့ ဆုံးဖြတ်ပြီးသားပဲ။ အင်းလေ . . . ဆုံးဖြတ်ပြီးရင် ပြောပြရမှာပေါ့။

"ကျွန်တော် တက္ကသိုလ်ဆက်မတက်တော့ဘူး ဦးလေး၊ ခြံလုပ် ကိုပဲ ဇောက်ချလုပ်တော့မယ်၊ အဖေ့ကိုလည်း ဒီနည်းနဲ့ ကျေးဇူးဆပ် ရောက်မယ် ထင်တယ်"

"ပညာဆက်သင်ဖို့ အခွင့်အလမ်းတွေ ရှိနေရက်နဲ့ကွာ"

"ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်တော် စာပေးစာယူနည်းနဲ့ ဘွဲ့ရအော ကြိုးစားမှာပါ"

"စိုက်ပျိုးရေးကို စာပေးစာယူနည်းနဲ့သင်လို့ ရသလား အပြာ"

"ဒီခြံ ဒီမြေဟာ ကျွန်တော့်အတွက် စိုက်ပျိုးရေးပညာကို သလောက် ပေးနိုင်ပြီပဲ ဦးလေးရာ"

"အေးလေ . . . မင်းဟာ ဆုံးဖြတ်နိုင်စွမ်းရှိတဲ့ လူငယ်တစ်ယော ပဲ၊ မင်းဆုံးဖြတ်တာ မင်းဘဝအတွက် မှန်ကန်မှာပါ။ အေး . . . လိုအပ် မှန်သမျှတော့ ဦးလေးဆီက ဘာမဆိုတောင်းနိုင်တယ်၊ လိုအပ်မယ်ထင် ကိုလည်း ဦးလေးက စီစဉ်ပေးမယ်"

တို့နှစ်ယောက် အိမ်ဘက်ကို ပြန်လျှောက်လာကြတယ်။ ငါ မေး တဲ့မေးခွန်းတစ်ခု ရှိတယ်။ မေးချင်ရင်တော့ မေးထိုက်တာ ကောင်းတယ်

"ဦးလေး . . . အဖေ့ကိစ္စကို အိမ်နန်း သိသလား"

"အေး . . . မင်းကိုတောင် မပြောရသေးဘူး၊ သူ့ကို ဦးလေး



သိမပေးခဲ့ဘူး၊ သူသိတော့လည်း စိတ်မကောင်းဖြစ်ရုံအပြင် ဘာတတ်နိုင် လဲ၊ ပြီးတော့ ဒီနေ့ သူသိပ်ပျော်နေတယ်လေ၊ သူ့သူငယ်ချင်းတွေနဲ့ င်ကြီးကို တစ်ညအိပ်လိုက်သွားချင်တယ်ဆိုတာနဲ့ ဦးလေးလည်း ဘာမှ ပြောလိုက်တော့ဘူး"

ငါ တစ်ချက်ပြုံးလိုက်တယ်။ ငါ့အပြုံးကို ဦးလေး ဦးအောင်ပန်း နိုင်ဘူး။ ညက ဝိန်းဝိတ်အောင် မှောင်နေတာကိုး။ ငါ့ရင်ထဲမှာတော့ ရဲ့ဆန့်ကျင်ဘက် အလွှမ်းပေါ့။ ငါ့အလွှမ်းကိုလည်း ဘယ်သူသိနိုင်မှာ ငါ့ဘဝက ဝိန်းဝိတ်အောင် မှောင်နေတာပဲ။

ငါတို့အိမ်ထဲမှာ အောက်လင်းမီးရောင် ထိန်လင်းနေတယ်။ အိမ် ကကနေ အဖေ့ရဲ့အလောင်းကို ပြင်ထားတာ တစ်စွန်းတစ်စမြင်နေ ယ်။

* * *

(၉)

ဒီနေ့ ရက်လည်ဆွမ်းကပ်တယ်။

ဆရာတော်၊ သံဃာတော်တွေ ပင့်ဖိတ်ပြီး ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် ပြီး ရေစက်ချအမျှဝေပြီး မျက်ရည်ကျတယ်။ မဆန်းဘူးလား။

အဖေ့ကို သုံးရက်မြောက်တဲ့နေ့မှာ သဂြိုဟ်တယ်။ စိုက်ပျိုးရေး တွေ အများကြီးလာကြတယ်၊ ကူညီကြတယ်၊ အားပေးကြတယ်၊ က စိုက်ပျိုးရေးသမားတော်တော်များများရဲ့ဆရာ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဦးအောင်ပန်းက အဖေ့အတွက် အုတ်ဂူလေးတစ်ခု လု ပေးရာတယ်။ စည်စည်ကားကား၊ သိုက်သိုက်မြိုက်မြိုက်ပါပဲ။ အဖေ့အသု မှာ ငါ စိတ်အလှုပ်ရှား၊ အထိခိုက်ဆုံးကတော့ အဖေ့အလောင်းထည့် အခေါင်းကို မြေချတဲ့အချိန်မှာ အပေါ်က မြေခဲတွေ တစ်ယောက်တစ် ပစ်ချရတဲ့အလုပ်ပဲ။ ပထမတော့ ငါတော့ မသိဘူးပေါ့။ နောက် အမေ ငိုသံပါကြီးနဲ့ သတိပေးတယ်။

"သား မြေကြီးခဲတစ်ခဲပစ်ချလိုက်လေ၊ ကုသိုလ်ရတယ်"

ဦးလေး ဦးအောင်ပန်းက ခွေးတလုံးလုံးနဲ့ ကိုယ်တိုင်ကိုယ်က စီမံရှာပါတယ်။

အဖေ့အလောင်းကို ငါတို့သားအမိ ကန်တော့နေတဲ့အချိန်က နံဘေးမှာလာရပ်ပြီး အဖေ့ကို ရည်ညွှန်းတဲ့စကားတစ်လုံး ပြောရှာတယ်။

"ဘကြည် . . . မင်းမိသားစုအတွက် စိတ်ချပြီး ကောင်းရာမွန်ရာ သွားပါ သူငယ်ချင်း . . ."

* * *

အသုဘချတဲ့နေ့က အိမ်နန်း လာတယ်။ ငါ သူ့ကို တွေ့လိုက်ရ အချိန်မှာ သူ့မျက်လုံးတွေ နီရဲနေတာပဲ။ သူ တော်တော်ငိုထားပုံ ရတယ် သူ့ကို ငါ့အမေနားမှာ ပူးတွဲပူးတွဲတွေ့ရတယ်။ ငါ့အနားကိုတော့ လုံးဝမလာ ဘူး။ ငါ့ကို ကြည့်လည်း မကြည့်ဘူး။

ငါ့အနားမှာ ငါ့ချစ်သူငယ်ချင်းတွေပဲ ရှိတယ်။

ထမ်းရပိုးရတဲ့၊ တူးရဆွရတဲ့၊ ရွှေ့ရပြောင်းရတဲ့အလုပ်တွေကို ငါ့



ချစ်သူငယ်ချင်းတွေက ဒိုင်ခံလုပ်တယ်။ တကယ်တော့ သူငယ်ချင်းဆိုတာ နာရေးမှာ သိတာတဲ့မှ။

ငါကိုယ်တိုင်လည်း အိမ်နန်းကို နှုတ်ဆက်ဖို့ မကြိုးစားမိဘူး။

အလွမ်းသယ်နေတဲ့သဘော၊ စိတ်နာနေတဲ့သဘော လုံးဝမဟုတ် ဘူး။ ငါ့မှာ ငါ့အပူနဲ့ငါ၊ ငါ့အလုပ်နဲ့ ငါမို့။

တကယ်တော့လည်း ငါနဲ့ သူ့ရဲ့ကိစ္စက အသေးအဖွဲ့ပါ။ အသေး အဖွဲ့ဆိုတာ အဖေ့ကိစ္စနဲ့စာရင်ပေါ့။ တို့မှာ တစ်ယောက်နဲ့တစ်ယောက် ရက် နေချိန်၊ ရင်နာနေချိန်၊ အလွမ်းသယ်နေချိန်၊ စိတ်ကောက်နေချိန် မရပါဘူး။

ဒါပေမဲ့ကွာ၊ ဘာပဲဖြစ်ဖြစ် တစ်ခါတစ်ခါ သူ့ကို အမေ့နားမှာ တွေ့ တွေ့နေရတာတော့ ရင်ထဲမှာ မကောင်းလှဘူး။ ငိုချင်ရက် လက်တို့ဆိုတာ လို သူ့ကိုမြင်ရင် လှိုက်ကနဲ၊ လှိုက်ကနဲ ဖြစ်ဖြစ်သွားတတ်တယ်။

မျက်ရည်လည်လာချင်သလိုပဲ။

အသုဘချပြီးတဲ့နောက် နှစ်ရက်လောက် သူမလာဘူး။

ဒီအတောအတွင်း သူနဲ့ပတ်သက်လို့ သတင်းတစ်ခုပဲ ကြားရ တယ်။ အစားပုတ်မိချိုဆီက ကြားရတာ။ အဖေ့အသုဘချတဲ့နေ့က ငါ ငိုတာ ကိုကြည့်ပြီး မိချိုက "အပြာ သနားပါတယ်ဟာ"လို့ပြောတော့ ခေါင်းညိတ် ပြသတဲ့။ ဒါလောက်ပါပဲ။

မနေ့ညကတော့ သူ ရောက်လာတယ်။ ဦးလေး ဦးအောင်ပန်းနဲ့ အတူ။ ဒီနေ့မနက် ရက်လည်ဆွမ်းကပ်ဖို့အတွက် မနေ့ညက ချက်ပြု ပြုတ်ကြရတယ် မဟုတ်လား။ ငါ့သူငယ်ချင်းတွေ အကုန်လာကြတယ်။

အားလုံး ဝိုင်းဝန်းကူညီကြတယ်။ ယောက်ျားလေးတွေက ထင်းခွဲ၊ ရေခပ်။ မိန်းကလေးတွေက ကြက်သွန်လှီး၊ ငါးခုတ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နန်းဟာ သူ့အိမ်မှာ မီးဖိုချောင်ကိစ္စ လုပ်သလား၊ မလုပ်သလား တော့ မသိဘူး။ ခုတော့ သူ ပါဝင်ကူညီနေတယ်။ စိတ်ပါလက်ပါပဲ။ ဒါပေမဲ့ ငါ့ကိုတော့ ယောင်လို့မှ မကြည့်ဘူး။

ငါ့မှာ မနေ့ညကစပြီး အိမ်နန်းအကြောင်း ခေါင်းထဲပြန်ဝင်လာ ရပြီ။ အဖေဆုံးတဲ့နေ့ကစပြီး အိမ်နန်းကို ငါ မေ့ထားခဲ့တယ်။ မပေလို့လည်း မရဘူး။ အဖေ့ရဲ့အပူက အဲ့ဒီအချိန်မှာတော့ အကြီးမားဆုံးကိုး။

မနေ့ကတော့ အပူလည်း ငြိမ်းစပြုပြီ။ သူငယ်ချင်းတွေနဲ့ တစ်ရ တစ်ရုန်းတည်းရှိနေကြတဲ့အချိန်ဆိုတော့ စိတ်လည်း နည်းနည်းချမ်းသာစပြု ပြီ။ ဆိုတော့ကာ . . . ငါ့အတွေးထဲကို အိမ်နန်း ပြန်ရောက်လာတာပေါ့။

ငါ့ကို သူ ခုထက်ထိ သူ အရေးမလုပ်သေးဘူး၊ နေနိုင်တယ်။ သိပ်ကို နေနိုင်လွန်းအားကြီးတယ်။

ငါ့အချစ်ကို ဖွင့်ပြောမိတာ သိပ်တကယ်ကြီးလေးတဲ့ ပြစ်မှုကြီး လား၊ ထားပါ။ သိပ်ကြီးလေးတဲ့အပြစ်ပဲ ထားပါအုံး။ သာမန်အခြေအနေ ပုံမှန်အနေအထားမှာဆို ခုလို သူ ငါ့ကို အပြစ်ပေးသင့်ပါတယ်။ မိန်းကလေး တစ်ယောက်ရဲ့ဘဝမှာ မထင်ဘဲ ချစ်ရေးဆိုခံရတဲ့အခါ ရှက်ဒေါသထွက် ကောင်းပါတယ်။ စကားမပြောရုံမက၊ လှည့်မကြည့်ရုံမက ဖြောင်းကနဲနေ အောင် ပါးပိတ်ရိုက်လိုက်အုံး ကျေနပ်ပါတယ်။ ရှက်တာကိုး၊ ဒေါသထွက် တာကိုး။

ခုတော့ ငါ့အခြေအနေကို သူ သိဖို့ကောင်းတယ်။ ငါ့မှာ ဘယ် လောက်ပူပင်သောကရောက်နေတယ်ဆိုတာ နားလည်ဖို့ ကောင်းတယ်။ ဒုက္ခ သည်ကို နှိပ်စက်တာမျိုး မလုပ်သင့်ပါဘူး။

စိတ်မပါတဲ့တိုင်အောင် ဟန်လုပ်ပြီး နှုတ်ဆက်ဖို့တော့ ကောင်းပါ



တယ်။ ဒီအချိန်မှာ ငါ ဘယ်လောက် စိတ်ပင်ပန်းနေတယ်ဆိုတာ သူ သိ သင့်ပါတယ်။

အဖေ့ကိစ္စပြတ်ပြီဆိုရင် ပြန်ပြီး မခေါ် မပြောဘဲနေပေါ့။ ငါ့ကို နှိပ်စက်ပေါ့၊ ခံပါ့မယ်။ လူဆိုတာ အပြစ်ရှိရင် ခံရမြဲ မဟုတ်လား။

အခုံးစွန် ပြောပါ့မယ်။

တကယ်လို့ ငါ့ကို သိပ်စိတ်ဆိုးနေတယ်ဆိုလည်း တစ်ခါတည်း အပြတ်လုပ်ပေါ့။ ငါ့အဖေကိစ္စလည်း ဘာမှ လာမကူနဲ့။ လုံးဝ လှည့်မကြည့် နဲ့ ငိုလည်း ငိုမပြနဲ့။ ဒါဆို ရှင်းတယ်။

ခုတော့ ငါ့အဖေကိစ္စမှာလည်း မျက်ရည်စက်လက်နဲ့ လာကူ တယ်။ ငါ့ငိုလည်း ရှိတယ်တောင် မထင်ဘူး။ ဘာလုပ်တာလဲ၊ သက်သက် ညှင်းဆဲတာ။

မနေ့ညက တစ်ညလုံး စိတ်ပင်ပန်းရတယ်။ ချက်ကြ၊ ပြုတ်ကြ အဲ့နားကိုရောက်တိုင်း စိတ်ဆင်းရဲရတယ်။ ဝိုင်းကူကြတဲ့ သူငယ်ချင်းတွေနား လည်း မသွားလို့ မကောင်းဘူး။ သွားပြန်တော့လည်း သိသိကြီးနဲ့ မသိ ကျိုးကျွံပြုနေတဲ့လူကို ဆုံရမယ်။

ညက တစ်ညလုံး မအိပ်ရဘူး။ အမေကရော သူငယ်ချင်းတွေက ပါ အိပ်ပါ၊ အိပ်ပါ ပြောလွန်းလို့ အိပ်ရာထဲ ခဏဝင်မှိန်းကြည့်သေးတယ်၊ မရဘူး။ အပြင်က ပြောကြ၊ ဆိုကြတဲ့အသံတွေက အတိုင်းသားကြားနေရ တယ်။

ဒီအသံတွေကြားမှာ အသံနှစ်သံက ငါ့ကို နှောင့်ယှက်တယ်။ အသံ တစ်သံက အိမ်နန်းရဲ့အသံ၊ နောက်တစ်သံက အောင်ပန်းရှေ့ထဲက ဘုန်ထမ်းသမား ဦးဖေထွန်းရဲ့အသံ။ ဦးဖေထွန်းအသံက ငါ့ကို ဘာလို့

www.burmeseclassic.com

www.burmeseclassic.com



နှောင့်ယှက်သလဲဆိုတော့ . . .၊ သူ့အသံဟာ တစ်ခါတစ်ခါ လေယူလေသိမ်း ကအစ အဖေ့အသံနဲ့ ဆင်ဆင်တူနေလို့။

ညက ငါ ဘယ်လိုလုပ် အိပ်ပျော်ပါ့မလဲ။

* * *

ခုမနက် ရက်လည်ဆွမ်းကပ်တယ်။ တရားသံကို နာခံတာထက် ငါကိုယ်တိုင် ရေစက်ချပြီး "အဖေရေ အမျှ . . . အမျှ . . . အမျှ" လို့ ခေါ်ရတာ ဒီအခါ တရားနာပရိသတ်က သာဓု၊ သာဓု၊ သာဓုလို့ အနုမောဒနာပြုကြ တာဟာ တစ်သက်မှာတစ်ခါ ဆိုရလောက်အောင် စိတ်ထိခိုက်စရာ ကောင်းတယ်။

စဉ်းစားကြည့်စမ်း သူငယ်ချင်းတို့ . . .။

အမျှဝေတယ်ဆိုတာ လွတ်ရာကျွတ်ရာ သွားနိုင်ပြီလို့ဆိုတဲ့ သဘော၊ သာဓုခေါ်တယ်ဆိုတာ ကောင်းတာပေါ့လို့ပြောတဲ့သဘော။

ငါ့အဖေကို ငါကိုယ်တိုင် တစ်ရပ်တစ်ပါး ဘဝခြားရာဆီကို နှင်ရ တယ်၊ ပရိသတ်က ကောင်းပါတယ်လို့ ဩဘာပေးတယ်။ ဘယ်လောက် ကြေကွဲစရာကောင်းတဲ့ အဖြစ်အပျက်လဲ။

တရားနာပရိသတ်ထဲမှာ အိမ်နန်းလည်း ပါတယ်။ ကြည့် . . . ခုလည်း သူ ငိုနေတာပဲ။ ဘာဖြစ်လို့ ငိုသလဲ၊ ငါ့အဖေအတွက် ငိုတာလား မသာအိမ်မို့ အင်္ဂါရပ်ပြည့်စုံအောင် ငိုတာလား၊ ငါ့အတွက် ငိုတာလား။

* * *



"ဟော့ . . . အပြာ၊ ခြံထိပ်မှာ မအိမ်နန်းမေ စောင့်နေတယ်၊ မင်းကို တွေ့ချင်လို့တဲ့"

နေ့လယ်ပိုင်း ညှော်သည့်စဲလောက်တဲ့အချိန်မှာ သန်းထွတ်က လာပြောတယ်။ ရုတ်တရက်တော့ ဝမ်းသာသွားသလိုပဲ။ နောက်တော့ နည်း နည်းထိတ်လာတယ်။ နောက်ဆုံးတော့ ဘာမှ စိတ်မလှုပ်ရှားတော့ဘူး။ သူ ရှိရာခြံထိပ်ကို စိတ်အေးလက်အေးပဲ ထွက်လာခဲ့တယ်။

သိတယ်လေ၊ အဖြေကိုသိပြီးမှပဲ ဘာစိတ်လှုပ်ရှားစရာ လိုတော့ သလဲ။

အိမ်နန်းကို သေသေချာချာမကြည့်ဖြစ်တာ တစ်ပတ်ပြည့်သွားပြီ။ ဒီနေ့ သေသေချာချာပြန်ကြည့်ဖြစ်တယ်။ ခြံထိပ်က သစ်တော်သီးပင် ပင်ပင်အောက်မှာ ကားလမ်းဘက်ကို ငေးပြီး ရပ်စောင့်နေတယ်။ သူ နည်း နည်းပိန်သွားတယ်။ သိပ်သိတာပေါ့။ ကိုယ့်ချစ်သူရဲ့ရုပ်ရည်အခြေအနေကို အနှံ့နဲ့အမျှ ဂရုစိုက်နိုင်တာ ချစ်သူပဲ မဟုတ်လား။

ငါ သူ့အနားရောက်လာတာ သူ ရုတ်တရက် မသိဘူး၊ လှည့် ကြည့်ဘူး။ ငါကလည်း တော်တော်နဲ့ အသံမပြုဘူး။ ငါတို့နှစ်ယောက်ရဲ့ ငြိမ်သပေနေနေပုံကို သစ်တော်ပင်ကြားက ငှက်ကလေးက ပြူးကြောင်ကြောင် စောင့်ကြည့်နေတယ်။ ငှက်ကလေးကတော့ စဉ်းစားနေမှာပဲ၊ လူတွေဟာ ဘာဖြစ်လို့ ကြောင်စီစီနဲ့ စဉ်းစားနေကြသလဲလို့။

"အိမ်နန်း"

ရုတ်တရက် လှည့်မကြည့်ဘူး။ ငါ့ကို သူ မျက်နှာချင်းမဆိုင်ရဲသော ကြောင့် ငါကပဲ စကားဆက်ရတယ်။

"သိပ်စဉ်းစားမနေပါနဲ့ အိမ်နန်း၊ ငါအားလုံးစဉ်းစားပြီးပါပြီ၊ ငါ့မှာ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်ရှိပါတယ်၊ နင်ပေးချင်တဲ့အပြစ်သာ ပေးပါ"

အိမ်နန်းရဲ့ရှိုက်သံလား၊ ဟိုနားဆီက သစ်ရွက်ခြောက်လိမ့်သံလား မသဲကွဲဘူး။ ကြားလိုက်ရတယ်။ ငါကပဲ ဆက်ပြောရတယ်။ ခုထိ ငါ့ဘက်ကို မျက်နှာမလှည့်ဘူး။

"လောကမှာ ကျေးဇူးရှင်ကို ပြစ်မှားတာ အပြစ်အကြီးဆုံးဆိုတာလည်း ငါ သိပါတယ် အိမ်နန်းရယ်၊ ဒါပေမဲ့ အချစ်ဆိုတာ လက်မခံနိုင်ရင် အပြင်ဖြစ်တယ်၊ ဒီတော့ ခု ငါ့မှာအပြစ်ရှိနေတာပေါ့"

ငါ့ဘက်ကို အိမ်နန်း လှည့်လာတယ်။ သူ ငိုနေတယ်။ ငါ့ကို လုံးဝမကြည့်ဘူး။

"ငါ့အချစ်ကို လက်မခံချင်လည်းနေပါ အိမ်နန်း၊ ငါ့ကို ပေးချင်တဲ့ အပြစ်လည်း ပေးပါ အိမ်နန်း။ ငါ့ကို နင်တို့ခြံမှာ အလုပ်ဆက်မလုပ်ခိုင်းချင်လည်း နေပါ အိမ်နန်း၊ တစ်ခုပဲ ငါ နင့်ဆီက တောင်းချင်တယ်၊ ငါ့ကို စကားပြောပါ၊ ငါ ကတိပေးပါတယ်ဟာ...နောက်နောင် နင့်ကို ငါဘယ်တော့မှ ချစ်တယ်မပြောတော့ပါဘူး။ ငါ့ကို အရင်လိုပဲ ပြောမြဲ ဆိုမြဲသာ ပြောပါ၊ တို့တွေဟာ သူငယ်ချင်းတွေအဖြစ်တော့ နေသွားသင့်ပါတယ်"

ဒီစကားတွေကို ငါ သူ့ကို မကြည့်ဘဲပြောနေတာ။ စကားဆုံးလို့ သူ့ကိုကြည့်လိုက်တော့ သူ ငါ့ကို ကြည့်နေတယ်။ သူ့ရဲ့လက်တစ်ဖက်က ငါ့ဆီ ကမ်းနေတယ်။ မထင်ပါနဲ့ သူငယ်ချင်းတို့...။ ငါ့ကို လက်တွဲဖို့ လက်ကမ်းတယ်လို့ မထင်လိုက်ကြပါနဲ့။ သူ့လက်ထဲက ပစ္စည်းတစ်ခု ငါ့ကို လှမ်းပေးနေတာပါ။ ငါ လက်ခံလိုက်ပါတယ်။

ကိုယ်ကပေးလို့ သူက မယူရင် ကိုယ့်ဆီကို ပြန်ရောက်ရမြဲပဲ။ ငါပေးတဲ့ပစ္စည်း သူမယူတော့ ခု ငါ့ဆီ ပြန်ရောက်ရတာပေါ့။



သူ ငါ့ရှေ့က ဘယ်အချိန်ပျောက်သွားမှန်း မသိဘူး။ ငါကတော့ ငါ့လက်ထဲပြန်ရောက်နေတဲ့ပစ္စည်းလေးကိုပဲ လွမ်းမောပြီး ကြည့်နေမိတယ်။

ခေါင်းမှာစည်းတဲ့ ဖဲကြိုးကလေး။

* * *

(၁၀)

"ဒီနှစ်တော့ သီးထွက်တိုးလိမ့်မယ်ထင်တယ် သန်းထွတ်"

"အေးကွ...သီးပုံကလည်း ဟန်တယ်၊ အရွယ်လည်း ထွားတယ်"

"အေး...တစ်ခုပဲ စိတ်ပူတယ်၊ ဓာတ်မြေဩဇာသုံးရင် အရသာ ပျယ်တတ်တယ်လို့ ငါ ကြားဖူးတယ်"

"မြေဩဇာချည်းသက်သက်မှ မဟုတ်တာကွာ၊ သဘာဝရိုးကျနည်းလည်း ပါတာပဲ"

"ဘာပဲဖြစ်ဖြစ် သီးထွက်တိုးတာနဲ့ အရွယ်ဖွံ့တာကတော့ သေချာပေါက် ဈေးကောင်းရမှာပဲ၊ အင်း...အဖေသာရှိရင် ဘယ်လောက်ဝမ်းသာလိုက်ရှာမလဲ"

"ဟောကောင် အပြော၊ တိုးတိုးပြော...ဟိုမှာ မင်းမာသာကြီး လာနေတယ်၊ ကြားသွားလို့ စိတ်မကောင်းဖြစ်နေအုံးမယ်"

အမေနဲ့ ဦးလေးဦးအောင်ပန်း ခြံထဲကိုလျှောက်လာကြတယ်။ ဦးလေးဦးအောင်ပန်း ဘယ်အချိန်က အိမ်ရောက်နေမှန်းတောင် သတိမထားမိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကိုတွေ့တော့ ဖျတ်ကနဲ အိမ်နန်းကို သတိရသွားတယ်။ ဒါပေမဲ့ ခဏပါပဲ။ အရင်ကလို ဆွေးဆွေးမြည့်မြည့်တော့ မရှိလှဘူး။ မုန်းလိုက်တာ မဟုတ်ပါဘူး။ မေ့ထားတာပါ။

လူဆိုတာ ကိုယ့်ဘဝမှာ ကိုယ်ပျော်မွေ့လာတာနဲ့ စိတ်ကူးယဉ်တဲ့ ဉာဏ်တွေ ထိုင်းကုန်တာပဲ မဟုတ်လား။

ခုဆို ငါဟာ ခြံလုပ်ငန်းမှာ ပျော်မွေ့နေပြီ။ အရင် အဖေရှိစဉ်တုန်းကလည်း ပျော်တာပါပဲလေ။ ဒါပေမဲ့ မတူဘူး။ အရင်က သိပ်တာဝန်မရှိလှဘူး။ ခုက တစ်ခြံလုံးဟာ လုံးဝ ငါ့တာဝန်။ အစစ အရာရာ ငါ့ခြေ ငါ့လက်။ တာဝန်ရှိလာတာနဲ့အမျှ အချိန်ပြည့် စိတ်ဝင်စားလာရတယ်။ စိတ်ဝင်စားလာတာနဲ့အမျှ အလုပ်မှာ ပိုပြီးပျော်မွေ့လာတာပဲ။

အလုပ်မှာ ပျော်မွေ့တဲ့လူဟာ တည်ငြိမ်ရင့်ကျက်လာမြဲပဲ။ ငါ့စိတ်တွေ အရင်ကလောက် ယိမ်းယိုင်မနေတော့ဘူး။

ခွေးသံတရှဲရှဲဖြစ်နေတဲ့ ငါ့ရုံခန်းလေးကို ဦးလေး ဦးအောင်ပန်းက လာဖက်တယ်။

"တော်တော်မောနေပြီလားကွ အပြော . . . ဟေ . . ."

"မမောပါဘူး ဦးလေး၊ ပျော်ပါတယ်"

"အလုပ်လုပ်တာလည်း လုပ်တာပေါ့ကွယ်၊ ပညာရေးကိစ္စလည်း မေ့မထားနဲ့အုံး"

"ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော် စာပေးစာယူသင်တန်းအတွက် လျှောက်လွှာတင်ပြီးပါပြီ၊ ရှေ့လလောက်ကစပြီး စာစဉ်တွေရတော့မှာပါ"

"အေး . . . အေး . . . စာအုပ်စာတမ်းနဲ့ ပတ်သက်လို့ လိုအပ်ရင် ဦးလေးကို ချက်ချင်းပြော . . ."



"ဟုတ်ကဲ့ပါ ဦးလေး"

"သြော် . . . နေအုံး၊ ဦးလေး ခုမှ သတိရတယ်၊ အလုပ်လုပ်ရင်း စာဖြေလို့ရတဲ့အတူတူ မောင်သန်းထွတ်လည်း စာပေးစာယူတက်ပါလား ကွဲ့"

"သူလည်း ကျွန်တော်နဲ့အတူတူ လျှောက်လွှာတင်ထားတယ် ဦးလေး"

"ကောင်းပါ့ကွယ်၊ မောင်သန်းထွတ်လည်း လိုအပ်တဲ့အကူအညီ ပြော ဟုတ်လား"

သန်းထွတ်က တရိုတသေ ခေါင်းညိတ်ပြတယ်။ ဦးလေးက ငါ့ကို တစ်ချက် စူးစမ်းသလို ကြည့်လိုက်တယ်။ ပြီးတော့မှ အမေ့ဘက်ကို လှည့်မေးတယ်။

"အိမ်နန်းတစ်ယောက် ဒီကို လာရဲ့လား"

အမေက ငါ့ကို တစ်ချက်လှမ်းကြည့်တယ်။ ပြောဖို့မေ့နေ . . . ကတစ်ခု ရှိတယ်။ အိမ်နန်းခြံဘက်ကို မလာတာကြာတာနဲ့ ပတ်သက်လို့ အမေက ငါ့ကို မေးဖူးတယ်။ ပထမတော့ "သူ့ကျောင်းကိစ္စတွေ ရှုပ်နေလို့ နေမှာပေါ့"လို့ ငါ လိမ်ခဲ့သေးတယ်။ နောက်အမေက ခဏခဏမေးပါများတော့မှ "သူ ကျွန်တော့်ကို စိတ်ကောက်နေတယ် အမေ"လို့ ဟန်ဆောင်ပြီး အရယ်မောမောနဲ့ လိမ်ခဲ့ရတယ်။

ဒါကြောင့် ခု ဦးလေးကမေးတဲ့အခါ အမေက ငါ့ကို တစ်ချက် လှမ်းကြည့်တာပေါ့။ အမေက ဖုံးဖုံးဖိဖိ ပြောရှာပါတယ်။

"ဟုတ်ပါရဲ့၊ အိမ်နန်းမလေး မလာတာတောင် အတော်ကြာပြီ၊ သူလည်း တက္ကသိုလ်ဆက်တက်ဖို့ အလုပ်ရှုပ်နေ ထင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက ပြုံးတယ်။

"ဆယ်တန်းအောင်လို့ တက္ကသိုလ်ဆက်တက်ရတယ်ဆိုတာ သိပ် အလုပ်ရှုပ်တဲ့ကိစ္စမှ မဟုတ်ဘဲ မညီရဲ့၊ ဒီကောင်မလေး ခုတလော အိမ်မှာ ကို အောင်းတာ . . ."

ငါ့ဘက်ကို တစ်ချက်လှည့်ကြည့်တယ်။ ရယ်တယ်။

"ဦးလေး အထင်တော့ မင်းတို့မောင်နှမ စိတ်ကောက်နေကြပြီ ထင်တယ်"

ငါကလည်း သန့်သန့်ရှင်းရှင်းပဲ ပြန်ရယ်လိုက်တယ်။

"ကျွန်တော် စိတ်မကောက်တတ်ပါဘူး ဦးလေးရာ . . ."

"အေးပါ . . . ကောက်ချင်းကောက် ငါ့တူမကသာ ကောက်မှာပါ ငါ သိတာပေါ့၊ နေအုံး . . . မနက်ဖြန်မှ လွှတ်လိုက်အုံးမယ်"

ငါ စိတ်ပူသွားတယ်။ တကယ်လို့ ဦးလေးက အိမ်နန်းကို ငါ့ဆီ ခြံလာဖို့ပြောရင် သူ ငြင်းမှာပဲ။ ဘာဖြစ်လို့လဲလို့မေးရင် သူ အဖြေရခက်လိမ့်မယ်။ ဒါမှမဟုတ်လို့ အမှန်အတိုင်းဖြေလိုက်ရင်လည်း ငါ ခွေးလုံးလုံးဖြစ်တော့မယ်။

လတ်တလော စိုစိုပြည်ပြည်ဖြစ်နေတဲ့ တို့ရဲ့အခြေအနေလေး ပျက်ပြားသွားမှာ ငါ စိုးရိမ်တယ်။ ဒါကြောင့် ဦးလေးကို လိမ်လိုက်ရတယ်။

"နေပါစေ ဦးလေးရယ်၊ သူ စိတ်ကောက်ပြေသွားတဲ့အခါတော့ လာပါလိမ့်မယ်၊ ကျွန်တော်ကလည်း အနောက်လွန်သွားတာကိုး"

"ဟာ . . . ဘယ်ဟုတ်မလဲ အပြောရဲ့၊ ခုလောက်ထိ အကြာကြီး စိတ်ကောက်တာ ဦးလေး မကြိုက်ဘူး၊ ပြီးတော့ ခုလိုအချိန်မျိုးမှာ ဦးလေးတို့မိသားစုအားလုံးက မင်းတို့အပေါ် မှဲ့တစ်ပေါက်အစွန်းမခံနိုင်ဘူး"



ငါလည်း ဘာဆက်ပြောရမှန်း မသိတော့ဘူး။ စိတ်တော့ ပူမိတာပေါ့ပဲ။ အိမ်နန်း အဆူအပူခံရမှာလည်း စိုးတယ်။ အမှန်အတိုင်း ဦးလေး သိသွားမှာကိုလည်း စိုးတယ်။ ဒါကြောင့် ကြိုတင်ကာကွယ်မှု လုပ်လိုက်ရတယ်။

"ဆူမနေပါနဲ့ ဦးလေးရယ်၊ မနက်ဖြန်မနက် ကျွန်တော် ဦးလေးဆီကို ခေါ်လာခဲ့ပါမယ်၊ ကျွန်တော် သူ့ကိုချော့လိုက်ရင် သူစိတ်ပြေသွားမှာပါ။ အဲဒီကြာ ဦးလေးက သွားဆူလိုက်ရင် ကျွန်တော့်အပေါ် ပိုပြီး အမျက်ကြီးမှာ စိုးလို့ပါ"

ဦးလေး ဦးပန်းအောင်က ခြံလုပ်ငန်းနဲ့ ပတ်သက်တဲ့စကားတွေ ပြောပြီး ပြန်သွားတယ်။ ခုမှ ငါလည်း စဉ်းစားမိတယ်။ တကယ်လည်း ငါ အိမ်နန်းဆီ သွားတွေ့သင့်နေပြီ။ လအပိုင်းအခြားထိကြာလောက်အောင် ခုလို ပြင်ပြင်နေလာရတာ မကောင်းပါဘူး။

အမှန်တော့ ငါပြောခဲ့သလိုပဲ ငါ့စိတ်ကလည်း တည်ငြိမ်နေပြီပဲ။ သားသားကို အိမ်နန်းနဲ့ သွားတွေ့သင့်တယ်။ လူကြီးဆန်ဆန်ကို သူ့ကို ပြောသင့်တယ်။ သူက မခေါ်မပြောပေမယ့် ငါက ဟန်မပျက် ဆက်ဆံရမယ်။ ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ အကျင့်သိက္ခာပဲ။

ဒီလိုနေပြလိုက်ရင် သူ ငါ့အပေါ် နားလည်လာမှာပဲ။ နားလည်တယ်ဆိုတာ ငါ့အချစ်ကို တုံ့ပြန်လာလိမ့်မယ်လို့ ဆိုလိုတာ မဟုတ်ဘူး။ ဒါ ငါ မမျှော်လင့်ချင်တော့ပါဘူး။ ငါဆိုလိုတာက ငါတို့ အရင်အတိုင်း မောင်နှမချင်းတွေအဖြစ် ပြန်ပြီး သန့်သန့်ရှင်းရှင်း၊ ပျော်ပျော်ပါးပါး နေနိုင်လာမယ်။ ဖြစ်ရရင် နေပါစေ၊ အမုန်းတော့ မခံချင်ဘူး။ ကြည်ပြာဆိုတဲ့ ကောင်မ ရှိစေရဘူး။

www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် အိမ်နန်းကို သွားတွေ့မယ်။ ငါ ပျော်သွားတယ်။ အခ.. ကလို အူမြူးပြီးပျော်တာ မဟုတ်ဘူး။ ကြည်နူးပြီး ပျော်တာ။

* * *

(၁၁)

မျက်လုံးပါတဲ့ သက်ရှိသတ္တဝါတွေကမှ စိမ်းစိမ်းကြည့်တတ်.. မဟုတ်ဘူး။

ဝက်သစ်ချပင်အိုကြီးကရော၊ အိမ်နန်းတို့နေတဲ့ အိမ်မည်.. ကရော မျက်လုံးမရှိကြပေမယ့် ငါ့ကို စိမ်းစိမ်းကြည့်ကြတယ်။

ချစ်သူက ဥပေက္ခာထားတဲ့အခါ သူနဲ့ ပတ်သက်သမျှအ.. အားလုံးကလည်း သခင်မရဲ့အလိုကျ ဖြစ်ကုန်တတ်တာပဲလေ။

သင်းတို့အားလုံးကို အပြုံးနဲ့ ငါ ရင်ဆိုင်လိုက်တယ်။

အင်း . . . အိမ်တံခါးပေါက်မှာရှိတဲ့ လူခေါ်ခေါင်းလောင်းက.. ကတောင် ငါ့ကိုမကြည့်ချင်ဘူး။ သုံးခါနှိပ်မှ တစ်ခါပဲ မြည်တယ်။

မူမပျက်တာကတော့ အိမ်နန်းတို့အိမ်က အိမ်ဖော်မလေးပဲ.. အပြုံးက အရင်တုန်းကအတိုင်းပဲ။ ဘာဂျာတံခါးသော့ကို ဖြေးယူပုံ၊ .. ခလောက်ဖွင့်ပုံ၊ ကိုယ်ကလေးကို ယိုင်ပြီး ဘာဂျာတံခါးကို တွန်းဖွင့်ပုံ၊ အ.. အရင်ကအတိုင်း မူမပျက်ဘဲ သူ ငါ့ကို အသိအမှတ်ပြုဖော်ရတာပဲလား.. ဘဝကိုက စက်ရုပ်လို ဖြစ်နေတာလားတော့ ငါလည်း မသိဘူး။

"အိမ်နန်းရော"



"ရှိတယ် အစ်ကိုလေး"

"အေး . . . အစ်ကိုလေး ဧည့်ခန်းမှာ စောင့်နေတယ်လို့ သွားပြော ..ပြ.."

ဧည့်ခန်းမှာထိုင်ရင်း တစ်ချိန်က အိမ်နန်းနဲ့စကားတွေဖောင်ဖွဲ့ခဲ့ ..ာ မှတ်မိလိုက်တယ်။ သူနဲ့ပြောခဲ့ဖူးတဲ့စကားတွေကို တောင်စဉ်ရေမရ ..ွှက်စဉ်းစားနေမိတယ်။ တချို့လည်း အမှတ်ရတယ်။ တချို့လည်း မေ့ ..ပြီ။

လှေကားပေါ်ကဆင်းလာတဲ့ခြေသံ ကြားရတယ်။ ရုတ်တရက်တော့ ..မကြည့်မိဘူး။ အင်း . . . တကယ်တမ်း အိမ်နန်းနဲ့ မျက်နှာချင်းဆိုင်ဖို့ ..ပြန်တော့ ငါ ဝန်လေးမိသားပဲ၊ အချစ်အကြွင်းအကျန်၊ အစအနတွေ ..မှာ ကျန်နေသေးတယ်။

ခြေသံက ငါ့အနားမှာ လာရပ်တယ်။ ဒါပေမဲ့ အိမ်နန်း မဟုတ်ဘူး။

"အစ်ကိုလေး . . . မမက နေမကောင်းလို့ အိပ်နေတယ်"

သိပြီ . . . သိပြီ၊ ငါ့တစ်ကိုယ်လုံး ပျော့ခွေသွားသလိုပဲ၊ ရင်ထဲမှာ ..မှအားအင်တွေ ကုန်ခမ်းသွားသလိုပဲ၊ ဣန္ဒြေမပျက်အောင် မနည်းကြိုး ..လိုက်ရတယ်။ ဘာမှ စိတ်နဲ့မဆုံးဖြတ်ရဘဲ မတ်တတ်ထရပ်မိတယ်။

"အေး . . . နေမကောင်းရင်လည်း နေပါစေကွာ၊ အစ်ကိုလေး လာ ..တယ်၊ အကြောင်းထူးမရှိပါဘူး။ အလည်သက်သက် လာတာပါလို့ ပြော ..က် ဟုတ်လား"

ကောင်မလေး မျက်နှာမကောင်းဘူး။ သူ့စိတ်ထဲမှာတော့ ငါအလိမ် ..လို့ ထင်မှာပဲ၊ သူ့ကို အိမ်နန်းက ပြောခိုင်းလိုက်တာ ငါမသိဘူးလို့ ထင်

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်လာခဲ့တယ်။

ခြံဝရောက်တော့ ဦးလေး ဦးအောင်ပန်းရဲ့ကားနဲ့ ပက်ပင်းတိုးတယ်။ ကားပေါ်မှာ ဦးလေးရယ်၊ ဒေါ်လေး ဒေါ်စောနန်းရယ်၊ ညည်းသည်နှစ်ယောက်ရယ်။

တစ်ယောက်က မိန်းမဝဝကြီး၊ နောက်တစ်ယောက်က ယောက်ျား ပိန်ပိန်ရှည်ရှည်ကြီး။

ဦးလေးက ငါ့အနားမှာ ကားကို ရပ်လိုက်တယ်။

"ဟော့ . . . အပြာ ပြန်တော့မလို့လား"

"ဟုတ်ကဲ့ ဦးလေး"

"မင်းနုမနဲ့ တွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့ ဦးလေး"

"စိတ်ကောက်ပြေသွားပြီလား"

"ဟုတ်ကဲ့ပါ ဦးလေး"

ဒေါ်လေး ဒေါ်စောနန်းက ငါ့ကို ပြောတယ်။

"နေအုံးလေကွယ်၊ မင်းမလဲ အနေဝေးလိုက်တာ ရောက်တုန်း ရောက်ခိုက် အေးအေးဆေးဆေးပေါ့"

"ကျွန်တော် ခြံအလုပ်တွေ ရှိသေးလို့ပါ ဒေါ်လေး"

"နေပါအုံးလေ၊ မင်းကို ငါကော်ဖီမတိုက်ရတာ ကြာပြီ၊ လာ ပြန်လိုက်ခဲ့အုံး"

မတတ်သာလွန်းလို့ ဧည့်ခန်းထဲ ပြန်ရောက်လာရတယ်။ အခု တော့ ခုလိုနောက်တစ်ခါပြန်လာတာ အိမ်နန်း အထင်လွဲစရာဖြစ်လိမ့်မယ် ဒါပေမဲ့ ငါ့စိတ်က ရိုးသားရင်ပြီးသားပဲ။



ဒေါ်လေးက အိမ်နန်းကို လှမ်းခေါ်တယ်။ ခေါ်ရင်းနဲ့ပဲ မီးဖိုခန်းထဲ ဆက် ဝင်သွားတယ်။

"သမီးရေ . . . နန်း၊ ဒီမယ် ရန်ကုန်က အန်တီစိုးတို့ ရောက်နေပြီ ဟော့၊ ဆင်းခဲ့ပါအုံး"

ဦးလေးကတော့ ဧည့်သည်တွေကို ငါနဲ့ မိတ်ဆက်ပေးတယ်၊ ရိုးသား ကြောင်း၊ ကြိုးစားကြောင်း စသဖြင့်ပေါ့လေ။

ဒါပေမဲ့ ငါ့ရဲ့ဂုဏ်ပုဒ်တွေက ဧည့်သည်တွေရဲ့မျက်လုံးမှာ အရာ ထင်ဘူး။

လှေကားပေါ်က ဆင်းလာတဲ့ခြေသံကြားရတယ်။ ဒီတစ်ခါတော့ ငါ မော့ကြည့်ရဲပြီ။ အိမ်နန်း ငါ့ကိုလည်းမြင်ရော တုံ့ကနဲ ရပ်သွားတယ်။ မျက်နှာပျက်သွားတယ်၊ ပြီးတော့ တစ်ချက်ပြုံးတယ်။

သိပ်နာတယ်၊ ဒီအပြုံးအတွက်တော့ ကျဉ်ကနဲနေအောင် နာသွား တယ်။ တစ်ခါနှင်လွှတ်တာကို မမှတ်သေးဘူးလား။ အရှက်မဲ့လှချည်လား ဆိုတဲ့အပြုံး၊ တစ်သက် မမေ့တော့ဘူး။

တရားလွန်ပြီ၊ ငါ့အပေါ် အပြစ်ပေးသင့်တာထက် လွန်လာပြီ၊ မရ ဘူး ကြည်ပြာကို ဒီလိုလုပ်လို့ မရဘူး၊ မာနသိပ်ကြီးတယ်ဆိုတာ နင် အသိဆုံး မှတ်ထားလိုက်။

ငါနဲ့ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်တယ်။ ငါ့ကို မကြည့်ဘူး။ ဧည့်သည် တွေကို နှုတ်ဆက်တယ်။ ဧည့်သည်ယောက်ျားကြီးက ငါနဲ့ အိမ်နန်းကို တစ်လှည့်စီကြည့်တယ်။ အကဲခတ်ခဲ့ပြီး၊ ဧည့်သည်မိန်းမကြီးက ပြောလိုက် တယ်။

"သမီးရဲ့ကိုကိုကတော့ တစ်ရက်၊ နှစ်ရက်နေမှ လိုက်လာမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ တိုက်တစ်လုံးဆောက်ဖို့ ပုံစံဆွဲပေးနေရလို့"

သိလိုက်ပြီ၊ ရှင်းသွားပြီ။ ဘာထူးသလဲ၊ ရုပ်ရှင်တွေထဲကလိုပဲ၊ ဝတ္ထုတွေထဲကလိုပဲ။

ငါ သူတို့နားမှာ ဘယ်လိုမှဆက်နေလို့ မရတော့ဘူး။ နောက်ဖေး မီးဖိုချောင်ဘက် ထွက်လာခဲ့တယ်။ ဟန်မပျက်ဘဲ အရင်က ဒေါ်လေးဆီက ကော်ဖီယူသောက်လိုက်တယ်။ ပြန်ထွက်ခဲ့တယ်။ အားလုံးကို နှုတ်ဆက်တယ်။

"အိမ်နန်းရေ ပြန်မယ်ဟေ့"

ဟန်မပျက်ဘဲ နှုတ်ဆက်တယ်။ ပြီးတော့ သူနဲ့ ငါနဲ့ အခြေအနေမှန်ကို ဦးလေးတို့မရိပ်မိအောင် စောစောကပြောထားတဲ့စကားနဲ့လည်း တလွဲဖြစ်မနေအောင် ဖာရထေးရသေးတယ်။

"ငါတို့ ခုနက တိုင်ပင်ထားတဲ့ကိစ္စလည်း မေ့မနေနဲ့အုံး၊ တော်ကြာ အစားပုတ်မိချို ဒေါ်ပွနေအုံးမယ်"

ပါးစပ်ထဲ တွေ့ရာတွေပြောခဲ့တယ်။ စိတ်ထဲမှာတော့ တစ်ခုပဲရှိတယ်။ ဦးလေးတို့ ဖွတ်ခေါ်လို့ ဒုတိယတစ်ခေါက် ပြန်ဝင်လာရတဲ့အကြောင်း ရှင်းရမယ်။ ငါ့မာနကို ပြန်ပြီးပြရမယ်။

တွေ့မယ် . . .တစ်နေ့နေ့တော့ တွေ့မယ်။

ခြံထဲက ငါ ပြန်ထွက်လာတဲ့အခါ ငါ့စိတ်ကို ဝက်သစ်ချပင်အိုကြီး သိသွားပြီ။ အဝင်တုန်းကလို စိမ်းစိမ်းမကြည့်ရဲတော့ဘူး။ ကုပ်ချောင်းချောင်း ဖြစ်နေတယ်။

ဒါပေါ့။ သစ်ပင်ဆိုတာ လူက ပြုစုပျိုးထောင်ရင်လည်း ကြီးထွားလာရသလို ဓားနဲ့ခုတ်ရင်လည်း အမြစ်က ပြုတတ်တာပဲ။

သစ်ပင်တွေကြားမှာ ကြီးပြင်းလာရတဲ့ ငါ့ကို ဝက်သစ်ချအိုပင်



ရွက်ကြီးတွေကကော အနုတ်လို့ ရမယ်တဲ့လား။

ဒီတစ်ခါ စိမ်းစိမ်းကြည့်လိုက်တဲ့သူက ငါ။

*　　　*　　　*

ဒါပေမဲ့ ငါဘာလို့ ဝမ်းနည်းသွားရသလဲ။ ဧည့်သည်မိန်းမ ဝဝကြီးနဲ့ပိန်ရှည်ရှည်ယောက်ျားကြီးကို ဘာလို့အလိုမကျဖြစ်သွားရသလဲ။

စိတ်ပူပန်မှုတစ်ခု ငါ့ရင်ထဲမှာ ကပ်ပါလာသလိုပါလား။

*　　　*　　　*

(၁၂)

"မပြန်သေးဘူး . . .ဟုတ်လား"

ငါ ဘာကြောင့် အိမ်နန်းတို့အိမ်က ဧည့်သည်တွေအကြောင်း ဝေဝမ်းခိုင်းနေမိပါလိမ့်။

လူငယ်တစ်ယောက် သူတို့အိမ်ကို ထပ်ရောက်လာသတဲ့။ သူရောက်လာတာကို လေးငါးရက်ရှိပြီတဲ့။ အဲဒီလူနဲ့ အိမ်နန်း ကလောဈေးထဲမှာ မုန့်ဟင်းခါးအတူစားတာ တွေ့ခဲ့သတဲ့။ မော်တော်ကားကို အဲဒီလူကမောင်းပြီး အိမ်နန်းက ဘေးကထိုင်လိုက်သတဲ့။ သတင်းတွေကတော့ အစုံပဲ။

ခဲတစ်လုံးကို ကောက်ကိုင်လိုက်တယ်။ သစ်တော်ပင်တစ်ပင်ကို အားကုန်လှမ်းပစ်လိုက်တယ်။ သစ်ရွက်တချို့ စုတ်ပြတ်ထွက်သွားတယ်။ သန်းထွတ်က ငါ့ပခုံးကို ပုတ်ပြီး ရယ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင် နဖူးကွဲသွားပြီ"လို့ နောက်တယ်။

သန်းထွတ်ကို ငါ အကြောင်းစုံဖွင့်ပြောပြီးပြီ။ အစအဆုံး လုံးဝ ပတ်စေ့။ ဒီတုန်းက သူက ပြောတယ်။

"တို့အဖို့ ပန်းသီးထက် သစ်တော်သီးက အရေးကြီးပါတယ် အဖြေ ရှယ်"တဲ့။

သူ့စကားကို ငါ သိပ်ကြိုက်တယ်။ အဆင့်အတန်းချင်း မတူဘူး ဆိုတဲ့သဘောလည်း ရတယ်။ အချစ်နဲ့ ဘဝနဲ့ တခြားစီဆိုတဲ့အဓိပ္ပာယ် လည်း ရပါတယ်။ ဖန်သီးဆိုတာ အာဒမ်နဲ့ ဧဝတို့ရဲ့ အချစ်သင်္ကေတ မဟုတ် လား။ သစ်တော်သီးက ငါ့ဘဝ။

ဒါပေမဲ့ ခက်တော့ ခက်တယ်။ ကိုယ့်ဘဝကိုယ်သိတာက တစ်ပိုင်း ချစ်တာက တစ်ပိုင်း။

အထူးသဖြင့် အချစ်ဆိုတာ ဆုံးရှုံးခါနီးမှ ပိုပြီးတန်ဖိုးကြီးလာတတ် တာကလား။

ငါ့ရဲ့စိတ်ကူးထဲမှာ အိမ်နန်းအနားကိုရောက်နေတဲ့ မြို့ပြအင်ဂျင်နီ ယာဆိုတဲ့ကောင်ကို ဆွဲဆွဲထိုးတာ အခါတစ်သိန်းလောက် ရှိနေပြီ။

အိပ်မက်ထဲမှာလည်း ဆွဲထိုးဖူးပြီ။ ငါ့အိပ်မက်ထဲမှာတော့ ဒီကောင် က လူဆိုးပဲ၊ ငါက ဇာတ်လိုက်၊ ဇာတ်သိမ်းခန်းမှာ ဒီကောင်ကို ငါကနိုင်ပြီး အိမ်နန်းနဲ့ ငါ လက်ထပ်သတဲ့။

သိပ်ရယ်စရာကောင်းတဲ့ အိပ်မက် ... ထို့ ...။

မြေကြီးပေါ်မှာ ထောင်ထားတဲ့ပေါက်တူးကို မလိုက်တယ်။ လော လောဆယ်တော့ မြေကြီးကိုပဲ ပေါက်ရမှာပဲ။

ခြံအစွန်ဘက်က သူငယ်ချင်းတွေရှိရာကို ထွက်လာခဲ့တယ်။ ဒီ



ကိစ္စလည်း ငါပြောဖို့ မေ့နေတယ်။ ခုဆို တို့ခြံမှာ ငါ့သူငယ်ချင်းနှစ်ယောက် ပါ လာကူညီနေကြပြီ၊ စုစုပေါင်း ငါပါနဲ့ဆို လေးယောက်အတူ လုပ်ကြ တယ်။ တို့လေးယောက်ကို အမေက ထမင်းကျွေးတယ်။ တို့က ဘာမက်မော မှုမှမပါဘဲ အလုပ်လုပ်ကြတယ်။

နောင်ဆိုရင် စာစဉ်တွေ အတူဖြေကြမယ်၊ စာအတူ ကျက်ကြ မယ်၊ စာမေးပွဲအတူ ဝင်ကြမယ်။ တကယ်တော့ သူငယ်ချင်းတွေကို ချစ်တဲ့ အချစ်မှာ သဝန်တိုတယ်ဆိုတာ လုံးဝမရှိပါလား။

သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး အလုပ်လုပ်နေတုန်း အမေ့ခေါ် သံ ကြားလိုက်ရတယ်။

"သားရေ ... အပြာ"

အိမ်ဘက်ဆီကို ပြေးလာခဲ့တယ်။ သွက်လက်ပေါ့ပါးတဲ့ ခြေလှမ်း တွေ တုံ့ကနဲ ရပ်သွားတယ်။ ငါစိုက်ထားတဲ့ သစ်တော်ပင်တွေလိုပဲ ငါ့ကိုယ် ဟာ မတ်ပြီးငြိမ်ကျသွားတယ်။ ငါ့စိတ်ကတော့ ဒေါသကြောင့် ဗလောင်ဆူ သွားတယ်။

ခြံထဲကို ဧည့်သည်တွေ ရောက်နေကြတယ်။ ဦးလေး ဦးအောင် ပန်း၊ ဒေါ်လေး ဒေါ်စောနန်း၊ ငါမုန်းတဲ့ ဧည့်သည်သုံးယောက်၊ ပြီးကျတော့ အိမ်နန်း။

အမေ့အသံကို ထပ်ကြားတယ်။

"ဒီမှာ မင်းဦးလေးတို့ ရောက်နေတယ်၊ ဧည့်သည်တွေလည်း ပါ တယ်၊ လာအုံး ..."

အမေ့အမိန့်နဲ့သာ အိမ်ပေါ် တက်ခဲ့ရတယ်။ ဦးလေးနှင့် ဒေါ်လေး ကိုတော့ နှုတ်ဆက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက ညွှန့်သည်တွေနဲ့ မိတ်ဆက်ပေးတယ်။ ငါ့ကို အင်ဂျင်နီယာဆိုတဲ့လူနဲ့ မိတ်ဆက်ပေးတယ်။ ငါက အသိအမှတ်ပြုရုံ ပြုံးပြလိုက်တယ်။ ထူးခြားတာက သူ အံ့ဩညွှန့်သည်။

"ကျွန်တော့်ကို ဦးလေး ဦးအောင်ပန်းက တစ်ပြောတည်းပြောနေလို့ ကိုကြည်ပြာကို သိနေပြီပြီး ကျွန်တော် လေးစားပါတယ် ကိုကြည်ပြာ"

ငါ အံ့သြသွားတယ်။ ငါ့ထက် သူ အသက်ကြီးတယ်။ ငါ့ကို ဆက်ဆံပုံက တကယ့် လူကြီးလူကောင်းလို၊ သူ့မျက်လုံးက ရိုးသားပြီး ပညာတတ်ဆန်တယ်၊ သူ့အပြုံးက ခင်မင်စရာကောင်းတယ်။

ငါ့ကို ဖော်ဖော်ရွေရွေနှုတ်ဆက်လိုက်တာကြောင့် ငါကိုယ်ငါတောင် မလုံမလဲဖြစ်သွားတယ်။ အိမ်နန်းကို ငါ တစ်ချက်ကြည့်လိုက်တယ်။ သူ့မျက်နှာမှာ ခက်ထန်တဲ့အမူအရာ မရှိတော့ဘူး။ သပ်ရှိန့်ရှိန့်ပဲ၊ ဒါပေမဲ့ ဒီညွှန့်သည်ကိုခေါ်လာပြီး ငါ့ကို အနိုင်ယူပြတဲ့ အပြုံးမျိုးတော့ မဟုတ်ဘူး။ တကယ်တို့ ငါ့အပေါ် စိတ်ပြေစပြုတဲ့အပြုံး။ အိမ်နန်းရဲ့အပြုံးထဲမှာ ငါ အားတက်စရာ တစ်ခု တွေ့လိုက်တယ်။ ညွှန့်သည်ကို ငါ့အိမ်အထိ ခေါ်လာရတဲ့အတွက် သူ အားနာနေသလိုပဲ။ ငါ့ကိုတော့ မကြည့်သေးဘူး။ စိတ်ကတော့ ငါ့ဆီ ရောက်နေတာ သေချာတယ်။

မိန်းမတွေရဲ့သဘောကို စဉ်းစားမရဘူး။ ဘာတွေလဲ။ ဘာအဓိပ္ပာယ်တွေလဲ။

မကြည့်လင်ရင် ချက်ချင်း၊ ကြည့်လင်ရင် ချက်ချင်း။ အကြောင်းနိုင်လုံမှုလည်း မရှိဘဲနဲ့။

ဦးလေး ဦးပန်းအောင်က ငါ့ကို လှမ်းပြောတယ်။



"ကိုင်း . . . အပြာ၊ မင်းရဲ့ခြံကို မင်းကိုယ်တိုင်သာ လိုက်ပြလိုက်ပါတော့"

မတတ်သာတော့ပါဘူး။

"ဟုတ်ကဲ့ . . . ကြွပါ . . . ကိုစည်သူ"

ခြံထဲကို ကိုစည်သူရယ်၊ ငါရယ်၊ အိမ်နန်းရယ် အတူထွက်လာကြတယ်။ ငါ့စိတ်ထဲမှာ ဘယ်လောက်လှုပ်ရှားမယ်ဆိုတာ မင်းတို့ စဉ်းစားကြည့်ကြပါ။

ငါတစ်ခု စဉ်းစားမရတာ ရှိတယ်။ ဦးလေး ဦးပန်းအောင်နဲ့ ပတ်သက်လို့ ငါဟာ ဘာမှအရေးပါလှတဲ့ကောင် မဟုတ်ဘူး။ ငါ့ဘာသာ ငါသိတာပေါ့။ အထူးသဖြင့် သူ့တို့မိသားစုနဲ့စာရင်းပေါ့။

ဘာဖြစ်လို့ ဦးလေးဟာ ငါ့ရဲ့ ကြိုးစားပုံ၊ ရိုးသားပုံတွေကို ခဏခဏ ချီးမွမ်းရသလဲ။ မဆီမဆိုင် ညွှန့်သည်တွေကိုရော ဘာပြောပြနေရသလဲ။ ဉာဏ်စားလို့ကို မရဘူး။

စိတ်မပါဘဲနဲ့၊ စိတ်ပင်ပန်းကြီးစွာနဲ့ပဲ ကိုစည်ကို ခြံထဲ လိုက်ပြနေရတယ်။ ထူးဆန်းတာက သူဟာ လူကြီးလူကောင်းဆန်ဆန်နဲ့ ငါ့ကို အရေးတယူဆက်ဆံရာတယ်။

"ကျွန်တော့်ဝါသနာ အရင်းခံက စိုက်ပျိုးရေးဗျ ကိုကြည်သာရဲ့၊ ဘယ့်နယ်က ဘယ့်နယ် . . . အင်ဂျင်နီယာ ဖြစ်နေသလဲ မသိဘူး"

သူ့စကားကို သူ့သဘောကျပြီး ရယ်တယ်။ သူ့ရယ်သံကလည်း ရိုးသားပွင့်လင်းတယ်။

"ကောင်းပါတယ် အစ်ကိုရာ၊ ကျွန်တော်က မတတ်နိုင်လို့သာ၊ တကယ်ဆို ကျွန်တော်က အင်ဂျင်နီယာကြီးဖြစ်ချင်တာ"

www.burmeseclassic.com

www.burmeseclassic.com



ငါ့စကားမှာ အနှောင့်အသွားမလွတ်မှန်း ငါနဲ့ အိမ်နန်းပဲ သိတယ်။ ဖျတ်ကနဲကြည့်လိုက်တဲ့ အိမ်နန်းရဲ့မျက်လုံးကို သတိထားလိုက်မိတယ်။ ကိုစည်သူကတော့ ဘာမှမသိဘူး။

"တကယ်တော့ လူဆိုတာ ကျရာနေရာမှာ ပျော်သင့်တာပဲပေါ့ ကိုကြည်ပြာရယ်"

"ပျော်ပါတယ် အစ်ကိုရာ၊ ခုလည်း စိုက်ပျိုးရေးလုပ်ငန်းမှာ ကျွန်တော် ပျော်တာပါပဲ၊ ဒါပေမဲ့ အင်ဂျင်နီယာကြီးဖြစ်ရင် ပိုပြီးပျော်ရမှာကို ပြောတာပါ။

ကိုစည်သူက ရယ်တယ်။

"ထင်လို့ပါဗျာ၊ အင်ဂျင်နီယာအလုပ်ဆိုတာ စိုက်ပျိုးရေးအလုပ်လောက် လေကောင်းလေသန့်မရှူရပါဘူး"

"ရေမွှေးနံ့တော့ ရှူရသပေါ့ဗျာ"ဆိုတဲ့စကားမျိုးကို ရုစ်တန်းကျောင်းသားဘဝနဲ့ဆို ပြောပစ်လိုက်ပြီ။ ခုတော့ မပြောချင်တော့ဘူး။

ဒါပေမဲ့ နန်းအိမ်ဆီက ရေမွှေးနံ့ကို ဝေ့ကနဲ ရလိုက်တယ်။

"ကိုကြည်ပြာနဲ့သိရတာ ကျွန်တော် ဝမ်းသာတယ်ဗျာ၊ နောင်ဆိုခင်ဗျားဆီ ကျွန်တော် အမြဲတမ်းလာလည်နေရမလားပဲ . . . ဟဲ . . . ဟဲ . . . အခြေအနေပေးရင်ပေါ့လေ"

ဒီစကားအတွက်တော့ ငါရော၊ အိမ်နန်းရော၊ သူရော နားလည်လိုက်ကြတယ်။ သူကတော့ အိမ်နန်းကိုသာ ရည်ညွှန်းပြီး ပြောတာ။ ငါ မသိဘူး ထင်မှာပဲ။ အိမ်နန်းရဲ့ ရှက်သွားတဲ့မျက်လွှာလေးကို မြင်လိုက်ရတယ်။

* * *



သူတို့ပြန်သွားကြတဲ့အထိ ငါ့ကို အိမ်နန်း စကားသးပြောမသွား[illegible] ဒါပေမဲ့ ခက်ခက်ထန်ထန်လည်း မဟုတ်ဘူး။ အလိုက်အထိုက် နေ[illegible]တယ်။

လုပ်ငန်းထဲပြန်ရောက်တော့ အံ့သြစရာကောင်းတဲ့စကားတစ်ခွန်း [illegible]ဝပ်က အလိုလိုထွက်သွားတယ်။ ကြားရတဲ့သူငယ်ချင်းတွေတောင် ငါ့[illegible] အံ့သြသွားတယ်။

ငါ ဘာပြောလိုက်တယ် ထင်သလဲ။

"လူက လူတော်ပဲ၊ အိမ်နန်းနဲ့ လိုက်တယ်ကွ သိလား"

* * *

(၁၃)

စာပေးစာယူသင်တန်းက စာစဉ်တွေ ခပ်ဖြေနေပြီ။ စာပေးစာယူ[illegible]တန်းကို ငါတော့ ကြိုက်တယ်။ ဆရာနဲ့ တိုက်ရိုက်ထိတွေ့မှုရှိပေမယ့် [illegible]တိုင်အားထုတ်မှုမှာ ပိုလာတယ်။ အားကိုးချင်စိတ် နည်းပါးလာတယ်။ [illegible]လုပ်မှ ကိုယ်ရမယ်ဆိုတဲ့သဘောကို ဆောင်တယ်။

တစ်ခုတော့ ရှိတယ်။ အပေါင်းရယ် အသင်းရယ်နဲ့ ပျော်ပျော်ပါး[illegible] ဝှေစည်းစည်းနေချင်တဲ့ လူငယ်ရဲ့သဘာဝတွေ နည်းပါးလာတယ်။

ပိုပြီး ရင့်ကျက်တည်ငြိမ်လာတယ် ခေါ်ရမလား၊ အထီးကျန်လာ[illegible] ခေါ်ရမလား။

"သားလေးဟာ အရင်နဲ့မတူဘူး၊ သိပ်ဟက်ဟက်ပက်ပက် မရှိ

www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ငိုင်တိုင်တိုင်နဲ့''လို့ အမေကတော့ ပြောတာပဲ။

ငါကတော့ သိပ်ထူးထူးခြားခြားမရှိလှဘူး။ ငါဟာငါပဲ၊ တခြားတစ်ယောက် ဖြစ်မလာနိုင်ဘူး။ မြသမားတစ်ယောက်ကနေ အင်ဂျင်နီယာတစ်ယောက် ဖြစ်လာဖို့ဆိုတာ လွယ်တာမှ မဟုတ်ပဲလေ၊ မဟုတ်ဘူးလား။

ဒီနေ့လည်း မြကိစ္စတစ်ခုအတွက် တောင်ကြီးကို သွားရမယ်။

ဦးလေး ဦးအောင်ပန်းက ခိုင်းတာ။ ကိစ္စကတော့ ငါ့မြကိစ္စပါပဲ။ ဦးလေးဟာ ငါတို့မိသားစုအပေါ် အရင်ကထက် ပိုပြီးဂရုစိုက်တယ်။ အဖေဆုံးတဲ့နောက်ပိုင်း မြကိစ္စမှာ ကိုယ်တိုင်ကိုယ်ကျ ပါဝင်လာတတ်တယ်။ ခုလည်း တောင်ကြီးကိုရောက်နေတဲ့ ရန်ကုန်က သစ်သီးကုန်သည်တစ်ယောက်ဆီ ငါ့ကို လွှတ်တာ။

ငါသွားရတဲ့နေရာက စထရင်းဟိုတယ်၊ ငါတွေ့ရမယ့်လူက အဲဒီ မှာတည်းတာ။ ဒါပေမဲ့ ငါရောက်တဲ့အချိန်မှာ သူ မရှိဘူး။ တောင်ကြီးကော လိပ်က သူ့မိတ်ဆွေကျောင်းဆရာတစ်ယောက်အိမ် သွားနေတယ်။ အေးအေး ဆေးဆေးနေပြီး ညနေစောင်းမှ ပြန်လာမယ်ဆိုလို့ တောင်ကြီးကောလိပ် ဘက် တက်လိုက်ရတယ်။ သိပ်မဝေးဘူး လမ်းလျှောက်သွားလို့ ရတယ်။

အေး . . . ဒါလောက် ကွေ့ဝိုက်ပြီး တောင်ကြီးကောလိပ်ဘက် မရောက်ရောက်အောင် ငါပြောနေပြီဆိုမှတော့ မင်းတို့ သိလောက်ပြီပေါ့ ဟုတ်တယ်။ ငါနဲ့ အိမ်နန်းနဲ့ တောင်ကြီးကောလိပ်မှာ ဆုံ တယ်။ သူနဲ့မတွေ့တာ တစ်လကျော်ပြီ၊ ဟိုတစ်ခေါက် ကိုစည်သူနဲ့ ပြန် လာလည်ပြီးတဲ့နောက်ပေါ့။

ကျောင်းပရဝုဏ်ထဲရောက်ကတည်းက စိတ်တွေ ကြည်နူး တယ်။ တက္ကသိုလ်ဆိုတာ ဖွံ့ဖြိုးစလူငယ်တွေရဲ့ ဘဝမှခ်ဦးပဲ။ ပျော်



ကောင်းတယ်၊ အားကျစရာ ကောင်းတယ်၊ စိတ်ဓာတ်တက်ကြွစရာ ကောင်း တယ်။

ငါ့အဖို့ရာကတော့ လှူကိုင်တိုင် မရောက်နိုင်တဲ့အတွက် လွမ်းစရာ ကောင်းတယ်။

စာအုပ်ကလေးတွေပိုက်ပြီး လှုပ်ရှားသွားလာနေကြတဲ့ ကျောင်းသူ၊ ကျောင်းသားတွေကို ကြည့်ပြီး အားကျလိုက်တာ။

ငါ စဉ်းစားကြည့်တယ်။ ငါသာ ရေဆင်းတက္ကသိုလ်တက်ဖြစ်ရင် ပေါ်လောက်ပျော်စရာ ကောင်းမလဲ။

ပထမတော့ ကျောင်းသူ၊ ကျောင်းသားတွေကြား သွားရတာ ငါ ငါ သိမ်ငယ်သလိုပဲ။ နောက်တော့ စဉ်းစားမိတယ်။ ငါဟာ အလုပ်တစ် နဲ့ တက္ကသိုလ်ပညာကို ဆည်းပူးနေတဲ့လူငယ်ပဲ။ ကိုယ့်ကိုယ်ကို ယုံကြည် နဲ့အမျှ သူတို့ကြားမှာ သွားရဲ၊ လာရဲ၊ စုံစမ်းရဲဖြစ်လာတယ်။

ငါတွေ့ချင်တဲ့ ကျောင်းဆရာနာမည်ကို ကျောင်းသားတစ်ယောက် ပြီး သူ့ဌာနကို လိုက်ရှာရတယ်။

သူ့ဌာနက ရူပဗေဒ။ ရူပဗေဒဌာနဘက် ငါလျှောက်လာခဲ့တယ်။ ရတယ်။ အိမ်နန်း ဒီကျောင်းမှာ ရှိနေတာရော၊ ရူပဗေဒဌာနမှာ တက်နေ သတိရတယ်။ ပြုံးမိသေးတယ်။ ငါ စိုက်ပျိုးရေးတက်ဖြစ်ရင် သူ တက်မယ်ဆိုတာ တကယ်တော့ စိတ်ကူးယဉ်ခဲ့ကြတာပါလေ။

''ရှီး . . .'' ''ရှီး . . .''လို့ အသံထွက်သလား။

''ချွတ် . . .'' ''ချွတ် . . .''လို့ အသံထွက်သလား၊ နာမည်မခေါ်ဘဲ ပြီးခေါ်တဲ့ ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရတယ်။ ပထမတော့ မကြည့် ဘူး။ နှစ်ခါ၊ သုံးခါခေါ်တော့မှ လှည့်ကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နန်း . . .။

ငါ့ဆီကို ကန့်ကလန့်နဲ့ လျှောက်လာတဲ့ အိမ်နန်း။ ပြေးပြေးလွှ လွှားမဟုတ်တော့ဘဲ ဣန္ဒြေရနေတယ်။ ပြုံးပုံကလည်း လူကြီးဆန်သလို

ငါ့ကို နာမည်မခေါ်ဘဲ တချွတ်ချွတ်နဲ့ ဘာလို့ခေါ်ရသလဲ၊ တက္ကသိုလ် က လူခေါ်နည်းလား။ ဒါမှမဟုတ် ချစ်ချစ်လို့ အဖျားဆွတ်ခေါ်လိုက်တာမ လား။ ကိုယ့်အတွေးနဲ့ကိုယ် ပြုံးမိသေးတယ်။

ငါ ဣန္ဒြေရရပဲ ရပ်စောင့်နေလိုက်ပါတယ်။

ငါ့ရှေ့မှာ ခြေစုံလာရပ်တယ်။

တက္ကသိုလ်ကျောင်းသူဆိုတဲ့ ဣန္ဒြေပြုံးနဲ့ ငါ့ကို မမှိတ်မသ စိုက်ကြည့်တယ်။ ဒါပေမဲ့ သူ့အပြုံးက ဟန်အပြုံးပါ။ ဒီလို တမင်ပြုံးတ အောင် လေ့ကျင့်ထားတာမှန်း ငါ သိတယ်။

ဖျတ်ကနဲ သတိရသွားတယ်။

ငါ သူ့အိမ်ကို သွားတွေ့တဲ့ကနေ့၊ သူတို့အိမ်ကို ဧည့်သည်တွေ ရောက်တဲ့နေ့ ငါ့ကို နေမကောင်းလို့ အိပ်နေတယ်ဆိုပြီး ညာတဲ့နေ့ နော တစ်ခေါက် ဧည့်သည်တွေနဲ့ ပြန်ရောက်တဲ့အခါ "အရှက်မရှိဘူးလား" ဆို အဓိပ္ပာယ်နဲ့ ပြုံးခဲ့တဲ့နေ့။

ငါ မမေ့ဘူး။

ခုအချိန်မှာ အခွင့်အရေးပဲ၊ ကိုစည်သူနဲ့ ခြံထဲလာလည်တဲ့နေ့ လူကြားသူကြားမို့သာ မပြောလိုက်ရတာ။

ငါ့ရင်ထဲကဒေါသက ဓာတ်ငွေ့မီးခြစ်လို ဝုတ်ကနဲ ထတော လာတယ်။

ငါတို့နှစ်ယောက် မျက်နှာချင်းဆိုင်ပြီး ပေကြည့်နေကြတယ်။



တကယ်တော့ ဟန်ဆောင်တဲ့အပြုံးဟာ ခဏပေါ့။ ပျက်လွယ်တယ်။ အိမ်နန်းဟာ ငါ့ရဲ့အကြည့်အောက်မှာ ချောက်ချားနေတယ်။

ကြည်လင်ပြတ်သားတဲ့ ငါ့အသံက သူ့ကို ဆတ်ကနဲ တုန်သွားစေတယ်။

"ဒီတစ်ခါတော့ နင်က ခေါ်တာမို့ လူမှုရေးအရ ရပ်စောင့်နေတာပါ။ နို့မို့ရင်တော့ နင်နဲ့တွေ့ဖို့ ငါ ကြိုးစားလိမ့်မယ်လို့ မထင်နဲ့"

ဝမ်းနည်းပက်လက်ဖြစ်သွားမှန်း သိသာတယ်။ ငါ့ကို တောင်းပန်တဲ့အကြည့်နဲ့ ကြည့်တယ်။

ငါက ရယ်ပြီးပြောလိုက်တယ်။

"ခု ငါလာတာလည်း သစ်တော်သီးအရောင်းအဝယ်ကိစ္စနဲ့ပါ"

အိမ်နန်းက ငါ့ကိုမကြည့်ဘဲ လူသွားလမ်းကို ငုံ့ကြည့်ရင်း ပြောတယ်။

"နင် ငါ့ကို စိတ်နာနေတုန်းပဲလား"

ငါ ပိုပြီး ရယ်လိုက်တယ်။ ဘာပြန်ပြောရမှန်း မသိအောင်ကို ရယ်မိတယ်။ ဘယ်သူက စိတ်နာနေတယ်ဆိုတာ ရှင်းပြစရာတောင် မလိုမလို့ဘဲ။

ငါ ကြားသားပဲ၊ မိချိုဆီကလည်း ကြားတာပဲ၊ ခွာနီးဆီကလည်း ကြားတာပဲ၊ ကိုဖေသန်းဆီကလည်း ကြားတာပဲ၊ သူငယ်ချင်းတွေ တော်တော်များများဆီကလည်း ကြားတာပဲ။ ငါက နားမထောင်ချင်ပေမယ့် ပြောတဲ့လူတွေက ပြောကြတော့လည်း ကြားရတာပဲပေါ့။

"ငါ သူ့ကို သနားမိတယ်"လို့ မိချိုကို ပြောသတဲ့။

"ဒီလို သူပြောလာလိမ့်မယ်လို့ ထင်မထားတော့ ငါ သိပ်ရှက်၊

www.burmeseclassic.com



သိပ်ဒေါသထွက်မိတာပေါ့"လို့ ခွာနီးက ကြားရတယ်။

"ရတ်တရက် မခေါ်မပြောဘဲနေမိရာက ရက်စိတ်နဲ့ ခုလိုအကြာကြီး မျက်နှာချင်းမဆိုင်ဝံ့တဲ့အထိ ဖြစ်ရတာပေါ့ရှင်"လို့ ကိုဖေသန်းကို ဝန်ခံသတဲ့။

"ဘာကြောင့် ခုလောက်ထိ သူ့ကို ဒဏ်ခတ်မိပါသလဲဆိုတာ ငါလည်း စဉ်းစားမရဘူး"တဲ့။

"ချစ်ရေးဆိုတာလေးလောက်နဲ့ ဒါလောက် ရက်ဒေါသထွက်မိတာကိုက ငါ သူ့အပေါ် သံယောဇဉ်ကြီးလွန်းတာပဲ"တဲ့။

"သူ့ကို မတွေ့အောင် ရှောင်နေရတယ်ဆိုတာ ငါကိုယ်တိုင်လည်း ပင်ပန်းလှပါတယ်၊ တူတူပုန်းတမ်းကစားတဲ့အခါ ပုန်းရတဲ့လူက ပိုပင်ပန်းသလိုပေါ့"တဲ့။

"အလုပ်တွေ အရမ်းလုပ်လွန်းလို့နဲ့ တူတယ်၊ သိပ်ပိန်တာပဲ၊ အရင်ကလို ကြည်ကြည်လင်လင်လည်း မရှိဘူး"တဲ့။

"ကိုစည်သူနဲ့ ပတ်သက်လို့လည်း ငါ့အပေါ် တော်တော်ဒေါကန်နေပုံ ရတယ်"တဲ့။

"တကယ်တော့ သူနဲ့ မခေါ်မပြောဘဲနေရတာ ငါ့ဘဝမှာလည်း တစ်ခုခုလိုအပ်နေသလိုပါပဲဟာ"တဲ့။

"တစ်နေ့နေ့တော့ သူနဲ့ ငါ အရင်လို သူငယ်ချင်းတွေ ပြန်ဖြစ်သွားမှာပါလေ၊ ငါကစပြီး ပြန်ခေါ်ရမှာ ငါ့ဘာသာမရဲဘူး"တဲ့။

"ချစ်သူတွေတော့ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူးဟာ၊ ငါဘယ်သူ့ကိုမှ မချစ်ချင်ဘူး၊ အချစ်ဆိုတာလည်း ဘာမှန်းမသိဘူး"တဲ့။

ကြားသားပဲ။ သူပြောသမျှ အကုန်ပြန်ကြားသားပဲ။ စကားလုံးသုံး



နှုန်းပုံသာ ခြားချင်ခြားမယ်။ အဓိပ္ပာယ်ကတော့ အတူတူပဲ။

ဒါတွေ တစ်စတစ်စကြားပြီးကတည်းက သူနဲ့ ငါ အရင်ကလို ခင်ခင်မင်မင်ပြန်ဖြစ်လာတော့မယ်ဆိုတာ ငါ သိပါတယ်။

ဒါပေမဲ့ ကြည်ပြာကတစ်မျိုး။ သူက ပြန်ပြီးခေါ်ချင်မှန်းသိလာတဲ့ အခါမှာ ငါက စိတ်ကုန်နေပြီ။ စိတ်ကုန်နေပြီဆိုတာ မင်းတို့ သိကြရဲ့လား။ စိတ်ဆိုးနေတာထက် ဆိုးတဲ့စိတ်။

မညှာမတာနဲ့ ကလဲ့စားချေတာ၊ အဓိပ္ပာယ်တစ်မျိုးစီပဲ။ ဒေါသကြီးတာနဲ့ ယောက်ျားပီသတာ အဓိပ္ပာယ်တစ်မျိုးစီပဲ။

ငါ သူ့ကို နည်းနည်းဖြစ်ဖြစ် စိတ်ပင်ပန်းစေရမယ်။ အချစ်မှာ ကလဲ့စားချေတယ်ဆိုတာ ရှိတယ်။ အချစ်မှာ အလွမ်းဆိုတာ ရှိတယ်။ သူ လွမ်းစေရမယ်။

"ကဲ- အိမ်နန်း၊ ပြောစရာရှိတာ ပြောပါ၊ ငါ သစ်တော်သီးရောင်းဖို့ စကားသွားပြောရအုံးမယ်"

သူ သိပ်အံ့ဩသွားတယ်။ ငါ့မျက်နှာကို အဓိပ္ပာယ်ရှာမရသလို ကြည့်တယ်။ မျက်ရည်မကျအောင် ထိန်းထားပုံ ရတယ်။ သက်ပြင်းရှည်ကြီးချတယ်။

"နင် ငါ့ကို ခုထိ စိတ်ဆိုးမပြေသေးဘူးနော်"

"ဘာ"

အသံက နည်းနည်းမာသွားတယ် ထင်တယ်။

"ဘယ်သူက စိတ်ဆိုးနေလို့လဲ၊ နင်တို့တက္ကသိုလ်မှာ ကိုယ့်အပြစ်ကို သူများအပြစ်ဖြစ်အောင် လုပ်တဲ့နည်း သင်ပေးထားသလားဟင်၊ ကဲ- အိမ်နန်း ပြောစရာမရှိရင်လည်း ငါသွားမယ်"

www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်း ပြင်လိုက်တယ်။ ရုတ်တရက် ခြေဖဝါးက တမ့်သလင်းနဲ့ မခွာချင်ဘူး။ ငါ့ဖိနပ်က ရှမ်းသားရေဖိနပ်ပဲ၊ ကပ်နေစရာအကြောင်း မရှိဘူး။

ငါ သိပြီ။ ငါ သံယောဇဉ်မကုန်သေးပါလား။ ငါ့ သံယောဇဉ်က ခြေဖဝါးမှာ ရောက်နေတယ်။

ငါသာ ရုတ်တရက် လှည့်ထွက်လာမိရင် သူ ငါ့လက်ကို ဖမ်းဆွဲလိုက်မှာ သေချာတယ်။ ခုကို ငါက သွားမယ်ဟန်ပြင်လိုက်တာနဲ့ သူ့ကိုယ်လုံးလေးလည်း ယိမ်းသွားတယ်။ ငါ သူ့ကို သမင်လည်ပြန်ကြည့်လိုက်တယ်။ သူ နှုတ်ခမ်းပြင်တယ်၊ လှုတုန်းပဲ။ နှုတ်ခမ်းကို လျှာနဲ့သပ်တဲ့အခါ အိမ်နန်း အမူအရာက လှတတ်တယ်။

"အပြာ ငါ နင့်ကို ပြောစရာတွေ ရှိတယ်"

"ပြော"

"ခု မပြောချင်သေးဘူး"

"ဆောရီးပဲ...နောင် ဆုံချင်မှဆုံမှာ"

သူ မျက်ရည်လည်နေပြီ၊ ဝမ်းနည်းနေပြီ။ သူ့ကို မသနားမိအောင် စိတ်ကို မနည်းထိန်းရတယ်။

ငိုသံပါနဲ့ သူ ပြောတယ်။

"ငါ နင့်တို့ခြံကို လာပါ့မယ်ဟာ၊ အေးအေးဆေးဆေး စကားပြောရအောင်"

"ငါတို့ခြံမှ မဟုတ်ဘဲ၊ နင်တို့ခြံပဲ လာချင်တဲ့အချိန် လာနိုင်ရုံမကဘူး။ ငါ့ကိုလည်း အချိန်မရွေး မောင်းထုတ်နိုင်သားပဲ"

"ဒီလိုတော့ မပြောပါနဲ့ အပြာရယ်"

"တခြား ငါ့မှာ ပြောစရာမရှိတော့ဘူး။ ငါ သွားမယ်"



ငါ လှည့်ထွက်လာခဲ့တယ်။ သူ့ကို ကလဲ့စားချေလိုက်ရလို့ ငါ ပျော်သွားတယ် ထင်ကြသလား၊ မပျော်ပါဘူး။ သူပြောသလိုပါပဲ။ လူတစ်ယောက်ကို နှိပ်စက်ရတယ်ဆိုတာ သိပ်ပင်ပန်းတဲ့အလုပ်ပါ။

နောက်နားဆီက အီကနဲရှိုက်လိုက်သံတစ်ချက်ကို ခပ်အုပ်အုပ် ကြားလိုက်ရတယ်။

ကိစ္စမရှိပါဘူး၊ ငါ ကြားဖူးတယ်၊ တက္ကသိုလ်မှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ရပ်စကားပြောတယ်၊ ငိုကြတယ်၊ ပြုံးကြတယ်ဆိုတာ သင်ခန်းစာတစ်ခု သင်နေတဲ့သဘောပါပဲတဲ့။

လေးငါးဆယ်လှမ်းလောက် လှမ်းပြီးတော့ တစ်ခုခုကို သတိရလိုက်တယ်။ စုံစမ်းယူရင်လည်းရရက်နဲ့ အိမ်နန်းကိုပဲ မေးချင်စိတ်ပေါက်နေတယ်။ နောက်ကို ပြန်လှည့်လိုက်တယ်။ သူက မျှော်လင့်တဲ့မျက်လုံးနဲ့ မော့ကြည့်တယ်။

"ကိုစည်သူ့ကို နေကောင်းရဲ့လားလို့ ငါ မေးတယ် ပြောလိုက်ပါ"

သူ့မျက်နှာ အပြုံးရိပ်သန်းလာတယ်။ ထွက်ပေါက်တစ်ခု ရလာသလိုပဲ။ ချက်ချင်း မြန်မြန်ကြီးပြန်ဖြေတယ်။

"သူ ရန်ကုန်သွားပြီ"

"ဒါ ငါနဲ့မဆိုင်ပါဘူး"

ငါ လှည့်ထွက်လာခဲ့တယ်။ တကယ်တော့ ငါလည်း ဟန်ဆောင်နေတာပါပဲ။ ငါ့ရင်ထဲမှာ မချိဘူး။ သူ့ကို သနားနေတယ်၊ ဒါပေမဲ့ ဒါလောက်တော့ နှိပ်စက်သင့်တယ်။

စိတ်ကို သစ်တော်သီးဈေးနှုန်းဆီကို ပြန်ပို့လိုက်တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

ကိုယ်ချင်းကမိတယ်။ ဟုတ်မှာပဲ၊ သူ့အလှည့်တုန်းကလည်း

ပဲနေမှာပဲ။

ဟန်ဆောင်တာပဲဖြစ်ဖြစ်၊ တကယ်ပဲဖြစ်ဖြစ် လူတစ်ယော
အပြစ်တစ်ခါပေးဖို့ဆိုတာ တော်တော်ပင်ပန်းတဲ့အလုပ်။ အပြစ်ပေးပြီးရင်
တော်တော်နဲ့ မျက်နှာချင်းမဆိုင်ရဲသလို ဖြစ်ပြန်ရော။

ခုဆို အိမ်နန်းကို တောင်ကြီးကောလိပ်မှာ တွေ့ခဲ့ပြီးလို့
ကျော်ပြီ၊ တစ်ခါမှ မျက်နှာချင်းမဆိုင်ဖြစ်ဘူး။ သူကတော့ နှစ်ခေါက်သုံး
လာရသေးတယ်။ ငါက မတွေ့မခံဘူး။ သူ ရောက်တယ်ကြားတာနဲ့
အိုက်ပေါင်းတို့ခြံဘက် ထွက်ခဲ့တာချည်းပဲ။ နိုပ်စက်တာ မဟုတ်တော့
ရင်မဆိုင်ရဲတာ၊ ကိုယ့်မှာ အပြစ်မရှိပါဘဲနဲ့ သူ့ကို ရင်မဆိုင်ဝံ့တာ ဘာကြော
လဲ။ အဲဒါ အချစ်တဲ့လား။

"သားကို ကြည့်ရတာ မရွှင်ဘူး"

အမေက ခဏခဏမေးရာတယ်။

"ဘာဖြစ်နေသလဲ"

ဘာဖြစ်နေသလဲဆိုပေမယ့် အမေ သိနေသလိုပဲ။

"အမေ့ကို မှန်မှန်ပြောစမ်း"

ဒီလိုမေးလာတိုင်း အမေ့ကို ရယ်ပြလိုက်တာချည်းပဲ။ ဘာမှ မ
ပါဘူးလို့တော့ မလိမ်ချင်ဘူး။ မဖြစ်တာမှ မဟုတ်ဘဲပဲ၊ ဖြစ်နေတာပဲ၊ ဖြစ်
မှ ဖျစ်ဖျစ်. ဖျစ်ဖျစ်နဲ့ကို ရင်ထဲက ပူနေအောင်ဖြစ်တာ။



သိပ်လွမ်းတယ်၊ နေလို့မရအောင်ကို လွမ်းတယ်၊ တစ်ခါတစ်ခါ
အမြဲတော့ မလွမ်းနိုင်ဘူး။ အလုပ်တွေ ငါ့မှာပုံလို့၊ ဒါပေမဲ့ ကြားပေါက်ကြား
ပေါက်ကတော့ လွမ်းတာပဲ။

အလုပ်အကိုင်ပါးတဲ့အချိန်တွေမှာဆို အနေရခိုးတယ်။ ဒါပေါ့ စိတ်
က လွတ်လပ်နေတာကိုး။ အာရုံက သူ့ဆီကို ရောက်ရောက်သွားတယ်။
ထမင်းကတစ်ဆင့်၊ လေပြည်ကတစ်ဆင့်၊ ညောင်ရွက်တွေကတစ်ဆင့်၊ တိမ်
တိုက်တွေကတစ်ဆင့်၊ ကတ္တရာလမ်းကြီးတွေကတစ်ဆင့် . . .။

* * *

"သနားပါတယ် အပြာရယ်"

သန်းထွတ်ကတော့ စေတနာစကား ပြောပါသေးတယ်။ ဒီတုန်းက
သန်းထွတ်ကို ပြန်ပြောမိတယ်။

"သနားရင် မင်း ယူလိုက်ပါလား"

သန်းထွတ် စိတ်မဆိုးဖူး ဆိုးသွားတယ်။

"ဘာဖြစ်လို့ ဒီလို ပရမ်းပတာတွေ ပြောရသလဲ အပြာ၊ မအိမ်နန်း
နဲ့ ပတ်သက်လို့ ငါ မင်းကို ခဏခဏပြောဖူးတယ်၊ မေ့လိုက်ပါ၊ ဆက်မကြိုး
စားပါနဲ့လို့"

"အင်းလေ . . . ဒါကြောင့် ငါပြောပြီကော၊ မင်းယူလိုက်ပါလားလို့"

"မင်းစကား အဓိပ္ပာယ်ရှိမရှိ မင်းစဉ်းစားဖို့ ကောင်းတယ် အပြာ၊
ငါပြောတဲ့အဓိပ္ပာယ်က ကောင်မလေးကို ခုလိုဆက်ပြီးနှိပ်စက်နေဖို့ မကောင်း
ဘူး။ သွားသွားလာလာ၊ ခေါ်ခေါ်ပြောပြော နေသင့်တယ်၊ ဒါပေမဲ့ အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



*ဆက်ပြီး မမျှော်လင့်သင့်တော့ဘူး။ ဒါကို ငါဆိုလိုတာ၊ ဘာဖြစ်လို့ မင်းလိုရာ* မင်းဆွဲပြီး ငွတ်ပြောနေရသလဲ"

"တော်စမ်းကွာ"

"မတော်နိုင်ဘူး အပြာ၊ ဒီအချိန်မှာ ငါ့ကို အလုပ်ရှင်တစ်ယောက်အနေနဲ့ မင်းအမိန့်မပေးပါနဲ့၊ မင်းကို သူငယ်ချင်းတစ်ယောက်အနေနဲ့ ငါ စကားပြောနေတာပါ"

တကယ်တော့ မနိုင်လို့တဲ့လူဟာ ရှုံးစမြဲပဲ။ ငါ သန်းထွတ်ကို စကားနိုင်အောင် မပြောနိုင်ဘူး။ မနိုင်တဲ့လူဟာ ရမ်းတယ်၊ ငါ မတ်တတ်ရပ်လိုက်တယ်။ ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ချာကနဲ လှည့်ထွက်ခဲ့တယ်။

သန်းထွတ်က ငါ့လက်ကို ဖျတ်ကနဲ လှမ်းဆွဲလိုက်တယ်။

ဒေါသထွက်တာလား၊ ဘာလုပ်ရမှန်း မသိလို့ ရမ်းတာလားတော့ မသိဘူး။ ငါ့ကိုယ် သန်းထွတ်ဘက်လှည့်လိုက်တဲ့အချိန်မှာ သန်းထွတ်အင်္ကျီကို ရင်ပတ်ကနေဆွဲဆောင့်ပြီးနေပြီ။

"ဟောကောင် . . . သန်းထွတ်၊ ငါ မင်းကို လက်သီးနဲ့ ထိုးမိလိမ့်မယ်"

သန်းထွတ်ကတော့ အေးအေးဆေးဆေးပဲ ပြုံးပြီး ငါ့ကို ကြည့်တယ်။ သူ့ရဲ့အကြည့်ဟာ သူငယ်ချင်းတွေအားလုံးအပေါ် ငါက အမြဲတမ်းကြည့်ခဲ့တဲ့အကြည့်၊ အနိုင်ယူတဲ့အကြည့်။ အထက်စီးကကြည့်တဲ့အကြည့်၊ မတုန်လှုပ်တဲ့အကြည့်။

"မင်း ငါ့ကို လက်သီးနဲ့ထိုးတော့ ငါ့မေးရိုးကျိုးရုံအပြင် မပိုပါဘူး အပြာ၊ ခု ငါပြောနေတာ မင်းဘဝတစ်ခုလုံးအတွက်ပါ"

ငါ သူ့အင်္ကျီစကိုဆွဲထားရာက လျှော့လိုက်တယ်။ သူ ငါ့ပခုံးကို



လက်နှစ်ဖက်နဲ့ လှမ်းဖက်တယ်။

"တကယ်တော့ ဘဝဆိုတာ အချစ်ကစတာပါ အပြာ၊ အချစ်မှာ ရှုံးလွှတ်ခဲ့ရရင် ဘဝဖြစ်လာတဲ့အခါ ရင်နာရတယ်၊ ပိုင်ဆိုင်ခဲ့ရင် ရင်မနာရဘူး ဒါပါပဲ အပြာရယ်"

ဒီလောက် လေးနက်တဲ့စကားကို သန်းထွတ် တစ်ခါမှ မပြောဖူးဘူး။ ငါ အံ့သြသွားတယ်။

"ဘာပဲဖြစ်ဖြစ် ဘဝဖြစ်လာတဲ့အခါ အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းပါ၊ ရင်နာခဲ့ရတဲ့ အချစ်ကြောင့် ဘဝမှာ လေးနက်မှုကို ရနိုင်တယ်၊ မင်း ရင့်ကျက်ချိန်တန်ပါပြီ အပြာ . . . သူငယ်ချင်းရယ်၊ ငါ အပါအဝင် ဒီခြံက အလုပ်သမားတွေရော မင်းမာသားကြီးပါ မင်းအပေါ် မှီခိုနေရတယ်ဆိုတာ မင်းအသိပါ"

ငါ ဝမ်းနည်းသွားတယ်။ မျက်ရည်လည်ချင်လာတယ်။ သန်းထွတ်ရဲ့ ပခုံးကို ပြန်ဖက်လိုက်တယ်။

သန်းထွတ်က သူ့အင်္ကျီအိတ်ထဲက စာရွက်ခေါက်ကလေးတစ်ခု ထုတ်ပေးတယ်။ သိပြီ။ အိမ်နန်း ငါ့ဆီရေးတဲ့စာ ဖြစ်မယ်။ သူ လှမ်းပေးရင်း ရုတ်တရက် မယူဘူးလို့ စဉ်းစားလိုက်တယ်။ ဟုတ်တယ်၊ ရုတ်တရက်တော့ စာကို လက်မခံချင်ဘူး။

ဒါပေမဲ့ သန်းထွတ်က ငါ့ကို စာလှမ်းမပေးဘူး။ ငါ့အင်္ကျီအိတ်ထဲကို တစ်ခါတည်း အပြီးထိုးထည့်ပေးလိုက်တယ်။ ငါ ဘာမှမပြောဘူး။ သန်းထွတ်ရဲ့လက်မောင်းကို တစ်ချက်လှမ်းပုတ်ပြီး ထွက်လာခဲ့တယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com



အပြာ

ငါ နေမကောင်းဘူး

နင့်စိတ်နဲ့ နေမကောင်းတာလို့တော့ မထင်စေချင်ပါဘူး။ အ[illegible] ရှုပ်မိပြီး ဖျားတာပါ။

ဒါပေမဲ့ ငါ နေမကောင်းတဲ့အချိန်မှာတော့ နင့်ကို ပိုပြီး သတိ[illegible] နေတယ်။

ပြီးခဲ့တာတွေ သင်ပုန်းချေပြီး ငါ့အပေါ် သူငယ်ချင်းတစ်ယောက်[illegible] ဆက်ဆံနိုင်တယ်ဆိုရင် ငါ့ကို သတင်းလာမေးပါ အပြာ။

နေမကောင်းတဲ့အချိန်မှာ သူငယ်ချင်းတွေ သတင်းမေးလာတယ်[illegible] ဆိုတာ ဓာတ်စာတစ်မျိုးပါဟာ . . .။

အိမ်နန်း[illegible]

* * *

"မောင်ကြည်ပြာတို့များ နေနိုင်ပါဘိကွယ်၊ မင်းနမဖျားတာ[illegible] တစ်ပတ်တောင်ပြည့်သွားပြီ"

မရောက်တာကြာလို့ အထူးအဆန်းလိုဖြစ်နေတဲ့ အိမ်နန်းတို့အိမ်[illegible] ရဲ့ အိမ်ဦးခန်းကို ကျီးကြည့်ကြောင်ကြည့်လုပ်နေတုန်း ဒေါ်လေး ဒေါ်နန်း[illegible] အနားကို ရောက်လာတယ်။ ရောက်မဆိုက် ကရုဏာဒေါသောပြောတယ်[illegible] ဒေါ်လေးတို့အနေနဲ့ကတော့ ငါ့အပေါ် တူလိုသားလိုဖြစ်နေတာမို့ ဘာမှအားနာ[illegible] ပြီး ပြောစရာမလိုဘူး။

"ခကော အိမ်နန်း ဘယ့်နှဲနေသေးလဲ ဒေါ်ဒေါ် ကျွန်တော်လည်း[illegible]



[illegible]လုပ်၊ ကျောင်းအလုပ်နဲ့ ရှုပ်ပြီး . . ."

"ခုတော့ စုံသွားပါပြီ"

"ဗျာ . . ."

"အထွက်ရပ်သွားပြီလေ၊ ညှိုးတောင် ညှိုးကုန်ပြီပဲ"

ဘာတွေပြောနေမှန်း ငါ မသိဘူး။ ဘာစုံတာလဲ။ ဘာညှိုးကုန်[illegible]လဲ။

"သူ ဖျားတာဆို ဒေါ်လေးရဲ့"

"အေးလေး . . .အပူလွန် ကျောက်ပေါက်ပြီး ဖျားတာပေါ့"

"ကျောက်ပေါက်တာ . . ."

"အေး . . .ရေကျောက်ပေါက်တာ၊ ရယ်လည်း ရယ်ရသကွယ်၊ [illegible]ငယ်ကျကာမှ ရေကျောက်ပေါက်ရတယ်လို့"

"ဟာ . . .ကျွန်တော်သိတာက ရိုးရိုးဖျားတာလောက် သိတာ"

"ကဲ . . .ကဲ . . .မင်းနမ သွားကြည့်လိုက်ပါအုံး"

တော်တော်ကြီး စိတ်မကောင်းဖြစ်သွားတယ်။ ရေကျောက်ဆိုတာ [illegible]မှန်း ငါမသိဘူး။

သိပ်ကို စိုးရိမ်မိတာပဲ။ ဒါလောက် နုဖတ်ပြီး ထွတ်ထွတ်ကလေး [illegible]တဲ့ အိမ်နန်းရဲ့မျက်နှာပေါ်က ပါးစုံလေးမှာ ကျောက်ပေါက်ရာကြီးတွေ [illegible]နေမယ်ဆိုရင် . . .။ တွေးတောင် မတွေးရဲဘူးကွာ။

ငါ ကြည့်မဝခဲ့တဲ့ ငါ့ချစ်သူလေးရဲ့ မျက်နှာလေးပါ။ ဘယ်လိုမှ [illegible]ပေါက်အစွန်းမခံနိုင်ဘူး။

လေကားပေါ်တက်လာရင်း တွေးလိုက်မိတယ်။ သူ့ကို ငါ အရင် [illegible]လိုပဲ ချစ်နိုင်ပါ့မလား။ ဒီကျောက်ပေါက်ရာ အနာကြီးတွေနဲ့ ဆို . . .ချစ်

www.burmeseclassic.com



နေမှာပါ။ ငါကတော့ ချစ်နေအုံးမှာပါ။ သူ့အချစ်ကို ရရ မရရ ချစ်နေရမှာက ငါ့တာဝန်ပဲ။

ငါ့စိတ်ထဲမှာ ကြည်လင်သွားတယ်။ ငါ့အချစ်ကိုလည်း ပိုပြီးယုံကြည်လာတယ်။ 'ကျောက်ပေါက်ရာတွေနဲ့လည်း သူ့ကို ငါ ချစ်နိုင်သားပဲ။

သူ့အိပ်ခန်းလိုက်ကာကို ရုတ်တရက်မဖွင့်ရဲဘူး။ တစ်ခါမှလည်း သူ့အိပ်ခန်းထဲ မဝင်ဖူးဘူး။

သူ့အိပ်ခန်းလိုက်ကာကို ဖွင့်လိုက်တဲ့အခါ အိပ်ရာပေါ်မှာ ပက်လက်ကလေးလှဲပြီး တစ်မျက်နှာလုံး ကျောက်ပေါက်ရာတွေနဲ့ ငါ့ကိုကြည့်နေတဲ့အခါ ငါ ဘယ်လိုနေရမှာလဲ။

သူ့အိပ်ခန်းဝမှာ တွေပြီး ငါ ရပ်နေမိတယ်။ ရင်ထဲမှာလည်း တဒိတ်ဒိတ်နဲ့။ တစ်ခါမှ ခုလောက် စိတ်မလှုပ်ရှားဖူးဘူး။ ဝမ်းနည်းသလို၊ အားငယ်သလိုလည်း ဖြစ်နေတယ်။

"ဟဲ့ . . . အပြာ၊ ဘာလုပ်နေတာလဲ၊ အထဲဝင်လေ . . ."

ငါ့နောက်က တက်လိုက်လာတဲ့ ဒေါ်လေးက ငါ့ပခုံးကို ပုတ်ရင်း ပြောလိုက်တော့ လန့်ပြီး ဆတ်ကနဲ တွန့်သွားမိတယ်။

လိုက်ကာကို အသာဖယ်ပြီး ဒေါ်လေးရှေ့က ဝင်သွားတော့ သူ့နောက်က အသာကလေး ကပ်လိုက်သွားတယ်။

ခုတင်ရှိရာဘက်ကို ငါ မကြည့်ရဲသေးဘူး။ ခုအချိန်မှာ ငါ့စိတ်ထဲ သူ့ကို ချစ်ရေးဆိုခဲ့မိတာ သူက ရက်ဒေါသနဲ့ ငါ့ကို မခေါ်တဲ့နေခဲ့တာ ငါ ပြန်ပြီး အရွဲ့တိုက်ခဲ့တာတွေကို ငါ လုံးဝမေ့နေပြီ။

ငါ့စိတ်ထဲမှာ သူ့မျက်နှာလေး အလှပျက်သွားပြီဆိုတာလောက်ပဲ သိနေတယ်။ တော်တော့်ကို စိတ်ထိခိုက်နေမိတယ်။



သူ့ခုတင်နားကို ရောက်လာတယ်။ ပထမဆုံး စောင်ခြုံထားတဲ့ သူ့ခြေထောက်ကို ကြည့်လိုက်တယ်။ တဖြည်းဖြည်း ပေါင်တန်လေးကို ကြည့်တယ်။ စောင်အောက်မှာ နိမ့်ချီမြင့်ချီဖြစ်နေတဲ့ ဝမ်းဗိုက်ကလေး၊ သူ့ရင်ခေါင်းအထိ စောင်ခြုံထားတယ်။ လက်ကလေးတစ်ဖက်က စောင်ထဲကထွက်ပြီး ခုတင်ဘေးမှာ တွဲလောင်းကျနေတယ်။ ဘုရား . . . ဘုရား . . .။

ကြည့်စမ်းပါအုံးကွယ်။ ငါပြောလို့ မဝအောင် လုခဲ့တဲ့လက်သွယ်လေး၊ ဖယောင်းလေးလို ဖောင်းနေတဲ့ လက်သွယ်လေး၊ အရင်းမှာမို့ပြီး အဖျားဆီကို ရှူးဆင်းသွားလို့ ပန်းချီဆန်တယ်လို့ ငါပြောခဲ့တဲ့ လက်ကလေး။ ကြည့်စမ်းပါအုံးကွယ်။

ဖြူနုနေတဲ့ လက်ကလေးမှာ အနီရောင်အဖုတွေ၊ တချို့အဖုတွေက ညိုမည်းနေပြီ။ ပြည်လိုလို အရည်စို့နေတာလဲ ပါတယ်။

"ထိုင် . . . အပြာ"

ဒေါ်ဒေါ်က ခုတင်နားကို ခုံတစ်လုံးရွှေ့ပေးတယ်။ ခုံမှာ ထိုင်လိုက်ရင်း အိမ်နန်းရဲ့မျက်နှာကို ကြည့်လိုက်တယ်။ အို . . . တစ်မျက်နှာလုံး အနီနဲ့ အညိုဖုတွေနဲ့ပါလား။

တော်သေးတယ်၊ အိမ်နန်း အိပ်ပျော်နေလို့။ နို့မို့ဆို သူ့ကို ငါ ဘယ်လိုမျက်နှာချင်းဆိုင်ရမလဲ၊ သူ ရှက်နေမှာပေါ့။ ပြီးတော့ သူ့အလှပျက်သွားလို့ သူ အားငယ်နေမှာပေါ့။

ဒေါ်လေးက သူ့နဖူးလေးကို လက်ခုံနဲ့ အသာကပ်ပြီး လှည့်ပြောတယ်။

"အဖျားတော့ လုံးဝမရှိပါဘူး၊ ဒီနေ့ ရေချိုးရက်ရပြီ"

"ရေချိုးလို့ ဖြစ်ပါ့မလား ဒေါ်လေး"

www.burmeseclassic.com

www.burmeseclassic.com



“ရေကျောက်ဆိုတာ အဖျားကျပြီ၊ စုံပြီဆိုရင် ရေနိုင်နိုင်ချိုးပေးရတာပဲ”

“အိမ်နန်း သနားပါတယ် ဒေါ်လေးရယ်”

အိမ်နန်းမျက်နှာကိုကြည့်ရင်း ငါပြောလိုက်ချိန်မှာ အိမ်နန်း အိပ်ရာနိုးလာတယ်။ ငါ ပြုံးပြတယ်။ ငါ သူ့ကို သိပ်သနားတာပဲကွာ။ ဒါပေမဲ့ တို့နှစ်ယောက် ချက်ချင်း စကားမပြောဖြစ်ဘူး။ ဘာပြောရမှန်းလည်း မသိဘူး။ အဆင်မပြေခဲ့ကြတာကလည်း ကြာပြီကိုး။

“နေကောင်းတယ်နော် အိမ်နန်း”

သူ ခေါင်းညိတ်ပြတယ်။

“နင် နေမကောင်းဖြစ်နေတယ်ဆိုတာ ငါ လုံးဝမသိလို့ပါ”

“ကိစ္စမရှိပါဘူးဟာ”

တို့ပြောနေတဲ့စကားတွေဟာ သာမန်စကားတွေပဲ။ တကယ်တမ်းရင်ထဲမှာရှိတဲ့စကားတွေ ပြောလို့ မထွက်ဘူး။ ပြောလို့လည်း မဖြစ်ဘူးလေ။ ဒေါ်လေးကအနားမှာ ရှိနေတော့ . . .။

“ကဲ . . . သမီး ဒီနေ့ ရေချိုးရမယ်၊ မေမေသွားပြီး ပြင်လိုက်အုံးမယ်၊ သမီးသူငယ်ချင်းနဲ့ စကားပြောနေအုံး”

ဒေါ်လေး အခန်းအပြင်ရောက်တဲ့အထိ အိမ်နန်းမျက်နှာကို ငါကြည့်နေမိတယ်။ ငါ့ရဲ့အကြည့်ဟာ သူ့ကို သိပ်သနားနေတဲ့အကြည့်မှန်း သူသိမှာပါ။ သူ့အကြည့်ကလည်း ငါ့အပေါ်ခွင့်လွှတ်တဲ့ ငါ့ကို အားကိုးတဲ့အကြည့်။

အိမ်နန်းက ရယ်သဲ့သဲ့လေးနဲ့ ပြောတယ်။

“ဘယ့်နှယ်လဲ၊ ငါ ပိုပြီး လှမလာဘူးလား”

ငါ သက်ပြင်းချလိုက်ရတယ်။



ဒီအဖြစ်မျိုးကို ရယ်မောပြီး ပြောနိုင်တာ ငါ အံ့ဩသွားတယ်။

“ငါ စိတ်မကောင်းပါဘူး အိမ်နန်းရာ”

“ဘာဖြစ်လို့လဲဟ”

“နင့် အဖြစ်ကိုပေါ့”

“ဘာထူးထူးထွေထွေ စိတ်မကောင်းစရာရှိလို့လဲ အပြာရဲ့”

ပြောသင့်၊ မပြောသင့် စဉ်းစားရတယ်။ ငါပြောလိုက်ရင် ငါ့အတွက်၊ ဒါမှမဟုတ် ကိုစည်သူအတွက် ရည်ရွယ်ပြီးပြောတာလို့ သူ ထင်သွားမှာစိုးတယ်။ သူ့အလှ ပျက်စီးသွားတာကို အချစ်ကိစ္စနဲ့ လုံးဝမပတ်သက်စေချင်ဘူး။ သူ့အလှပျက်သွားလို့ ငါစိတ်မကောင်းတဲ့အကြောင်း ငါ ဘယ်လိုလုပ်ပြောရမလဲ။

“ပြောလေ အပြာ၊ ဘာကို စိတ်မကောင်းတာလဲ”

ငါ သူ့မျက်နှာကိုပဲ ကရုဏာအပြည့်နဲ့ ငေးကြည့်နေမိတယ်။ ငါ ဒိုပြီး နှမြောတာက သူ့လက်ကလေး . . .။ သူ့လက်ကလေးဟာ သိပ်လှတယ်။ သူ့ကိုလည်း ဟိုအရင်တွေစကတည်းက ခဏခဏပြောပြဖူးတယ်။ သူ့မျက်နှာကို ကြာကြာကြည့်မနေရဲလို့ သူ့လက်ကလေးကို အာရုံပြောင်းလိုက်ရတယ်။

သူ သဘောပေါက်သွားပြီ ထင်တယ်။

“ဘာလဲ ဒီအနာတွေကြောင့်လား”

ငါ သာသာကလေး ခေါင်းညိတ်ပြလိုက်တယ်။ သူ့ရဲ့ ရယ်သံသဲ့သဲ့ကလေးကို ကြားလိုက်ရတယ်။

“ငါ့ကို စိတ်ပျက်နေတယ် မဟုတ်လား အပြာ . . . ဟင်”

စော်ကားတာ၊ ဒါ ငါ့အချစ်ကို စော်ကားတာ။ ငါ ရုတ်တရက်

www.burmeseclassic.com



မတ်တတ်ထရပ်လိုက်တယ်။ နေမကောင်းတဲ့လူရှေ့မှာ ခုလိုပြုမူတာ ရိုင်းချင် ရိုင်းမယ်၊ မတတ်နိုင်ဘူး။ ငါ့ကို ခုလောက်ထိ နားမလည်တာတော့ ငါ ဝမ်းနည်းတယ်။ သူကတော့ ပြုံးပြုံးလေး မော့ကြည့်နေတာပဲ။

"ငါ ခုလိုလာတာ ငါ့သူငယ်ချင်းဆီ လူနာသတင်းမေးဖို့ လာတယ် ဆိုတာ နင်မယုံကြည်ဘူးလား အိမ်နန်း၊ ငါ သိပ်ဝမ်းနည်းတယ် ဆောရီးပဲ"

ငါ လှည့်ထွက်မယ်လုပ်တော့ ငါ့လက်ကို သူ့လက်နဲ့ ဖမ်းဆွဲတယ်။ တစ်မျိုးပဲ။ သူ့လက်နဲ့ ငါ့လက်ကို ဖမ်းဆွဲခံရတာတစ်မျိုးပဲ။

သူ့လက်ကလေးကို ဖွတ်ဖယ်ပစ်ရမှာ ငါ မရဲဘူး။ ငါ မရုန်းမိဘူး သူ့ကိုပဲ နားမလည်နိုင်တဲ့အကြည့်နဲ့ ငေးကြည့်နေမိတယ်။

"နင်ဟာလေ ခုထိကို ဆတ်ဆတ်ထိ မခံနိုင်သေးဘူး၊ ဒါလောက် ဒေါသအိုးကြီးရင် တစ်နေ့ ခက်လိမ့်မယ် အပြာ"

ငါ သက်ပြင်းချပြီး ပြန်ထိုင်လိုက်ရတယ်။ စိတ်ကို အတတ်နိုင်ဆုံး ထိန်းထားရတယ်။ နေမကောင်းနေတဲ့လူကို အတတ်နိုင်ဆုံး အလိုလိုက်ရမှာပေါ့လေ။ ဘာပဲဖြစ်ဖြစ် သူ့စကားကိုတော့ တစ်စုံတစ်ရာပြန်ပြီး ချေပသင့်တယ်လို့ ငါ ထင်တယ်။

"အိမ်နန်းရယ် . . နင့်အလုပ်ဟာ ငါနဲ့ ဘာမှမဆိုင်ဘူးဆိုတာ ငါ သိပါတယ်၊ သူငယ်ချင်းတစ်ယောက်အနေနဲ့ နင့်အလုပ်ပျက်သွားမှာကို စိတ်မကောင်းရုံတစ်မယ်ပါ"

သူ့ကိုမကြည့်ဘဲ သူ့လက်ကလေးကိုပဲကြည့်ရင်း ပြောလိုက်တယ်။ အို . . ငါ့လက်ဟာ သူ့လက်ကလေးထဲမှာပဲ ရှိနေတုန်းပါလား။ သူ ဘာလို့ ငါ့လက်ကို ခုထိ ကိုင်ထားရသလဲ၊ ငါကကော ဘာလို့မရုန်းမိသလဲ။ သူ့ဆီ သက်ပြင်းချသံငွေ့ငွေ့ကို ကြားလိုက်ရတယ်။



"ငါက အလကားကျီစယ်နေတာပါ အပြာရယ်၊ ပြီးတော့ ရေကျောက်ဆိုတာ ဘာမှဖြစ်တာမှ မဟုတ်တာ၊ လူတိုင်းလိုလို ကလေးဘဝမှာ ကျောက်ပေါက်ဖူးကြတာချည်းပဲ" စကားကို ခဏဖြတ်ပြီး သူ ရယ်တယ်။

"ငါ့ကျမှ ထူးထူးဆန်းဆန်း အသက်ကြီးမှ ပေါက်တာ . . ရှက်စရာကောင်း ကောင်းတယ်"

တကယ်ဟုတ်သလား။ ရေကျောက်ဆိုတာ ကျောက်ပေါက်မှန်ရာ ကြီးတွေ မကျန်ဘဲ နေသလား၊ ငါ မသိခဲ့ဘူး။

"ကျောက်ပေါက်ရာကြီးတွေ မကျန်ခဲ့ဘူးပေါ့ ဟုတ်လား"

သူက ပြုံးပြုံးလေး ခေါင်းညိတ်ပြတယ်။

"အင်းပေါ့ . . သဘောကတော့ဟာ ကိုယ်ထဲမှာ အပူတွေများလို့ ထွက်တဲ့သဘောပေါ့"

ငါ ဝမ်းသာသွားတယ်၊ တစ်ဆက်တည်းပဲ ပြုံးလိုက်မိတယ်။ သူ့ကိုယ်ထဲမှာ အပူတွေများလို့တဲ့၊ ငါ ပြုံးတာကို သူ သဘောပေါက်သွားသလိုပဲ။

"ဘာပြုံးတာလဲဟ"

"မဟုတ်ပါဘူး၊ ကိုယ်ထဲမှာ အပူတွေများတယ်ဆိုလို့ပါ"

"အေးလေ . . အဲဒါကြောင့် ရေကျောက်ပေါက်တာပေါ့"

ငါ ရယ်လိုက်တယ်။ သူ့ရင်ထဲမှာ အပူကြီးရင် ရေကျောက်ပေါက်တဲ့၊ ရေကျောက်အနီလေးတွေ၊ အညိုလေးတွေ မွနေတဲ့ သူ့မျက်နှာလေးက ငါ့ကို နားမလည်သလို မော့ကြည့်နေတယ်။

"ဘာရယ်တာလဲဟ အပြာရ"

"မဟုတ်ပါဘူး၊ ရင်ထဲမှာ အပူကြီးရင် ရေကျောက်ပေါက်တယ် ဆိုလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ သဘောပေါက်သွားတယ်။ ရှက်ပြီး မျက်နှာကို တစ်ဖက်လှည့်သွားတယ်။

အို . . . ကြည့်စမ်း။ ခုထက်ထိ ငါ့လက်ကို သူ မလွှတ်သေးဘူး ရေကျောက် အနီ၊ အညိုလေးတွေ စိုစိုစိုဖြစ်နေတဲ့ သူ့လက်ကလေးကို ငါ မြန်ကိုင်ထားမိနေပါကလား။

အောက်ထပ် ဧည့်ခန်းဆီက စားပွဲကုလားထိုင်ရွှေ့သံတွေ ကြား နေရတယ်။ ငါနဲ့ သူနဲ့ကတော့ တစ်ယောက်ကိုတစ်ယောက် ငြိမ်ငြိမ်လေး ကြည့်နေကြတာပဲ။ လပေါင်းများစွာ မပြေမလည်ဖြစ်ခဲ့ကြတာတွေ ဘယ် ရောက်ကုန်ပြီလဲ။ ငါတို့နှစ်ယောက်ရဲ့ ရှက်ပြုံးတွေဟာ ကမ္ဘာပေါ်မှာ အချို ဆုံးပေါ့။

ရုတ်တရက် ငါကစပြီး စကားပြောလိုက်တယ်။ ဘာကြောင့် ဒီ စကားကို ရွေးပြောဖြစ်တယ်ဆိုတာ ငါ မသိဘူး။ မင်းတို့လည်း မသိနိုင်ဘူး

ဒါပေမဲ့ မင်းတို့ရော၊ ငါရော သိပါတယ်။ ငါက မေးမိတယ်။

"ကိုစည်သူ ဘယ်တော့လာအုံးမှာလဲ" လို့။

ငါ့လက်ကို ကိုင်ထားရာက ဖျတ်ကနဲ လွှတ်လိုက်တယ်။ ငါ့လက် ဖဝါးမှာ ဆေးထန်းထန်းနဲ့ ချွေးကလေးတွေ ကျန်ခဲ့တယ်။ ဒါပေါ့ လက်ဖဝါး ချင်းပူးကပ်နေတာ ကြာပြီကိုး။

အိမ်နန်းရဲ့မျက်နှာဟာ တစ်စုံတစ်ရာအတွက် စိတ်မကောင်းဖြစ် သွားသလိုပဲ။ တိုးတိုးလေး ပြောတယ်။

"ကိုစည်သူနဲ့ ငါ့ကို စေ့စပ်ဖို့ စီစဉ်ကြတယ်ဆိုတာ နင် သိလား"

"နင်တို့နှစ်ယောက် လိုက်ပါတယ်"

လှိုက်ကနဲဖြစ်သွားတဲ့ ရင်ခေါင်းထဲက ထွက်လာတဲ့စကားဆိုတော့



နည်းနည်းတော့ လှုပ်ခါနေတာပေါ့။

"သူတို့ဘက်က သဘောတူလို့ သူတို့ကစလာတဲ့ ကိစ္စပါ"

"ကိုစည်သူဟာ လူတော်တစ်ယောက်ပဲ"

ဒီစကားကတော့ တကယ့်စေတနာရှိနဲ့ ပြောလိုက်တဲ့စကားပါ။

"ဦးလေးနဲ့ အမေကလည်း ကိုစည်သူ့ကို သဘောကျကြတယ်"

"ငါလည်း သဘောတူပါတယ် အိမ်နန်း"

အိမ်နန်းက သက်ပြင်းချတယ်၊ ခေါင်းခါတယ်။ ထူးတော့ ထူးဆန်း တယ်၊ သူနဲ့ ငါ ခုလို စကားမျိုးပြောနေတဲ့အခိုက်မှာ ထေ့တဲ့၊ ငေါ့တဲ့သဘော တွေ လုံးဝမပါဘူး။ သူငယ်ချင်းတစ်ယောက်ရဲ့အရေးကို ဆွေးနွေးတဲ့သဘော၊ ချစ်သူရဲ့နောင်ရေးကို စဉ်းစားတဲ့သဘောပဲ ရှိတယ်။

ဟုတ်မှာပါ၊ အချစ်ဆိုတာ အသန့်ရှင်းဆုံးအရာပဲ။

"ဒါပေမဲ့ . . . အမေကရော ဦးလေးကရော ပြောကြတယ်၊ ငါ သဘောမပါဘဲ မစီစဉ်ချင်ဘူးတဲ့"

"ဘာစဉ်းစားစရာ ရှိလို့လဲ အိမ်နန်း"

ဒီတစ်ခါတော့ အိမ်နန်းက ငါ့ကို အလန့်တကြား လှည့်ကြည့် တယ်။ မျက်ရည်ဝဲလာသလိုပဲ။

"အေး . . . ဟုတ်တယ် အပြာ၊ နင့်စကား မှန်တယ်၊ ငါ ဘာမှ စဉ်းစားဘဲ ကိုစည်သူ့ကို ငြင်းလိုက်တယ်"

"ဟင် . . ."

"ဟင်" ဆိုတဲ့ ငါ့အသံဟာ ဝမ်းသာသံပါသွားသလား ငါမသိဘူး မကောင်း ပါမယ်၊ ငါ ဝမ်းသာသွားတာကိုး။

"ဘာလို့ ငြင်းလိုက်ရသလဲ အိမ်နန်း"

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ ငါ့ဝမ်းသာမှုကို ဖုံးကွယ်တဲ့စကားသာ ဖြစ်လိမ့်မယ်ဆိုတာ မင်းတို့ သိမှာပါလေ။ ငါ့အမေးကို တော်တော်နဲ့ သူ မဖြေဘူး။ ပြတင်းပေါက်ဘက်ကို လှည့်ပြီး ငေးနေသေးတယ်။ ပြီးမှ ငါ့ကိုမကြည့်ဘဲ ဖြေတယ်။

"သူ့ကိုမှ ငါ မချစ်ဘဲ"

လှေကားအတိုင်း တက်လာတဲ့ခြေသံကို ကြားရတယ်။ ဒီထက်တို့ဆက်စရာစကားအတွက် အချိန်မရတော့ဘူး။ ဒါပေမဲ့လေ စကားမပြောတဲ့ ပန်းချီကားတွေဟာ ပိုပြီး အဓိပ္ပာယ်ပြည့်ဝမြဲပဲ။

ငါတို့နှစ်ယောက် ပြုံးပြီး ကြည့်နေလိုက်ကြတယ်။ ဒေါ်လေး ရောက်လာတယ်။

"ကဲ . . . သမီး ရေချိုးဆင်းကြစို့ အသင့်ဖြစ်ပြီ၊ မောင်ကြည်ပြာလည်း လာလေ၊ အောက်မှာ ကော်ဖီဖျော်ထားတယ်"

ကြာပြီ . . . ကြာလှပြီ။ ဒေါ်လေးရဲ့ ကော်ဖီခါးခါးနဲ့ အိမ်နန်းရဲ့အပြုံးချိုချိုလေးကို မတွေ့ရတာ။

အောက်ထပ်ကို ဆင်းလာရင်းနဲ့ တွေးမိလို့ ပြုံးရသေးတယ်။

ရင်ထဲမှာ အပူကြီးလို့သာ ရေကျောက်ပေါက်ရရင် ငါက အရင်ပေါက်သင့်တာပေါ့။

ပြီးတော့ တွေးမိသေးတယ်။ ခုလောက်ဆို ကိုစည်သူတစ်ယောက် ရေကျောက်များပေါက်နေပြီလား။

သေချာပြီ၊ ငါကတော့ ရေကျောက်ပေါက်မှာ မဟုတ်တော့ဘူး။ ငါ့ရင်ထဲမှာ အပူကင်းနေပြီပဲ။

* * *



(၁၅)

သတင်းတော ကြားထားပြီးသားပါ။ ကြာလှပြီ။

အိမ်နန်း ပထမနှစ်စာမေးပွဲအောင်စာရင်း သွားကြည့်ပြီး ပြန်လာတဲ့နေ့ကတည်းက ကြားဘာ။

ငါနဲ့ အိမ်နန်းဟာ သူ ရေကျောက်ပေါက်တဲ့အချိန်ကစပြီး သူငယ်ချင်းတွေလိုပဲ၊ အေး . . . သူငယ်ချင်းမက အခြေအနေပေါ့ကွာ၊ နေလာခဲ့ကြတယ်။

ထုံးစံအတိုင်း သူ့တာဝန် ငါ့မှာ ပိုလာတယ်။ ကျောင်းလခသွင်းပေးရတာတို့၊ သူ့အိမ်က ဟာဟီရအမှုကိစ္စတွေ လုပ်ပေးရတာတို့၊ ဈေးသွားချင်တာတို့ တောင်ကြီးကသူငယ်ချင်းတွေဆီ အလည်သွားချင်တာတို့ စသဖြင့် အညာကိစ္စအလုပ်တွေပေါ့ကွာ။ ငါကတော့ သူသွားလေရာ တကောက်ကောက်လိုက်ပေးရတဲ့ အိမ်ယောင်ဝါးပေါ့၊ ပျော်ပါတယ်။ သူနဲ့ဆိုရင် ငါက ပျော်နေတာပဲ။

ဒီလိုနဲ့ သူ့ကိစ္စတွေကို လိုက်လုပ်ပေးရင်း ပြီးခဲ့တဲ့ ပထမနှစ်စာမေးပွဲအောင်စာရင်းတွေ ထွက်တော့လည်း ငါကပဲ သူ့အောင်စာရင်းကို သွားကြည့်ပေးရတယ်။ အောင်ပါတယ်။ အိမ်နန်း စာမေးပွဲအောင်ပါတယ်။

အောင်စာရင်းကြည့်ပြီး ပြန်အလာ အစားပုတ်မိချို့နဲ့ တွေ့တယ်။

"ဟော့ . . . အပြာ၊ အမှုတော်ထမ်းရာက ပြန်လာတာ မဟုတ်လား"

ဆိုလိုတာက အိမ်နန်းကိစ္စကိုပဲ အမြဲလုပ်နေတယ် မဟုတ်လားလို့ ငါ့ကို နောက်တာ၊ ငါက ပြုံးနေလိုက်တယ်။ ဒါပေမဲ့ ငါ့အပြုံးကို ပျက်သွားမယ့်စကား မိချို့ ဆက်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်နန်း သူ့အောင်စာရင်းကို သိပြီးပြီဟ"

"သူ ဘယ်လိုလုပ် သိလဲ"

ငါ စိတ်ပျက်သွားတယ်။ ပထမ ငါ ပျော်နေတာ၊ သူ အောင်လို့ လည်း ပျော်ခဲ့တယ်။ သူ အောင်စာရင်းကို ဦးဦးဖျားဖျားသိရပြီဆိုတော့လည်း ပျော်ခဲ့တယ်။ ဒါကြောင့် အောင်စာရင်းလာကြည့်မယ့်အကြောင်းကိုတောင် အိမ်နန်းကို အသိမပေးခဲ့ဘူး။ ရုတ်တရက်ကြားရင် ပိုပျော်သွားရအောင်လို့။ ပြီးတော့ မနိုင်းဘဲနဲ့ သတိတရလုပ်ပေးတယ်ဆိုပြီး ငါ့ အမှတ်ရအောင်လို့ ခုတော့ . . .။

"ဟင် . . .မိချို့ သူ ဘယ်လိုလုပ် သိတာလဲ"

"ခုနကတင် ငါနဲ့ ဈေးထဲမှာ နန်းကြီးစားရင်း တွေ့ခဲ့တယ်၊ သူက တောင် မှာလိုက်သေးတယ်၊ အပြာကို ဝမ်းသာရအောင် သွားပြောရအုံးမယ် တဲ့"

"သူ့ဘာသာသူ သွားကြည့်တာလား"

"မဟုတ်ဘူး၊ ဖိုးကျား ကြည့်ပေးတာတဲ့"

"ဖိုးကျား . . ."

ဖိုးကျား။ ဒီနာမည်ကို တစ်ခါမှ မကြားဘူးသေးဘူး။ ဘယ်က ဖိုးကျဲလဲ။ ဘာကောင်လဲ။ ဘယ်လို ပတ်သက်လာတာလဲ။ သူနဲ့ ဘာဆိုင်လို့ အိမ်နန်းအောင်စာရင်းကို ကြည့်ပေးရတာလဲ။

"ဖိုးကျား"

"ဖိုးကျားဆိုတာ ဦးလေး ဦးပန်းအောင်ရဲ့ မိတ်ဆွေရဲ့သားဟ၊ ဒီနှစ် တောင်ကြီးကောလိပ်ကို ပြောင်းလာမှာတဲ့၊ ဒီကိုရောက်နေတာ သုံးလေးရက်ရှိ ပြီတဲ့၊ နင်မသိဘူးလား"



သူက ရောက်တာမှ သုံးလေးရက်ရှိသေးတယ်။ ဘာလို့ အောင် စာရင်းတွေ ဘာတွေ ကြည့်ပေးတဲ့အဆင့် ရောက်နေရသလဲ။ ဘယ်လောက် ရင်းနှီးနေပြီလဲ။

ငါ . . .ငါ ခြံကိုပဲ ပြန်ခဲ့တယ်။

အိမ်နန်းက ရောက်နှင့်နေတာကိုး။ အိမ်ရှေ့ကပြင်မှာ အမေနဲ့ စကားတွေ ပြောနေတယ်။ ငါ့ကိုလည်း မြင်ရော . . .ငါ့ဆီပြေးလာပြီး "ငါ အောင်တယ်ဟ" လို့ ခုန်ပေါက်ပြောရှာတယ်။ ငါက လုံးဝမရယ်မိဘူး။ ဝမ်းသာ လည်း မပြမိဘူး၊ သူ့မျက်နှာလေး ညှိုးသွားတယ်။

"နင် ဘာဖြစ်လာတာလဲဟင်"

ငါ ခေါင်းခါပြလိုက်တယ်။ အိမ်ဘက်ကို မသွားဘဲ သစ်တော်ပင် တန်းတွေဘက် ထွက်ခဲ့တယ်။ သူ ငါ့နောက်က လိုက်လာတယ်။

ငါ့လက်မောင်းအင်္ကျီစကို ဆွဲပြီး မေးတယ်။

"ပြောလေဟာ . . ."

ဘယ်က ဘယ်က ရောက်လာမှန်း မသိတာလား၊ ငါကပဲ အစွဲ အလမ်းကြီးတာလားတော့ မသိဘူး။ ငါ့ပါးစပ်ထဲကို စကားလုံးအလိုလို ရောက် လာတယ်။

"နင် စာမေးပွဲအောင်တဲ့နေ့တိုင်း ငါ့မှာ စိတ်ဆင်းရဲစရာတစ်ခုခု ဖြစ်ရတာပဲ"

သူ့မျက်လုံးလေး ပြူးသွားတယ်။ သိပ် စိုးရိမ်သွားသလိုပဲ။

"ဟင် . . .ဘယ်သူ ဘာဖြစ်လို့လဲ" သူလည်း သတိရသွားပုံ ရတယ်။ ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့နေ့က ငါ့အဖေဆုံးတယ် ဆိုတာလား။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ဘာမှ မဖြစ်ပါဘူး၊ ငါဟာငါ ဖြစ်တာပါ"

"ဘာဖြစ်လို့လဲဟင်" ဆိုပြီး ငါ့တစ်ကိုယ်လုံးကို စိုးရိမ်တကြီး လျှောက်ကြည့်တယ်။ ငါ ပြုံးလိုက်တယ်။ မချိပြုံးလို့ ထင်တာပဲ။

"နင် စာမေးပွဲအောင်တာ ငါ သိခဲ့ပြီးပါပြီ"

"ငါ ထင်သားပဲ၊ နင် မနေဘူး ငါ့အောင်စာရင်းတော့ ဦးအောင်သွားကြည့်မှာပဲလို့"

"ငါ သွားမကြည့်ပါဘူး အိမ်နန်း"

"ဒါဖြင့် ဘယ်လိုလုပ် သိလဲ၊ မိချိုနဲ့ တွေ့လို့လား"

"ဖိုးကျား ပြောပြလို့"

ငါ့စကားကို သူ သိပ်သဘောကျပြီး အသံထွက်အောင် ရယ်ရင်းနဲ့ စကားပြောတယ်။

"ဩော် . . . လက်စသတ်တော့ ဒါကို မကြည့်မလင် ဖြစ်နေတာကိုးဟ . . ."

"မရယ်ပါနဲ့ အိမ်နန်းရာ၊ ဒါ ရယ်စရာမှ မဟုတ်တာ"

သူကတော့ အရယ်မရပ်ဘူး။

"ရယ်စရာပေါ့ အပြာရ၊ နင်ဟာလေ ဘယ်တော့မှ စဉ်းစဉ်းစားစားမလုပ်ဘူး၊ နေရာတကာ တဇွတ်ထိုးကြီးပဲ"

"အေး . . . ရယ် . . . ရယ် . . . ပြီးတာပဲ"

ငါ လှည့်ထွက်လာခဲ့တယ်။ သူ ငါ့အင်္ကျီစကို ခါးကနေ လှမ်းဆွဲတယ်။ လှည့်ကြည့်လိုက်တော့ သူ့အပြုံးက တစ်မျိုးပဲ။ ငါ့ကို ကြည့်ပုံကလည်း ဆန်းတယ်။

"နေအုံး ငါ ရှင်းပြမယ်"



ငါ သူ့ကိုမကြည့်ဘဲ နေတယ်။ စိတ်ကောက်တယ် ထင်ချင်လည်း ထင်ပလေ့စေ။

"ဖိုးကျားဆိုတာ ဖေဖေ့သူငယ်ချင်းရဲ့သားပါ၊ ရန်ကုန်က တောင်ကြီးကို ပြောင်းလာတာ၊ တောင်ကြီးမှာပဲ ကျောင်းတက်မယ်"

"အဲ့ဒါ ငါနဲ့ ဘာဆိုင်လို့လဲ"

"အို . . . မဆိုင်ရင် နင် ဘာလို့ ဖိုးကျားက ငါ့အောင်စာရင်းကြည့်ပေးတာကို ကွဲမြီးတိုနေရတာလဲ . . . ကဲ"

"မတိုပါဘူး"

"တိုသာ မတိုတယ်၊ မျက်နှာက ခွေးချေးလို ပုပ်နေတာပဲ"

သူ ရှင်းပြတာကတော့ မိချို ပြောပြတဲ့အတိုင်းပါပဲ။ ဒါပေမဲ့ ငါ သိချင်တာက ဖိုးကျား ဘယ်သူဘယ်ဝါဆိုတာမှ မဟုတ်ဘဲ။

"သူက ဘာလို့ နင့်အောင်စာရင်းကို ကြည့်ပေးရတာလဲ"

"အို . . . ငါ ဘယ်သိမလဲဟာ၊ သူဟာသူ ကြည့်လာတာပဲဟာ၊ မကြည့်လာနဲ့လို့လည်း ငါက မပြောထားမိဘူးဟေ့ သိလား . . . ကဲ"

"အဲ့လိုပြောရမယ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ . . ."

"ဒါပေမဲ့ ဘာဖြစ်သလဲ"

ဒီလိုတော့လည်း ငါ ဘာပြန်ပြောရမယ်မှန်း မသိဘူး။ ငါ့အဖြစ်ကိုကြည့်ပြီး အိမ်နန်းကတော့ ရယ်နေတာပဲ။

အဲ့သလို ရယ်နေတာကိုက ငါ့ရဲ့အချစ်စကားကို ပြန်ပြီးနှိုးဆွနေတယ်လို့ ငါ ထင်လာတယ်။ ဒါပေမဲ့ မပြောပါဘူး၊ ဘယ်တော့မှ မပြောတော့ပါဘူး။ ကြောက်သွားပြီလေ။

"အဲ့ဒီဖိုးကျားက နင်နဲ့ ကျောင်းအတူတူတက်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့အေး . . . ဒွာနချင်းမတူပါဘူး၊ ဒါပေမဲ့ တစ်ကျောင်းတည်းဆိုတော့ တွေ့တာတော့တွေ့မှာပေါ့။ ဘာလို့လဲ . . . မှာစရာရှိလို့လား၊ ငါ ပြောပေးမယ်လေ"

ငါ့ကို သက်သက်ကလိနေမှန်း ငါ သိတယ်။ နည်းနည်းတော့ စိတ်တိုချင်လာတယ်။

"အေး . . . ရှိတယ်၊ မှာစရာရှိတယ်၊ သူ့ကိုတွေ့ရင် ပြောလိုက်၊ ငါ သူ့ကို မုန်းတယ်လို့"

သူ ရယ်ပြီး ကျန်ခဲ့တယ်။ ငါ ကလေးဆန်သွားသလား၊ ဆန်ချင်ဆန်မှာပေါ့။ ချစ်တဲ့သူတိုင်း ကလေးဆန်ကြတာချည်းပဲဟာ။

*　　　*　　　*

ဒီကတည်းကစပြီး ဖိုးကျားသတင်းတွေ ကြားကြားလာခဲ့တာပဲ။ တဖြည်းဖြည်း ငါလည်း စိတ်အေးလာရတယ်။ သတင်းက သတင်းကောင်းတွေကိုး။ သတင်းကောင်းဆိုတာ ငါ့အတွက်ကောင်းတာပါ။ အမှန်ကတော့ မကောင်းသတင်းတွေပေါ့။

ဒီလိုပဲလေ၊ တစ်ခါတစ်ခါ သတင်းဆိုးတွေဟာ လူတစ်ယောက်အတွက်တော့ ကောင်းနေတတ်တာကလား။

ကြားရတာကတော့ အစုံပဲ။ ချုံ့ပြီးတော့ ပြောပြမယ်။

ဖိုးကျားက လူရှုပ်။ ကျောင်းဆောင်တွေမှာ ဖဲလည်ရိုက်တဲ့အထဲပဲ။ အရက်လည်း အရှယ်နဲ့မလိုက်အောင် သောက်တတ်သတဲ့။ ကျောင်းမှာလည်း ဟိုနေရာပါ၊ ဒီနေရာပါနဲ့တဲ့။ ကျောင်းသားတစ်ယောက်ကို ဓလာချိ



သွားနောက်လို့ အနိုပ်ခံလိုက်ရဖူးတယ်တဲ့။ ကျောင်းရောက်လို့မှ မကြာသေးဘူး၊ အတွဲနှစ်တွဲ ပြောင်းတွဲတယ်တဲ့။ ဆရာတွေရဲ့ချဉ်ဖတ်တဲ့။

ဒါတွေက သူတစ်ယောက်တည်းအကြောင်း၊ အေး . . . သူဟာ တစ်နည်းနည်းနဲ့ အိမ်နန်းကို ပတ်သက်လာလိမ့်မယ်ဆိုတာတော့ မင်းတို့ကို ပြောပြစရာ လိုမယ် မထင်ဘူး။

ဟုတ်တယ်။ သူ အိမ်နန်းကို ချစ်ရေးဆိုခဲ့တယ်တဲ့။ ဒါပေါ့၊ အိမ်နန်းက သူ့ကို ဘယ်လက်ခံလိုက်မလဲ။ ငါ့တုန်းကလိုတော့ အပြတ်မကောလိုက်ဖူးတဲ့။ ကောင်းကောင်းမွန်မွန်ပဲ မဖြစ်နိုင်ဘူးလို့ ပြောလိုက်သတဲ့။ အေးလေ . . . ငါတုန်းကတော့ အပြတ်ကောတာပေါ့။ မထင်ဘဲ အချစ်ခံရတာမို့ ရှက်ဒေါသနဲ့ကိုး။

ဒါတောင် ဖိုးကျားက မေးသတဲ့။ "ခင်ဗျားမှာ ချစ်သူရှိသလား" လို့။ ဘာပြန်ပြောလိုက်တယ် ထင်သလဲ။ ရှိတယ်လို့ ပြောလိုက်သတဲ့။ ငါ့ကို ရည်ရွယ်တာ ဟုတ်ချင်မှ ဟုတ်မှာ။ ဟုတ်ချင်လည်း ဟုတ်မှာ။ မသိဘူးလေ။ ဒါမှမဟုတ် ပြီးပြီးရောပြောလိုက်တာ ဖြစ်ချင်လည်း ဖြစ်မပေါ့။

အိမ်နန်းမှာ ချစ်သူမရှိတာတော့ ငါ သိသားပဲ။ အိမ်နန်းအကြောင်း ငါ အမြဲကြားနေရတာပဲဟာ။

ဖိုးကျားက ရပ်တန်းမရပ်ဘူး။ အိမ်နန်းကို တကောက်ကောက်လိုက်နေသတဲ့။ ကျောင်းမှာလိုက်ရုံတင် မကဘူး၊ အိမ်အထိ၊ ဦးလေးရဲ့အိမ်ဆိုတာကလည်း သူ ဝင်ချင်၊ ထွက်ချင်တိုင်းဖြစ်နေတော့ သူက ကဲလာတာပေါ့။

ဒီအထိတော့လည်း ငါလည်း သည်းညည်းမခံနိုင်ဘူး။ ဒီအကြောင်းတွေ အိမ်နန်းကိုယ်တိုင်က ပြောပြတုန်းက ငါ အပြတ်ပြောခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မလွယ်ဘူးနော်၊ ငါနဲ့ တစ်နေ့နေ့တွေ့ရင် အပြတ်တွယ်မိလိ မယ်"

ငါ နည်းနည်းတော့ ဝမ်းနည်းမိတယ်။ ဒါလောက်ကပ်ပြီး နေ ယှက်နေတာကို အိမ်နန်းက ဘာလို့ သည်းညည်းခံရသလဲ။ တစ်ခါတည်း အပြတ်ပြောလိုက်ရင် ပြီးတာပဲ။ ငါ့တုန်းကကျတော့ . . .။

"နင် နောက်ကို ဒီကောင့်အကြောင်း ဘယ်တော့မှ လာမပြော ဒါပဲ"

"အပြာရယ် . . .နင့်မှမပြောရင် ငါ ဘယ်သူ့ပြောရမှာလဲ"

"ဦးလေးကို ပြောလိုက်ပေါ့"

"ဖြစ်မလားဟာ၊ သူ့အဖေနဲ့ ဦးလေးနဲ့က စီးပွားဘက်တွေ"

"ဒါဆိုလည်း ကောင်းသားပဲ၊ ယူလိုက်ပေါ့"

"နင် သဘောတူလား"

"ငါနဲ့ မဆိုင်ပါဘူး"

အိမ်နန်း ငိုမဲ့မဲ့လုပ်နေတော့လည်း ငါ စိတ်မကောင်းပြန်ဘူး။ ခ တာက ငါ ဘာတတ်နိုင်မှာလဲ။

သူ့သဘောကကော ဘာတွေလဲ။

မိန်းမတွေ ခက်ကိုခက်ပါတယ်ကွာ။ တကယ်ပဲ၊ ငါ့မှာ ချော ရော။

"ဆောရီး . . .ဆောရီး . . .ငါ ဝကားပြောမှားသွားတယ်၊ ငါနဲ့ ဆိုင် တာပေါ့။ နင်နဲ့ ငါနဲ့က သူငယ်ချင်းတွေပဲဟာ . . ."

အဲဗျူး ဒီတော့မှ အိမ်နန်းရဲ့ ဘယ်ဘက်မျက်လုံးထဲက မျက်ရည် တစ်ပေါက် ဖောက်ခနဲ ကျလာတယ်။ ရော် . . . ခက်ချည်၊ ငါတော့ ခု



သိသိကြီးနဲ့ လိမ့်ခံနေရတာပဲ။

"ကဲပါ . . .အိမ်နန်းရာ၊ ဒါငိုစရာမှ မဟုတ်တာ၊ နင် သူ့ကိုမကြိုက် ဘာတတ်နိုင်မှာလဲ၊ တစ်နေ့နေ့တော့လည်း ဒီကိစ္စပြီးသွားမှာပါ"

*    *    *

အဲ့ဒီတုန်း ငါပြောခဲ့တဲ့ တစ်နေ့နေ့ဟာ ရောက်လာခဲ့ပြီ။ ပြီးသွား တော့ မဟုတ်ဘူး။ စလာတာ၊ တကယ်ဆိုတော့ စလာတာကိုက ပြီးဆုံး လေ။

ဒီနေ့ ဦးလေး ဦးအောင်ပန်းနဲ့အတူ အိမ်နန်းရော၊ ဖိုးကျားပါ တို့ခြံ ရောက်လာကြတယ်။ ဖိုးကျားပါတယ် ကြားကတည်းက အိမ်ဘက်ကို မလှည့်တော့ဘူး။ ခြံထဲမှာပဲ ပေနေတယ်။ ပြဿနာဖြစ်ချင်ပြီဆိုတော့ မသွားပေမယ့် သူက ရောက်လာတာပေါ့။

ပထမဆုံး ထုံးစံအတိုင်း အိမ်နန်း အရင်ရောက်လာတယ်။ ငါ့ကို းတွေဖောင်လောက်အောင် ပြောနေတယ်။ သူ့ကို အမြဲကပ်နေတဲ့ ား နောက်ကပါမယ်ဆိုတော ငါ သိသားပဲ။

"ဟိုကောင် . . .လိုက်လာလိမ့်မယ် ထင်တယ် အိမ်နန်း၊ ငါ့ခြံမှာ နာမဖြစ်ချင်ဘူး။ နင် အိမ်မှာပဲ သွားနေပါ"

"ဘာဖြစ်လို့ ပြဿနာဖြစ်ရမှာလဲ၊ သူနဲ့ နင်နဲ့ အသိမှ မဟုတ်ဘဲ" ဟုတ်သားပဲ၊ ဘာမှလည်း မဖြစ်သေးဘဲ။ ငါက ဘာလို့ ရန်လိုနေ လဲ။

ဒီတုန်းမှာ ဖိုးကျား ရောက်လာတယ်။ စပ်ဖြီးဖြီးနဲ့ ဒီကောင့်ကို

www.burmeseclassic.com



အဝေးကပဲ မြင်ဖူးသေးတယ်။ ခုတစ်ခါပဲ အနီးကပ်မြင်ဖူးတယ်။ လူက
လှချောပဲ၊ ကွာခြားတော့ မရှာဘူး။ ရုပ်ကိုက နောက်ပိုးရုပ်။

"ဘယ်လိုလဲ နန်းရဲ့ ညှော်သည်ကိုပစ်ထားပြီး လျှောက်သွား
သလား"

အိမ်နန်းက ငါ့မျက်နှာကို တစ်ချက်လှမ်းကြည့်တယ် ထင်တ
ငါကတော့ ဘယ်သူ့မှမကြည့်ဘဲ ငါ့အလုပ်နဲ့ငါ။

"ကိုဖိုးကျားက ညှော်သည်မှ မဟုတ်တာရင်"

"ဟဲ . . . ဟဲ . . . အိမ်ရှင်လည်း မဖြစ်သေးပါဘူးဗျာ"

အို . . .

အိမ်နန်းမျက်နှာကို ငါ ဖျတ်ခနဲ ကြည့်လိုက်တယ်။ သူ့ပါးစုံ
တွေ ရဲခနဲဖြစ်သွားတာ တွေ့လိုက်ရတယ်။ ပြီးတော့မှ ကွာခြားဆယ်လိုက်
စကားလွှဲတဲ့အနေနဲ့ ငါ့ကို မိတ်ဆက်ပေးတယ်။

"ဒါ ငါ့ဦးလေးရဲ့သူငယ်ချင်းသား ကိုဖိုးကျားတဲ့ အပြာ"

ငါက အလိုက်သင့်ပဲ ပြုံးပြလိုက်တယ်။ ဖိုးကျားက နှီးခနဲ တစ်ချ
ရယ်ပြီ . . .

"နာမည်က လှလှချည်လား။ အပြာ . . . တဲ့"

ရုတ်ကရက် သူ ဘာဆိုလိုမှန်း မသိဘူး။

"သားနားတယ်ဗျာ၊ ဒီနာမည်မျိုး သဘောကျတယ် အပြာ
ဟား . . . ဟား . . ."

တွေ့တွေ့ချင်း အဲ့သလောက် ရယ်မောကျီစယ်တာ မကြိုက်ဘူ

"ကျွန်တော့်နာမည်မှာ ရယ်စရာလည်း မပါပါဘူးဗျာ၊ ကျွန်တော်
နာမည် ကြည်ပြာပါ"



သူ မှိုပြီးရယ်တယ်။ ရယ်ရင်းက ပြောတယ်။

"ဟ . . . ကြည်ပြာဆိုတော့ ကြည်တဲ့အပြာ၊ ကြည်တယ် ပြာတယ်"

သူ့မျက်နှာကိုတစ်လှည့်၊ အိမ်နန်းမျက်နှာကိုတစ်လှည့် ငါ စိုက်
ကြည့်ပစ်လိုက်တယ်။

အိမ်နန်းကတော့ မျက်စိသူငယ်နဲ့ပေါ့။

ငါ "ဟက်" ခနဲ တစ်ချက်ရယ်လိုက်တယ်။

"ခင်ဗျားနာမည်လည်း ရယ်ရပါတယ်ဗျ။ ဖိုးကျားဆိုတော့ . . ."

"ဟာ . . . သူငယ်ချင်းကလဲ၊ ဘာမှလည်း မဆိုင်ဘဲနဲ့"

"ဆိုင်သလား မဆိုင်သလားတော့ မသိဘူး။ ခင်ဗျားနာမည်ကြား
နဲ့ မျက်စိထဲမှာ အကျားအကျားကြီးတွေ မြင်မြင်လာလို့"

"ဟ . . . ကြမ်းလှချည်လား"

သူ ဖြုံသွားပုံ ရတယ်၊ ဖျားသွားပုံတော့ မရဘူး။ ဖျားသွားတာက
နန်း၊ ပါးစပ်ကလေးအဟောင်းသားနဲ့ ငါ့အကျီကို လှမ်းဆွဲတော့မလိုကို
နေတယ်။ ငါက ဘာလို့ ခုလောက်ခဲ့မိတာလဲ။

ငါ ဘာမှဆက်မပြောဘဲ သစ်တော်ပင်တွေကြားကို ထွက်လာခဲ့
နောက်မှ ပြောကျန်ရစ်တဲ့စကားသံကြောင့် ငါ တုံ့ခနဲ ရပ်သွားရ
ယ်။

"နန်းရဲ့လူက တောဆန်လှချည်လား"

ငါ့ကို ရှိုင်းတယ်လို့ တိုက်ရိုက်စော်ကားလာပြီ၊ ငါ သူ့မျက်နှာကို
ရဲကြည့်နေတယ်။ နောက်တစ်လုံး ထပ်စော်ကားလာရင် ဖိုးကျား
ကျားသစ်လို ခုန်အုပ်မိမှာ သေချာတယ်။ စိတ်ကို အတတ်နိုင်ဆုံးထိန်း
ပြောလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိမ်နန်း နင့်မိတ်ဆွေကို ငါမောင်းမထုတ်ခင် ပြန်ခေါ်သွားပါ"

အိမ်နန်းက ကြောင်နေတယ်။ ဖိုးကျားက ထုံးစံအတိုင်း ခွီခ ရယ်တယ်။

"ရမလား သူငယ်ချင်းရဲ့"

"သိပ်ရတာပေါ့၊ ဒါ ကျုပ်ခြံပဲ"

"ဟာဟ ..."

မခန့်လေးစားမျက်နှာကြောင့် ငါ့ခြေလှမ်းက သူ့ဆီပြေးသွာ အသင့်ဖြစ်သွားတယ်။

ကံကောင်းတယ်။ ဒီအချိန်မှာ သူ့ရဲ့နောက်နားမှာ တို့ဆီကိုလာ အမေနဲ့ ဦးလေးကို မြင်လိုက်ရတယ်။ စိတ်ကိုတင်းပြီး သစ်တော်ယ အကိုင်းတစ်ကိုင်းကို ဆတ်ခနဲ ဆွဲချိုးပစ်လိုက်တယ်။

သိလိုက်သလိုလိုပဲ။ ဒီကစပြီး ငါ့ဘဝမှာ တစ်ဆစ်ချိုးပြောင်း တော့မယ်။

* * *

(၁၆)

တိတိကျကျပါပဲ။ တစ်လတင်းတင်းပြည့်တဲ့နေ့မှာ ဒုတိယအကြ ပြန်ဆုံရတယ်။

ဒီတစ်ကြိမ်တော့ အိမ်နန်းတို့အိမ်မှာ' ဆုံတာ။ ခြံထိပ်က တက်သ ချပင်အိုကြီးအောက်မှာ ငါရယ်၊ အိမ်နန်းရယ် ထိုင်စကားပြောနေကြတ



ထုံးစံအတိုင်း သူပြောသမျှကို တအင်းအင်းနဲ့ နားထောင်နေရတာပါပဲ။ အိမ်နန်းဟာ သိပ်စကားများတဲ့ကောင်မလေး၊ စကားမရှိ စကားရှာပြီး ပြောတယ်။ ဘာတွေမှန်းလဲ မသိဘူး၊ ဒါပေမဲ့လေ ငါကြားဖူးတယ်။ စကားများခြင်းသည် မိန်းမတို့၏ မင်္ဂလာတစ်ပါးတဲ့၊ သူဟာသူ မင်္ဂလာချင်လာ မလာချင်နေ၊ သူ ရယ်မောစကားပြောနေရင် ချစ်ဖို့ကောင်းတာတော့ သေချာတယ်။ ချစ်သူ့ရဲ့စကားတွေ နားထောင်ရတာ မညည်းနိုင်ဘူး။ အဲဒါမှ မင်္ဂလာထင်တယ်။

"ကျွန်တော့်ကို ဝင်ခွင့်ပြုပါခင်ဗျာ"

မှတ်မိတယ်၊ ဒီအသံ ခွေးချီသွားတောင် မှတ်မိတယ် ဖိုးကျား။

ခြံဝမှာ လက်ပိုက်ပြီး ရှိုရှိုကလေး ရပ်နေတယ်။ သက်သက်မဲ့ ဟန်လုပ်ပြီး ရပ်နေတာ။

သူ့စကားကလည်း ငါ့ကို နောက်တဲ့စကား၊ ငါ့ခြံထဲက သူ့ကို မောင်းထုတ်ဖူးလို့ ကလဲ့စားပြန်ချေတာ။

ငါ သူ့ကို လုံးဝဂရုမစိုက်ဘဲ အိမ်နန်းကို တစ်ချက်ကြည့်လိုက်တယ်။ ထုံးစံအတိုင်းပေါ့၊ အိမ်နန်းကတော့ မျက်လုံးကလေး ကလည်ကလည်နဲ့ပဲ။

ငါ မတ်တတ်ထရပ်လိုက်တယ်။

"ငါ ပြန်တော့မယ် အိမ်နန်း"

"နေပါအုံးဟာ ..."

ခေါင်းခါပြလိုက်တယ်၊ မဖြစ်ပါဘူး။ နင်တို့အိမ်မှာ ပြဿနာမဖြစ်ချင်ဘူးဆိုတဲ့သဘော၊ အိမ်နန်းလည်း မတ်တတ်ထရပ်လိုက်တယ်။

သူ့ကို ဂရုမစိုက်မှန်းသိတော့ တို့အနားကို ဖိုးကျားရောက်လာတယ်။ သူ့ကို ကွေ့ရှောင်ပြီး ငါ ထွက်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ခြံပိုင်ရှင်ကြီး . . . ပြန်တော့မလို့လား"

ငါ ရပ်လိုက်တယ်။ ဒီကောင်နဲ့ကတော့ ရှောင်နေလို့ မဖြစ်
ဘူး၊ အပြတ်ရှင်းရတော့မယ်။

ဒီနေ့ရှောင်ရင် မနက်ဖြန်တွေ့မှာပဲ၊ မနက်ဖြန် ရှောင်ရင် သဘက်
တွေ့မှာပဲ။ မထူးဘူး။ စောစောစီးစီးဖြတ်တာကောင်းတယ်။ ငါ သူ့ဘက်
ပြန်လှည့်လာတယ်။ သူ့ကို စူးစူးရဲရဲကြည့်လိုက်တယ်။

သူနဲ့ငါ မျက်နှာချင်းဆိုင်ဖြစ်သွားတဲ့အချိန်မှာ အိမ်နန်းဟာ ငါ့ဘေး
ကို မသိမသာ ရှိခနဲ တိုးလာတယ်။

ဖိုးကျားက လက်နှစ်ဖက်မြှောက်ပြီး ကြောက်တဲ့ပုံစံ လုပ်ပြတယ်။

"သူငယ်ချင်းကလည်းဗျာ . . . ကျွန်တော် စကားအကောင်းပြော
မလို့ပါ"

သူ့အသံက သရော်တော်တော်နိုင်တယ်။ အင်္ဂလိပ်တုန်းကြီးကျောင်း
ထွက်လေသံမျိုး၊ လူတွေကို အမြဲတမ်းအထင်သေးပြီး အထက်စီးက နောက်
ချင်၊ ပြောင်ချင်တဲ့သဘော။ ငါသိတယ်။ ငါ ခေါင်းခါပြလိုက်တယ်။

"ကျုပ် ခင်ဗျားနဲ့ လုံးဝစကားမပြောချင်ဘူး"

သူက ပခုံးနှစ်ဖက်ကို အမေရိကန်ပင်းသားတွေလို တွန့်ပြီး . . .

"ဒါဖြင့်လည်း ပြီးတာပဲပေါ့လေ၊ ကျွန်တော်က သူငယ်ချင်းကို မြင်မြင်
ချင်း ခင်သွားလို့ပါ"

"ကျုပ် ခင်ဗျားကို မြင်မြင်ချင်း မခင်ဘူးဗျာ၊ ဘာဖြစ်သလဲ"

အိမ်နန်းက ငါ့လက်မောင်းကို လှမ်းကိုင်ပြီး ဝင်ပြောတယ်။

"အို . . . အပြာကလဲကွာ၊ သူက ကောင်းကောင်းပြောနေတာ
ဘာလို့ ဂျစ်တိုက်နေရတာလဲ"



"နင် မသိပါဘူး၊ သူ့စကားတွေက ရှိုးရှိုးသားသားပြောတာမှ မဟုတ်
တာ ငါ သိတာပေါ့ . . . ဖယ်ပါဟာ"

အိမ်နန်းလက်ကို ဖယ်ချပြီး ဖိုးကျားကိုပဲ ဆက်ပြောလိုက်တယ်။

"ကဲ . . . နောက်ထပ် ဘာပြောအုံးမလဲ ကိုယ့်လူ"

"မပြောတော့ပါဘူးဗျာ၊ တစ်ခုပဲ ကျွန်တော် စဉ်းစားမရတာပါ၊
သူငယ်ချင်းက ဘာလို့ ကျွန်တော့်ကိုမြင်မြင်ချင်း မုန်းနေရသလဲဆိုတာ"

"မခင်လို့ပေါ့ဗျာ"

ငါ သူတို့ခြံထဲက ထွက်လာခဲ့တယ်။ ကတ္တရာလမ်းပေါ်ရောက်တော့
နောက်နားဆီ ဖိနပ်သံတဖတ်ဖတ် ကြားရတယ်။ အိမ်နန်း ပြေးလိုက်လာပြီ
ဆိုင်တယ်။

"ဟေ့ . . . အပြာ ခဏနေအုံး"

ဟုတ်တယ် အိမ်နန်း၊ သူတစ်ယောက်တည်း။ ဟိုကောင်တော့
မပါလာဘူး။

ငါ သူ့ကို ရပ်စောင့်တယ်။ ငါ့အနားရောက်တော့ နှစ်ယောက်ယှဉ်
ပြီး ဆက်လျှောက်ခဲ့ကြတယ်။

"နင်ကလည်း နင်ပါပဲ အပြာရာ"

"ဘာလဲ နင်က ငါ့ကို အပြစ်ပြောနေတာလား"

"အပြစ်တော့ မဟုတ်ဘူးပေါ့ဟာ၊ ခုလောက် တင်းတင်းမာမာ
ကြီး ဆက်ဆံတာတော့ ဘယ်ကောင်းမလဲ"

"ဘာလို့ မကောင်းရမှာလဲ၊ အမှန်ဆို ဆွဲထိုးပစ်ဖို့ကို ကောင်းနေ
ပြီ"

"သူက ကောင်းကောင်းမွန်မွန် ဆက်ဆံရှာသားပဲ"

www.burmeseclassic.com



"ဘာဆက်ဆံရှာတာလဲ၊ ဒီမယ် အိမ်နန်း . . . နင် သူ့ကို သိပ်သ[illegible] သွားသလား။ ဒါဆို ပြန်တော၊ ငါ့မှာ ပြောစရာစကား မရှိဘူး"

"ဒီလိုတော့ မပြောပါနဲ့ဟာ၊ သူ့ကို နင့်ထက် ပိုရရှိစိုက်ရင် [illegible] တောင် နင့်နောက်လိုက်မလာဘူး"

"ဘာပြုလို့ ငါနဲ့ သူ့ကို ယှဉ်ယှဉ်ပြီး စကားပြောနေရတာလဲ အိမ်နန်း အဲ့ဒါကို ငါမကြိုက်ဘူး"

"မဟုတ်ဘူးလေဟာ၊ သူက ညှော်သည်မဟုတ်လား"

"ညှော်သည်ဆိုတာ အိမ်ရှင်ကို စော်ကားရမယ်လို့ နင့်ကို ဘယ်[illegible] ပြောသလဲ"

"သူက ဘယ်မှာ စော်ကားလို့လဲဟ"

"ငါ ပြောပြမယ် အိမ်နန်း၊ ငါ့ကို ရိုးရိုးသားသားဆက်ဆံမယ်ဆိုရ[illegible] လေ ဆဲပြီးပြော ငါ ခံမယ်၊ အေး . . . အတွင်းစိတ်က ကောက်ကျစ်[illegible] အပြင်ဘန်းက ချိုချိုသာသာလုပ်တာမျိုး ငါ သိပ်မုန်းတယ် သိလား၊ ဒီကော[illegible] လို လူစားမျိုးကိုပေါ့"

သူ စဉ်းစားသွားတယ်။ သဘောလည်း ပေါက်သွားပုံ ရတယ်။ [illegible] ဆက်ပြောတယ်။

"ဒီကောင်က မလွယ်ဘူး၊ စောစောစီးစီး အပြတ်လုပ်ထားမှ တန်[illegible] ကျမှာ၊ အေး . . . နင်လည်း ကောင်းကောင်းသတိထားနေ"

"ဟင် . . . ငါက ဘာကို သတိထားရမှာလဲ"

"ဒါ ငါပြောစရာ မလိုဘူး၊ နင့်ဘာသာသိရမှာပေါ့"

သူက ပြုံးတယ်။ သူ့ကိုယ်သူ ယုံကြည်တဲ့အပြုံးလား၊ ငါ့ကို ကလ[illegible] တဲ့အပြုံးလားတော့ မသိဘူး။



"ဘာလဲ ငါ့ကို ရည်းစားစကားပြောတဲ့ကိစ္စလား"

"ဒါက အဓိကမဟုတ်ပါဘူး၊ ဒါက နင်တို့ချင်းဆိုင်တဲ့ကိစ္စပဲ"

သူ မျက်နှာပျက်သွားတယ်။ ဝမ်းနည်းသွားသလိုပဲ။ မျက်တောင်[illegible] ပုတ်ခတ်ပုတ်ခတ်နဲ့ ငါ့ကို မော့ကြည့်တယ်။

"ငါ သူ့ကို အပြတ်ငြင်းပြီးပြီပဲဟာ၊ ဒီအတွက်တော့ . . ."

"ထားပါ၊ ဘာပဲဖြစ်ဖြစ် ငါ ဆိုလိုတာက ဒီလိုကောင်မျိုးဟာ တစ်နည်း[illegible] တစ်နည်းနဲ့ယူဖို့ ကြိုးစားရမှာ ဝန်မလေးတတ်တဲ့ကောင်မျိုး"

ပြောပြီးမှ စိုးရိမ်သွားတယ်။ ငါ့စကားဟာ ဘယ်အထိတာသွား[illegible]လဲ။ သူ့ကို ဖိုးကျားရန်က လွတ်စေချင်တဲ့သဘောတင်ပဲလား။ ငါ မရလို့ [illegible]ရသွားမှာကို မလိုလားတဲ့သဘော ရောက်သွားသလား။ ငါဟာ ကောက်[illegible]စောင့်နေတဲ့ ခွေးလိုကောင်စားမျိုး ဖြစ်နေပြီလား။

အထင်ခံရမှာကိုသာ စိုးတာပါလေ။ တကယ်တော့ ငါ့ကိုယ်ငါ သိ[illegible]တယ်။ ငါ စေတနာရိုးနဲ့ သူ့ကို သတိပေးနေတာပါ။ မင်းတို့ မှတ်မိမှာပေါ့။ [illegible]စည်သူနဲ့ အိမ်နန်းကို သဘောတူတယ်လို့ ငါပြောဖူးတာ။

"တစ်ခုတော့ ရှိတယ်နော် အိမ်နန်း၊ ဒီစကားတွေကို ငါပြောနေတာ [illegible]ဘာ ဖိုးကျားကို မုန်းတာတစ်ခုတည်းကြောင့် မဟုတ်ဘူး၊ နင့်ကို သူငယ်ချင်း [illegible]ကောင်းတစ်ယောက်အနေနဲ့ပါ သတိပေးနေတာ၊ ဒါတော့ နင်ယုံ . . ."

"အေးပါဟာ၊ နင့်စေတနာကို ငါ နားလည်ပါတယ်၊ ပြီးတော့ [illegible]ကျားကိုလည်း ငါ နည်းနည်းမှ စိတ်မဝင်စားပါဘူး၊ နင် သတိပေးသလိုပဲ [illegible]လည်း သတိထားနေပါ့မယ်၊ ဟုတ်ပြီလား"

"ငါ့ကို ကတိပေးနေစရာ မလိုပါဘူး အိမ်နန်း၊ နင့်ဘာသာ နင် [illegible]ဖြတ်ဖို့သာ အရေးကြီးတာပါ"

www.burmeseclassic.com



ဘာမှ ဆက်မပြောဖြစ်ကြပြန်ဘူး။ ကားဂိတ်နားကို ရောက်လာတယ်။ ငါ့မှာ ဘာမှပြောစရာ မရှိတော့ပေမယ့် သူ့မှာ ပြောစရာတစ်ခုခု ရှိနေသလိုပဲ၊ ပြောဖို့ရာ ဝင်္ဘားနေ့ ရတယ်။ မတင်မကျ ဖြစ်နေသလိုပဲ၊ မျက်နှာကလည်း မချိုမချဉ်နဲ့။

“ကဲ . . . အိပ်ပြန်တော့ အိမ်နှန်း”

သူ့ရဲ့အောက်နှုတ်ခမ်းလေးကို အပေါ်သွားနဲ့ ဖျတ်ခနဲ ကိုက်လိုက်တယ်။ ပြောဖို့ရာ ဆုံးဖြတ်လိုက်သလိုပဲ။

“နှင့်ကို မေးစရာတစ်ခု ကျန်သေးတယ်”

“မေးလေ . . .”

“နှင် ဘာလို့ ဖိုးကျားကို ဒါလောက်မုန်းနေတာလဲဟင်”

ပေါ့ပေါ့တန်တန်ဖြေလို့ မဖြစ်မှန်း ငါ သိတယ်။ သူ့မေးခွန်း အဓိပ္ပာယ်က တော်တော်ကျယ်ပြန့်တယ်၊ ငါ့ရဲ့ ရင်ထဲကစကားတွေကို ကထော် ထုတ်လိုက်တဲ့မေးခွန်း။ ချစ်ရင် သဝန်ကြောင်တတ်တယ်ဆိုတဲ့စကား ရှိတယ် မဟုတ်လား။

သူ့မေးခွန်းကိုဖြေဖို့ ငါကိုယ်ငါလည်း တော်တော်ဝေဖန်ရေး လုပ်ရသေးတယ်။ ဖိုးကျားကို ငါဟာ မုန်းသင့်တာထက် ပိုမုန်းမိသလား။ ဘာကြောင့်လဲ။ အိမ်နှန်းကို ရည်းစားစကားပြောဖူးတဲ့ကောင်မို့လား၊ ငါနဲ့ အိမ်နှန်းဟာ ဘာဆိုင်သလဲ။ သူငယ်ချင်းတွေပဲ။ ဒါပေမဲ့ တစ်ခါက ငါကဆိုင်ဖို့ ကြိုးစားတယ်။ မအောင်မြင်ခဲ့ဘူး။ ဒါကြောင့် ကျားနာခဲကဲ့သဘောလား။ ဒါပေမဲ့ ဖိုးကျားကိုလည်း သူ ငြင်းခဲ့တာပဲ။

ဟုတ်ပြီ၊ သူ ဖိုးကျားကိုငြင်းပေမယ့် ငါ့တုန်းကလို လနဲ့ချီပြီး ဥပေက္ခာမထားခဲ့ဘူး။ ငြင်းရုံပဲ ငြင်းဆန်ခဲ့တယ်။ အခင်မင်မပျက်ဘဲ နေခဲ့



တယ်။ ဒီထက်ဆိုးတာက ဖိုးကျား လူယုတ်မာမှန်းသိရက်နဲ့ ပုံမပျက် ဆက်ဆံနေခဲ့တယ်။

ဖိုးကျားကို ငါ ရန်လိုနေတဲ့အထဲမှာ ဒီကိစ္စလည်း ပါမှာပဲ။ ပါမယ်ထင်တာပဲလေ။ ဟုတ်ပြီ၊ သူ့မေးခွန်းကို မေးခွန်းနဲ့ပဲ ပြန်ဖြေရမယ်။

“နှင်ကကော ဘာလို့ ဖိုးကျားကို ဒါလောက်ဂရုစိုက်နေရတာလဲ”

သူလည်း ငါ့လိုပဲ ရုတ်တရက် မဖြေတတ်သလို ဖြစ်သွားတယ်။ ခစ်ခနဲ တစ်ချက်ရယ်တယ်။

သူ့ရယ်သံက ငါ့စိတ်ကို သိနေသလိုပဲ။ ငါမေးမိတာ မှားသွားပြီလား။ ငါ့အချစ်နဲ့ ပတ်သက်လို့ တစ်စွန်းတစ်စတောင် မပေါ်စေချင်ဘူးလို့ ငါ ပြောခဲ့တယ်။ ခုပေါ်သွားပြီ၊ အစပေါ်သွားပြီ။

ဒါပေမဲ့ ရန်ကုန်မိုးက ဘာလို့ ဒီမှာ လာညို့ရသလဲ။

ရန်ကုန်သူ မဟုတ်တဲ့ အိမ်နှန်းရဲ့မျက်နှာဟာ ဘာလို့ အပြောင်းအလဲမြန်ရသလဲ၊ ခုပဲ ခစ်ခနဲ မချိုမချဉ်ရယ်လိုက်ပြီး ခုပဲသူ့မျက်နှာက ညှိုးကျသွားပြန်ပြီ။ ဘာ သဘောလဲ။

သူ့ကိုကြည့်ရတာ တစ်စုံတစ်ရာစိုးရိမ်စရာကို သတိရသွားသလိုပဲ။

အားငယ်တဲ့မျက်လုံးကို သတိထားလိုက်မိတယ်။ ဣန္ဒြေဆည်ပြီး ငါ့ကို ပြောတယ်။

“ငါ နှင့်ကို ပြောပြချင်ပါတယ် အပြာရယ်၊ ဒါပေမဲ့ . . .”

ငါ ပိုသိချင်သွားပြီ၊ တောင်ကြီးဘက်တက်မယ့် ကားတစ်စီးထွက်တော့မယ်။ ငါ မလိုက်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။

“ဒါပေမဲ့ ဘာဖြစ်သလဲဟင်”

www.burmeseclassic.com

www.burmeseclassic.com



အိမ်နန်းရဲ့ လှုကြီးဆန့်တဲ့ သက်ပြင်းချသံကို ကြားလိုက်ရတယ်။ သူခေါင်းကို ဖြည်းဖြည်းလေး ခါလိုက်တယ်။

"နင့်ကို ပြောပြရင်လည်း နင်ပါ စိတ်မကောင်းဖြစ်ရရုံရှိမှာပါ အပြာရယ်"

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲဟာ . . .တို့ဟာ သူငယ်ချင်းတွေ ဖြစ်သလို မောင်နှမတွေဆိုလည်း မမှားပါဘူး။ ပြောသာ ပြောပါ၊ ငါ တတ်နိုင်ရင်လည်း ကူရတာပေါ့"

သူက ပြုံးပြီး ခေါင်းခါတယ်။ သဘောကတော့ ငါမတတ်နိုင်ပါဘူးဆိုတဲ့သဘောပေါ့။

ဖိုးကျားလိုကောင်တစ်ကောင်ကို စိတ်ရှည်လက်ရှည် သည်းညည်းခံနေရတယ်ဆိုတာတော့ ငါ မခံနိုင်ဘူး။ ဒီအတွက် ငါလည်း ဘာမှ မတတ်နိုင်ဘူးဆိုတာကိုလည်း ငါ သိပ်ခံပြင်းတာပဲ။

ဖိုးကျားမှာ နိုင်ကွက်ရှိပြီ ထင်တယ်။ ဘုရား . . .ဘုရား . . .မှားပဲ လွဲပါစေ . . .ဖယ်ပါစေ။ ဒီကောင်က သိပ်လက်မြန်မယ့်ပုံ။ အကောက်ကြံပြီး လစ်ရင် လစ်သလို ရမ်းကားမယ့်ရုပ်။

ငါ အိမ်နန်းရဲ့ တစ်ကိုယ်လုံးကို ခြုံကြည့်လိုက်မိတယ်။ ငါ့အကြည့်ဟာ ရိုးစိုင်းသွားချင် သွားလိမ့်မယ်။ ဒါပေမဲ့ ငါသိပ်စိတ်ပူသွားလို့ပါ။ မတော်တဆများ . . .။ အို . . .မဖြစ်နိုင်ဘူးလေ။

"ပြောလေဟာ အိမ်နန်း"

"မပြောတော့ပါဘူးဟာ၊ နောင်တော့ နင်အလိုလိုသိလာမှာပါ"

"အေး . . .ဒါဆိုလည်း ပြီးရော၊ မပြောချင်နေတော့၊ ဒါပေမဲ့ နင် ပြောသလို ငါ့ဘာသာသိလာတဲ့နေ့ မရောက်မချင်းကတော့ ငါစိတ်ပူနေမှာပဲ"



"ဘာကိုလဲ"

"ဖိုးကျားကို"

"မလိုပါဘူးဟာ . . .သူက အဓိကမဟုတ်ပါဘူး"

ပိုရှုပ်ကုန်ပြီ ငါတော့ နားကို မလည်နိုင်တော့ဘူး။

"ကဲ . . .ငါပြန်တော့မယ်၊ နင်မေးတဲ့ ဖိုးကျားကို ငါဘာလို့ ဒါလောက် ညည်းတီးနေရတယ်ဆိုတာကိုလည်း ငါ မပြောတော့ဘူး၊ တစ်ချိန်ချိန်မှာ နင့်ဘာသာ သိလာလိမ့်မယ် ဟုတ်ပြီလား"

"နင်က ကလဲ့စားချေတာပေါ့လေ"

"အေး . . ."

ငါ လှည့်ထွက်လာခဲ့တယ်။ အိမ်နန်းကတော့ ကြောင်စီစီနဲ့ လမ်းဆုံမှာ ကျန်ရစ်ခဲ့တယ်။

* * *

(၁၇)

ဒီနေ့ အိမ်နန်းတို့အိမ်မှာ သူငယ်ချင်းတွေအားလုံး ပျော်ပျော်ပါးပါး စုဆုံကြတယ်။

ဒီနေ့ည သူတို့အိမ်မှာ ဘုရားကိုးဆူကပ်မယ်။ ဒါကြောင့် သူတို့ အိမ်မှာ ဒီနေ့တစ်နေ့လုံး တို့တွေဝိုင်းကူဖို့ ရောက်နေကြတာ။

ခုလို သူငယ်ချင်းတွေ ပျော်ပျော်ပါးပါးဆုံခွင့်ရတဲ့အချိန်မှာ အထူးသဖြင့် အဖေ့ကို ငါ သိပ်လွမ်းတာပဲ။ အမေ့အသုဘတုန်းကလည်း တို့သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေ ခုလိုပဲ စည်းစည်းလုံးလုံးနဲ့ ဆုံခဲ့ကြသေးတာပဲ။ ခုလိုတော့ ပျော်ပျော်ပါးပါးမဟုတ်ခဲ့ဘူး။

ပိန်းကလေးအုပ်ကတော့ ချက်ကြ၊ ပြုတ်ကြပေါ့။ ငါတို့ယောက်ျားလေးအုပ်ကတော့ ထမ်းကြ၊ ပိုးကြပေါ့၊ သိပ်ပျော်စရာ ကောင်းတာပဲ။ လူငယ်ဆိုတာ အဲ့သလိုစည်းလုံးပြီး အဲ့သလို ကူညီရိုင်းပင်းနိုင်ရမှာပေါ့။

ဒါပေမဲ့ လူငယ်တိုင်းဟာ လူငယ်မပီသဘူး။ ကြည့် . . . ဖိုးကျား ပျော်ပျော်ပါးပါးလုပ်ကိုင်နေကြတဲ့ တို့လူငယ်တွေရဲ့ရှိုင်းမှာ သိပ်ပြီး မရောဘူး ဟိုယောင်ယောင်၊ ဒီယောင်ယောင်နဲ့ လုပ်နေတယ်။ လူကြီးတွေကြားကို သွားသွားပြီး စပါးရောဖွဲရောလုပ်နေတယ်။ ကိုယ်နဲ့ ဆိုင်မှန်းမသိ၊ မဆိုင်မှန်းမသိ စကားတွေဝင်ပြောနေတယ်။ ခက်တာက ဦးလေး ဦးအောင်ပန်းနဲ့ ဒေါ်လေး ဒေါ်စောနှန်းကိုယ်တိုင်က သင်းကို ပစားပေးနေကြတယ်။

တခြားမကြည့်နဲ့။ ခုလို မွန်မြတ်တဲ့ပွဲမျိုးလုပ်နေတဲ့အခိုက်မှာ နှိုကောင် အရက်နိုးသောက်နေတယ်။ အိမ်နှန်းတို့အိမ်နောက်ဖေးက ခြံထောင့်မှာ ပုလင်းဖွက်ပြီး သူ့အပေါင်းအသင်းနှစ်ယောက်နဲ့ ခိုးကြောင်ခိုးဝှက်လုပ်နေတယ်။ နည်းနည်းလေးမှန်လာလိုက်၊ အိမ်ရှေ့ထွက်လာပြီး လာရောလိုက်၊ ဂီတာခေါက်လိုက်နဲ့ မဆိုးဘူး။ ဂီတာခေါက်ပြီး သီချင်းဆိုတာကတော့ နားထောင်ကောင်းသားပဲ။

"အဲ့ဒီကောင်ကို ငါ ကြည့်လို့ကို မရဘူး"

ကိုဖေသန်းက ဖိုးကျားကို လှမ်းကြည့်ပြီး ပြောတယ်။ ငါကတော့ ပြုံးနေလိုက်တာပဲ။

အေးလေ . . . မိန်းကလေးတွေနားဆို မျက်နှာရှုံ့နဲ့ ခဏခဏလာနေတာပဲ"



အစားပုတ်မိချိုက ထောက်ခံတယ်။

"ဘာလဲ နင့်နားကို မလာလို့ မနာလိုဖြစ်နေတာလား"

ခွာနီးက မိချိုကို နောက်တယ်။ မိချိုက နှင်လက်စကြက်သွန်ဥနဲ့ ခွာနီးကို လှမ်းပေါက်တယ်။

ငါကတော့ ဘာမှမပြောဘဲ အိမ်နှန်းရှိရာကို ကြည့်နေတယ်။ အိမ်နှန်းက ဘယ်လိုလဲ၊ တို့အနားကို ခဏပဲ လာတတ်တယ်။ အိမ်ရှေ့ခန်းမှာချည်းအသွားလုပ်နေတာလဲ၊ ဟိုကောင် ဖိုးကျားကလည်း အိမ်နှန်းရှိရာ တကောက်ကောက်လိုက်နေတာပဲ။ အိမ်နှန်းကလည်း သူ့ကို ရှောင်ကွင်းသွားပုံ မရဘူး။ ဒီ ဝမ်းနည်းစပြုလာရပြီ။ တစ်ခါတစ်ခါများ သူတို့နှစ်ယောက် ရယ်လို့၊ မော့လို့ . . ."

ဖိုးကျားနဲ့ အိမ်နှန်း ခုလို တွဲတွဲ. တွဲတွဲလုပ်နေတာကို တို့သူငယ်ချင်းတွေအားလုံး ဂရုစိုက်မိကြတယ်။

မိချို သူ့ဟာသူပြောသလိုနဲ့ ပြောတယ်။

"ဟိုကောင်မ အိမ်နှန်းက ဘာစပ်စလူးစိန် ဖြစ်နေတာလဲ၊ နေအုံးသာမှ ပြောထည့်လိုက်အုံးမယ်"

ငါ စိတ်ပူသွားတယ်။ မိချိုပါးစပ်က ယုံရတာ မဟုတ်ဘူး။ အစားပုတ်သလောက် အပြောကြမ်းတာ။

"မပြောပါနဲ့ဟာ . . . သူ့အကြောင်းနဲ့သူ ရှိမှာပေါ့"

"အောင်မာ . . . နင်နဲ့ ဘာဆိုင်လို့ ငါ့ဆရာလာလုပ်နေတာလဲ၊ ငါ့စပ်နဲ့ ငါပြောတာ၊ ဘယ့်နယ်တော် အနေမတတ်၊ အထိုင်မတတ် . . .

မကြာပါဘူး၊ အိမ်နှန်း ငါတို့နားရောက်လာတယ်။ မိချိုက လှမ်းခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်း ဘာဖြစ်နေတာလဲ"

"အို . . . ငါ ဘာဖြစ်လို့လဲ"

"ငါတို့တွေ ရောက်နေကြတာမှ သတိရရဲ့လား"

"ရပါတယ်ဟ . . . ငါ ဘာလုပ်လို့လဲ"

"ဘာလို့ ဟိုအကောင်နဲ့ ဒါလောက်တတွဲတွဲ လုပ်နေရတာလဲ"

အိမ်နန်းက ငါ့ကို တစ်ချက်လှည့်ကြည့်တယ်။ ဒါကြောင့် မျော
တာ။ ဘာပဲဖြစ်ဖြစ် ဒီစကားဟာ ငါ့ဆီကလာတဲ့စကားလို့ သူထင်သွားမှာ

ဒါပေမဲ့ မိချိုက ဒါကို သိလိုက်တယ်။

"အပြာ့ကို ကြည့်မနေနဲ့၊ ဒီစကားက ငါ့ဘာသာ အမြင်မတော်လို့
ပြောတဲ့စကားပါ၊ အပြာက မပြောဖို့တောင် တားပါသေးတယ်"

အိမ်နန်းရဲ့မျက်လုံးမှာ အားငယ်တဲ့အရိပ်အယောင်တွေ ယှက်
တယ်။ စိတ်မကောင်းလည်း ဖြစ်သွားသလိုပဲ။ လူကြီးဆန်တဲ့ ကိုဖေသန်း
ဝင်ပြောတယ်။

"မိချို တော်စမ်း၊ လူမှုရေးဆိုတာ ရှိသေးတာပဲဟ"

"ဘာလူမှုရေးလဲ၊ လူရုပ်တစ်ယောက်ကို အရေးလုပ်တာ လူမှုရေး
လား"

အိမ်နန်းဟာ ငါ့ကို မျက်လုံးရွှဲကြီးတွေနဲ့ ကြည့်ပြီး မိချိုဘေး
ငုတ်တုတ်ကလေး ဝင်ထိုင်တယ်။ နွှင်ပြီးသား ကြက်သွန်ခွံကို လက်နဲ့ထိုး
ရင်းက ပြောရှာတယ်။

"သူက ညော့်သည့်မှိုပါ သူငယ်ချင်းတို့ရာ . . ."

"ငါတို့ကလည်း သူငယ်ချင်းပါပဲ အိမ်နန်းရာ"

ခွာနီးက စိတ်မကောင်းတဲ့လေသံနဲ့ ဝင်ပြောတယ်။



ဒီတုန်းမှာ မီးဖိုခန်းဝက ဦးလေး ဦးအောင်ပန်းရဲ့အသံကို ကြား
လိုက်ရတယ်။

"သမီးရေ . . . အိမ်နန်း ခဏ . . ."

အိမ်နန်းက အားနာတဲ့မျက်လုံးနဲ့ ငါ့ကိုကြည့်ပြီး . . .

"ခဏနော်၊ ငါ အခုပြန်လာမယ်"

"ရပါတယ်"

မိချိုကတော့ ဦးလေးရှိရာဘက်ကို အံတစ်ချက်ကြိတ်ပြတယ်။
ငါကလည်း ဘာများလဲလို့ လှမ်းကြည့်တော့ ဦးလေးရဲ့ဘေးမှာ မနိုတရိုရပ်နေ
တဲ့ ဖိုးကျား။ ကဲ- ဒီကောင် ဘယ်လောက်အထိ ပိုင်သလဲ။

သူတို့ အိမ်ထဲဝင်သွားတဲ့အချိန်မှာ ကိုဖေသန်းက တက်တစ်ချက်
ခေါက်လိုက်တယ်။

"ငါ့အထင်တော့ မင်းကို သက်သက်လုပ်နေတာ ထင်တယ် အပြာ"

"ကိစ္စမရှိပါဘူး ကိုဖေသန်းရာ၊ ကျွန်တော် ဆုံးဖြတ်ပြီးသားပါ၊
ဒီကောင်နဲ့ တကွေ့ကွေ့တော့ တွေ့ရမှာ သေချာပါတယ်"

ခွာနီးကတော့ ထုံးစံအတိုင်း လေချိုဝင်သွေးတယ်။

"မဟုတ်သေးပါဘူးကွာ၊ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့တော့ . . ."

ကိုဖေသန်းက နံဘေးကို တစ်ချက်မျက်စေ့စေ့ကစားလိုက်ပြီး-

"ဘာ . . . ဘာမဟုတ်တဲ့ကိစ္စရမှာလဲကွ၊ ဒီကောင် အိမ်နန်းကို
အပိုင်ကြံနေတာ . . ."

ငါက ဒီအတွက်တော့ နည်းနည်းဝင်ပြောရတာပေါ့။

"ကြံတာ မကြံတာက ကျွန်တော်နဲ့ မဆိုင်ပါဘူး ကိုဖေသန်းရာ၊
ခုဟာက ကျွန်တော့်ကို အသားလွတ် လာလာထိပါးနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မဆိုင်ရမှာလဲ၊ ဒီကောင့်ပုံက ခြေမြန်လက်မြန်၊ တော်ကြာ အိမ်နန်းပါသွားရင် မင်းခံသွားရမှာ သိလား"

ငါ ရယ်လိုက်တယ်။

"ကျွန်တော်က ခံရပြီးသားပဲဗျာ"

"ဘာခံရတာလဲ"

"အိမ်နန်းနဲ့ ကျွန်တော့်အကြောင်း ခင်ဗျားတို့ သိသားပဲဟာ ..."

"မင်း တော်တော်တုံးတဲ့အကောင်၊ အိမ်နန်းက မင်းကိုကျနေတာ ပါဟ၊ တို့သိတာပေါ့"

"မဖြစ်နိုင်ပါဘူးဗျာ"

"ခွတ်တဲ့မှပဲ၊ မဖြစ်နိုင်ဘဲနဲ့ သူမကလိန်းမို့ တွဲတွဲသွားနေရသလဲ၊ မင်းတို့က ..."

ကျန်တဲ့သူငယ်ချင်းတွေကလည်း တစ်ယောက်တစ်ပေါက် ငါ့ကို ဝိုင်းပြောကြတာပေါ့။ တော်သေးတယ်၊ မီးဖိုခန်းထဲမှာ တို့သူငယ်ချင်းတစ်သိုက် သာ ရှိနေလို့၊ နို့မို့ တစ်ယောက်ယောက်ကြားသွားရင် ဘယ်ကောင်းမလဲ။ အို... တစ်ယောက်ယောက်ကြားနိုင်ရင်လည်း ငါ့သူငယ်ချင်းတွေက ဒီစကား မျိုး ဘယ်ပြောပါ့မလဲ။

"ဒါကတော့ဗျာ၊ သူနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းတွေ မဟုတ် လား၊ ပြီးတော့ ..."

မိချိုက ငါ့အင်္ကျီစကို ဖျတ်ခနဲ လှမ်းဆွဲလိုက်ပြီး ...

"ဘာ ... သူငယ်ချင်းတွေ ဟုတ်လား၊ အေး ... ဒါဆို မနက်ဖြန် ကစပြီး နင် ငါနဲ့ တတွဲတွဲလျှောက်လိုက်ခဲ့ပါလားဟင်၊ နင်နဲ့ ငါနဲ့လည်း သူငယ်ချင်းတွေပဲဟာ ..."



အားလုံး ဝိုင်းရယ်ကြတယ်။ အခန်းထောင့်မှာ ရေနွေးအိုးကြီး မွှေးနေတဲ့ စိန်ဝင်းက လှမ်းအော်တယ်။

"ဟာ ... သူငယ်ချင်းချင်းတူပေမယ့် နင်က ဖက်တီးပုတ်ကြီး၊ အပြောမပြောနဲ့ ငါတောင် နင်နဲ့ လမ်းတွဲမလျှောက်ချင်ဘူး"

မိချိုက ကြက်သွန်ဥတစ်လုံးနဲ့ လှမ်းပေါက်တယ်။ မိချိုကို နယ်လီ ဆ တွန်းလှဲပစ်လိုက်တယ်။ ဖွဲ့အိတ်ကြီး တုံးလုံးလဲကျသွားသလိုပဲ။

"သွား ... အစားပုတ်၊ ကြက်သွန်တွေ နင်ပေါက်ပစ်တာနဲ့ ကုန် သိမ့်မယ်"

"ငါလည်း လိုးတာပဲဟာ"

"ဘာလိုးတာလဲ၊ လေးပဲပေါ်နေပြီးတော့"

တို့အားလုံး ရယ်မောနေမိကြတာ စောစောကကိစ္စကိုတောင် မေ့ ကြတယ်။ ကိုဖေသန်းက ပြန်ပြီး အစဖော်တယ်။

"ဘယ့်နှယ် ဟော့ကောင်၊ ငါ ပြောတာ ..."

"ဘာကိုလဲဗျ"

"မင်းဘကြီးကိုကွာ၊ ကဲ ..."

ခက်တာက ငါနဲ့ အိမ်နန်းအကြောင်းကို သူတို့ကလည်း အစင်းသိ ဖြစ်နေတယ်။ တကယ်တမ်းကျတော့လည်း တို့ကလည်း တို့ပဲ။ တတွဲတွဲ နဲ့လည်း နေသေးတယ်။ ဘာမှလည်း မဟုတ်ကြဘူး။ ခက်ပါတယ်ကွာ။

ဒီလိုနဲ့ပဲ ညနေစောင်းတော့ တို့လည်း အိမ်ခဏပြန်ကြတယ်။ ရေမိုးချိုး၊ အဝတ်အစားလဲကြမယ်။ ညဘုရားကိုးဆူမှာ ဝိုင်းကူရအုံးမှာကိုး။

*　*　*

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကိုးဆူထုံးစံအတိုင်း လူတွေ ရှန်းရှန်း. ရှန်းရှန်းနဲ့ လာကြ ပြန်ကြ၊ စကားတွေ ပြောကြနဲ့ပေါ့။ တော်တော်လေး ညဉ့်နက်လာခဲ့တယ်။ တို့လည်း ခြေကုန်လက်ပမ်းကျကုန်ကြပြီ။ ဘာမှ ဝိုင်းမလုပ်ဘဲ ယောင်ဝါးဝါး နဲ့ကတော့ ဆရာသမား ကိုဖိုးကျားပေါ့။ သူနဲ့ အိမ်နန်းရဲ့ မင်္ဂလာအခမ်းအနား များ မှတ်နေသလား မသိဘူး။ ထောင်ထောင်. ထောင်ထောင်နဲ့ ဟိုလူ့နှုတ် ဆက်၊ ဒီလူ့နှုတ်ဆက်၊ တစ်ခါတစ်ခါ သူက အိမ်နန်းနဲ့တွဲပြီး လိုက်ညှော်ခံလိုက် သေးတယ်။ မျက်နှာရွှဲ၊ နောက်ပိုး။

အိမ်နန်းကတော့ ငါ့ကို ကွက်ကြည့်, ကွက်ကြည့်နဲ့ပဲပေါ့။ ဒါပေမဲ့ ဦးလေးရော သူ့အမေရဲ့ရှေ့မှာဆိုတော့ အလိုက်အထိုက်တော့ နေရတာပေါ့။

ငါ့အမေလည်း လာတယ်။ အမေကတော့ နောက်ဖေးမှာ အိုးသူ ကြီးပေါ့၊ ချွေးတလုံးလုံးနဲ့။ ဒါပေမဲ့ အမေ့ကို ဦးလေးဦးအောင်ပန်းက ခေါ်ခေါ် လာခေါ်ပြီး ညှော်သည်တွေနဲ့ မိတ်ဆက်ပေးတယ်။

ဒီအတွက်တော့ ငါ ဝမ်းသာပီတိဖြစ်ရတယ်။ ဦးလေးရဲ့သိတတ်မှု ကိုလည်း ကျေးဇူးတင်မိတယ်။ အမေ့ကို သူ့နေရာထားရှာသားပဲ၊ ဒါပေါ့လေ သူ့သူငယ်ချင်းရဲ့ငနီးကိုး။

ဒါပေမဲ့ ငါ သိပ်အံ့သြသွားရတဲ့မြင်ကွင်းတစ်ခုကို မထင်ဘဲ တွေ့ လိုက်ရတယ်။

ဦးလေးက အမေ့ကို ညှော်သည်တွေနဲ့ မိတ်ဆက်ပေးနေတုန်း တစ်ခါ မှာ အိမ်နန်းရဲ့အမေ ဒေါ်လေး ဒေါ်စောနန်းက မကျေမနပ်နဲ့ ကြည့်လိုက် တဲ့အကြည့်ပဲ။ ငါ စိုးရိမ်သွားတယ်။ ဘာကို စိုးရိမ်မှန်းလည်း မသိဘူး။

လောကမှာ ငါမသိနိုင်သေးတဲ့ လူရိပ်လူကဲတွေ အများကြီးရှိနေ ပါသေးကလား။ လူတွေ အများကြီးနဲ့ ဆက်ဆံရတဲ့အလုပ်ကို ငါ ကြောက်



သွားမိတယ်။

ဟော . . .မုန့်ပန်းကန်တွေ လိုက်သိမ်းရာက ငါ့ကို တစ်ချက်စူးစမ်း ကြည့်လိုက်တဲ့ သန်းထွတ်။ ဒီကောင်ဟာ စကားနည်းသလောက် ငါ့အကျိုး ကို အမြဲကြည့်နေတတ်တဲ့ကောင်။ ငါ့အတွက် ဒုတိယမျက်လုံး၊ စောစောက ဒေါ်လေး ဒေါ်စောနန်းရဲ့အကြည့်ကို သူမြင်လိုက်သလိုပဲ။ သူ့မျက်နှာမှာ ငါ့ကို မေးခွန်းတွေ အများကြီးမေးတဲ့ အရိပ်အရောင်တွေ ပေါ်နေတယ်။

"တို့ပြန်တော့မယ်"

အိမ်နန်းရဲ့ ကောလိပ်သူငယ်ချင်းတစ်စု နှုတ်ဆက်သံကြောင့် အိမ်နန်းကို လှမ်းကြည့်လိုက်တယ်။ သူက သူ့သူငယ်ချင်းတွေကို လိုက်ပို့ ဖို့ ခြံထိပ်ဘက်ကို ထွက်သွားတယ်။ ဒါက အရေးမဟုတ်ဘူး။ အရေးကြီးတာ က ဖိုးကျား။ ကျားတစ်ကောင် သားကောင်ကိုချောင်းသလို အိမ်နန်းကို အမြဲချောင်းနေတဲ့ ဖိုးကျားဟာ လစ်ခနဲ ခြံထိပ်ကို ပြေးထွက်သွားတယ်။

ညှော်သည်ကလည်း စဲသွားပြီ၊ မှောင်ကလည်း မှောင်နေပြီ။ အိမ်နဲ့ ခြံထိပ်ဆိုတာကလည်း အဝေးကြီး။ ပြီးတော့ ဟိုကောင်ကလည်း နည်းနည်း မူးနေပုံ ရတယ်။ ငါ လုံးဝစိတ်မချဘူး။ ဘာပဲဖြစ်ဖြစ် သူရမ်းကားမယ်ဆို ရမ်းကားနိုင်တဲ့ အခြေအနေမျိုး။

ငါ ခြံထိပ်ဘက်ကို မသိမသာ ထွက်လာခဲ့တယ်။

လမ်းကလည်း တော်တော်မှောင်နေတယ်။ ခြံထိပ်ကို လှမ်းကြည့် လိုက်တော့ လမ်းမီးရောင်နဲ့ လူတစ်စုကို မှုန်ဝါးဝါးပဲ မြင်ရတယ်။ အိမ်နန်းနဲ့ သူ့သူငယ်ချင်းတွေ လေပေါ်နေကြတာ ဖြစ်မှာပဲ။

နှင်းလေက ဝှေ့ခနဲ တစ်ချက်တိုက်လိုက်တယ်။ ခြံထိပ်က ကော်သစ် ချုံအိုကြီးက အခြေအနေတစ်ခုခုကို စောင့်ကြည့်နေသလိုပဲ ထင်ရတယ်။

www.burmeseclassic.com



အတိတ်နိမိတ်ဆိုတာ ဒီလောကမှာ တကယ်ရှိရိုးမှန်ရင်တော့ ဒီဝက်သစ်ချပင်အိုကြီးဟာ ငါ့ဘဝမှာ အတိတ်နိမိတ်တွေ ခဏခဏပြတဲ့အရာပဲ။

တစ်ခါတစ်ခါ ဒီအပင်ကြီးကိုကြည့်ရတာ ကြည်နူးစရာကောင်းတယ်။ တစ်ခါတစ်ခါ လွမ်းစရာကောင်းတယ်။ တစ်ခါတစ်ခါ ဒေါသဖြစ်စရာ၊ တစ်ခါ ကြောက်စရာ စသဖြင့်ပေါ့။

ဒီညမှာတော့ ဒီအပင်ကြီးကိုကြည့်ရတာ ချောက်ချားစရာ ကောင်းနေတယ်။

ဒီဝက်သစ်ချပင်ကြီးနားမှာ ငါ ရပ်နေလိုက်တယ်။ နိုးကြောင်နိုးဂုဏ်အလုပ်ကို ငါ မလုပ်ချင်ပါဘူး။ ဒါပေမဲ့ ဖိုးကျားနဲ့လည်း မျက်နှာချင်းမဆိုင်ချင်လို့၊ ပြဿနာမဖြစ်တန်ရင်လည်း မဖြစ်ရအောင်လို့။ တကယ်လို့သာ ပြောင်ပြောင်တင်းတင်း အိမ်နန်းနောက်ကို လိုက်လာမိတယ်ဆိုရင် ဖိုးကျားနဲ့ တစ်နည်းနည်းတော့ ပြဿနာဖြစ်မှာ သေချာတယ်။

နှုတ်ဆက်ရယ်မောတဲ့ အသံစာစာလေးတွေကို ကြားလိုက်ရတယ်။ တက္ကသိုလ်ကျောင်းသူတွေ အချင်းချင်း လူသူကွယ်ရာမှာ ကျီစယ်တတ်တဲ့ စကားသံတွေ တဖြည်းဖြည်းဝေးသွားပြီ။

ခြေသံရှပ်ရှပ် ကြားရတယ်။ သစ်ရွက်ခြောက်တွေနင်းတဲ့အသံ ကြားရတယ်။ ငါ့နားကို အတတ်နိုင်ဆုံး စွင့်ထားရတယ်။ တစ်ဆက်တည်းမှာပဲ ကိုယ့်ဘာသာ လိပ်ပြာမလုံဘူး။ ငါ ဘာကြောင့် ခုလောက် စိတ်ပူနေရသလဲ။

အပြစ်ရှိတဲ့လူဟာ တစ်ပါးသူကို အပြစ်ရှာနေတတ်သတဲ့။ ဘာကြောင့် ဖိုးကျားကို ငါ အပြစ်ရှာနေတာလဲ၊ ငါထင်သလိုကော ဖိုးကျားက ပြုမူမှာတဲ့လား။



ဒီလောက်အချိန်ကလေးအတွင်းမှာ ဒီကောင် အကောက်ကြံနိုင်ပါ့မလား။ ကြံဖို့ရော စိတ်ကူးရမလား။ ကြံချင်ကြံနိုင်တယ်ဆိုတဲ့ စိတ်ကူးကို ငါကရော ဘာလို့ရလာသလဲ။ တကယ်လို့ ငါထင်သလို ဖိုးကျားဟာ ခုအချိန်မှာ အိမ်နန်းကို အကောက်ကြံဖို့ရာ လုံးဝစိတ်ကူးပုံ မရဘူးဆိုရင် ဘယ်လောက် ရှက်ဖို့ ကောင်းလိုက်မလဲ။ ဘယ်သူမှ မသိဘူးထား၊ ငါ့ကိုယ်ငါ ရှက်လို့ကို ဆုံးမှာ မဟုတ်ဘူး။

"ဟိတ် . . . ကောင်မလေး နင်ဘယ်သူလဲ"

"အမလေး . . ."

ဖိုးကျားရဲ့အသံနဲ့ အိမ်နန်းရဲ့အသံကို ရှေ့ဆင့်နောက်ဆင့် ကြားလိုက်ရတယ်။ ငါ့အတွေးနဲ့ငါမို့ ရုတ်တရက် ငါတောင် လန့်သွားတယ်။

"ကိုဖိုးကျားကလည်း လန့်လိုက်တာ"

"တစ်ယောက်တည်းထွက်လာတာ မြင်လို့ စိတ်မချတာနဲ့ လိုက်လာတာပါဗျ"

"ဩော် . . . ကျေးဇူးပဲနော်"

သစ်ရွက်နင်းသံ ပြန်ကြားရတယ်။ နှစ်ယောက်ဆက်လျှောက်သွားတယ် ထင်တယ်။ ဟော . . . သစ်ရွက်နင်းသံ ပြန်ရပ်သွားပြန်ပြီ။

"ကျွန်တော်တို့ စကားနည်းနည်းပြောကြရအောင်လား မအိမ်နန်း"

"အို . . . ကိုဖိုးကျားကလဲ၊ မှောင်ကြီးမည်းကြီးထဲ အိမ်ရောက်မှ ပြောလည်း ရသားပဲ"

"မလွတ်လပ်လို့ပါ"

"ကျွန်မတို့အိမ်မှာ ရှင့်အတွက် မလွတ်လပ်တဲ့နေရာ မရှိပါဘူး"

ဒီစကားကိုပြောလိုက်တဲ့ အိမ်နန်းရဲ့လေသံဟာ တစ်မုဟုတ်ချက်ကို

www.burmeseclassic.com

www.burmeseclassic.com



ခနဲ့လိုက်သလိုပဲ။ နာနာကြည်းကြည်းလည်း ရှိတယ်။ တစ်စုံတစ်ရာ အနိုင်ကျင့်ခံထားရလို့ လက်လျှော့နေမှန်းလည်း သိသာတယ်။

"ဒီမှာပဲ ပြောကြရအောင်ဗျာ . . . နော်"

ဖိုးကျားအသံက မှုမမှန်ဘူး။ မူးသံပါနေတယ်။ ရီသဲ့သဲ့နဲ့၊ မချိတရိနဲ့။ ငါ အသာလေး သစ်ပင်ကွယ်က ထွက်ကြည့်လိုက်တယ်။ သူ့စကားသံက တောင်းပန်သံပါနေပေမယ့် သူ့လုပ်ရပ်ကတော့ နိုင့်ထက်စီးနင်းသဘော။

အိမ်နန်းရဲ့ရှေ့မှာ သူက ဝိတ်ပြီးရပ်နေတယ်။ အိမ်နန်းကို ဘေးတိုက်မြင်နေရတယ်။ သူ့ရင်ပတ်က မောက်တက်သွားပြီး ပြန်နိမ့်ဆင်းသွားတယ်။ သူ သက်ပြင်းချလိုက်တဲ့သဘောပေါ့။

"ကဲ . . . ပြောချင်လည်း ပြောလေ"

"ကျွန်တော် မအိမ်နန်းကို ချစ်တယ်"

ငါ့တစ်ကိုယ်လုံး မီးစနဲ့ အတို့ခံလိုက်ရသလို ဖြစ်သွားတယ်။ တကယ်တော့ ဒီအကြောင်းကို ဖိုးကျားဖွင့်ဟပြီးသားဆိုတာ ငါ သိသားပဲ။ ဒါပေမဲ့ ခုလို မျက်မြင်ကိုယ်တွေ့ ငါ့ရှေ့မှာ ငါချစ်ရတဲ့သူ ချစ်ရေးအဆိုခံလိုက်ရတာတော့ ငါ တော်တော်စိတ်ထိခိုက်သွားတယ်။

အိမ်နန်းကတော့ မတုန်မလှုပ်ဘဲ။ ခေါင်းကြီးငုံ့ပြီး ပေရပ်နေတယ်။

"ကဲ . . . ကိုဖိုးကျား ပြောစရာရှိတာ ပြောပြီးရင်လည်း ပြန်ကြရအောင်"

သူ့ကိုကွေ့ရှောင်ပြီး အိမ်နန်းက ခြေလှမ်းပြင်တယ်။ သူက ရှေ့ကကားဆီးကားဆီး လုပ်တယ်။ ငါကတော့ လက်ယာနေပြီပေါ့။

"အို . . . ဖယ်ပါလေ ကိုဖိုးကျားရဲ့"



"ကျွန်တော့်ကို အဖြေပေးမှ"

"ပေးစရာ အဖြေမရှိဘူး ကိုဖိုးကျား"

အိမ်နန်းအသံက ရှက်ဒေါသသံ ပါနေတယ်။ ငါ့တစ်ကိုယ်လုံးက အဆစ်တွေ အကုန်ပြုတ်ကျကုန်လောက်အောင်ဖြစ်စေမယ့် စကားတစ်ခွန်းကို ဆက်ကြားလိုက်ရတယ်။

"တကယ်တော့ ရှင်ဟာ တစ်ချိန်ချိန်မှာ ကျွန်မကို ပိုင်ဆိုင်ရမယ့်လူပဲလေ၊ အသားရနေမှ ဘာကြောင့် အရိုးတောင်းနေရတာလဲ"

ငါ့ခေါင်းဟာ အလိုလိုဝက်သစ်ချပင်ကြီးကို မှီလျက်သား ဖြစ်သွားတယ်။ အားအင်တွေ ကုန်ခမ်းသွားသလို ပျော့ခွေသွားတယ်။ ဒီနေရာရောက်လာမိတဲ့အတွက် ငါ့အဖြစ်ကိုလည်း ရှက်သွားမိတယ်။ ဒီနေရာက ခုချက်ချင်းတောင် ထွက်ပြေးချင်ပြီ။

ငါ့မှာ ဘာမှမကျန်တော့ဘူး၊ ကုန်ပြီ။ ငါ့မျှော်လင့်ချက်တွေဟာ ဆုံးခန်းတိုင်ပြီပဲ။ ဝမ်းနည်းမိတယ်။ ဒါပေမဲ့ သူတို့ရဲ့စကားတွေကိုတော့ မကြားချင်ရက် ကြားနေရတယ်။

"အသားကိုရမယ်မှန်းသိပေမယ့် ကျွန်တော်က အရိုးကိုက်ချင်တဲ့ခေါင်ပါ"

"ဘာ . . ."

"ဩော် . . . လူတင်မကဘူး အချစ်ကိုပါ လိုချင်တယ်ဆိုတဲ့သဘောပါ မအိမ်နန်း"

"ကျွန်မရဲ့အချစ်ကို ရှင်တစ်သက်လုံး မရနိုင်ပါဘူး"

"ကိုကြည်ပြာအတွက် ဖယ်ထားလိုက်ပြီ ဆိုပါတော့"

"ဒါလည်း ရှင်နဲ့ မဆိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် လှုပ်ရှားသွားတဲ့ခြေသံကို ကြားလိုက်ရတယ်။ ဖိုးကျား ကို ကွေ့ရှောင်ပြီး အိမ်နန်းထွက်သွားတာနဲ့ တူတယ်။ တစ်ဆက်တည်းပဲ နောက်ထပ် လှုပ်ရှားသံကို ထပ်ကြားရတယ်။

"အို . . ."

ငါ ခေါင်းပြူကြည့်မိတယ်။ ဖိုးကျားက အိမ်နန်းရဲ့လက်ကို လှမ်း ဆွဲပြီး . . .

"ကျွန်တော့်ကို ချစ်ပါ"

တစ်ဆက်တည်းမှာပဲ သူ့ရင်ခွင်ထဲ အိမ်နန်းကို ဆွဲသွင်းလိုက်တယ်။ ငါ ရုတ်တရက် ဘာလုပ်ရမှန်း မသိနိုင်အောင် ကြောင်နေမိတယ်။

အိမ်နန်းက မှုးနေတဲ့ဖိုးကျားရဲ့ရင်ပတ်ကို ဆောင့်တွန်းပြီး ပြေး သွားတယ်။ ဖိုးကျားက ပြေးလိုက်ပြီး အိမ်နန်းကို နောက်ကနေ သိုင်းဖက် လိုက်တယ်။

"ကျွန်တော် အရမ်းချစ်နေပြီ"

ဒီအချိန်မှာ ငါဟာ သူတို့အနားကို လှစ်ခနဲရောက်သွားမယ် ဆို တာတော့ ပြောစရာမလိုပါလေ။ ဘဝတွေ၊ မျှော်လင့်ချက်တွေ၊ လူမှုရေးတွေ ဘာတွေညာတွေ စောစောက ငါတွေးခဲ့သမျှတွေဟာ ဘယ်ရောက်ကုန်ပြီလဲ မသိဘူး။ တစ်ခုပဲ သိတယ်။ ငါ သိပ်ဒေါသဖြစ်နေပြီ။

ဖိုးကျားရဲ့ ကုတ်ပိုးအင်္ကျီကို ဘယ်လက်နဲ့ ဆောင့်ဆွဲလိုက်တယ်။ သူ ငါ့ဘက်ကို ချာကနဲလှည့်လာတဲ့အချိန်မှာ ငါ့ရဲ့ညာလက်သီးဟာ ရိပ်ခနဲ ပြေးသွားတယ်။ မေးဖျားတည့်တည့်ကိုထိပြီး "ခေါက်"ဆိုတဲ့အသံနဲ့အတူ ဖိုးကျားရဲ့ကိုယ်ဟာ မြောက်ကြွသွားတယ်။ ဖုတ်ခနဲ မြေကြီးပေါ်မှာ ခွေခွေ ကလေး ကျသွားတယ်။ ကုန်းထဖို့ ကြိုးစားနေတဲ့ ဖိုးကျားရဲ့နံစောင်းကို



တအားကြုံးကန်ပစ်လိုက်တယ်။ နှစ်ပတ်သုံးပတ်လောက် လိမ့်ထွက်သွားတယ်။

ငါ့ရဲ့လက်ကို အိမ်နန်းက လာဆွဲတယ်။

"နင့်လင်ထိလို့ ငါ့ကို ဝင်ဆွဲတာလား"ဆိုတဲ့ ရိုင်းပျတဲ့စကားကို ငါအလိုလို ပြောမိရက်သား ဖြစ်သွားတယ်။ အိမ်နန်းရဲ့လက်ကို ငါ ပုတ်ချ လိုက်တယ်။

မှောက်ရက်လဲနေတဲ့ဖိုးကျား ပက်လက်လှန်လာတဲ့အချိန်မှာ သစ်ရွက်တွေကြားက ပြောက်ကျားကျနေတဲ့ လမ်းမီးရောင်နဲ့ သူ့လက်ထဲ မှာ လက်ခနဲဖြစ်သွားတဲ့အရာတစ်ခုကို တွေ့လိုက်ရတယ်။ ငါကလည်း အယ်လိုဘယ်လို စိတ်မြန်လက်မြန်ဖြစ်နေတယ် မသိဘူး။ ချက်ချင်း သူ့ဆီ ပြေးသွားပြီး သူ့ပေါ် ခွထိုင်ချလိုက်တယ်။

သူကလည်း အောက်ကနေ အသင့်လှမ်းပြီးထိုးတယ်။ သူ့လက်ထဲ မှာ ဓားနဲ့၊ စူးစူးဝါးဝါးအော်လိုက်တဲ့ အိမ်နန်းရဲ့အသံဟာ တစ်ခြံလုံး ဆူညံ သွားတယ်။

နှစ်ယောက်စလုံးက အရှိန်နဲ့ ချိန်သားကလည်း မကိုက်တော့ ဓားက ငါ့ချိုင်းကြားကို ရိပ်ခနဲဖြတ်သွားတယ်။ ငါကလည်း သတိရှိနေတော့ သူ့လက်ကို ချိုင်းကြားထဲမှာ ညှပ်ပစ်လိုက်တယ်။

ဓားကိုင်ထားတဲ့သူ့လက်ကို ညာဘက်ချိုင်းကြားမှာညှပ်ရင်း ဘယ် ဘက်လက်နဲ့ သူ့မျက်နှာကို စွတ်ထိုးနေမိတယ်။

"ဟေ့ကောင် ဖိုးကျား၊ မင်း ယောက်ျားမဟုတ်ဘူးလားဟင် . . .၊ ဓားကို ပစ်ချလိုက်၊ မင်းလက်ထဲမှာ ဓားမရှိတဲ့အချိန်မှာ မင်းကို ငါ တစ် ယောက်ချင်း ယှဉ်ပြိုင်ခွင့်ပေးမယ်"

သူ့မျက်နှာကို စွတ်ထိုးရင်းနဲ့ ငါပြောနေတယ်။ ငါ့ရဲ့ ဘယ်လက်သီး

www.burmeseclassic.com

www.burmeseclassic.com



ဟာ မပြင်းလှပါဘူး။ ဒါပေမဲ့ ခေါသနဲ့ဆိုတော့ အဆက်မပြတ်ဘူး ဖြစ်နေတယ်။ ဖိုးကျားက ဝူးဝါးဝူးဝါးနဲ့ အောက်ကနေ ပြန်ပြောတယ်။

"ဓားလွှတ်လိုက်ပြီကွ၊ ဖယ်တော့"

သူပြောပုံကို သဘောကျလို့ ပြုံးမိသေးတယ်။ ခပ်လှမ်းလှမ်းက ပြေးလာတဲ့ လူသံတွေကြားရတယ်။ အိမ်နန်းရဲ့ငိုသံကို ကြားရတယ်။ "တော်ကြပါတော့ . . ."လို့ ကုန်းအော်နေတယ်။ ဖိုးကျားရဲ့လက်ကို စမ်းကြည့်လိုက်တော့ . . . ဟုတ်တယ်၊ သူ့လက်ထဲမှာ ဓားမရှိတော့ဘူး။ အနားမှာရှိနေတဲ့ဓားကိုကောက်ပြီး ဝေးဝေးလွှင့်ပစ်လိုက်တယ်။ သူ့ကိုယ်ပေါ်က ဖယ်ပြီး မတ်တတ်ရပ်လိုက်တယ်။ သူ ကုန်းထလာတယ်။ သိပ်လျင်တဲ့ကောင်၊ ကုန်းထလာလာချင်း ငါ့ဗိုက်ကို ပြေးဆောင့်လိုက်တယ်။ ရုတ်တရက်မို့ မရှောင်နိုင်ဘူး။ မိုက်ခနဲ ဖြစ်သွားတယ်။ သူလည်း သူ့ကိုယ်သူ မဟန်နိုင်ဘူး၊ ဒယီးဒယိုင်နဲ့။

သူနဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်တယ်။ ဘာညာအကွက်တွေ လုပ်မနေတော့ဘူး၊ သူတစ်ပြန် ကိုယ်တစ်ပြန် စွတ်ထိုးနေကြတယ်။ လက်သီးတွေက နှစ်ယောက်စလုံး မပြင်းဘူး၊ မောကလည်း မောနေပြီး ငါ စိတ်ကူးတစ်ခု ရတယ်။

သူထိုးတာကို ပေခံလိုက်တယ်။ အသက်ဝအောင် ရှူလိုက်တယ်။ စိတ်ကိုတင်းပြီး အားသွင်းလိုက်တယ်။ အနေအထားမှန်အောင် ချိန်သားကိုက်ပြီး ဖိုးကျားရဲ့ ဘယ်ဘက်နံစောင်းကို အားကုန်ပစ်ပြီး ထိုးချလိုက်တယ်။

"အိ"ခနဲ တစ်ချက်ညည်းပြီး ဖိုးကျားကိုယ်ဟာ ငိုက်ကျသွားတယ်။ သူ့ဗိုက်ကို လက်နဲ့ပိုက်ပြီး ငါ့ရှေ့မှာ ကုန်းကုန်းကြီးဖြစ်နေတယ်။ နောက်တစ်ချက်ဆက်ထိုးဖို့ လက်ကို အရှိန်ယူလိုက်ချိန်မှာ ငါ့လက်ကို နောက်က လူ



တစ်ယောက်က ဆွဲထားနှင့်နေပြီ။ ငါ့ခါးကို တစ်ယောက်က ဖက်ထားနှင့်နေပြီ။ ငါတို့အနားကို လူတွေရောက်နေပြီ။ သက်သာသွားတယ်။ ဖိုးကျားအတွက် ဒီတစ်ချီတော့ သက်သာသွားတယ်။

တစ်ယောက်တစ်ပေါက် ပြောကြ၊ ဆိုကြတဲ့အသံတွေကို ငါ ဂရုမစိုက်နိုင်ဘူး။ ဖိုးကျားကိုပဲ ပေကြည့်နေတယ်။ ဖိုးကျားဟာ ကုန်းနေရာက ဆောင့်ကြောင့်ထိုင်လိုက်တယ်။

"ဘယ်လိုဖြစ်ကြတာလဲကွယ်"

ဦးလေး ဦးအောင်ပန်းရဲ့အသံ။ အိမ်နန်းကတော့ ဒေါ်လေး ဒေါ်စောနန်းရဲ့ရင်ခွင်ထဲမှာ ချုံးပွဲချငိုနေပြီ။

ငါရော ဖိုးကျားရော ဘာမှမပြောဖြစ်ကြဘူး။ တစ်ယောက်ကို တစ်ယောက်ပဲ ကြည့်နေကြတယ်။ ဦးလေးက ဖိုးကျားနားကို လျှောက်သွားပြီး ဖိုးကျားရဲ့ပုခုံးကို ဖက်လိုက်တယ်။

"ခုလို ဖြစ်ရတာ ဦးလေး တောင်းပန်ပါတယ် မောင်ဖိုးကျားရယ်"

ငါ သိပ်ဝမ်းနည်းသွားတယ်။ ပထမဆုံးအကြိမ်အဖြစ် ဦးလေးရဲ့ ဥပေက္ခာအပြုကို ခံလိုက်ရလို့။ ငါ လုံးဝမမှားဘူးဆိုတာ သိတယ်၊ ရှင်းလည်း ရှင်းမပြနေချင်ဘူး။ ဒါပေမဲ့ ဒီကိစ္စအတွက် ဖိုးကျားကို ဦးလေးက တောင်းပန်ရတယ်ဆိုတာ ငါ မခံနိုင်ဘူး။ ငါ တစ်ခုခုတော့ ပြောသင့်တယ် ထင်တယ်။

"မဟုတ်ဘူး ဦးလေး၊ ဒီကောင့်ကို ဦးလေးတောင်းပန်ရမှာ မဟုတ်ဘူး။ ထပ်ပြီး ရိုက်ပစ်ရမှာ"

ဦးလေးက ငါ့ကို မော့ကြည့်တယ်။ ဦးလေးအကြည့်ဟာ ငါ့ကိုလည်း တောင်းပန်နေတဲ့သဘောမျိုးပဲ။

ငါ စဉ်းစားလို့ကို မရဘူး။ ဦးလေးဟာ လူကြီးတစ်ယောက်ဖြစ်ရက်

www.burmeseclassic.com



နဲ့ ဒီကိစ္စမှာ ငါနဲ့ ဖိုးကျားကို ဘာလို့တောင်းပန်တိုးလျှိုးတဲ့သဘော ဆောင်နေရသလဲ။ သူ့အိမ်ရိပ်မှာ ခုလိုဖြစ်လာပြီဆိုကတည်းက ငါတို့ကို နည်းနည်းဖြစ်ဖြစ် အပြစ်ယူဖို့ ကောင်းတယ်။

ငါ့ကို ချုပ်ထားတဲ့လက်တွေ ဖြည်ပေးကြတယ်။ ကိုဖေသန်းက တက်တစ်ချက်ခေါက်ပြီး . . .

"မင်း တော်တော်ဆိုးတဲ့ကောင်ပဲ အပြာ"

ငါ ဘာမှပြန်မပြောဘဲ စောစောက ဓားလွှင့်ပစ်လိုက်တဲ့နေရာကို လျှောက်ခဲ့တယ်။ ဓားကို ပြန်ရှာတယ်။ ဖိုးကျားနားကို ပြန်လျှောက်လာတယ်။

"ရော . . . ဖိုးကျား။ မင်းရဲ့ လက်သုံးဓား"

"ဟယ်" "ဟင်" ဆိုတဲ့ အာမေဋိတ်သံတွေ ထွက်လာကြတယ်။ ငါ ဦးလေးကို ပြောလိုက်တယ်။

"ဦးလေး ဘာပဲဖြစ်ဖြစ် ခုလို ဦးလေးရဲ့အရိပ်အာဝါသမှာ ဖြစ်ရတယ်ဆိုကတည်းက ကျွန်တော် မှားပါတယ်၊ ဦးလေး ကြိုက်သလိုသာ စီရင်ပြီး ကျွန်တော့်ကို အပြစ်ပေးပါ"

ဦးလေးက ငါ့အနားကို လျှောက်လာပြီး ငါ့ပခုံးကို ဖက်တယ်။

"ကဲ . . . ကဲ . . . သားပြန်တော့၊ မနက်ဖြန်မှ ဦးလေးဆီ လာခဲ့ဟုတ်လား"

လူအုပ်ကြားထဲမှာ အမေ့ကိုရှာတယ်။ ဒေါ်လေး ဒေါ်စောနန်းရဲ့ဘေးမှာ မျက်ရည်တွေဝိုင်းနေတဲ့ ဒေါသမျက်လုံးတွေနဲ့ ငါ့ကို အမေစိုက်ကြည့်နေတယ်။

အမေက ငိုရင်း ရှိုက်ရင်းနဲ့ ငါ့ကို ဆုံးမတယ်။

"လူမိုက် . . ."



ငါ ဘာမှပြန်မပြောတော့ဘဲ အမေ့ပခုံးကို ဖက်ပြီး ခြံထဲက ထွက်လာခဲ့တယ်။ အိမ်နန်းကို ငါ လှည့်တောင်မကြည့်ခဲ့ဘူး။ ငါ အရမ်းပမ်းနည်းနေပြီ။

ငါတို့သားအမိနောက်က ငါ့သူငယ်ချင်းကိုဖေသန်း၊ ခွာနီးနဲ့ စိန်ဝင်းတို့ လိုက်လာကြတယ်။

"သိပ်ညဥ့်နက်နေပြီ ဘာကားမှ မရှိဘူး၊ အောင်ပန်းထိ ခြေလျင်လျှောက်ရတော့မှာပဲ"

ကလောမြို့အထွက်မှာ နောက်နားက ကားဟွန်းသံ အဆက်မပြတ်ပေးလာတာ ကြားရတယ်။ ဦးလေး ဦးအောင်ပန်း လိုက်လာတယ် ထင်တယ်။

ဟုတ်တယ်၊ ဦးလေးကိုယ်တိုင်မောင်းပြီး လိုက်လာတာ။ ကားပေါ်မှာ အိမ်နန်းလည်း ပါလာတယ်။

"ကျုပ်လည်း ပူလူပြီး လိုက်ပို့ဖို့ရန် မေ့သွားတယ်၊ ကဲ- တက်ကြ"

အမေရယ်၊ အိမ်နန်းရယ်၊ ဦးလေးရယ်က ရှေ့ခန်းမှာ ထိုင်ကြတယ်။ ငါတို့က နောက်ခန်းမှာ။

ကားထွက်လာလို့ တော်တော်လေးကြာမှ ဦးလေးက စကားစတယ်။

"ကျုပ် စိတ်မကောင်းပါဘူး မညိုပြာ"

"ကျွန်မသား မိုက်တယ် ကိုအောင်သန်း"

"မမိုက်ပါဘူး၊ အပြာလောက် လိမ္မာတဲ့ကောင် အနုလောက် ဒေါသတကြီးဖြစ်သွားအောင် မောင်ဖိုးကျား ဘာလုပ်လိုက်တယ်ဆိုတာသာ ကျုပ်စဉ်းစားမရတာပါ"

ဦးလေးရဲ့စကားကြားရတော့ ငါ့မျက်ရည် လည်မိတယ်။ ဦးလေး

www.burmeseclassic.com

www.burmeseclassic.com



ဟာ တို့သားအမိပေါ် သဘောကောင်းလွန်းတယ်။ ဘာဖြစ်လို့လဲ။

*　　　*　　　*

အိမ်ရောက်တော့ ဦးလေးက မနက်ဖြန် သူ့ဆီလာခဲ့ဖို့မှာပြီး ပြန်သွားတယ်။ တို့ဖြစ်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဘာမှမပြောဖြစ်ကြဘူး။ ပြောစရာလည်း မလိုဘူးလို့ အားလုံးက သဘောပေါက်ထားကြသလိုပဲ။

ထူးခြားတာတစ်ခုပဲ ရှိတယ်။

"ငါ့ကို ခွင့်လွှတ်ပါ အပြာ"တဲ့။

အိမ်နန်း ငါ့ကို တောင်းပန်တယ်။ ငါ ဘာမှပြန်မပြောဘူး။ ရယ်ပြလိုက်တယ်။ ရယ်ပြလိုက်တဲ့အခါ ပါးစောင်နာသွားတယ်။

ဖိုးကျားလက်သီးဟာ ငါ့ပါးစောင်ကို နာစေတယ်၊ ဒါပေမဲ့ လက်သီးနဲ့မထိုးဘဲနဲ့ ဘာလို့ ငါ့ရင်ကို နာစေသလဲ။

မပြန်ခင်မှာ ဦးလေးက အမေ့ကို ခပ်လှမ်းလှမ်းကိုခေါ်သွားတယ်။ တိုးတိုး. တိုးတိုးနဲ့ စကားပြောတယ်။ အမေ့ရှိုက်သံ တစ်ချက်တစ်ချက်ကိုလည်း ကြားလိုက်ရတယ်။

ငါ့ဘဝမှာ ထူးခြားတာတွေ တဖြည်းဖြည်းများလာပြီ၊ ဘာတွေလဲ။

*　　　*　　　*

(၁၈)

ညက တစ်ညလုံး ကောင်းကောင်းအိပ်လိမ့်မယ် မဟုတ်ဘူးဆိုတာ မင်းတို့ သိကြမှာပါ။ ဒေါသဖြစ်တာတွေရော၊ ဝမ်းနည်းရတာတွေရော၊



ကြည်နူးရတာတွေရော၊ ကျေနပ်ပီတိဖြစ်ရတာတွေရော . . .။

အကြိတ်အနယ်ထိုးခဲ့ရပြီး နိုင်တယ်တာဆိုရတာ ဖိုးကျားလက်သီးကလည်း အပြင်းသား။ ငါ့မေးရိုးတွေ ကျိန်းနေတာပဲ။ ဗိုက်ကို ခေါင်းနဲ့ တစ်ချက်အခွေ့ခံလိုက်ရတာကလည်း မသက်သာလှဘူး။ အသက်ရှူလိုက်ရင် အောင့်သက်သက်နဲ့။ ကိုယ်က ထိုးရတာပေမယ့်လည်း လက်ပြင်တွေ ဆီတွေက နာသေးတယ်။

ထားပါ . . .။ ခန္ဓာကိုယ်အစိတ်အပိုင်းတွေ နာရတာကိုတော့ . .။

ခက်တာက စိတ်။ စိတ်တွေ ယောက်ယက်ခတ်ပြီး ပင်ပန်းတာက ပိုအနေရခက်တယ်။

အိပ်ရာထဲမှာ လူးရင်း၊ လိမ့်ရင်း ရောင်နီကို ဝါးထရံကြားက မြင်လိုက်ရတယ်။ ရောင်နီဟာ ငါ့ဘဝကို ဒီနေ့ကစပြီး အသစ်ဖြစ်စေမယ်ဆိုတဲ့ နိမိတ်လား၊ ဒါမှမဟုတ် ငါ့ဘဝမှာ နောက်ထပ်အဖြစ်မျိုးစုံ ကြုံရတော့မယ်ဆိုတဲ့နိမိတ်လားလို့ ငါ တွေးလိုက်မိတယ်။

ရောင်နီဆိုတာ လူ့လောကရဲ့ အစမဟုတ်လား။

ခုချိန်ထိ စိတ်တွေက ယောက်ယက်ခတ်နေတုန်းပဲ။ ဦးလေး ဦးအောင်ပန်းအကြောင်း၊ ဖိုးကျားအကြောင်း၊ ဒေါ်လေး ဒေါ်စောနန်းအကြောင်း၊ သူငယ်ချင်းတွေအကြောင်း၊ ပြီးတော့ အင်းပေါ် . . .။ အိမ်နန်းအကြောင်း၊ အမေ့အကြောင်း၊ ငါ့အကြောင်း။ ဒီလူတွေအားလုံးနဲ့ ပတ်သက်ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေကလည်း တောင်စဉ်ရေမရနဲ့။

မှတ်မှတ်ထင်ထင် စွဲလမ်းနေတာကတော့ အကြောင်းသုံးလေးခု ရန်ဖြစ်ရတဲ့အကြောင်း၊ အိမ်နန်းက တစ်ချိန်ချိန်မှာ ဖိုးကျားရဲ့လက်ကို တွဲရမယ့်အကြောင်း၊ ဦးလေး ဦးဖအောင်ပန်းက ငါ့ကိုရော ဖိုးကျားကိုပါ

www.burmeseclassic.com

www.burmeseclassic.com



အပြစ်မယူဘဲနေခဲ့တဲ့အကြောင်း၊ အမေ့ကို ဦးလေးက ညှော်သည်တွေနဲ့ စိတ် ဆက်ပေးတုန်း ဒေါ်လေး ဒေါ်စောနန်း မနစ်မမြို့ဖြစ်သွားရတဲ့အကြောင်း ဒါတွေပဲ . . .။

တစ်ခုကို ဖမ်းဆုပ်လို့ မမိဘူး။ တစ်ခုကိုမှ ငါ့အသိနဲ့ နားမလည် နိုင်ဘူး။

အေး . . . နောင်တစ်ချိန်ချိန်မှာ ဒီအကြောင်းအရာတွေအားလုံး အကြောင်းအရာတစ်ခုတည်းနဲ့ ပတ်သက်နေမှာကိုလည်း ခုလောလော မှာ ငါ လုံးဝမတွေးမိသေးဘူး။

အိပ်လို့မရတဲ့အတူ ခြံထဲဆင်းတော့မယ်ဆိုတဲ့ စိတ်ကူးနဲ့ နောင် ဖေးရေကပြင်က ထွက်လာခဲ့တယ်။ မျက်နှာသစ်လိုက်တော့ စိတ်ပါ နည်းနည်း ကြည်လင်လာသလိုပဲ။ ရေကပြင်မှာရပ်ပြီး နှင်းတွေဝေနေတဲ့ ငါတို့သစ်တော သီးခြံကြီးကို ငေးနေမိတယ်။ တစ်ခုခုကို စိုးရိမ်သွားသလိုပဲ။

ငါ ညက လူတစ်ယောက်နဲ့ ရန်ဖြစ်ခဲ့တယ်။ အဲ့ဒီလူဟာ တစ် ချိန်မှာ ငါ့ချစ်တဲ့သူကို ပိုင်ဆိုင်မယ့်လူ။ ငါ့ချစ်သူဟာ ဒီခြံကြီးရဲ့ပိုင်ရှင် ကြည့်စမ်း . . . ငါ့လက်နဲ့ စိုက်ပျိုးပြီး ငါ့ချွေးနဲ့ ပြုစုခဲ့တဲ့ ဟော့ဒီခြံကြီး ငါနဲ့ ဘယ်လောက်စိမ်းကားသလဲ။ ဘယ်လောက်များ မပတ်သက်လိုက် သလဲလို့။

ငါ့စိတ်ထဲမှာ ဒီခြံကြီးဟာ ငါနဲ့ ဘာမှမဆိုင်ဘဲ ဒီခြံကြီးက ဝေး ကို ငါရောက်နေသလိုပဲ ခံစားလိုက်ရတယ်။ ငါ့ရင်ထဲမှာ လှိုက်ခနဲနေတာ ဒီခြံ ဒီမြေ ဒီသစ်ပင်တွေကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်းတို့အင် ပါ သူငယ်ချင်းတို့ရာ . . .။

ခြံထဲဆင်းဖို့ အဝတ်အစားလဲပြီးလို့ အိမ်ရှေ့ခန်းထွက်လာတော့ အဒ်



ဆက် ဝီရိယကောင်းတဲ့ သန်းထွတ် ရောက်နှင့်နေပြီ၊ ရေနွေးကြမ်း ထိုင် သောက်နေတယ်။ ဒါဆို အမေနိုးနေပြီပေါ့။ အို . . . အမေရော ညက အိပ်မှ အိပ်ရဲ့လား မသိဘူး။

အမေ ဘုရားဝတ်ပြုနေတယ်။ အမေ့နောက်ကျောကိုကြည့်ပြီး အမေ့ကို ငါ သနားမိတယ်။

အမေ့အသုတ်ပြီးတဲ့နောက်ပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် ငါ့ကြောင့် အမေ ငိုရတယ်။

သန်းထွတ်နားမှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ အမေ သင့်လုပ်ထားတဲ့ ထမင်းကြမ်းနဲ့ ပဲပုပ်ခြောက်ဆီဆမ်းကို နည်းနည်းစား ကြည့်တယ်။ အိပ်ပျက်ထားလို့ ထင်တယ်၊ စားချင်စိတ် မရှိဘူး၊ ဝါးရတာ ညည်း သွားက နာနေတယ်။

ရေနွေးကြမ်းသောက်ရင်းနဲ့ပဲ ဒီနေ့လုပ်ဖို့ အလုပ်ကိစ္စတွေကို သန်းထွတ်နဲ့ တိုင်ပင်နေရတယ်။ စိတ်ကတော့ မပါလှဘူး။

ဘုရားဝတ်ပြုပြီးတော့ အမေ ငါတို့နား လာထိုင်တယ်။

"ကဲ . . . မောင်သန်းထွတ် ခြံထဲဆင်းချင်ဆင်းနှင့်တော့၊ အမေ ဒီကောင်လေးနဲ့ စကားနည်းနည်းပြောအုံးမယ်"

သိပြီ၊ ညကကိစ္စကို အမေ ပြောတော့မယ်။ သန်းထွတ်က အလိုက် သိစွာနဲ့ ထသွားတယ်။ အမေက တော်တော်နဲ့ စကားမစဘူး။ ငါ့ကိုပြောဖို့ အတော်စဉ်းစားနေပုံ ရတယ်။

"ပြောပါ အမေ၊ အမေစိတ်ထဲရှိတာသာ ပြောပါ၊ သား နားထောင် ပါမယ်"

"အင်း . . . ညကတည်းက ပြောဖို့ရာပဲ၊ သားကလည်း သွေးပူနေ

www.burmeseclassic.com

www.burmeseclassic.com



တုန်း၊ အမေကလည်း စိတ်တွေညစ်နေတုန်းမို့ ညက ဘာမှမပြောတာ ဒါပေမဲ့ မပြောရင်းမပြီးဘူး သား"

"ဟုတ်ကဲ့ပါ အမေ၊ သားလည်း ခု စိတ်ထဲပေါ့သွားပါပြီ"

"အေး . . . မင်းစိတ်ထဲပေါ့သွားပေမယ့် အမေ့စကားကိုတော့ အလေးအနက်ထားရလိမ့်မယ်၊ အမေပြောမယ့်စကားက အရေးကြီးတယ်"

ညက ဖြစ်ပျက်ခဲ့တဲ့အကြောင်းလောက်တွင် ပြောမှာမဟုတ်ဘူး ဆိုတာ ငါ သဘောပေါက်လိုက်ပြီ။

ငါ့ဘဝနဲ့ ပတ်သက်တဲ့ အကြောင်းတစ်ခုခုကို အမေ ပြောတော့မှာ သေချာတယ်။

"ညက ဖြစ်ပျက်တဲ့ကိစ္စဟာ တကယ်တော့ အသေးအဖွဲ့ပါ သား ရယ်၊ လူငယ်ဆိုတာ စိတ်အခန့်မသင့်ရင် ရန်ဖြစ်ကြတာပေါ့၊ အမေ သဘော ပေါက်ပါတယ်"

"ပြီးတော့ ဘာပဲဖြစ်ဖြစ် မောင်ဖိုးကျားနဲ့ဆိုရင်တော့ သား မမှားဘူး ဆိုတာ အမေ ယုံတယ်၊ ကိုယ့်သားမို့ပြောတာ မဟုတ်သလို သူများသားကို မှိုချိုးမှိုစ်ချိုးပြောတာလည်း မဟုတ်ဘူး၊ အမေ သိတာပေါ့၊ ဘယ်ကလေးဟာ တော်တယ်ဆိုတာ . . ."

"ဘာပဲဖြစ်ဖြစ် ပြဿနာဖြစ်ရတယ်ဆိုကတည်းက မကောင်းတာ တော့ သေချာတယ် သား၊ အထူးသဖြင့် ကိုယ့်ကျေးဇူးရှင်ရဲ့အိမ်ရိပ်မှာ ကျေးဇူးရှင်ရဲ့ မကောင်းတဲ့လူနဲ့မှ ဖြစ်ရတာဆိုတော့ . . ."

"တစ်ပြက် တုတ်တစ်ပြက်နဲ့ ဖြစ်ကြတာဟာလည်း ဘယ် လောက်အန္တရာယ်ကြီးသလဲ၊ တစ်စုံတစ်ခုများဖြစ်လိုက်ရင် အမေ ဘယ်လောက်ပူပန်ရမလဲ သား"



"အေး . . . ဒါပေမဲ့ ဒါတွေဟာ လူငယ်တို့ဘာသာဘာဝဖြစ်တတ်တဲ့ သဘောမို့ အသေးအဖွဲ့ထားလိုက်ပါကွယ်၊ အမေ ပြောချင်တာက ဒီထက် အရေးကြီးတဲ့ကိစ္စ၊ မောင်ဖိုးကျားရဲ့အကြောင်း . . ."

ငါ သိပ်စိတ်ဝင်စားသွားတယ်။ ဖိုးကျားအကြောင်းကို အမေ ပြော မလို့တဲ့။ ဖိုးကျားအကြောင်းကို အမေ ဘယ်လိုလုပ်သိသလဲ။

"မောင်ဖိုးကျားဟာ ဘယ်သူဘယ်ဝါဆိုတာ သိရဲ့လား"

"လူယုတ်မာတစ်ယောက်ဆိုတာအပြင် သူ့အကြောင်း သား ဘာမှ မသိဘူး အမေ"

အမေက ငါ့စကားကို သဘောကျသွားလို့ ပြုံးတယ်။

"သား ခုထိ စိတ်တိုနေတုန်းကိုး၊ အေး . . . အမေ ပြောပြမယ်၊ မောင်ဖိုးကျားဟာ ပိုက်ဆံချမ်းသာတဲ့ လူတစ်ယောက်ရဲ့သား၊ တစ်ဦးတည်း သောသား၊ သူ့အဖေနဲ့ ကိုအောင်ပန်းနဲ့က မိတ်ဆွေ၊ စီးပွားဘက်၊ သူဟာ သူ့အမေရဲ့စီးပွားအားလုံးကို တစ်ချိန်ချိန်မှာ ပိုင်ဆိုင်ရမယ့်သူ၊ လောလောဆယ် မှာကို သူ့အဘွားကပေးခဲ့တဲ့ အမွေပစ္စည်းတွေနဲ့ ကျိကျိတက် ချမ်းသာနေ တဲ့ သူဌေးလေးတစ်ယောက် . . ."

"အဲ့ဒါ ကျွန်တော်နဲ့ မဆိုင်ပါဘူး အမေရာ . . ."

"အေး . . . သားနဲ့ဆိုင်တဲ့အကြောင်း ရောက်လာလိမ့်မယ်"

ငါတော့ နားမလည်ဘူး၊ သူ့ဘာသာ ပိုက်ဆံချမ်းသာ၊ ငါနဲ့ ဘာ ဆိုင်လို့လဲ။ အမေက သက်ပြင်းတစ်ချက် ရှိုက်ပြီး

"အမေတို့ဟာ လောလောဆယ်မှာ ကိုအောင်ပန်းအပေါ်မှီပြီး ထမင်းစားနေရတယ်ဆိုတာ သား အသိနော်၊ အေး . . ."

"အေး" ဆိုပြီး အမေ တော်တော်နဲ့ ဘာမှမပြောဘူး။ ရှမ်းဖက်လိပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လိပ်ကို မီးညှိပြီး သောက်နေသေးတယ်။ ပြီးတော့မှ စဉ်းစဉ်းစားစားနဲ့ လေးလေးနက်နက် ပြောတယ်။

"ကိုအောင်ပန်းတို့ကိုယ်တိုင်က မောင်ဖိုးကျားမိဘတွေရဲ့အပေါ် မှီပြီး ထမင်းစားနေရတာ သား"

"ဗျာ . . .ဦးလေးတို့ ထမင်းစားတာ ဖိုးကျားတို့ပေါ် မှီနေတယ် ဟုတ်လား အမေ၊ ထမင်းလေးတစ်လုပ်အတွက်နဲ့များဟာ . . .၊ ဟုတ်ပါ့ မလား အမေရာ . . ."

"အမေဆိုလိုတာက ဘဝရပ်တည်ရေးကို ဆိုလိုတာပါ၊ ထမင်း လောက်ကတော့ အမေတို့လည်း ကိုယ့်လက်၊ ကိုယ့်ခြေနဲ့ စားနေတာပဲ မဟုတ်လား၊ ဒီလိုကွယ် . . ."

အမေက ရှင်းပြတယ်။ ဦးလေး ဦးအောင်ပန်းတို့မိသားစု လက်ရှိ လုပ်ကိုင်နေတဲ့လုပ်ငန်းက နှစ်ခုရှိတယ်။ သစ်တော်သီးခြံနဲ့ လက်ဖက်။ ဒီ လုပ်ငန်းနှစ်ခုဟာ သူတို့မိသားစုရဲ့ ဘဝရပ်တည်ရေးပဲ။ ဒါပေမဲ့ လတ်တလော မှာ လုပ်ငန်းက အောင်မြင်လှတယ် မဟုတ်သေးဘူး။ အောင်မြင်လှတယ် မဟုတ်သေးဘူးဆိုပေမယ့် ဝင်ငွေကတော့ ထောင်ဂဏန်းထိပေါ့လေ။ ကျား ကြီးတော့ ခြေရာကြီးဆိုတာလို လိုအပ်သလောက်တော့ ဝင်ငွေမကောင်းလှ သေးဘူးပေါ့။ ဒီကြားထဲမှာ လွန်ခဲ့တဲ့ သုံးလေးနှစ်ကဆိုရင် အရင်းအနှီးပြုတ် လုလုထိ ထိနိုက်သွားခဲ့သေးတယ်"

"တခြားလုပ်ငန်းတစ်ခုကို လက်တည့်စမ်းမိလို့တဲ့"

"ဘာလုပ်ငန်းလဲ အမေ"

"ရန်ကုန်ဆင်းပြီး ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်မိလို့ ဆိုလား ပဲ"



"ရုပ်ရှင်တွေ သိပ်ဟန်မကျတဲ့အချိန်မို့ ငွေတော်တော် ဆုံးရှုံးသွား တယ်တဲ့၊ ဒီမှာတင် အခြေယိုင်လာရာက ဖိုးကျားရဲ့အဖေဆီက ငွေချေးရတော့ တာဆိုပဲ။ ဒီလိုနဲ့ စီးပွားဘက်အဖြစ်ကနေ မှီခိုရတဲ့အဖြစ်ကို ရောက်သွားတာ တဲ့။ ငါ ဦးလေးကို သိပ်သနားသွားတယ်။

"ဟင် . . .ဒါဆို ခု သူတို့နေတဲ့တိုက်နဲ့ စီးတဲ့မော်တော်ကားဟာ ဖိုးကျားတို့အပိုင်ပေါ့"

အမေက ပြုံးတယ်။

"ငါ့သားကလည်း နားဝေးလိုက်တာ၊ ကဲ- အမေ ဥပမာတစ်ခု ပြောပြမယ်၊ ဆိုပါစို့ အမေတို့မှာ စီးပွားရေးကျပ်တည်းလာတယ်၊ အခက်အခဲ ရှိတယ်ဆိုရင် ကိုအောင်ပန်းဆီက ငွေငါးရာလောက် ချေးချင်ချေးရမယ်၊ ခု အမေတို့နေတဲ့ အိမ်ကလေး ရောင်းချင်ရောင်းရမယ်၊ အဲ . . .ဒါပေမဲ့ ငါ့သား လက်မှာ ပတ်ထားတဲ့နာရီကလေးကိုတော့ ဘယ်ရောင်းစားမလဲ၊ ဟုတ်တယ် မဟုတ်လား၊ အမေမဝတ်ဘဲ သိမ်းထားတဲ့ ပါတိတ်ထဘီလေးတစ်ထည်ကို ချေးထဲချရောင်းလောက်အောင်လည်း ဘယ်ဖြစ်ပါ့မလဲ၊ ဒီသဘောပေါ့၊ ခု ကိုအောင်ပန်းတို့မှာက ပုံမှန်ဝင်ငွေနဲ့ အခြေမပျက်တော့ နေနိုင်တာပေါ့၊ လုပ်ငန်းမှာသာ ထိခိုက်နေတာ ပြောတာ၊ သူတို့မှာ လစဉ်ထောင်ဂဏန်း လောက် ဝင်ငွေရှိနေပေမယ့် လုပ်ငန်းနဲ့ ပတ်သက်လို့ ကြွေးက သိန်းဂဏန်း လောက် ရှိနေတာ၊ သား နားရှင်းရဲ့လား"

အမေ့ကို ဘာမှပြန်မပြောဘဲ ခေါင်းသာ ညိတ်ပြလိုက်တယ်။ ရှင်းတာကတော့ နားတွင်မကဘူး၊ တစ်ကိုယ်လုံး ရှင်းသွားပြီ။ နှလုံးသား တစ်ခုလုံး ရှင်းသွားပြီ။ ဘဝတစ်ခုလုံးတောင် ရှင်းသွားသလိုပဲ၊ ခိုက်ခနဲ ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရာရာကို နားလည်လိုက်ပြီ။ ဟိုအဆုံးစွန်ထိ နားလည်လိုက်ပြီ။ ငါ့မှာ အရာရာဆုံးရှုံးသွားပြီ ထင်လိုက်ရတယ်။

သဘောကတော့ အိမ်နန်းကို ဖိုးကျားက အကြွေးနဲ့ သိမ်းတယ်။ ဒါကို ဦးလေးတို့က လက်ပိုက်ကြည့်နေရမယ့်သဘောပဲ။ ဒါကြောင့် ဦးလေးဟာ ဖိုးကျားအပေါ်မှာ ခုလောက် သည်းညည်းခံနေရှာတာကိုး။ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းတဲ့အဖြစ်လဲ။ ဟိုတုန်းက ချစ်တီးတွေ လယ်မြေကို သိမ်းတဲ့သဘောနဲ့ ဘာထူးသလဲ။

ခု ငါကြားရတာတွေထဲမှာ အိမ်နန်းကို ဆုံးရှုံးလိုက်ရတာတစ်ခုကိုပဲ ငါ ခဏခဏတွေးနေမိတယ်။ ဒါပေမဲ့ အမေ့ကိုတော့ စကားကောင်းအောင် ပြောရတယ်။

"ညက ဖြစ်ပျက်ခဲ့တဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဘဝကို ထိခိုက်မယ်ဆိုတာရော ဦးလေး ဦးအောင်ပန်းတို့ဘဝကို ထိခိုက်မယ်ဆိုတာရော ကျွန်တော် သိပါပြီ အမေ၊ ဦးလေးကို ကျွန်တော် သွားတောင်းပန်ပြီး ဦးလေးသဘောရှိ စိမ့်ဖို့လည်း ပြောခဲ့ပါ့မယ် အမေ"

ဒီစကားပြောနေရင်း ငါ မျက်ရည်လည်လာတယ်။ ဘာကြောင့်မှန်းလည်း မသိဘူး။

"အမေရယ်. . .အမေ့တစ်ယောက်ကိုတော့ ကျွန်တော့်လက်တစ်ဖက်တည်းနဲ့နိုင်အောင် ထမ်းနိုင်တယ်၊ အမေ ဘာမှအားမငယ်နဲ့၊ ကျွန်တော် လုပ်ကျွေးမယ်"

တစ်ခါတစ်ခါ လူတစ်ယောက်ကို အားပေးရတာ ကိုယ်ကိုယ်တိုင်ပါ အားတက်လာတတ်တယ်။ ဒီအခါမျိုးမှာ မျက်ရည်ကျတတ်သလား- ငါ ဘာလို့ မျက်ရည်ကျလာရသလဲ။



အမေက ငါ့ခေါင်းကိုပွတ်ပြီး ပြုံးတယ်။

"ဒီလောက်ထိ ဖြစ်လာစရာတော့ မရှိပါဘူး သားရယ်"

"ဘယ်ပြောနိုင်မလဲ အမေ၊ ဖိုးကျားဟာ လူယုတ်မာ"

"သူ ဘယ်လောက် ယုတ်မာ. ယုတ်မာ ကိုအောင်ပန်းကတော့ အမေတို့အပေါ် ရက်စက်စရာအကြောင်းမှ မရှိဘဲ၊ ဒီခြံဟာ ကိုအောင်ပန်းခြံပဲ၊ ဘာပဲဖြစ်ဖြစ် အမေတို့ လက်မဲ့ဘဝရောက်သွားတဲ့တိုင်အောင် အမေ ခိုနိုင်ရည် ရှိပါတယ်"

"ကျွန်တော် ဦးလေးဆီ ညနေသွားမယ် အမေ၊ ဒါပေမဲ့ ဖိုးကျားကိုတော့ ကျွန်တော် လုံးဝမတောင်းပန်နိုင်ဘူး"

အမေက ငါ့ကို ပြုံးကြည့်ရင်း တစ်လုံးချင်းပြောတယ်။

"မောင်ဖိုးကျားကို မတောင်းပန်ပေမယ့် သား အရှုံးတော့ပေးရ ထိမ့်မယ်"

"ဗျာ . . .သားက ဆင်းရဲလို့ ချမ်းသာတဲ့လူကို အရှုံးပေးရမယ် ဟုတ်လား အမေ"

အမေက ခေါင်းခါတယ်။ အမေ့မျက်နှာဟာ ငါ့ကို သိပ်ကရုဏာသက်နေပုံပဲ။ ငါ့အကြောင်းကိုလည်း အလုံးစုံ အမေ သိနေပုံရတယ်။

"အမေ မင်းကို ဒီနေ့ပြောချင်တဲ့စကားတွေဟာ ခု အမေပြောခဲ့ပြီးသမျှမှာ တစ်ခုမှ မပါသေးဘူး"

"ဗျာ . . ."

"အမေ ပြောခဲ့ပြီးပါပကော၊ ဘယ်အခြေအနေမျိုးကိုရောက်ရောက် အမေ ခံနိုင်ရည်ရှိပါတယ်လို့၊ အေး . . .အမေပြောချင်တဲ့ မင်းနဲ့ ပတ်သက်တယ်ဆိုတဲ့စကားက ဖိုးကျားကို သား အရှုံးပေးလိုက်ပါဆိုတဲ့စကားပဲ"

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုတော့ မဟုတ်ဘူး၊ ဘာကိုမှန်းလည်း ငါ မသိဘူး။ ငါ စိတ်တိုသွားတယ်။

"ဘာလို့ အရှုံးပေးရမှာလဲ အမေ၊ ဘာကို အရှုံးပေးရမှာလဲ"

အမေ့ရဲ့အကြည့်ဟာ ငါ့မျက်လုံးထဲကတစ်ဆင့် ငါ့ရင်ထဲကို စိမ့်ဝင်သွားတယ်။ တော်တော်ကြာကြာကြည့်နေပြီးမှ သံပြတ်နဲ့ ပြောတယ်။

"သား အရှုံးပေးရမှာက သားရဲ့ဘဝ မဟုတ်ဘူး၊ သားရဲ့အချစ် . ."

ငါ သိလိုက်ပြီ။ အမေ ဘာကိုဆိုလိုတယ်ဆိုတာ ငါ သိလိုက်ပြီ။

"အမေ သိတာပေါ့ကွယ်၊ မင်းတို့ချင်း နေကြ ထိုင်ကြပုံဟာ သာမန်သူငယ်ချင်းအဆင့်မှမကဘဲ၊ ပြီးတော့ ယောက်ျားလေးနဲ့ မိန်းကလေး ပိုသိသာတာပေါ့။ ဒါပေမဲ့ သားစိတ်ညစ်သွားမှာစိုးလို့ အမေ အရင်က ဘာမှ မပြောခဲ့တာ၊ ပြီးတော့ ဆင်းရဲတာ၊ ချမ်းသာတာကို အမေ ထည့်မစဉ်းစားပါဘူး၊ လူဆိုတာ မျှော်လင့်ချင်သလောက် မျှော်လင့်နိုင်တာပေါ့"

အမေက စကားကို ခဏဖြတ်ပြီး ဆေးပေါ့လိပ်တိုကို မီးညှိသောက်တယ်။ မီးခိုးတွေကို ပင့်သက်နဲ့ရှိုက်သွင်းလိုက်တယ်။ အဲဒီမီးခိုးတွေနဲ့ အတူ စကားလုံးတွေ ပြန်ထွက်လာတယ်။ မီးခိုးငွေ့လိုပဲ ပေါ့ပါးသလောက် ရှပ်လုံးပေါ်လာတတ်တဲ့စကားမျိုးတွေပေါ့။

"ဒါပေမဲ့ ခုသားမှာ မျှော်လင့်ချက်မရှိတော့ဘူး၊ ဝမ်းမနည်းပါနဲ့သားရယ်၊ မျှော်လင့်ချက်ဆိုတာမရှိရင် မမျှော်လင့်တာဟာ အကောင်းဆုံးပါ"

"သား မမျှော်လင့်ခဲ့တာ ကြာပါပြီ အမေ၊ ကြာလှပါပြီ"

"ကိုယ့်ကိုကိုယ် မလိမ်နဲ့သား၊ နောက်က တကောက်ကောက်လိုက်ပြီး လှနာအမဲခြောက်တောင်းသလို တောင်းနေမှ မျှော်လင့်ချက်ထားတယ် ခေါ်တာ မဟုတ်ဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးစလုံးနဲ့ စွန့်လွှတ်



နိုင်မှ မျှော်လင့်ချက်မထားတော့တာလို့ ခေါ်တယ်၊ သားကိုသား ပြန်စဉ်းစားအုံး"

"သားရယ် . . . သားဘဝ မဆုံးသေးပါဘူး၊ သား အချစ်သာ ဆုံးရှုံးတာပါ။ အေး . . . ဒါပေမဲ့ အချစ်ကြောင့် ဘဝပါထိခိုက်လာမှာကိုတော့ အမေ မလိုလားဘူး၊ ကဲ . . . ကဲ . . . ခြံထဲဆင်းချေတော့၊ အမေ့စကားကိုသာ သားရဲ့ ဦးနှောက်နဲ့ ဆင်ခြင်ပြီး ဆုံးဖြတ် . . ."

* * *

(၁၉)

"လူငယ်ဆိုတာ ထိခိုက်လွယ်တယ်ဆိုတာ ဦးလေး သဘောပေါက်ပါတယ်ကွာ၊ ကဲ . . . ပြီးခဲ့တဲ့ကိစ္စတွေ မေ့ပစ်လိုက်တော့ ဦးလေးလည်း ဘယ့်နှယ်မှ သဘောမထားဘူး။ အရင်လိုပဲ ပုံစံမပျက်နေ၊ အလုပ်ကြိုးစား၊ ပညာကြိုးစား . . ."

"မောင်ဖိုးကျားကိစ္စနဲ့ ပတ်သက်လို့လည်း ဘာမှထပ်ပြီး ခွန်းကြီးခွန်းငယ်မလုပ်နဲ့တော့၊ သူ့ကိုလည်း ဦးလေး ဆုံးမပြီးပြီ၊ သူ့မိဘဆီလည်း အကျိုးအကြောင်း စာရေးတိုင်လိုက်တယ်၊ သူလည်း မှားပါတယ်လို့ ဝန်ခံရှာတယ်"

"မင်းနုမကလည်း မင်းက ညတုန်းက စကားမပြောလို့ဆိုပြီး ဝမ်းနည်းပက်လက် ငိုလိုက်တာဆိုတာ မပြောပါနဲ့တော့ကွာ၊ ခုတော့ သူ့ကျောင်းသွားနေတယ်၊ မင်းနုမနဲ့တွေ့ရင်လည်း ချော့မော့လိုက်ပါအုံး"

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး အိမ်ရောက်လို့ ဦးလေးကို ငါက . . .

"ညာကကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို တစ်ခုခုတော့ အပြစ်ပေးပါ ဦးလေး" လို့ တောင်းပန်လိုက်ပြီးတဲ့နောက် အဲဒီစကားတွေကို ဦးလေး ဦးအောင်ပန်းကချည်း ပြောတော့တာပဲ။ တကယ်တမ်းကျတော့လည်း ငါ့မှာ ပြောစရာ ဘာမှမရှိဘဲ။ ကဲ . . . ငါ ဘာပြောမလဲ။ မနက်က အမေပြောတဲ့ စကားတွေကို ပြန်ပြောရမလား။ ဦးလေးတို့မိသားစုရဲ့လုပ်ငန်းဟာ ဗိုးကျူး အပေါ် မှီခိုနေရတယ်ဆိုတာ . . .။ ငါ ဘယ်လိုလုပ်ပြီး ပြောမလဲ။ ငါသိနေတာကို ဦးလေးက သိစေချင်မှ သိစေချင်မှာ။ မသိစေချင်ဘူးဆိုရင် အမေလည်း ဘယ်ကောင်းတော့မလဲ။ ဒါကြောင့် ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ငါ ဘာမှမပြောတော့ဘူး။ ဦးလေးပြောသမျှကိုပဲ နားထောင်နေတယ်။

ညာက အဖြစ်အပျက်နဲ့ ပတ်သက်လို့ ပြောပြီးကြတဲ့အချိန်မှာ အိမ်ရှေ့ကို ကားထိုးဆိုက်သံ ကြားလိုက်ရတယ်။ တံခါးဖွင့်သံ၊ ပိတ်သံ နှစ်ချက်စီကြားလိုက်ရတယ်။ ကားပြန်ထွက်သွားတယ်။

အိမ်နန်း ကျောင်းကပြန်လာပြီ ထင်တယ်။ ဒေါ်လေး ဒေါ်စောနန်းလည်း ပါလာတယ် ထင်တယ်။ ဒီတော့မှ ဒေါ်လေးကို သတိရတယ်။ ညာကလည်း ဒေါ်လေးနဲ့ ကောင်းကောင်းမဆုံလိုက်ရဘူး။ ဒေါ်လေးကိုလည်း ခုထိ မတောင်းပန်ရသေးဘူး။ ငါ ရင်ထိတ်သွားမိတယ်။ ဒေါ်လေး ငါ့အပေါ် ဘယ်လိုသဘောထားသလဲ။

ညာကအဖြစ်အပျက်တစ်ခု ရုတ်တရက်ဖြစ်သွားတာ မှတ်မိကြလား။ ငါ့အမေကို ဦးလေး ဦးအောင်ပန်းက ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးတဲ့အခါ ဒေါ်လေးစောနန်း မျက်နှာပျက်သွားခဲ့တာလေ။ ဒါနဲ့ ပတ်သက်လို့ ငါ့စိတ်ထဲမှာ တစ်မျိုးပဲ။ အားငယ်သလိုလို၊ စိုးရိမ်သလိုလိုနဲ့။ ဒီလိုဖြစ်ပြီး ဘာမှမကြာ



ဘဲ ငါက ရန်ဖြစ်ပစ်လိုက်တယ်ဆိုတော့ ဘယ်လိုပဲအကြောင်းအရာချင်း ကွာခြားစီဆိုပေမယ့် စိတ်ထဲမှာတော့ ပိုပြီးအပြစ်ကြီးလေးသလိုပဲ။ ဒေါ်လေး ဒေါ်စောနန်းနဲ့ ရင်ဆိုင်ရမှာ ငါ ရင်လေးနေမိတယ်။

"ဩော် . . . အပြာ ရောက်နေတာကိုး"

ဒေါ်လေးက စပြီး နှုတ်ဆက်လိုက်မှ နည်းနည်းအနေရအထိုင်ရ သက်သာသွားတော့တယ်၊ အိမ်နန်းကတော့ ရှက်ပြုံးလေးတစ်ချက် လှစ်ခနဲ ပြုံးပြပြီး အပေါ်ထပ်ကို တက်သွားတယ်။ ဒေါ်လေးကတော့ သူ့အခန်းဖက် လျှောက်သွားရင်း ငါ့ကို လှမ်းပြောတယ်။

"ကော်ဖီသောက်ပြီးပြီလား အပြာ၊ မသောက်ရသေးရင် ခဏနေအုံး ဒေါ်လေး ဖျော်လိုက်မယ်"

ငါ သိပ်ဝမ်းသာသွားတယ်။ ဒေါ်လေးနဲ့ ငါ့ရဲ့ဆက်ဆံရေးဟာ ကော်ဖီတိုက်တဲ့ကိစ္စပေါ် မူတည်နေတယ်ဆိုတာ မင်းတို့ အသိသားပဲလေ။ ညာကကိစ္စနဲ့ ပတ်သက်လို့ ဒေါ်လေး ငါ့အပေါ်မှာ အပြစ်ယူပုံမရဘူး။

ရုတ်တရက် ငါ့မှာ စဉ်းစားစရာတစ်ခု ဖြစ်ပေါ်လာတယ်။ ငါ့ကို ဒေါ်လေးဟာ တူလိုသားလို ချစ်တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ ငါ့အမေကို ဦးလေး ဦးအောင်ပန်းက အရေးပေးတာကျတော့ ဒေါ်လေးမျက်နှာ မကောင်း ဖြစ်ရသလဲ။

ခုလည်း ငါ့ကို ရယ်မောနှုတ်ဆက်ပြီး သူ့အခန်းဖက်ထွက်အသွားမှာ ငါတစ်ခု ဂရုစိုက်မိတယ်။ ဦးလေးကို သူ ဂရုမစိုက်သလိုပဲ။ မောင်နှမချင်းမို့ အရေးတယူနှုတ်ဆက်နေစရာ မလိုဘူးဆိုတာ ငါ သိပါတယ်။ ဒါပေမဲ့ ဒေါ်လေးရဲ့မျက်နှာထားက ဥပေက္ခာဆန်လွန်းတယ်။

ဦးလေးကလည်း ဒေါ်လေးရောက်လာကတည်းက သတင်းစာတစ်

www.burmeseclassic.com

www.burmeseclassic.com



စောင်ကို ကိုင်ဖတ်နေလိုက်တာ ငါ သတိထားမိတယ်။ ငါ့မှာ ကြားထဲက
အနေရကျပ်လာလာတယ်။

ဒေါ်လေး သူ့အခန်းထဲဝင်သွားမှ ဦးလေးက သတင်းစာကို ချပြီး

"သမီးရေ...အိမ်နန်း၊ အကျီလဲပြီး ခဏဆင်းခဲ့အုံး"

*　　　*　　　*

ထင်တယ်။ ဟောကြည့်...ထင်တဲ့အတိုင်း ဖြစ်တာပဲ။ သူ ငိုပြီး

အိမ်ပေါ်ကဆင်းလာတုန်းကလည်း အကောင်း၊ ဒေါ်လေးဖျော်ပေး
တဲ့ကော်ဖီကို နောက်ဖေးမှာ အတူဝင်သောက်နေတုန်းကလည်း ပြုံးပြုံးရွှင်
ရွှင်နဲ့။

ဦးလေးက ခြံထဲခေါ်သွားပြီး စကားလေးဘာလေး ပြောကြဆိုကြတုန်း
ကလည်း ဣန္ဒြေရရပဲ။ "ဟုတ်ကဲ့"တဲ့။

ခြံထဲလမ်းလျှောက်လာတုန်းမှာတော့ စကားတစ်လုံးမှ မပြောဖြစ်
ကြဘူး။ တစ်ယောက်တစ်ယောက်မကြည့်ကြဘဲ သက်ပြင်းကြီးတွေသာ အချိ
ချလို့။ မနေ့ညက ဖိုးကျားနဲ့ဖိုက်ခဲ့တဲ့နေရာလေးရောက်မှ တစ်ယောက်မျက်နှာ
တစ်ယောက် ကြည့်မိကြတယ်။

ဒီမှာ သိလိုက်တာပဲ။ မိန်းကလေးတစ်ယောက် မကြာခင်မှာ ငိုတော့
မယ်ဆိုတာကို ငါ ကြိုသိလိုက်တယ်။

မျက်နှာကို ချက်ချင်းလွှဲပစ်တယ်။ မျက်တောင်ကော့ကြီးတွေကို
ပုတ်ခတ်ပုတ်ခတ်လုပ်နေတယ်။ အသက်ကို ဝအောင်ရှူပြီး ထွက်သက်လေ
ကို ပြန်မထုတ်ဘဲ ရင်ပတ်ကြီးပင့် နှုတ်ခမ်းကိုက်ပြီး အောင့်ထားတယ်။



ထင်တဲ့အတိုင်းပဲ။ ဝက်သစ်ချပင်အိုကြီးအောက်လည်းရောက်ရော
ငါ့ကို လုံးဝကျောပေးနေတော့တယ်။

"အခြေအနေအရပ်ရပ်ကို ငါမသိခဲ့လို့ ခုလိုဖြစ်ကုန်ကြတာပါ
အိမ်နန်း၊ ငါ မှားပါတယ်"

ဒီတော့မှ သက်မကို ချလိုက်တယ်။ သူ့ရဲ့ လက်ပြင်နှစ်ဖက်တင်း
ထားရာက လျော့ကျသွားတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ သူ့ကျောလေးဟာ
သိမ့်သိမ့်တုန်လာတော့တာပဲ။ ဒါပေါ့ သူ ငိုနေပြီ။ ငိုနေတဲ့ ကောင်မလေး
တစ်ယောက်ကို ရင်ခွင်ထဲထည့်ပြီး ချော့လိုက်ရမယ်ဆိုရင် ဘယ်လောက်များ
ကောင်းလိုက်မလဲ၊ ခုတော့ ငါနဲ့ အိမ်နန်းဟာ နီးနီးကလေးနှင့် အဝေးကြီး။

သူ ဘာလို့ငိုရသလဲ။ ညက ငါ စကားမပြောခဲ့လို့လား။ စကားပြော
ခဲ့လို့လား။ စကားပြောခဲ့လို့လားဆိုတာ မင်းတို့ မှတ်မိပါလိမ့်မယ်။

ဖိုးကျားနဲ့ ငါ ထိုးကြ၊ ကျိတ်ကြတုန်း အိမ်နန်းက ဝင်ဆွဲတော့
"နင့်လင်ထိလို့ ဝင်ဆွဲတာလား"ဆိုတဲ့ ရိုင်းပျတဲ့၊ ကလေးဆန်တဲ့စကားကို
ငါ ပြောမိတာကို ဆိုလိုတာလေ။ မှတ်မိကြရဲ့လား။ ဒီစကားအတွက်တော့
ငါ ဘယ်လိုမှ ကိုယ့်ကိုယ်ဖြေလို့ မရဘူး။ ငါ သိပ်အောက်တန်းကျသွား
ခဲ့တယ်။

ဒါကြောင့်လည်း သူ ဝမ်းနည်းပြီးငိုတာ ထင်တယ်။

ခက်တာက ကောင်မလေးတွေက ခက်တာလား၊ ငါကပဲ ခက်
တာလားတော့ မသိဘူး။ ကောင်မလေးတွေငိုရင် ငါ မချော့ဘူး။

တကယ်တော့ ချော့လည်း သင်းတို့က တိတ်တတ်တာမှ မဟုတ်
ဘာ။ ချော့ကာမှ ပိုငိုချင်ငိုတတ်တာ။ မတိတ်ဘူးမှန်းသိရက်နဲ့လည်း ငါက
ချော့ချင်ဘူး။ ဘယ်လိုလဲ မသိဘူး။ ချော့ရမှာကိုပဲ အားနာနေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ကျတော့ ငိုနေတဲ့လူကိုချော့ရင် ပိုပြီး ဝမ်းနည်းပက်လက် ဖြစ်တတ်တာက ရှိသေးတယ်။

ဒါကြောင့် အိမ်နန်းကို မချော့ဘဲ ယောင်ပေပေနဲ့ ငါ ငေးကြည့်နေမိတယ်။ သူ ငိုနေတာ တော်တော်ကြာတယ်။ ငါးမိနစ်လောက် ကြာတယ်။ ငါးမိနစ်ဆိုတဲ့အချိန်ဟာ နည်းနည်းလေးလို့ထင်ရပေမယ့် ကောင်မလေးတစ်ယောက်ဟာ ကောင်လေးတစ်ယောက်ရဲ့ရှေ့မှာ ငိုရတယ်ဆိုတာ မလွယ်ဘူး။

ငိုနေတဲ့အရှိန်ဟာ လျော့သွားလိုက်၊ တရှိုက်ရှိုက်ဖြစ်နေရာက တစ်ခုခုကို သတိရသွားသလို ဝမ်းနည်းပြီး ထပ်ငိုလိုက်နဲ့ ငါ့မှာ အားနာတာ စိတ်မကောင်းဖြစ်တာကလွဲပြီး ဘာမှမတတ်နိုင်ဘူး။

ငါတို့ခေါင်းပေါ်က ဝက်သစ်ချပင်အိုကြီးကို ကြည့်ပြီး ငါ့ဘဝမှာ ဒီအပင်ကြီးဟာ တစ်ခုမဟုတ်တစ်ခုနဲ့ ပတ်သက်နေပါလားရယ်လို့သာ ဆေးမဆိုင်တွေးနေမိတယ်။

"အပြော"

ငါ့အတွေးစတွေဟာ အိမ်နန်းရဲ့ခေါ်သံကြောင့် ပြတ်တောက်ကျတယ်။ အိမ်နန်းဟာ နီရဲနေတဲ့မျက်လုံးတွေနဲ့ ငါ့ကို တွေတွေကြီးကြည့်နေတယ်။ ဩော် . . .သူ ငိုလို့ပြီးပြီကိုး။

"နင့်ကို ငါ ပြောစရာတွေ အများကြီးရှိတယ်"

"ငါ့မှာလည်း ပြောစရာတွေ ရှိတယ်"

"ငါ အရင်ပြောချင်တယ်"

"ပြော"

"နေပါအုံး . . .ငါမေးစရာတွေ အရင်မေးမယ်"

"မေး"



အိမ်နန်းရဲ့မျက်နှာဟာ ကလေးဆိုးလေးတစ်ယောက်လို ဂျစ်ကန်ကန်လုပ်နေတယ်။ သူ့အမူအရာ ဒီလိုဖြစ်သွားကတည်းက သူ ဘာကို မေးတော့မယ်ဆိုတာ ငါ သိလိုက်တယ်။

"နင် ညက ငါ့ဘာလို့ စကားမပြောတာလဲ"

"စိတ်က သိပ်လှုပ်ရှားနေလို့ပါ"

"ဒါဖြင့် ဦးလေးကိုကျတော့ ဘာလို့ပြောသေးလဲ"

ဝမ်းနည်းပမ်းနည်းပြောလိုက်ပုံလေးကိုက တကယ့်ကလေးလေးလိုပဲ။ ယုန်သူငယ်လေးနဲ့လည်း တူတယ်။ အရည်ကြည်လဲ့ပြီး ပြောင်နေတဲ့မျက်လုံးလေးတွေကြောင့်။ ဘိုခွေလေးတွေနဲ့လည်း တူတယ်။ ဆံပင်နှစ်ဖက်ခွဲပြီး ဖားလျားချထားလို့။

ငါ့ ရင်ထဲမှာ တစ်ခုခုဆုံးရှုံးသွားသလို ခံစားလိုက်ရတယ်။ ဒီလောက်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးတစ်ယောက်ကို ငါ လက်လွှတ်ရလိုက်ပြီ။ ဖိုးကျားဆိုတဲ့ လူယုတ်မာရဲ့လက်ထဲကို ရောက်သွားတော့မယ်။ နပြောလိုက်တာ။

သူ့မေးခွန်းကို ငါ မဖြေတတ်ဘူး။ ဟုတ်သားပဲ။ ငါက ဦးလေးကိုတော့ ဘာလို့စကားပြောခဲ့သလဲ။ အင်း . . .သူ့ကို ငါ စိတ်နည်းနည်းဆိုးမိတာတော့ သေချာတယ်။ ကဲ . . .ဒါဖြင့် ဘာကြောင့်လဲ။ သူ့မှာ ဘာအပြစ်ရှိလို့လဲ။ တကယ်အပြစ်ရှိတဲ့လူက ဖိုးကျားပဲ။ အပြစ်မရှိတဲ့လူကို ငါက ဘာကြောင့်အပြစ်ပေးမိရသလဲ။ တစ်ခုပဲ ဖြစ်နိုင်တယ်။ ငါ ကျားနာခဲ့ခဲ့လိုက်မိတာ၊ သူ့အချစ်ကိုမရလို့ ငါ စိတ်ဆိုးမိတာ၊ သူ့အပေါ် အချစ်ကြီးချစ်လို့ ဖြစ်ရတာ။ ဒါပေမဲ့ ဒါကို ငါ ဘယ်လိုလုပ်ပြောလို့ ဖြစ်ပါ့မလဲ။ သူ့ကို ငါ ဘယ်တော့မှ အချစ်အကြောင်း မပြောတော့ဘူးလို့ ဆုံးဖြတ်ပြီးသား မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



"ဖြေလေ ငါ မေးတာကို"

"အေးဟာ . . .၊ နင့်ကို ငါ ညက ဘာလို့စကားမပြောဖြစ်ခဲ့သလဲ ဆိုတာ ငါလည်း မသိတော့ဘူး"

အိမ်နန်းက ရယ်တယ်။ ငါ့ကို အနိုင်ရသွားလို့ ပျော်သွားတယ် ထင်တယ်။ သူက အားတက်သွားပြီး ငါ့ကို မေးခွန်းဆက်ထုတ်တယ်။

"တကယ်တော့ နင် ညက ငါ့ကို လုံးဝစကားမပြောတာတော့ မဟုတ်ပါဘူး၊ စကားတစ်လုံး ပြောခဲ့ပါသေးတယ်ဟာ . . .၊ နင့်စကားကို နင် မမှတ်မိဘူးလား"

ဒီဒုတိယမေးခွန်းအတွက်လည်း ငါ့မှာ ဖြေစရာ အဖြေမရှိဘူး ဟုတ်သားပဲ၊ "နင့်လင်ထိလို့ ဝင်ဆွဲတာလား"ဆိုတဲ့စကားလေ၊ ငါ ပြောခဲ့မိ တာပဲ။ တကယ်တော့ ဒီစကားကိုလည်း အချစ်ဒေါသနဲ့ ငါ ပြောမိခဲ့တာ ဒါကိုကော ဘယ်လိုလုပ်ဖြေမလဲ၊ ငါ ခေါင်းခါလိုက်တယ်။

"သွေးပူပြီး ပြောမိပြောရာ ပြောလိုက်မိတာပါ အိမ်နန်းရာ"

သူက အသံထွက်အောင် ရယ်တယ်။ သူ့ရယ်သံက ခြောက်ကပ် ကပ်နဲ့။

"သြော် . . .သွေးပူပြီး ပြောမိပြောရာပြောတာ ဟုတ်လား၊ နင့်ပြောမိ ပြောရာကလည်း စကားလုံး ပြောင်မြောက်လှပါလား အပြာရယ် . .ဟင်"

ဟုတ်တယ်နော်၊ ဒီစကားလုံးကတော့ သေသေချာချာစဉ်းစား ပြောတာမဟုတ်ပေမယ့် တော်တော့ကို ပြောင်မြောက်သွားတယ်။ ဒက်ခနဲ ထိကို မှန်သွားတာပဲ။ ငါ့ကို သူ လုံးဝဖွင့်မပြောခဲ့တဲ့အကြောင်းကို တိုက်ရိုက် ကြီး ဖော်လိုက်သလိုပဲ။ သူ့ရင်ထဲကို ဒါရိုက်ဝင်သွားပုံ ရတယ်။ တော်တော် လည်း နာသွားတယ် ထင်တယ်။



"ကဲပါ . . .အိမ်နန်းရယ်၊ ပြီးခဲ့တာတွေ ပြီးပါစေတော့၊ နင် ငါ့ကို ပြောစရာရှိတယ်ဆို ပြောလေ၊ ငါ့မှာလည်း နင့်ကို ပြောစရာတွေ ရှိနေတယ်၊ တို့နှစ်ယောက်စကားတွေ ပြောကြရအောင်နော်"

တို့နှစ်ယောက်စကားတွေ ပြောကြရအောင်ဆိုတဲ့ ငါ့စကားဟာ ငါ့ကိုယ်ငါ ဝမ်းနည်းသွားစေတယ်။

ငါ့စကားဟာ ခွဲခွာခါနီးတို့၊ သေခါနီးတို့မှာ ပြောတတ်တဲ့ စကားလို ပဲ။ နောက်ဆုံးအနေနဲ့ ပြောကြမယ်ဆိုတဲ့ အဓိပ္ပာယ်သက်ရောက်သလိုပဲ။ နောက်ဆုံး အခွင့်အရေးတစ်ခုကို တောင်းလိုက်ရသလိုပဲ။ ငါကိုယ်တိုင် ဝမ်း နည်းသွားသလို အိမ်နန်းလည်း ဝမ်းနည်းသွားပုံ ရတယ်။ တို့နှစ်ယောက် သက်ပြင်းပြိုင်တူချလိုက်ကြတယ်။

ငါ ထင်တယ်၊ တကယ်လို့သာ သစ်ပင်တွေလည်း အသက်ရှူ တယ်ဆိုရင်တော့ တို့ခေါင်းပေါ်က ဝက်သစ်ချပင်အိုကြီးကလည်း သက်ပြင်း ချမှာ အမှန်ပဲ။

*　　　　*　　　　*

မင်းတို့ ဘယ်လိုထင်လိုက်ကြသလဲ၊ ဒါပေါ့ မင်းတို့ထင်တာ မှန် တာပေါ့။ အိမ်နန်းက ငါ့ကို သူ့တို့မိသားစုရဲ့အခြေအနေတွေကို ပြောပြတယ်။ ငါ သိပြီးသားပေမယ့် မသိဟန်ဆောင်ပြီး နားထောင်နေရတယ်။ ဒါပေမဲ့ အမေပြောပြပြီးသားအကြောင်းအရာတွေမို့ ကြားရခါစလိုတော့ မတုန်လှုပ်တော့ ဘူးပေါ့။

သူ ပြောပြသမျှတွေထဲမှာ ငါ မသိသေးတာတစ်ခုပဲ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်နန်းနဲ့ ဖိုးကျားတို့ရဲ့ ဆက်ဆံရေးအခြေအနေ . . .။

"ဖိုးကျားက ငါ့ကို အပိုင်ကြံဖို့ ကြိုးစားနေတာတော့ အမှန်ပဲ။ ဒါပေမဲ့ သူ ငါ့အချစ်ကိုတော့ ဘယ်တော့မှ ရမယ် မဟုတ်ဘူး"

"လူကိုတော့ ရမယ်ပေါ့ ဟုတ်လား"

"ဒီမေးခွန်းကို ဘာလို့မေးရသလဲ အပြာရယ်၊ ငါ ဘယ်လိုဖြေရမှာလဲ"

"ဆောရီး . . .ဆောရီး . . .ဟုတ်တာပေါ့၊ ဒါ ငါနဲ့မှ မပတ်သက်ဘဲလေ၊ ဟုတ်တယ် မဟုတ်လား"

အိမ်နန်းမျက်လုံးမှာ မျက်ရည် အိုင်ခနဲ ဝိုင်းလာတာတွေ့လိုက်ရတယ်။

"ဒီလိုလည်း မဟုတ်သေးဘူးလေ အပြာ"

"ဒီလိုပဲ ဖြစ်နေပြီပဲ အိမ်နန်းရာ"

"ဘာပဲဖြစ်ဖြစ် ဒီအကြောင်းတွေဟာ တို့ချင်း ဘာမှဖွင့်မပြောဘဲ ကိုယ့်အသိနဲ့ကိုယ် ရှိနေကြတာ ကောင်းပါတယ်"

"အင်း . . .ကောင်းပါတယ်"

နှစ်ယောက်စလုံး စကားမပြောဖြစ်ကြဘဲ တိတ်တိတ်နေမိကြပါတယ်။ အိမ်နန်းကိုကြည့်ရတာ တစ်စုံတစ်ခုထပ်ပြောဖို့ အားတင်းနေသလိုပဲ။ အပြောရခက်နေပုံရတယ်။

သူ ဘာပြောမယ်ဆိုတာ မသိရပေမယ့် သူပြောလာမယ့် အကြောင်းအရာဟာ ငါ့အဖို့အကျပ်အတည်းတွေ့စေမယ့် အကြောင်းအရာဆိုတာတော့ ငါသိနေတယ်။ မပြောစေချင်ဘူး။ တို့တစ်တွေ ခုထက် ဘာမှ ပိုမပြောသင့်တော့ဘူး ထင်တယ်။

ဒါပေမဲ့ အိမ်နန်းက ပြောတယ်။



"ဒါပေမဲ့ ဖိုးကျားနဲ့ ပတ်သက်လို့ မေမေက လုံးဝသဘောမတူဘူး"

"ဘာ . . .ဒေါ်လေး ဒေါ်စောနန်းက . . ."

"ဩော် . . .မေမေက ဖိုးကျားကို လုံးဝကြည့်လို့မရဘူး။ ငါနဲ့ ဖိုးကျားနဲ့ကို မေမေက သဘောမတူဘူးလို့ ပြောတာ"

အဲ့ဒါကော ငါနဲ့ ဘာဆိုင်သလဲဆိုတဲ့စကားကို ငါမမေးမိတော့ဘူး။ သူ စိတ်မကောင်းမှာ စိုးလို့။

"ဦးလေးကတော့ သဘောမတူပေမယ့် လက်ပိုက်ကြည့်နေရသလိုပဲ"

"ဘာကိုလဲ"

"ဖိုးကျား အတင့်ရဲတာကိုပေါ့"

"ဒါတော့ မဟုတ်သေးဘူး ထင်တယ်ဟာ၊ စီးပွားရေးအရ မှီခိုနေရလို့ ကိုယ့်သမီးပျို တူမပျိုလေးကို ငွေရှင်ကြေးရှင်ဆီ အပ်ရမယ်ဆိုတဲ့ သဘောတရားက ခေတ်နောက်ကျလွန်းပါတယ်"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ဦးလေးက ဒီသဘောမျိုးတော့ မဟုတ်ဘူး၊ ဒီလိုဟာ အမှန်က . . .ဖိုးကျားကိုတွေ့စမှာ ဦးလေးက ဒီသူငယ် တော်သားပဲဆိုပြီး ဖိုးကျားရဲ့ဟန်လုပ်တဲ့ အမူအရာတွေကို ယုံမိခဲ့တယ်၊ ဒီတုန်းမှာ ဖိုးကျားက ငါ့ကိုချစ်ရေးဆိုလာတယ်၊ ငါကလည်း ဖိုးကျားချစ်ရေးဆိုတဲ့စာကို ဦးလေးကိုပြပြီး တိုင်လိုက်တယ်"

ငါ ရယ်လိုက်မိတယ်။ ငါ ဘာကြောင့်ရယ်မိတယ်ဆိုတာ သူ သိပါတယ်လေ။ ဘာပဲဖြစ်ဖြစ်၊ ရယ်စရာမောစရာလို သဘောထားပြီး ငါ စကားတစ်ခွန်းပြောချင်မိတယ်။ ထိန်းမနေတော့ဘူး၊ ပြောမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတုန်းကလည်း ဦးလေးကို တိုင်တာပဲလားဟင် . . .အိမ်နန်း" ရှက်ပြုံးလေးကို မြင်ရတယ်။

ခေါင်းခါလိုက်ပုံကလည်း မှုတ္တတ္တနဲ့ အင်း . . .တကယ်တော့ ငါတို့နှစ်ယောက်ရဲ့အခြေအနေနဲ့ဆက်ဆံရေးဟာ ငါ့အမေပြောသလိုပဲ။ မပြတ်သားပါလားလေ။

အိမ်နန်း ဣန္ဒြေဆည်ပြီး စကားဆက်တယ်။

"အဲ့သလို ဖိုးကျားက ငါ့ကို ရည်းစားစာပေးတဲ့ အချိန်ပိုင်းလောက် မှာတော့ . . ."

စကားကိုဖြတ်ပြီး ပြောသင့်၊ မပြောသင့် သူ စဉ်းစားနေတယ်။

သူ့မျက်နှာက ငါ့ကို အားနာနေသလိုပဲ။

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ ဖိုးကျားဟာ စီးပွားရေးအခြေအနေကောင်းတယ်၊ လုပ်ငန်းချင်းကလည်း ဆက်သွယ်နေတယ်၊ ဟန်ဆောင်ကောင်းတဲ့ သူ့မို့ လူ့ရိုးလူကောင်းလေးလို့လည်း ထင်နေတယ်ဆိုတော့၊ ပထမ ဦးလေး လည်း သဘောကျသွားပုံ ရတယ်၊ ငါ့ကို ပြောတယ်၊ ပညာသင်ချိန်မှာတော့ အချစ်ရေးကို မစဉ်းစားတာ ကောင်းတယ်တဲ့၊ ဒါပေမဲ့ တစ်ချိန်ချိန် စဉ်းစား လာရရင်လည်း ဖိုးကျားဟာ ထည့်စဉ်းစားလို့ မမှားနိုင်တဲ့လူတစ်ယောက်ပါ ပဲတဲ့"

"ဒါပေါ့ . . ."

"ဒါပေမဲ့ အပြာရယ်၊ ဘီလူးဟာ ဘီလူးပါပဲ၊ ဘယ်တော့မှ မင်းသား ဖြစ်မလာနိုင်ပါဘူး၊ ငါက စကတည်းက ဖိုးကျားကို ကြည့်လို့မရခဲ့သလို နောက်ပိုင်းတော့ သူ့မျက်နှာဖုံးကွာကျပြီး ဦးလေးကပါ ချဉ်တင်တင်ဖြစ်လာ တာပဲ၊ ဒီအချိန်မှာ ဦးလေးဟာ ဖိုးကျားမိသားစုတွေနဲ့ စကားလွန်နေပြီလို့



ငါ ထင်တယ်၊ စကားလွန်တယ်ဆိုပေမယ့်လည်း ငါ့သဘောကိုတော့ လွန်ဆန် မယ့်ပုံမပေါ်ဘူးပေါ့လေ"

အိမ်နန်းက ဆက်ပြောနေတယ်။ ဦးလေးဟာ ဖိုးကျားရဲ့ တကယ့် ရုပ်ကိုသိလာတဲ့အချိန်မှာ သူတို့နဲ့က စီးပွားရေးအရ မိခိုနေရပြီဆိုတော့ ဒီကိစ္စ ကို ဘယ်လိုမှ မတတ်နိုင်ဘဲ ဖိုးကျားကိုပထုတ်ရမှာ ခက်နေတာပေါ့တဲ့။

ဒီတိုင်း လက်ပိုက်ကြည့်နေလို့ကလည်း အိမ်နန်းကို ဖိုးကျားလို ကောင်မျိုးလက်ထဲ ပါသွားမှာ စိုးရိမ်ပြီး နောင်တတွေရမိနေသတဲ့။ ဦးလေး ဟာ သိပ်သနားစရာကောင်းပါတယ်တဲ့။

ဒီစကားတွေကို အိမ်နန်းပြောနေပုံဟာ သူငယ်ချင်းတစ်ယောက် ကို တိုင်ပင်နေပုံတော့ မဟုတ်ဘူး။ ဘယ်လိုမှန်းလဲ ငါမသိဘူး။ နားထောင် နေရတဲ့ ငါ့အဖို့လည်း တော်တော်အနေရခက်တယ်။

"ငါ့ကိုတော့ ဦးလေးက ခဏခဏသတိပေးတယ်၊ ဖိုးကျားကို သိပ်ပြီးနီးနီးကပ်ကပ် မပေါင်းနဲ့တဲ့"

ဟုတ်တော့ ဟုတ်တယ်။ ဖိုးကျားဟာ သာမန်လူငယ်တစ်ယောက် ဆိုလည်း ရှင်းလို့က လွယ်တယ်။ ခုတော့ သူ့ကိုယ်တိုင်က စီးပွားရေးသမား ဆိုတော့ လူကြီးတစ်ယောက်လို ဆက်ဆံနေရတဲ့အပိုင်းကလည်း ရှိနေသေး တယ်၊ ခက်ပါတယ်ကွာ။

"ကဲ . . .ငါ ဘာလုပ်ရမလဲ အပြာ . . .ဟင်"

"ငါလည်း မသိတော့ဘူးဟာ၊ နင်တို့ဟာ ဇာတ်ရှုပ်ကြီးပဲ . . ."

"ခုတော့ ဘာပဲဖြစ်ဖြစ် သူ့ကို အလိုက်အထိုက် ပေါင်းနေရတာပဲ၊ နောက်ဆုံးဖြစ်လာမယ့် အခြေအနေကိုတော့ ဘုရားမှပဲ သိမှာပါပဲဟာ"

အိမ်နန်းအသံ တိမ်ဝင်သွားတယ်။ တော်တော်လည်း အားငယ်သွားရှာပုံ

www.burmeseclassic.com

www.burmeseclassic.com



လွှန်းလို ဝမ်းနည်းသွားသလိုပဲ။ ခေါင်းငုံ့ရက်သားကြီးနဲ့ ခေါင်းကို တွင်တွင်ခါလိုက်တယ်။ ပြီးတော့ စကားတစ်ခွန်းပြောတယ်။ ဒီစကားဟာ သူ ငါ့ကို အပြောချင်ဆုံးစကားပဲ။ ငါ သိတာပေါ့။

"ငါ့အချစ်ကိုတော့ ဖိုးကျား ဒီတစ်သက်မရပါဘူး အပြောရယ်"

စကားတွေ မစခင်က သူ ငိုခဲ့တယ်။ ခု သူ့စကားဆုံးတော့ သူ ငိုပြန်ရော။ ငို . . . ငို . . .။ နှင်တို့မိန်းမတွေ အားအားရှိ ငိုဖို့ပဲတတ်တယ်။

*　　　*　　　*

"နှင်လည်း ငါ့ကို စကားပြောစရာ ရှိတယ်ဆို . . ."

သူ ငိုလို့ဝတော့ ငါ့ကို မေးတယ်။

"ငါ့မှာ သိပ်ပြောစရာမရှိပါဘူး"

"နှင် ငါ့ကို သိပ်စိတ်နာသွားပြီပေါ့"

"ဟင့်အင်း . . . မနာပါဘူး၊ ငါ့ပြောမယ့်အကြောင်း တော်တော်များများဟာ နှင်ပြောပြီးသမျှထဲမှာ ပါသွားပါပြီ၊ ငါ နှင့်ကို ပြောစရာတစ်ခုပဲ ကျန်တော့တယ်"

"ပြောလေ . . ."

ကားလမ်းပေါ်က ဖြတ်မောင်းသွားတဲ့ ကုန်တင်လောလီကားကြီးရဲ့ ညည်းညူသံဟာ ငါ့ရင်ထဲကို တိုးဝင်လာသလိုပဲ။ ငါ့ရင်တွေ ခုန်လှုပ်တယ်။

ဝက်သစ်ချပင်ကြီးရဲ့ သစ်ရွက်တွေကြားက ပြောက်ကျားကျနေတဲ့ နေရောင်လှုပ်တုတ်ကလေးတွေက ငါ့မျက်စေ့ကို ကျိန်းစေတယ်။ ရင်ခုန်လွန်းလို့ စိတ်လှုပ်ရှားရတယ်။



ရှမ်းတောင်တန်းကြီးတွေရဲ့ ဘယ်နေရာကမှန်းမသိတဲ့ လေညှင်းကလေးတစ်ခုက ငါဆံပင်တွေကြားထဲကို လှုပ်လဲလှုပ်လီတိုးဝင်သွားတယ်။ ငါ့ဦးနှောက်က ကြည်လင်နေတယ်။

ရင်ခုန်လွန်းလို့ စိတ်လှုပ်ရှာရပေမယ့် ဦးနှောက်က ကြည်လင်နေတယ်။

ဒါပေါ့လေ . . . ချစ်လွန်းအားကြီးတဲ့အခါ စွန့်လွှတ်ရတယ်ဆိုတာ အရသာတစ်ပါး မဟုတ်လား။

ခုလည်း ဒါကြောင့် စိတ်တွေလှုပ်ရှားနေတဲ့ကြားက ငါ့ဦးနှောက်က ကြည်လင်နေတာပေါ့။

သူ့ကို စွန့်လွှတ်လိုက်ဖို့ ဆုံးဖြတ်ထားတာကိုး။ သူ့ကို စွန့်လွှတ်လိုက်ရမှာမို့ ရင်ခုန်လှုတယ်။ ဒါပေမဲ့ ဒီလိုစွန့်လွှတ်နိုင်စွမ်းတဲ့ ငါကအချစ်ကို ငါ့ဘာသာ ယုံကြည်မိတာမို့ ဦးနှောက်ကတော့ ကြည်လင်ရတယ်။

ငါပြောတာ မင်းတို့ သဘောပေါက်ကြရဲ့လား။

ဒီအခါ ငါ့အကြည့်တွေ ရဲတင်းလာတယ်။ ရဲတင်းလာတယ်ဆိုတာ အထက်စီးက အနိုင်ယူပြီးကြည့်တတ်တဲ့ ယောက်ျားတွေရဲ့အကြည့်ကို ဆိုလိုတာ မဟုတ်ဘူး။ ကိုယ့်အချစ်ကို ကိုယ်ယုံကြည်မိလို့ စိတ်လက်သန့်ရှင်းပြီး ကြည့်တတ်တဲ့ ရိုးသားတဲ့အကြည့်ကို ပြောတာ။

အိမ်နန်းကတော့ ငါ့စကားကို ခေါင်းကလေးမော့ပြီး မျှော်လင့်နေတယ်။ ငါ သူ့ကို သနားတယ်ကွာ။ ငါ့စကားဟာ သူ့ရင်ကို ကျိုးစေတော့မယ်။ သူထင်တဲ့စကားနဲ့ ဆန့်ကျင်ဘက်စကားကြီးကို သူ ကြားရရှာတော့မယ်။

ဒါပေမဲ့ ဘယ်သူကကော ဘာများတတ်နိုင်အုံးမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com



ရေနစ်ရတော့မယ့်လူမဟုတ်ပေမယ့် ငါ အသက်ကို ဝအောင်ရှူသွင်းလိုက်တယ်။ ဒါပေမဲ့ ဝတယ်လို့ မထင်ဘူး။ ဒါပေါ့လေ အချစ်ကြောင့် မောရတဲ့ အချစ်မောကို အောက်ဆီဂျင်ဓာတ်ကကော ဘာများတတ်နိုင်ဦးမှာလဲ။

"ပြောမယ်ဆို အပြာ"

အိမ်နန်းကတော့ သူ့အတွက် ပျော်စရာကောင်းတဲ့စကားကိုများ ပြောလေမလားလို့ ထင်နေပုံရတယ်။ တကယ်တော့ ငါ့စကားဟာ သူ့အတွက် သောကရောက်စေမယ့်စကားဆိုတာ မသိရှာဘူး။ ငါ့စိတ်ကို ငါတင်းပြီး စကားလုံးအထစ်အငေါ့မရှိရအောင် တစ်လုံးချင်းပြောချလိုက်တယ်။

"ဒီနေ့ကစပြီး ငါတို့ ကင်းကင်းရှင်းရှင်းနေကြရအောင်"

"ဘာ . . ."

ရုက်ခေါ်သနဲ့ အိမ်နန်း ပေါက်ကွဲသွားတယ်။ ပေါက်ကွဲသွားတယ်ဆိုတာ သူ့ရင်ထဲမှာ မျက်ရည်ယိုဗုံးပေါက်ကွဲသွားတာကို ဆိုလိုတာ။

မထူးတော့ဘူးမို့ ဆက်ပြောရတယ်။

"ငါတို့ ခုလို မရှင်းမရှင်းမနေကြစို့နဲ့လို့ ပြောတာ အိမ်နန်း"

"ငါတို့က ခုမရှင်းမရှင်းနေကြတယ် ဟုတ်လား။ နင့်စကားက ဘာစကားလဲ"

"ဟုတ်တယ် အိမ်နန်း၊ ရိုးရိုးသားသားပြောရရင် တို့နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ သူငယ်ချင်းဆိုတဲ့အဆင့်မကဘူး"

"အို . . . ဘာဆိုင်လို့လဲ၊ တို့ဟာ သူငယ်ချင်းတွေပဲ"

"နင့်ကိုယ်နင် သေချာသလား"

တော်တော်နဲ့ မဖြေဘူး။ ဒါကိုက မသေချာလို့ပဲ။ ခက်တယ်။



မိန်းကလေးတစ်ယောက် သူ့ရင်ထဲမှာရှိနေတဲ့အရာကို သိနေတယ်လို့ ထုတ်ပြောရတာ တော်တော်ကျပ်တယ်။ ကဲ . . . မင်းတို့ စဉ်းစားကြည့်လေ။ နင် ငါ့ကို ချစ်နေတယ် မဟုတ်လားလို့ ဘယ့်နယ်လုပ်မေးလို့ ရမလဲ။ ငါ့စကားဟာ နည်းနည်းရိုင်းစိုင်းသွားတယ် ထင်တယ်။

"ဒီလိုလေ . . . နင့်ဘက်က သေချာချင် သေချာတယ်ထားအုံး"

ဟော . . . ဘယ်လိုစကားဆက်ရမလဲ။ ငါ့ဘက်ကတော့ မသေချာဘူးလို့ ငါ ဘယ်လိုလုပ်ပြောမလဲ။ ငါ့အချစ်ကို မဖွင့်ဟတော့ဘူးလို့ ဆုံးဖြတ်ထားပြီးသား မဟုတ်လား။

"ဘာပဲဖြစ်ဖြစ် အိမ်နန်းရာ . . . တို့နှစ်ယောက်စလုံး စိတ်ထဲမှာ တို့ကိုယ်တို့ သူငယ်ချင်းတွေပဲလို့ သေချာနေတယ်ပဲ ထားအုံး။ ပတ်ဝန်းကျင်ကတော့ ဒီလိုမြင်မှာ မဟုတ်ဘူး"

"ငါတို့က လူအမြင်မတော်အောင် နေနေတာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ၊ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် တွဲတွဲ တွဲတွဲသွားလာနေကြတယ် ဆိုကတည်းကိုက . . ."

"ဘာလဲ နင်က ငါနဲ့အတူ သွားလာနေရတာ သိက္ခာကျတယ် ထင်လို့လား"

"ဘာလို့ စကားကို ကတ်ဖဲ့တိုက်ပြီး ပြောရသလဲ အိမ်နန်း၊ သိက္ခာကျချင်းကျ နင်သာ ကျတော့မှာပေါ့၊ ငါ့စေတနာကို နင် နားလည်သင့်ပါတယ်ဟာ"

ဟော . . . ငိုပြန်ပြီ။ ဒီတစ်ခါလည်း ငါမချော့တော့ဘူး။ ငိုပလေစေ။ မျက်ရည်ကုန်သွားရင် ပျော်စရာဘဝကို သူရလိမ့်မယ်။

ငိုတာမရပ်ဘဲ စကားပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင် သိပ်ရက်စက်တာပဲ အပြာရယ်"

"ငါ မရက်စက်ပါဘူး၊ ရက်ရောတာပါ"

"မဟုတ်ဘူး၊ နင် ရက်ရက်ရောရောကို ရက်စက်တာ"

"နင် ကောင်းစားဖို့ပါ"

"မချစ်မနှစ်သက်တဲ့လူနဲ့ ပေါင်းဖက်ရမှာ ကောင်းစားတာလား"

"အစ်ပွာယ်က တခြားစီပဲ၊ ငါဆိုလိုတာက နင့်ဘဝ နင်ဖန်တီးနေရာမှာ ငါ့ကြောင့် တစ်စုံတစ်ရာမဖြစ်စေချင်တာပါ၊ မချစ်မနှစ်သက်တဲ့လူနဲ့ ပေါင်းဖို့ မပေါင်းဖို့ဆိုတာ နင့်ဘာသာ ဆုံးဖြတ်ရမယ့်အလုပ်ပဲ၊ ခုလို ငါနဲ့ တွဲတွဲတွဲတွဲလုပ်နေကြတော့ကော နင် ဖိုးကျားလက်က လွတ်မှာတဲ့လား၊ ကဲ . ."

"နင်ပြောပုံက ငါ့ကို ဖိုးကျားလက်ထဲ လုံးဝရောင်းစားထားသလိုပဲ"

"ဘာထူးသလဲ"

"ငါ့အမေနဲ့ ငါ့ဦးလေးက ငါ့အပေါ် ဒီလောက်ထိ မရက်စက်ကြပါဘူး"

"ရက်စက်တယ်လို့တော့ ငါမပြောပါဘူး၊ ဖြစ်တဲ့အခြေအနေကို ပြောတာပါ"

"ဘာအခြေအနေလဲ၊ ခုဆို ဖိုးကျား ငါ့နှားကို လုံးဝတောင် ကပ်ရဲမှာ မဟုတ်တော့ဘူး"

"ထင်သလား၊ ကလေးကလားမတွေးနဲ့ အိမ်နန်း၊ နင့်ပြဿနာဟာ ခုလောက်နဲ့ ပြေလည်သွားပြီလို့ မဆိုနိုင်ဘူး"

ငါ အိမ်နန်းကို ရှင်းပြတယ်၊ ခုလိုဖြစ်လိုက်တဲ့အတွက် ဖိုးကျားဟာ အရင်ကထက် အကြံအစည်ကြီးမားလာမယ့်အကြောင်း၊ သူ့အကြံကို ဦးလေး



ဦးအောင်ပန်းတို့၊ ဒေါ်လေး ဒေါ်စောနန်းတို့က သိကြတဲ့တိုင်အောင် တားဆီးဖို့ရာ မလွယ်တဲ့အကြောင်း၊ စီးပွားရေးအရ ဖိုးကျားက ချုပ်ကိုင်ထားနိုင်တဲ့အတွက် မလှုပ်သာတဲ့အကြောင်း . . .။

ငါ လူကြီးတစ်ယောက်လို စကားတွေ ပြောနေရတယ်။ ငါ့အသံတွေမတုန်အောင် ထိန်းရတာ မလွယ်ဘူး။ ရင်ထဲကတုန်လာတဲ့အသံကို ထည့်ပင်ကြွက်သားတွေက ဘယ်လိုလုပ်ထိန်းသိမ်းနိုင်မှာလဲ။

တကယ်တော့ ဒီစကားတွေကို ငါက ပြောနေရတယ်ဆိုတာ သိမ်းနည်းဖို့ ကောင်းတယ်။ စဉ်းစားကြည့်လိုက်ကြစမ်းပါ သူငယ်ချင်းတို့။

ကိုယ့်အသက်လောက်ချစ်တဲ့သူကို စွန့်လွှတ်ဖို့အခြေအနေကို ကိုယ်တိုင်က ရှင်းပြနေရတဲ့အဖြစ်။ အရက်မူးပြီး ရင်ထဲရှိသမျှ အန်ထုတ်နေရတာမျိုးလည်း မဟုတ်ဘူး။ အလွမ်းသယ်ပြီး မျက်ရည်ခံထိုးနေရတာလည်း မဟုတ်ဘူး။ စွန့်လွှတ်လိုက်ရမှာကိုပဲ ဂုဏ်ယူဝင့်ကြွားပြီး သနားစရာလူတစ်ယောက်လို လုပ်ပြနေရတာလည်း မဟုတ်ဘူး။

တကယ့်ကို နှစ်နှစ်ကာကာဆုံးဖြတ်ပြီး ယောကျ်ားပီပီသသ ပြောနေရတဲ့အဖြစ်ပါ။ တကယ်တော့ ဘယ်သူစွန့်လွှတ်ချင်မလဲ။ စွန့်လွှတ်ရတယ်ဆိုတာ မကောင်းပါဘူး သူငယ်ချင်းတို့။

"နင် သိပ်သတ္တိကောင်းနေပါလား အပြာရယ်"

"ဟုတ်တယ်၊ မနေ့ညက ဖိုးကျားနဲ့ ယှဉ်သတ်ခဲ့တာဟာ သတ္တိ မဟုတ်ဘူးဆိုတာ ငါ အခုနားလည်နေပါပြီ အိမ်နန်း၊ တကယ်တော့ မနေ့ညကအဖြစ်ဟာ မခံချင်စိတ်ကြောင့် ရမ်းမိတာပဲ"

"မခံချင်စိတ်ကြောင့် ဟုတ်လား"

ငါ့မှာ သူ့အမေးကိုဖြေဖို့ စက္ကန့်ပိုင်းအတွင်းမှာ အများကြီး စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်။ ငါ ဘာဖြေမလဲ၊ ငါ ဘာကြောင့်မခံချင်ဖြစ်ရသလဲ၊ မတတ်နိုင်ဘူး။ ဒီစကားတစ်လုံးတော့ ပြောချင်နေတယ်။ နောက်နောင် ငါတို့အနေဝေးကြတော့မယ်။ နောက်ဆုံးအနေနဲ့ဖြစ်ဖြစ် ပြောလိုက်ချင်တယ်။

တကယ်တော့ အချစ်ဆိုတာ အချစ်ပါပဲကွာ၊ သူ့ဟာသူ တစ်ပါးသူ ရင်ခွင်ထဲ ရောက်ရောက်၊ မရောက်ရောက် ငါ့အချစ်က ပျက်ပြယ်သွားနိုင်စရာ မရှိပါဘူး။

သူ့မျက်လုံးကို စိုက်ကြည့်ပြီး ပြောပစ်လိုက်တယ်။

"ဟုတ်တယ် အိမ်နန်း။ မခံချင်စိတ်ကြောင့်ပါ။ နင့်ကို ဘယ်ကောင်လက်ဖျားနဲ့ထိတာမှ ငါ့နှလုံးသားက မခံချင်ဘူး"

သိပ်အံ့သြစရာကောင်းတဲ့အဖြစ်တစ်ခု ဖြစ်သွားတယ်။ အိမ်နန်းငိုနေတဲ့အကြောင်းကိုတော့ ငါခဏခဏ မပြောချင်ဘူးကွာ၊ ဒါပေမဲ့ ခုတစ်ခါငိုပုံက ထူးဆန်းလွန်းလို့ပါ။

အိမ်နန်းဟာ ငါ့လက်မောင်းကို မျက်နှာအပ်ပြီး ငိုနေတယ်။

ဒါပေမဲ့ အဲ့ဒီမခံချင်စိတ်ကို ကျိတ်မှိတ်မထားနိုင်တာ ငါ ညံ့တာပဲ။ ယောကျ်ားဆိုတာ သည်းခံနိုင်တဲ့နေရာမှာလည်း အဆုံးစွန် သည်းခံနိုင်ရမှာပေါ့။

"ငါတို့ဟာ ရှေ့လျှောက် ခုထက်ပိုပြီး ဝေးဝေးနေကြရမယ်၊ နှစ်တစ်ခါ ငါ ပိုပြီး ခံစားရမယ်၊ ပိုပြီး သည်းခံရတော့မယ်၊ ဒါကို ခုကတည်းကလေ့ကျင့်ရမယ် အိမ်နန်း"

"ဒါကြောင့် ငါပြော တို့အရင်လို တပူးတွဲတွဲမနေကြစို့နဲ့တော့လို့ . . ."

အိမ်နန်းကတော့ ဘာမှ မပြောနိုင်တော့ဘူး။ ငိုစရာ ငါ့လက်မောင်း



ကိုရသွားလို့ အားရအောင် ငိုနေရှာပြီပေါ့။ ငါ သူ့ခေါင်းကို ရွရွကလေးပွတ်ပြီး မတ်တတ်ထရပ်လိုက်တယ်။ ပြောစရာရှိတဲ့ နောက်ဆုံးစကားကို ပြောလိုက်တယ်။

"နင်လည်း အဲ့သလို ငါနဲ့ ကင်းကင်းနေဖို့ ကတိပေးရမယ်၊ ပေးမယ် မဟုတ်လား"

တော်တော်နဲ့ မဖြေဘူး၊ ငါက နှစ်ခါလောက် ထပ်ပြီးပြောတော့မှ ခေါင်းညိတ်ရက်သားနဲ့ ပြန်ပြောတယ်။

"ငါ နားလည်ပါပြီ အပြာရယ်၊ ငါ အားလုံးကို သဘောပေါက်နားလည်ပါပြီ၊ နင့်စကားတွေဟာ အမှန်ချည်းပါပဲ၊ မိန်းကလေးတစ်ယောက်အဖို့ အချစ်ဆိုတာ ဘဝနဲ့မဆိုင်တဲ့ကိစ္စပါ"

သူ ဘာကို ဆိုလိုတာလဲ။ ငါ သိပ်ဝမ်းသာလိုက်ရမလား၊ သူ ငါ့ကို ချစ်တယ်လို့ ဖွင့်ပြောတဲ့အဓိပ္ပာယ်လား၊ ဟုတ်သလား။ ဟုတ်ရင် ဘယ်လောက် ဝမ်းနည်းစရာကောင်းမလဲ၊ ချစ်ကြပြီလို့ သိကြတဲ့အခါ ဝေးသမ်းခွဲရတော့မယ်။ ငါ ဘာလုပ်ရမလဲ။

"အပြာ"

အိမ်နန်းရဲ့ခေါ်သံက တိုးတိုးကလေး၊ မရဲတရဲနဲ့။

"ပြောလေ အိမ်နန်း"

"နင့်မှာ ဖဲကြိုးဝါလေး ရှိသေးလား"

"ငါပေးခဲ့ဖူးတဲ့ ဖဲကြိုးဝါလေးလား"

ရှက်ရှက်နဲ့ သူ ခေါင်းညိတ်ပြတယ်၊ ငါကလည်း ရှိသေးတယ်ဆိုတဲ့အကြောင်း ခေါင်းညိတ်ပြလိုက်တယ်။

"ငါ့ကို ပြန်ပေးပါလားဟင် . . ."

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း၊ ငါ့အချစ်ကို ပြန်တောင်းတာ၊ ငါ့အချစ်ကို ပြန်တောင်းတာ။

"ဒီတစ်ခါ နင်က တောင်းတာနော်"

"ငါ တစ်သက်လုံး သိမ်းထားပါ့မယ်"

ဟော ... ငါ့လက်က ဘာလို့ အင်္ကျီအိတ်ထဲနှိုက်မိရသလဲ။ ဘာလို့ ကော ဒီဖဲကြိုးဝါလေးဟာ ငါ့အင်္ကျီအိတ်ထဲမှာ အမြဲရှိနေရသလဲ။

နွမ်းပြီးကြေနေတဲ့ ဖဲကြိုးဝါလေးကို သူ့ဆီ လှမ်းပေးလိုက်တယ်။ သူ့ဆီက ပထမဆုံးအကြိမ်အဖြစ် ချစ်ရည်လဲ့တဲ့မျက်လုံးနဲ့ အကြည့်ကို ခံရ ပြီ။ ဒါပေမဲ့ တို့ချစ်မိကြတဲ့အချိန်ဟာ တို့တစ်တွေ ခွဲခွာရမယ့်အချိန်ပါလား ကိုယ့်အသိနဲ့ကိုယ် ဘဝဆိုတဲ့အရာကိုရရှိဖို့ တစ်ယောက်ကိုတစ်ယောက် စွန့်လွှတ်ရတဲ့အချိန်ပါလား။

"ငါ ပြန်တော့မယ် အိမ်နန်း၊ ငါပြောတဲ့အတိုင်း တို့တစ်တွေ ဒီနေ့ကစပြီး ကင်းကင်းနေကြစို့"

အိမ်နန်းက ရှိုက်ကြီးတငင်ငိုရင်း ခေါင်းညိတ်ပြတယ်။

"ဒါပေမဲ့ ဒီကနေ့ ငါဘယ်လောက်ပျော်သွားတယ်ဆိုတာ မပြော မတတ်တော့ဘူး အိမ်နန်း"

"ငါလည်း သိပ်ပျော်ပါတယ် အပြာ"

ပျော်တဲ့အကြောင်းကိုပြောရင်းနဲ့ တို့နှစ်ယောက်စလုံး မျက်ရည် လည်နေကြတယ်။

ဘာလဲ ... ဘာလဲ ... အချစ်ဆိုတာ ဘာလဲ။

* * *



(၂၀)

အိမ်နန်းကို တမင်ရှောင်ပြီး နေခဲ့ရတယ်ကွာ။ မင်းတို့ စဉ်းစား ကြည့်စမ်းပါ။ တိခနဲဖြတ်ပစ်ရတယ်ဆိုတဲ့ကိစ္စဟာ မလွယ်ပါဘူး။ အထူးသဖြင့် သံယောဇဉ်ကိုဖြတ်ရတာ ပိုနာတယ်။ ရင်ညွန့်ကျိုးသွားသလိုပဲ။

လွမ်းလွန်းလို့ ရင်ထဲက လှပ်လှပ်၊ လှပ်လှပ်နဲ့ ဖြစ်လာတဲ့အခါ ဘယ်လောက် အနေရခက်သလဲ။ ဖြစ်ဖူးကြသလား။ မဖြစ်ဖူးကြရင် ကောင်း မယ်ထင်တယ်။ မဖြစ်ဖူးချင်ကြပါနဲ့ သူငယ်ချင်းတို့။ ဝတ္ထုတွေ၊ ရုပ်ရှင်တွေ ကြည့်ရလို့ ဇာတ်ဆောင်တွေ လွမ်းတာကို မှုဝေခံစားပြီး လွမ်းရတာ ကောင်း ပါတယ်။ တကယ် ကိုယ်တိုင်လွမ်းရပြီဆိုတော့ မသက်သာလှဘူး။ ဘာကို မှ လုပ်ချင်စိတ်မရှိဘဲ ဖြစ်ရတယ်။ ငိုလို့လည်း မရတတ်ဘူး။ အိပ်ရာ ပေါ်ရောက်တော့ လမ်းထိပ်ကို ထွက်ချင်တယ်။ လမ်းထိပ်ရောက်တော့ တောင်ကုန်းလေးတွေပေါ် တက်ချင်တယ်။ တောင်ကုန်းလေးတွေပေါ်ရောက် တော့ ကောင်းကင်ပေါ်တက်ချင်ပြန်ရော။ အလွမ်းဆိုတာ ရပ်တည်စရာနေရာ မှမရတဲ့အရာပါကွာ။ ငါထင်တယ်၊ လွမ်းလွန်းလို့ ကောင်းကင်ကို တက်ရရင် လည်း ပိုလွမ်းရရုံရှိမှာပဲလို့။

အလုပ်ထဲမှာလည်း စိတ်ဝင်စားလို့ မရဘူး။ စာထဲမှာလည်း စိတ်ဝင်စားလို့ မရဘူး ... ။

တစ်ခါတစ်ခါ စိတ်ရူးကလေးက ပေါက်ချင်သေးတယ်။ တောင်ကြီး ကောလိပ်ကိုသွားပြီး ကျောင်းဆောင်တွေကြားက အိမ်နန်းကို တိတ်တိတ်က လေး ချောင်းကြည့်ချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဘာထူးမလဲ…။ မောရုံရှိမှာပဲ။ ပျောက်ဆုံးနေတဲ့ ပန်းပွင့်ကလေးကို အိပ်မက်ထဲမှာ ပြန်တွေ့ရသလို စိတ်ပင်ပန်းရရုံ ရှိမှာပဲ။

ခုတလော အိုက်ပေါင်းတို့ခြံဘက်ကို ညတိုင်းလိုလို ရောက်တယ်။

အိုက်ပေါင်းက ဂစ်တာတီးကောင်းတယ်။ အိုက်ပေါင်း သူငယ်ချင်းလုညွန့်မျိုးဆိုတဲ့ ကရင်လေးက ဘာဂျာမှုတ်သိပ်ကောင်းတယ်။ သူတို့နဲ့အတူ သီချင်းတွေညည်းရတာ အလွမ်းပြေသလိုလိုပဲ။ ဒါမမဟုတ် ပိုပြီး လွမ်းလို့ကောင်းသလိုပဲ။

အလွမ်းဆိုတာ ရေချမ်းစင်နဲ့ တူတယ်။ မြင်ရလေလေ ပိုသောက်ချင်လေလေ ဖြစ်တတ်တယ် မဟုတ်လား။

မင်းတို့ ကိုယ်ချင်းစာကြည့်လိုတော့ ရမှာမဟုတ်ဘူး။ ကိုယ်ချင်းစာတယ်ဆိုတာ ကိုယ်တိုင်ဖြစ်ဖူးတဲ့အကြောင်းကိုမှ ကိုယ်ချင်းစာလို့ရတာ။ ငါ့အဖြစ်မျိုးကို မင်းတို့ဖြစ်ဖူးမှာမှ မဟုတ်ဘဲပဲ။ ကိုယ်ချင်းစာလို့တော့ ဘယ်ရမလဲ။

တစ်ခုတော့ရတယ်။ အချစ်နဲ့ပတ်သက်တဲ့ အရာရာတိုင်းဟာ ဘေးနားကနေ မှူဝေခံစားလို့ ရတယ်။ သူများတွေ ချစ်နေကြသလား ခံစားကြည့် ရတယ်။ သူများတွေ အမုန်းခံနေရသလား၊ ခံစားကြည့် ရတယ်။ သူများတွေ အချစ်ကြောင့် ပျော်နေသလား။ ခံစားကြည့် ရတယ်။ သူများတွေ အချစ်ကြောင့် လွမ်းနေရသလား။ ခံစားကြည့် ရတယ်။

မင်းတို့ ငါ့အလွမ်းကို မှူဝေခံစားကြည့်ကြစမ်းပါဘိ… ချစ်သူငယ်ချင်းတို့ . . .။

အလွမ်းဆိုတဲ့ ချစ်သူနဲ့ ကွေကွင်းရခြင်းဆိုတဲ့ အဓိပ္ပာယ်ပါကွာ။ ဒါပေမဲ့ ကွေကွင်းရပုံကိုလိုက်ပြီး အလွမ်းအဆင့်အတန်း ကွာခြားပါတယ်။



ချစ်သူနဲ့ တစ်ဒင်္ဂက တစ်ခဏအဖြစ် ခွဲခွာနေရလို့ လွမ်းတဲ့အလွမ်း။ ထာဝရခွဲခွာရလို့ လွမ်းရတဲ့အလွမ်း။ အမုန်းကြောင့်ခွဲခွာရလို့ လွမ်းရတဲ့အလွမ်း။ အချစ်ကြောင့် ခွဲခွာရတဲ့အလွမ်း၊ စသဖြင့်ပေါ့ကွာ။

ငါ့အလွမ်းကို မင်းတို့ခံစားကြည့်ပါ။

ငါနဲ့ အိမ်နန်းဟာ တစ်ချိန်တုန်းက သူငယ်ချင်းတွေ၊ နောက်တော့ ငါကစပြီး ချစ်မိခဲ့ရတယ်။ သူက ငါ့ကို စိတ်ဆိုးခဲ့တယ်။ ချစ်လို့ စိတ်ဆိုးတာလား၊ မုန်းလို့ စိတ်ဆိုးတာလားဆိုတာ ငါ ခုထိမသိသေးဘူး။ ထူးဆန်းတယ်နော်၊ ချစ်ရင်လည်း စိတ်ဆိုးလို့ ရတာကိုး…။

ထားလိုက်ပါ။ ဒါက ပြီးခဲ့တဲ့ကိစ္စ။

သူ ငါ့ကို အဆက်အသွယ်ဖြတ်တယ်။ နောက်တော့ သူကပဲ ပြန်ဆက်သွယ်တယ်။ သူအဆက်ဖြတ်ခဲ့တုန်းက လူနေအောင်ခံခဲ့ရတဲ့ဒဏ်ကို သူတစ်လှည့်ပြန်ခံစားရပလေ့စေဆိုပြီး သူ့ကိုဒဏ်ခတ်ခဲ့တယ်။ သူ့ကိုတစ်လှည့် အဆက်ဖြတ်ခဲ့တယ်။ နေနိုင်ရိုးလား မောင်ကြည်ပြာ။ ငါပြန်ပြီး ဆက်သွယ်ခဲ့ရတယ်။

တို့နှစ်ယောက် သူငယ်ချင်းတွေ ပြန်ဖြစ်သွားကြပြန်ရော။ ဒါပေမဲ့ အရင်ကလို သန့်စင်တဲ့သူငယ်ချင်းမျိုးတော့ မဟုတ်တော့ဘူး။ ငါ့ဘက်က နည်းနည်းတော့ ဖောက်ပြန်နေတုန်းပဲ၊ ခက်တယ်ကွာ၊ ဘယ်လိုပြင်လို့မှ မရနိုင်ပဲ။ အချစ်ဆိုတာ တစ်ခါချစ်ပြီးရင် ပြန်ဖျက်လို့မှ မရနိုင်တော့ပဲ။ ကျောက်ထက် အက္ခရာတင်လိုက်သလိုပဲလေ၊ ငါမချစ်ချင်ယောင်ဆောင်ပြီး အိမ်နန်းကို သူငယ်ချင်းပေါင်း ပေါင်းခဲ့ရတယ်။ တော်တော်အနေရကျပ်တဲ့ ကိစ္စကြီးပါ သူငယ်ချင်းတို့ရာ၊ ဘယ့်နှယ်ကွာ… မချစ်ရင်လည်း ပြီးရောပေါ့။ ဒီလိုလည်း မဟုတ်ဘူး။ ချစ်ခဲ့ပြီးကာမှ၊ အဲ့ဒီအချစ်ကိုလည်း ဖွင့်ပြောပြီးကာမှ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်ခဲ့သလို သူငယ်ချင်းအဖြစ် ပြန်ပြီးဆက်ဆံရတယ်ဆိုတော့ ယောင်ချာချာ နိုင်လိုက်ပါသလဲလို့ မင်းတို့ပဲ စဉ်းစားကြည့်ကြတော့။ ဒါပေမဲ့ အချစ်ဆိုတဲ့ဥစ္စာကို ယောင်ချာချာသဘောရှိတာမို့ ငါသည်းညည်းခံပြီး နေခဲ့တယ်။ ပြောပြီးသားအချစ်ကို ရင်ထဲပြန်ထည့်ပြီး ဟန်ဆောင်နေခဲ့ရတယ်။

ကောင်မကလေးတွေ တော်တော်ခက်တယ်။ သူ့တို့အကြောင်းကို အမှန်အတိုင်းသိဖို့ မလွယ်ဘူး။

ကြည့် . . . ငါနဲ့ သူငယ်ချင်းပေါင်း ပေါင်းနေရာက မသိမသာ ဖောက်ပြန်လာတယ်။ ငါ့ကို အချစ်ရိပ်တွေ လှစ်ခနဲ လှစ်ခနဲပြတတ်တယ်။ ခဲမှန်ဖူးတဲ့ စာသူငယ်ပါကွာ။ ငါနောက်တစ်ကြိမ် ခွန်းတုံ့မဟာရဲခဲ့ဘူး။ ဆုံးဖြတ်ခဲ့ပြီးပြီလေ။ ငါ သူ့ကို နောက်တစ်ကြိမ် ချစ်ရေးမဆိုတော့ပါဘူးလို့။

ဒီလိုယောင်ဝါးဝါး နေခဲ့ကြရင်း အေး . . . ဟုတ်တယ်၊ မင်းတို့ပြောတာ ဟုတ်တယ်။ ပုဏ္ဏားမပါရင် ဇာတ်မနာတဲ့သဘောဘဲ၊ ဖိုးကျားဝင်လာတယ်။ ပုဏ္ဏားမှ ကေးဝဋ္ဋိပုဏ္ဏား။

မင်းတို့ သိပြီးပါပြီလေ။ ဒီကောင်ခြေရှုပ်တာ၊ အမှန်တော့ ခြေရှုပ်တာလို့လည်း ပြောရခက်သားကလား။ ငါနဲ့ အိမ်နန်းနဲ့က ချစ်သူတွေမှ မဟုတ်ကြတာပဲ။ သူလည်း ချစ်ချင်ချစ်နိုင်တာပေါ့။

တစ်ခုတော့ရှိတယ် . . . သူ့ချစ်ပုံက ကောက်ကျစ်တယ်။ ကောက်ကျစ်ပြီဆိုကတည်းက အချစ်လို့ ပြောရမှာလည်း ခပ်ခက်ခက်ရယ်။ ဘာပဲဖြစ်ဖြစ် ဖိုးကျားပါလာကတည်းက ငါ့အချစ်ဟာ အိပ်ပျော်နေရာက လန့်နိုးတော့တာပဲ။ အိပ်ရေးမဝပဲ လန့်နိုးရတာ ဘယ်လောက် စိတ်ပျက်ဖို့ ကောင်းသလဲ၊ ဒေါသပါလာရော၊

ဟော . . . ယောကျ်ားတွေ ဒေါသကြီးတော့ မျက်ရည်မထွက်ဘူး။



အပြင်အားတွေ ဖြစ်လာတယ်။ လက်ကပါလာရော မဟုတ်လား။ ဖိုးကျားနဲ့ ငါဗိုက်တင်ချကြတဲ့အထိလည်း မင်းတို့အသိ။

ယောကျ်ားချင်းက ရှင်းတယ်··· မိုက်သလား ဖိုက်တယ်။ ပြီးပြီလား၊ တစ်ယောက်က နိုင်တယ်၊ တစ်ယောက်က ရှုံးတယ် ပြီးရောပေါ့၊ ပြတ်တယ်။

မထင်နဲ့ သူငယ်ချင်းတို့ . . . မိန်းမဆိုတာနဲ့ အချစ်ဆိုတာပါလာရင် ကိစ္စတစ်ခုဟာ ဘယ်တော့မှ မပြတ်တော့ဘူး။ ပင့်ကူမျှင်လို ဟိုကပ်သည်ကပ်နဲ့ တန်းလန်းတန်းလန်း ဖြစ်လာရတော့တာပဲ။

ဖိုးကျားနဲ့ဖိုက်ပြီး နောက်တစ်နေ့မှာ အိမ်နန်းက ငါ့ဆီက ဖဲကြိုးဝါလေးကို ပြန်တောင်းလာတယ်။ ငါ့အချစ်ကို သူကိုယ်တိုင်က နှစ်လိုစွာ တောင်းခဲ့တာ။ ပေးလိုက်တယ်။ အနှစ်နှစ် အလလက ပြန်လည်သိုဝှက်ခဲ့ရတဲ့ ငါ့အချစ်ကို ဒုတိယအကြိမ်မြောက် ပြန်ပေးလိုက်ရတယ်။

ရှင်းပါတယ်လေ။ မိန်းကလေးတစ်ယောက်က အချစ်ကို ဖွင့်ဟတောင်းခံလာပြီဆိုကတည်းက သူ့အချစ်ကို တောင်းခံစရာ မလိုတော့ဘူး။ ချစ်လို့သာ အချစ်ကို တောင်းတာပဲ၊ လောကမှာ တစ်ခုခုကိုရဖို့ တစ်ခုခုကိုပေးရသတဲ့၊ သူ့အချစ်ကိုမပေးဘဲ ငါ့အချစ်ကို သူဘယ်လိုလုပ်ရပ့ါမလဲ။

ကဲ . . . မင်းတို့ စဉ်းစားကြည့်လိုက်ကြစမ်း။ ငါတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားကြရောတဲ့ မဟုတ်လား။ တစ်ယောက်အချစ်ကို တစ်ယောက်ရပြီးကြမှ အချစ်မဟုတ်ဘူးဆိုရင် လောကမှာ ဘယ်လိုဟာကို ချစ်သူလို့ခေါ်မလဲ . . . ကဲ။

တို့နှစ်ယောက်ချစ်သူတွေ ဖြစ်သွားသွားချင်းမှာဘဲ အချစ်ဆိုတဲ့ အရာရဲ့ အနှစ်သာရကို ကောင်းကောင်းကြီးခံစားလိုက်ကြရတယ်။ ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဘဝမရောက်ကြခင်မှာ ငါ့ချစ်သူရဲ့ဘဝကို ငါကောင်းကောင်းကြီး သိလိုက်ရတာကိုး။ ငါသူ့ကို စွန့်လွှတ်ရတော့မယ်ဆိုတာ သိလိုက်ပြီး၊ မချစ်လိုက်ရရင် ဘယ်လောက်ကောင်းလိုက်မလဲ၊ ခုတော့ စွန့်လွှတ်ရမယ်မှန်းသိသိကြီးနဲ့ ချစ်လိုက်ကြရတယ်။

ချစ်ပြီးပြီးချင်း ကိုယ့်အသိနဲ့ ကိုယ်လမ်းခွဲဖို့ ဆုံးဖြတ်လိုက်ကြရတယ်။ လမ်းခွဲလိုက်ကြရတယ်။ ချစ်ပြီးပြီးချင်း ဘယ်သူ့ကမှ မခွဲပါဘဲ တို့ဘာသာကွဲခဲ့ကြရတယ်။

ချစ်သူ့ဘဝအဖြစ်တစ်ခုပဲ တို့ခံစားခဲ့ရတယ်။ အထင်ကရ ဝက်သစ်ချပင်အိုကြီးအောက်မှာ ငါ . . . အိမ်နန်းရဲ့ ပါးကလေးကို တစ်ဝက္ကန့်လောက်ကြာအောင် နမ်းလိုက်ရတယ်။ ဒါကလေးပါပဲ၊ ငါတို့ချစ်ကြရတာ ဒါလောက်ကလေးပါပဲ သူငယ်ချင်းတို့ ယုံပါ . . .။

ကဲ . . . လမ်းခွဲရတော့ လွမ်းကြရတာပေါ့။ သူလည်း ငါ့လိုပဲနေလိမ့်မယ်။ သူလည်း လွမ်းလိမ့်မယ်။ ကောင်းပါတယ်။ ဘာကြောင့်ချစ်ကြသလဲ။ ခုတော့ လွမ်းရပြီပေါ့။ လွမ်း လွမ်း . . . သေအောင်လွမ်း။ ဒါလောက်ချစ်တွင်းနက်တဲ့ အမိုက်သားတွေ။

ဒီလိုနဲ့ လွမ်းခဲ့ရတာ ကြာပြီကော။ ခုဆိုဒုတိယ စာသင်နှစ်နောက်ဆုံးစာမေးပွဲတောင် ဖြေပြီးခဲ့ပြီ။ ခက်တာက မတွေ့ကြရရင်လည်းကောင်းသား။ ခုတော့ ဟန်မပျက်တွေ့ကြရတယ်။ အရင်လို ပူးတွဲပူးတွဲသွားသွားလာလာ မနေရတယ်။ တွေ့တာတော့ တွေ့ကြရတာပဲ။ ပိုပြီး အခံရခက်တော့တာပေါ့။

တို့ကလည်း တွေ့လိုက်ရတိုင်း လူကြီးသူကြီးတွေရဲ့ ရှေ့မှောက်မှာ ဟုတ်တယ်။ ငါတို့ကိုယ်တိုင်ဆုံးဖြတ်ပြီးမှ လမ်းခွဲလိုက်ကြတာဆိုတော့



နီးကြောင်ခိုးဝှက်တွေ့ဖို့ရာ တို့ကိုယ်တိုင်က ရှောင်ကြရတာပေါ့။ တကယ့်တကယ်တော့ ဘယ်သူ့မှာမှ အပြစ်မရှိပဲ၊ ဘယ်သူ့ကမှ မခွဲပါဘဲနဲ့မှ ကိုယ့်အသိနဲ့ကိုယ် ချစ်သူ့ဘဝကခွဲခွာပြီး သူငယ်ချင်းအဖြစ် ပြန်လည်နေနိုင်ဖို့ ကြိုးစားရတယ်ဆိုတာ ဘယ်လောက်ဆိုးသလည်းကွာတို့။

ဒါပေမဲ့ ဘယ်လောက်ထူးဆန်းသလဲ။ ငါနဲ့ အိမ်နန်း ဘယ်လောက်လွမ်းနိုင်ကြသလဲ၊ ကြည့်စမ်း။

ဒုတိယစာသင်နှစ် ကုန်သွားခဲ့ပြီ။

သည်အတောအတွင်း ဖိုးကျားနဲ့ ပတ်သက်သော သတင်းအစအနတွေကို ကြားတစ်ချက် မကြားတစ်ချက်။ ဒါပေါ့၊ အရင်တုန်းလိုနားစွင့်မထား တော့လည်း တိုက်ရိုက်ကြီးမပြောလာသမျှ ဘယ်ကြားရတော့မှာလဲ။ တစ်ခါတလေတော့ တိုက်ရိုက်ပြောလာတာတွေကို ကြားရတယ်။ သိပ်မထူးဆန်းပါဘူး။ ဖိုးကျားနဲ့ အိမ်နန်းကို တွဲရက်တွေ့ရတဲ့အကြောင်း၊ ဟိုနားဒီနား ဈေးသွား၊ ကျောင်းပြန် စသည်ဖြင့်ပေါ့။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက ဖိုးကျားကိုယ်တိုင်ကလည်း အိမ်နန်းဆီ အရင်ကလောက် ရဲရဲတင်းတင်း ခြေဦးမလှည့်တော့တာပဲ။ ငါနဲ့ ဖိုးကျားနဲ့ လုံးဝကို မတွေ့မိတော့ဘူး။

အမေက ငါ့ကို အရင်ကထက်ပို ဂရုစိုက်လာတယ်။ သားတစ်ယောက်အဖြစ်ထက် အိမ်ရဲ့စီးပွားရေးကိုဦးဆောင်နေတဲ့ လူတစ်ယောက်အဖြစ်ပါ၊ ဂရုစိုက်လာတယ်။ ပြီးတော့ အမေ့စကားကိုနားထောင်ပြီး အိမ်နန်းကို စွန့်ခွာခဲ့တဲ့အတွက်လည်း အမေက ငါ့ကို ကရုဏာပိုနေပုံရတယ်။ ငါဘယ်လိုခံစားရမယ်ဆိုတာ အမေသိပါတယ်။

အမေ့ရဲ့ ကြင်နာတဲ့အကြည့် ယုယတဲ့ဆက်ဆံမှုတွေကို ပိုပြီး

www.burmeseclassic.com

www.burmeseclassic.com



ခံစားရတဲ့အခါ ကျေနပ်လာတယ်။ ငါဟာ လူကြီးစိတ်မွေးနိုင်ပြီ။ ငါ ရင့်ကျက်စပြုလာပြီ။ ငါ လောကရဲ့ဒဏ်ကို ခံနိုင်လာပြီး။ အချစ်အတွက် အရာရာကို စွန့်စားစရာမလိုဘူး စသည်ဖြင့် ငါ့ကိုယ်ငါ သိလာသလိုပဲ။ ဘာပဲဖြစ်ဖြစ်၊ ငါအရင်ကလောက် စိတ်တွေ မလှုပ်ရှားတော့တာတော့ သေချာတယ်။

အမေက ငါ့ကို ပြောတယ်။

"သား . . . လူဆိုတာ အချိန်တန် အရွယ်ရောက်လာရင် လူ့တာဝန်တွေ ထမ်းဆောင်ရတာပဲ၊ အဲ့ဒီတာဝန်တွေထဲမှာ အိမ်ထောင်သားမွေးခြင်းဆိုတဲ့ကိစ္စဟာလည်း တစ်ပါးအပါအဝင်ပဲ၊ ဒီတော့ . . ."

အမေက ငါ့ကို ချစ်သူရှာနိုင်းတဲ့သဘောလို့ ငါ့နားလည်လိုက်တယ်။ ငါ အမေ့ကို ပြုံးပြလိုက်ရတယ်။ ငါ့အပြုံးကို အမေ သဘောပေါက်မှာပါ။ ငါ့မှာ ချစ်သူရှိပြီးသားပဲလေ။ ငါတခြားဘယ်သူ့ကို ချစ်လို့ရတော့မှာလဲ။

"အမေ ရှာပေးလေ . . . အမေ့သဘောကျ အမေ့ချွေးမကို အမေ ဘာသာသာ ရှာပေးပေတော့၊ သားတော့ ဒီဘက်မှာ မစွံတော့ဘူး"

ရယ်ကာမောကာနဲ့ အမေ့ကို ကျီစယ်လိုက်ရတယ်။ ဒါပေမဲ့ အမေဟာ ငါ့ရဲ့ကျီစယ်စကားကို မရယ်နိုင်ခဲ့ဘူး။ ငါ့ကို သနားကရုဏာထားတဲ့အကြည့်နဲ့ ကြည့်တယ်။ အိမ်နန်းကို ငါစွန့်လွှတ်ခဲ့တာနဲ့ ပတ်သက်ပြီး ငါဘယ်လိုခံစားရမယ်ဆိုတာ အမေသိတယ်။ ဒီလိုစွန့်လွှတ်ဖို့စကားကိုလည်း အမေက ပြောဖူးတယ်။ ဒီအတွက် အမေဟာ သူ့ကိုယ်သူ အပြစ်မကင်းဘူးလို့ ထင်နေပုံရတယ်။

ဒီနောက်ပိုင်းကစပြီး ငါ့ကို အိမ်ထောင်ချပေးဖို့ကိစ္စနဲ့ ပတ်သက်ပြီး



အမေ ဘာမှမပြောတော့ဘူး။ ငါတို့သားအမိမှာ ပြောစရာဆိုလို့ ငါ့ပညာရေးအကြောင်း၊ ဒါပဲ ရှိတယ်။

တစ်ခါတစ်ခါ အချစ်ဆိုတဲ့ဥစ္စာကြီးကို လုံးဝမေ့လျော့ထားပြီး ကိုယ့်ဘဝကိုယ် အေးအေးလူလူ ဖန်တီးနေရတာ သိပ်စိတ်ချမ်းမြေ့စရာကောင်းတာပဲ။

မိုးလင်းရင် ခြံထဲကိုဆင်း၊ မိုးချုပ်တော့ စာကျက်၊ စားချိန်တန်စား၊ အိပ်ချိန်တန် အိပ်။

ငါ့ကို သူငယ်ချင်းတွေက ပြောကြတယ်။ ဝ,လာတယ်တဲ့။ ဟုတ်မှာပဲ။ ငါ့လက်သီးတွေဆုပ်လိုက်ရင် လက်ဖဝါးတွေ အစ်တစ်တစ်နဲ့၊ ထိုင်တဲ့အခါ၊ ထတဲ့အခါမှာလည်း ခြေသလုံးတွေခိုးလို့ခုလု ဖြစ်ဖြစ်နေတယ်။

ငါ့ကျန်းမာရေးလည်း ကောင်းတယ်၊ အမေ့ကျန်းမာရေးလည်း ကောင်းတယ်။ အမေ့အသားအရည်ဟာ အရင်ကထက်ပိုပြီး စိုပြည်လာတယ်။

ငါတို့မိသားစုရဲ့ စီးပွားရေးကလေးကလည်း ကောင်းလာတယ်။ ခြံကသီးနှံပိုထွက်လာတယ်။ သစ်တော်သီးတွေ ပိုပြီး ဖွံ့လာတယ်။ တစ်ခုတော့ရှိတယ်။ အရသာနည်းနည်း ဖွယ်ချင်လာတယ်။ ဒါပေမဲ့ လူတွေ အခက်သားလား။ အချင်းထက် အဆင်းကို ဂရုစိုက်ကြတာကိုး။

ဒီလို သာသာယာယာ၊ စိုစိုပြည်ပြည်ရှိလာတဲ့ ငါတို့မိသားစု၊ ငါ့အသိုင်းအဝိုင်းလေးဟာ ဒီတစ်သက် ဒီလိုနဲ့ပဲ အေးအေးချမ်းချမ်းစွာနဲ့ပဲ ပြီးဆုံးသွားလိမ့်မယ်လို့ ငါထင်ခဲ့တယ်။

တကယ်တော့ ဘဝဆိုတာ ရေသေလိုပဲ အမြဲငြိမ်ပြီး ရှုကြာပင်နဲ့နေတတ်တာမှ မဟုတ်ဘဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဆိုတာ ဆုံးစမရှိ ရွေ့လျားနေတဲ့ ရေရှင်ပဲ။ ကွေ့ချိုးကောက်ချိုး ရပ်ချိုးသွားချိုး ခုန်ချိုးပေါက်ချိုးနဲ့။

ငါ့ရဲ့ဘဝမှာ အကြီးမားဆုံး လှုပ်ရှားမှုကြီးဖြစ်လာတော့မယ်ဆိုတာ ငါ ကြိုတင်သိခဲ့ရရင် ဘယ်လောက်များကောင်းလိုက်မလဲလေ။

* * *

စပြီး ငါ့ကိုသတိပေးတဲ့သူက သန်းထွတ်။ သန်းထွတ်ဟာ ငါ့ရဲ့ ရဲဘော်ရဲဘက်ပဲ။ လုပ်ငန်းမှာ အစစ ငါအားကိုးရတဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ် သလို သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့လည်း ငါ့အကျိုးအတွက်ဆို ဘာကိုမှ မထိန်ချန်ဘဲပြောတတ်တဲ့ သူငယ်ချင်း။

သန်းထွတ်ဟာ စကားနည်းသလောက် သူပြောလာပြီဆိုရင် တစ်စုံတစ်ရာအထိ ထိရောက်တတ်တယ်။ အရေးမကြီးရင် သန်းထွတ် ဘယ်တော့မှ စကားမပြောဘူး။

"ငါ မင်းကို အသိပေးချင်တာကြာပြီ သင့်မသင့်စဉ်းစားနေ ခဲ့ရတာ၊ တကယ်တော့ မင်းလည်း လူကြီးတစ်ယောက်ဖြစ်ပြီပဲလေ . . . သိထားသင့်ပြီလို့ ငါယူဆလို့ ခုလိုပြောပြဖို့ ဆုံးဖြတ်လိုက်ရတာ . . ."

ငါသိတယ်။ သူပြောမယ့်စကားဟာ အိမ်နန်းနဲ့ မပတ်သက်ဘူး ဆိုတာတော့ ငါသိတယ်။ ဒါပေမဲ့ တခြား ငါ့မှာအရေးကြီးတာ ဘာရှိ တော့လို့လဲ။ စဉ်းစားမရဘူး။

သန်းထွတ်က တော်တော်နဲ့ မပြောဘူး။ တော်တော့်ကို ချင့်ချိန် စဉ်းစားနေရသလိုဘဲ။ စိတ်လှုပ်ရှားပြီး မြေကြီးကို ခြေထောက်နဲ့ မြင်းတွေ



ခွာရပ်သလို တစ်ရှုပ်ရှုပ်နေတယ်။ ငါက သူ့ပခုံးကိုဖက်ပြီး ရယ်လိုက်ရတယ်။

"ပြောပါကွ၊ ဘာများ ဒါလောက်စဉ်းစားနေရတာလဲ"

"စဉ်းစားရတယ် အပြာ၊ ဒီစကားပြောဖို့ရာ မင်းနဲ့ ငါ့မှာ ဂုဏဝုဒ္ဓိ- ဝယဝုဒ္ဓိ ဆိုတာတွေကို ထည့်စဉ်းစားနေရတယ်"

"ဂုဏဝုဒ္ဓိ- ဝယဝုဒ္ဓိ ဟုတ်လား။ ဘာလဲ မင်းခုပြောမယ့်အကြောင်း က လူကြီးသူမတွေနဲ့ ပတ်သက်နေလို့လား . . ."

သန်းထွတ်က ခေါင်းညိတ်တယ်၊ သက်ပြင်းချတယ်။

"ခက်တယ်ကွာ၊ လူကြီးတွေကိစ္စကို လူငယ်တွေက စဉ်းစားလာ ရတယ်ဆိုတာကိုက တစ်မျိုးကြီးပါပဲ၊ ငါလည်း တော်တော်ဦးနှောက် ခြောက်လာပြီ"

"ကဲ . . . ပြောသာပြောပါ သန်းထွတ်ရာ၊ တို့တစ်တွေက မိသားစု လို ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်ပဲဟာ၊ ဘာပဲဖြစ်ဖြစ် တို့အသိနဲ့ တို့ဆုံးဖြတ် တန်သလောက် ဆုံးဖြတ်လို့ရလည်း ရပေါ့"

"ငါ ခုပြောမယ့်စကားတွေဟာ စေတနာအရင်းခံနဲ့ဆိုတာ တော့ . . ."

"ဒီအတွက် ထည့်ပြောစရာမလိုဘူး သန်းထွတ်၊ ငါ မင်းအကြောင်း သိပါတယ် . . ."

"အေး . . . ဘယ်လောက်ပဲသိသိ၊ မင်း ရုတ်တရက်တော့ စိတ် လှုပ်ရှားသွားရမှာပဲ၊ ဒီစိတ်လှုပ်ရှားတဲ့ဒဏ်ကို မခံနိုင်ဘဲ မင်း ဝရုန်းသုန်းကား ထဖြစ်မှာသာ ငါစိုးရိမ်တာ"

ငါ ရယ်လိုက်ရတယ်။ ဟုတ်တယ်၊ အရင်ကဆို ငါဟာ သိပ် စိတ်ဆတ်ခဲ့တယ်။ ထစ်ခနဲရှိ လက်ကပါချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခုတော့ ငါ့စိတ်တွေ အနည်ထိုင်လာပြီပဲ။ သိပ်ကြီး ထူးထူးခြားခြား စိတ်လှုပ်ရှားစရာ ငါ မမြင်ဘူး။

“မရယ်နဲ့ ပေါ့ကောင် . . . ငါပြောပြမယ့် အကြောင်းအရာဟာ ပေါ့ပေါ့ကလေး မဟုတ်ဘူး”

ငါနည်းနည်းတော့ စိုးရိမ်လာပြီ။ ဒီကောင်က အရေးမကြီးဘဲနဲ့တော့ ခုလောက်ထိ ဇီဇာခဲ့မနေတတ်ဘူး။

“ငါ တစ်ခုတော့ ကြိုပြီးပြောထားမယ်၊ ငါ အခုပြောပြမယ့် အကြောင်းအရာနဲ့ ပတ်သက်ပြီ ဒေါသမကြီးရဘူး၊ စိတ်ကို အေးအေး ထားပြီး လုပ်သင့်လုပ်ထိုက်တာကို သိမ်သိမ်မွေ့မွေ့ လုပ်ရမယ်၊ ဟုတ်ပြီလား”

ငါ့ သူငယ်ချင်းကို လေးလေးစားစား ခေါင်းညိတ်ပြလိုက်တယ်။ သန်းထွတ်က အဝေးကြီးကို ငေးလိုက်တယ်။ ရှမ်းတောင်တန်းကြီးရဲ့ ထွက်သက်လေဖြစ်တဲ့ ထင်းရှူးပင်နံ့သင်းနေတဲ့ လေညှင်းကလေးကို ဝင်သက်လေအဖြစ် အားပါးတရ ရှိုက်သွင်းလိုက်တယ်။ ပါးစပ်ကို ဟပြီး အားပါးတရ မှုတ်ထုတ်လိုက်တဲ့ ထွက်သက်လေက အခိုးငွေ့တွေ ဖြစ်လာတယ်။ မနက်စောစောစီးစီးမှာ ရင်ထဲက ထွက်လာတဲ့ အငွေ့ဟာ အနှီး အငွေ့ ဖြစ်လာတတ်တယ် မဟုတ်လား။ ငါ့စိတ်ထဲတော့ ရင်ထဲက အမှုကြောင့် ဗလောင်ဆူထွက်လာတဲ့အငွေ့လို့ ထင်တယ်။

“ငါခုပြောမယ့် အကြောင်းက ဘယ်သူ့အကြောင်းထင်သလဲ အပြာ”

“မင်းခုနက ပြောတယ်လေ၊ ဂုဏဝုဒ္ဓိ ဝရဝုဒ္ဓိ ဆိုတော့”

“အေး . . . အမေ့အကြောင်းပဲ . . .”

“ဘယ် အမေ့အကြောင်းလဲ . . .”



“ငါ့မှာ ခေါ်စရာ အမေရယ်လို့ မင်းအမေပဲ ရှိတာပဲ၊ ငါ့မှာ မိဘ မရှိတာ မင်းသိသားပဲလေ . . .”

အမေ့အကြောင်းတဲ့။ ငါ့ရင်တွေ ဆတ်ခနဲ တုန်သွားတယ်။ အမေ့ အကြောင်း။ အမေ့မှာ အရေးတကြီးပြောရလောက်တာ ဘာများရှိသလဲ။ ပြီးတော့ သန်းထွတ်က ပြောသေးတယ်။ ခု သူ့ပြောပြမယ့်ကိစ္စနဲ့ ပတ်သက် ပြီး ဒေါသမကြီးရဘူးတဲ့။ စိတ်ကို ငြိမ်ငြိမ်ထား၊ သိမ်သိမ်မွေ့မွေ့ ဆုံးဖြတ်ရ မယ်တဲ့။ ဘာတွေလဲ။ အမေ့အကြောင်းဟာ ဒေါသဖြစ်လောက်စရာ ဘာရှိ လို့လဲ။

“တစ်ခုတော့ ရှိပါတယ် အပြာရယ်၊ ခုဟာလေ သေသေချာချာ ကြီးတော့ မဟုတ်သေးပါဘူး၊ သတင်းစကားပါ . . .”

“ဘာတွေလည်း သန်းထွတ်ရာ . . .”

“ဒီလိုကွာ . . . ငါ့အကြောင်းလည်း မင်းသိပါတယ်၊ ငါဟာ အမေ့ကို ငါ့အမေလို သဘောထားတဲ့ကောင်ပါ။ ဒါပေမဲ့ တကယ်တမ်းကျ တော့ ငါ့အမေအစစ်မှ မဟုတ်ဘဲ၊ ဒီတော့ တစ်စုံတစ်ရာ ပြဿနာပေါ်လာရင် ငါဟာ ဘေးလူပါပဲ၊ တကယ်တမ်းရင်ဆိုင်ရမှာက မင်း . . .”

“လိုရင်းကို ပြောပါတော့ သန်းထွတ်ရာ . . .”

“အေးပါ အပြာရာ . . . ငါဟာ စကားကို လေရှည်ပြီးပြောတတ် တဲ့ကောင် မဟုတ်ပါဘူး၊ ဒါပေမဲ့ ခုကိစ္စက ငါ့ပါးစပ်က ဘယ်လိုစပြီး ထွက်ရမှန်းကို မသိသေးလို့ပါ”

“ပြောသာ ပြောပါကွာ၊ ငါ ခံနိုင်ရည်ရှိပါတယ်၊ ဘာလဲ အမေ့ ချောင်းဆိုးရောဂါအကြောင်းလား၊ ဘာဖြစ်လို့လဲ၊ တီဘီတဲ့လားဟင် . . . . အမေက ငါ့ကို ဖွင့်မပြောပေမယ့် ငါ သိပြီးသားပါကွာ”

www.burmeseclassic.com

www.burmeseclassic.com



သန်းထွတ်က ခေါင်းခါပြတယ်။ ပြီးတော့မှ ပြောတယ်။ သူ့ စကား ဆုံးတော့ ငါ ခေါင်းသွက်သွက်ခါသွားတယ်။ ဒေါသဖြစ်တာလည်း မဟုတ်ဘူး။ ရှက်တာလည်း မဟုတ်ဘူး။ ဝမ်းနည်းတာလည်း မဟုတ်ဘူး၊ ဘယ်လို ဖြစ်သွားမှန်းလည်း မသိဘူး။

"ဒီလိုကွာ၊ အမေနဲ့ ဦးလေး ဦးအောင်ပန်းကို ငါစိတ်ထဲမှာ မနိုး သားဘူးလို့ ထင်နေတယ်"

*　　*　　*

"မင်းပြောတော့ သတင်းကြားတာဆို . . ."

"အေး . . . ပထမတော့ ဟိုဘက်ခြံက ဦးထီးဆိုင်က ငါ့ကိုပြော ပြတား၊ သူပြောပုံကတော့ တော်တော်ကြီး ခရီးလွန်နေကြသလိုပဲ"

ဒီတစ်ခါတော့ ငါ ဝမ်းနည်းသွားတယ်၊ ဘာကြောင့်မှန်း မသိဘူး ငါ ငိုချင်လာတယ်။ မငိုမိအောင် ထိန်းထားရတယ်။ ဒါပေမဲ့ မျက်ရည်ကတော့ အလိုလိုထွက်ကျလာတာဘဲ၊ အမေရယ်ဆိုတဲ့ စကားတစ်ခွန်းကို ညည်းညည်း ညူညူပြောမိတယ်။

ငါဘယ်လို ဆုံးဖြတ်ရမှာလဲ။ သားသမီးတွေရဲ့ အချစ်ရေးကို မိဘ တွေ ရင်လေးရတယ်ဆိုတာပါ ခံစားကြည့်လို့ရသေးတယ်။ ခုတော့ အမေ ရဲ့ အချစ်ရေး။ ရင်ထဲမှာ တင်းကျပ်လာတယ်။ ပြီးတော့ ဦးလေး ဦးအောင်ပန်း တဲ့။ ငါဘယ်လိုလုပ် မျက်နှာချင်းဆိုင်ရမလဲ။ ငါ ဘယ်လိုလုပ်ပြီး သူ့ကို ကျေနပ်ရမလဲ၊ အို . . . အမေ့ကို ဘယ်သူနဲ့မှ ငါ မကျေနပ်နိုင်ဘူး။

ငါ သဘောပေါက်သွားပြီ။ ဦးလေး ဦးအောင်ပန်းရဲ့ ငါ့အပေါ်ထား



တဲ့ မေတ္တာ၊ သူ့ရဲ့ ကရုဏာအကြည့်၊ "သား"လို့ တစ်ခါတစ်ခါခေါ်တတ်တဲ့ အပြော၊ ရုပ်ရှင်တွေထဲမှာလိုဆိုရင်တော့ ဒါဟာ ပရိသတ်သဘောကျမယ့် ဇာတ်ပေါင်းခန်းပေါ့။

တကယ်ကိုယ်တွေ့ ခံစားရတဲ့အခါကျတော့ ဘယ်လိုမှ ဖြေလို့ မရနိုင်ဘူး။ သန်းထွတ်ရဲ့ရင်ခွင်ထဲမှာ ခေါင်းသွင်းပြီး ငါ ငိုပစ်လိုက်တယ်။

"ဟုတ်ရဲ့လား သန်းထွတ်ရာ . . ."

"သူတို့ပြောသလောက်တော့ မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ မရှင်း တာတော့ သေချာတယ်"

"မင်းဘာတွေ သိထားသလဲ"

"ငါ သိထားသလောက်ကတော့ ဦးလေး ဦးအောင်ပန်းဟာ အမေ့ ဆီ ခဏခဏလာတတ်တယ်၊ လာပုံကတော့ ရိုးရိုးသားသားပါ၊ ဒါပေမဲ့ မင်းမရှိတတ်တဲ့အချိန်မျိုးမှ ရွေးပြီး လာတတ်တယ်"

"အိမ်ကို လာတာလောက်ကတော့ကွာ"

"တစ်ခါတော့ ငါနားနဲ့ ဆတ်ဆတ်ကြားလိုက်ရလို့ပါ"

"ဘာကြားတာလဲ"

"သူတို့ချင်း ပြောကြ ဆိုကြတာ"

"ဘာတွေ ပြောကြသလဲ"

"ငါ ကြားမိသလောက်ကတော့ကွာ၊ ဦးလေးက အမေ့ကို ချစ်ရေး ဆိုတာပါပဲ၊ ပြီးတော့ ရှေ့ရေးအတွက် သူတာဝန်ယူချင်တဲ့သဘော"

"အမေက ဘာပြန်ပြောသလဲ"

"အမေ့အသံတော့ မကြားမိဘူးကွာ"

"တခြားကော . . ."

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ ဒါလောက်ပဲ ကြားမိတယ်၊ ရုပ်နားထောင်လို့ကလည်း မကောင်းတတ်ဘူးလေကွာ"

"ဘာဖြစ်သလဲကွာ၊ ငါ့အမေရဲ့ အရေးကိစ္စဘဲဟာ . . ."

"မဟုတ်ဘူးလေကွာ၊ ခုလောက်သိရရင် အဓိပ္ပာယ်ရှင်းနေပြီပဲ"

ဟုတ်တယ် အဓိပ္ပာယ်ကတော့ ရှင်းနေပြီ။ ဒါပေမဲ့ အမေ့သဘောထားက ဘယ်လိုလဲ၊ ငါ ဘာလုပ်ရမလဲ။ ကြည့်စမ်း ငါ့ဘဝမှာ တစ်ပြိုင်တည်းနဲ့ နှစ်ကြိမ်စွန့်လွှတ်ရပြီ။ ငါ့အချစ်ကို စွန့်လွှတ်ခဲ့ရပြီးပြီ။ ငါ့အမေရဲ့အချစ်ကို စွန့်လွှတ်ရအုံးမယ်။ အမေဟာ ငါ့ကို ချစ်ရဲ့လားလို့ အယောင်ယောင် အမှားမှား တွေးမိတယ်။

သန်းထွတ်ရင်ခွင်ထဲမှာ အားရအောင် ငိုပစ်လိုက်တယ်။

*   *   *

(၂၁)

ဒီတစ်ခါတော့ မျက်စေ့နဲ့တပ်အပ်ကို မြင်ရတာ၊ ငါမရှိနိုင်တဲ့အချိန် ဦးလေး ရောက်လာတယ်။ ဒီအကြောင်း ငါသိပြီးလို့ နှစ်ပတ်လောက် အကြာမှာပေါ့။

အိမ်ရှေ့ခန်းမှာပဲ အမေက ညှော်ခဲ့တယ်။ အမေ့မျက်နှာကို ငါ ထရံကြားက ချောင်းကြည့်တော့ မဖြစ်သလို အပြုံးမပျက်ဘဲ၊ ဦးလေးမျက်နှာကတော့ နည်းနည်းစိတ်လှုပ်ရှားနေမှန်း သိသာတယ်။ စိတ်အလှုပ်ရှားဆုံးကတော့ ငါပဲ။



စဉ်းစားကြည့်လေ၊ ကိုယ့်မိခင်ကို လူတစ်ယောက်နဲ့ မရိုးမသား အခြေအနေမှာ တွေ့နေရတာဆိုတော့ . . .။

"စဉ်းစားပြီးပြီလား၊ မညို"

"ကျွန်မမှာ စဉ်းစားစရာမရှိဘူးလို့ ပြောထားသားပဲ ကိုအောင်ပန်း"

"ကျုပ်ကို မယုံလို့လား"

"ကျွန်မကိုယ် ကျွန်မမယုံလို့ပါ"

"စဉ်းစားစေချင်သေးတယ် မညိုရယ်"

"မလိုတော့ပါဘူး ကိုအောင်ပန်း၊ ကျွန်မမှာ စဉ်းစားစရာတစ်ခုပဲ ရှိပါတယ်၊ အဲဒါက ကိုအောင်ပန်းပြောတဲ့ကိစ္စကို မစဉ်းစားဖို့အကြောင်းပဲ"

"ကျုပ် အနှစ်နှစ် အလလကတည်းက . . ."

"ကျွန်မ သဘောပေါက်ပြီးသားပါလေ၊ ဒါပေမဲ့ မဖြစ်နိုင်တာဟာ ဘယ်လောက်ကြာကြာ မဖြစ်နိုင်တုန်းရှိမှာပါပဲ"

"မညိုမှာ တခြားရည်ရွယ်ထားတဲ့သူ ရှိနေလို့လား"

အမေ့ရဲ့ ဟက်ဟက်ပက်ပက်ရယ်သံကို ပထမဆုံး အကြိမ်ကြားလိုက်တယ်။ ဦးလေးရဲ့မေးခွန်းကို သူ တော်တော်သဘောကျသွားပုံရတယ်။ တော်တော်နဲ့ အရယ်မရပ်ဘူး။

"ဩော် . . . ကိုအောင်ပန်းရယ်၊ ကျွန်မအရွယ်ကျမှ ရည်ရွယ်ထားတဲ့လူတွေ ဘာတွေ ရှိပါ့အုံးမလား"

"ကျုပ်တောင် ခုထိရည်ရွယ်ထားတဲ့မညို ရှိနေသေးတာပဲဗျာ"

စကားသံတွေ တိတ်သွားကြပြန်ရော၊ ငါ အားမလို့ အားမရဖြစ်လာရပြန်တယ်။ ထရံကြားကကြည့်လိုက်တော့ ဦးလေးက အမေ့မျက်နှာကို စိုက်နေတယ်။ အမေက မျက်လွှာချထားတယ်။ ဒါပေမဲ့ ရှက်ရွံ့ပုံတော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးပဲ။ ဦးလေးကပဲ စကားပြန်ဆက်တယ်။

"အပြာကိုလည်း ကျုပ်သားရင်းတစ်ယောက်လို ချစ်တယ်ဆိုတာ မညို့ သိသားပဲ"

"ဒါပေမဲ့ သားအရင်းမဟုတ်တာကိုလည်း ကိုအောင်ပန်း သိသားမဟုတ်လား"

"ကလေးရဲ့ နောင်ရေးအတွက်လည်း . . ."

"ဘာလို့ ဒီစကားပြောရသလဲ ကိုအောင်ပန်း၊ ကျွန်မသားရဲ့နောင်ရေးကို ရှင်ကြည့်တယ်ဆိုရင် ဒီအတိုင်းလည်း ကြည့်နိုင်သားပဲ၊ ကျွန်မကိုရယူပြီးမှ သားရဲ့နောင်ရေးကို စဉ်းစားမယ်ဆိုတော့ . . ."

"ကျွန်တော်ဆိုလိုတာကို သဘောပေါက်သင့်ပါတယ် မညို့ရယ် ဘာပဲဖြစ်ဖြစ် ခုအတိုင်းကလေးကို ကြည့်ရှုရတာထက် သွေးစပ်လို့ ကြည့်ရတာဆိုတော့ လူမြင်လို့ တင့်တယ်တာပေါ့ . . ."

ငါဟာ သူတို့စကားတွေနားထောင်နေရင်း ငါ့ကိုယ်ငါ သေးငယ်တဲ့ သတ္တဝါကလေးအဖြစ် မြင်ယောင်လာတယ်။ ငါ့ရဲ့ ရှေ့ရေးကို လူကြီးနှစ်ယောက်ပြောနေကြပုံဟာ ငါဟာတကယ့် ကလေးငယ်လေးကျနေတာပဲ။

"ဒီတော့ မညို့ရဲ့နောင်ရေးရော၊ အပြာ့ရဲ့နောင်ရေးရော၊ ကျွန်တော့်ရဲ့နောင်ရေးပါ၊ အဆင်ပြေသွားချင်တယ်ဗျာ"

"ကိုအောင်ပန်းရဲ့နောင်ရေး ဟုတ်လား၊ ကျွန်မက ကိုအောင်ပန်းရဲ့နောင်ရေးကို ဘာတတ်နိုင်မှာမို့လဲ"

"ကျုပ်တို့ဟာ ငယ်တော့တဲ့အရွယ်တွေမှ မဟုတ်ကြတော့တာ၊ အရွယ်ရလာလေ အဖော်လိုအပ်လာလေ မဟုတ်လား"



ငြိမ်သွားကြပြန်ပြီ၊ ငါ စဉ်းစားနေရတယ်။ ဦးလေး အမေ့ကို ချစ်ရေးဆိုနေကြတာ ဘယ်လောက်ကြာပြီလဲ။

ဘာကြောင့် ချစ်ရေးဆိုနေသလဲ၊ အို . . .ဒါကတော့ ချစ်လို့နေမှာပေါ့။ ဘာကြောင့် ချစ်တာလဲ၊ ဒါတော့ ကိုယ်ချင်းစာကြည့်နိုင်သားပဲ။ ချစ်တာဟာ ချစ်တာပဲပေါ့။

ငါ သဘောတူနိုင်မလား၊ ငါ ဘယ်လိုဆုံးဖြတ်ရမလဲ။ လူကြီးတွေရဲ့ အချစ်ရေးကို လူငယ်တွေက ဆုံးဖြတ်ပိုင်ခွင့်ကော ရှိသလား။ လောကကြီးဟာ ဘယ်လိုဟာလဲ။

ဘာကိုမှ မယ်မယ်ရရ စဉ်းစားမရဘူး။ ရှမ်းလေအေးရဲ့အောက်မှာ ချွေးလေးတွေ ပျံနေတယ်။ အတွေးတွေက ယောက်ယက်ခတ်နေတယ်။ ဘယ်လိုခံစားမှုမျိုးဆိုတာ ပြောလို့ကို မရနိုင်ဘူး။

ချစ်တဲ့ချစ်သူကို စွန့်ခွာခဲ့ရပြီးတဲ့နောက်မှ ငါ့ချစ်သူရဲ့ဦးလေးက ငါ့အမေကို ချစ်ရေးဆိုနေတာနဲ့ ကြုံရတယ်ဆိုတာ ဘယ်လိုဟာမှန်းကို မသိနိုင်အောင်ပဲ။

"ဘယ်လိုနည်းနဲ့မှ ဖြစ်နိုင်မယ် မထင်ပါဘူး ကိုအောင်ပန်းရယ်"

"ကျုပ်သဘောကတော့ မဖြစ်နိုင်စရာကို မရှိဘူးလို့ ထင်တာပဲ မညို့၊ ဘာလဲ . . .မညို့က ကျုပ်အစ်မ မမစောနန်းက မကြည်ဖြူနိုင်ဘူး ထင်လို့လား"

"မမစောနန်းကို ထည့်မပြောပါနဲ့လေ၊ ဒီကိစ္စမှာ ကျွန်မကိုယ်တိုင်က မဖြစ်နိုင်ဘူးလို့ ဆုံးဖြတ်တာပါ"

တိတ်ဆိတ်လွန်းလို့ ဦးလေးရဲ့သက်ပြင်းချသံဌွေ့ ဌွေ့ကလေးကို တောင် ကြားလိုက်ရတယ်။ ဝါးကြမ်းပြင်က ကျိုးကျိုးကျွတ်ကျွတ်မြည်သံ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရလို့ အလန့်တကြားကြည့်လိုက်တော့ ဦးလေး မတ်တတ်ထရပ်တာကို တွေ့ရတယ်။

"ဒီတော့ ကျုပ်မှာ မျှော်လင့်ချက်မရှိတော့ဘူးတော့ မဟုတ်ပါဘူးနော် မညို"

အမေ ရယ်လိုက်တာကို တွေ့ရတယ်။ အမေ ရယ်လိုက်ပုံက မိန်းမငယ်တစ်ယောက်နဲ့ တူသွားတယ်။ အင်း...အချစ်ဆိုတာ နုပျိုစေတဲ့ အရာများလား။ အမေ ဦးလေးကို ချစ်နေသလား။ အတူလက်တွဲကြဖို့ရာက ငြင်းဆိုတဲ့ အမေ့ရင်ထဲမှာ အချစ်ဆိုတာ ရှိနေသလား။ ဒါဖြင့် အဖေ့ကို ရောတဲ့။ အဖေ့ကိုချစ်ခဲ့တဲ့အချစ် ဘယ်ရောက်သွားပြီလဲ။

ဒီလိုတွေးမိတော့ နည်းနည်းဒေါသဖြစ်မိတယ်။ ဝမ်းနည်းတာလား တော့မသိဘူး။ မခံချင်တာတော့က သေချာတယ်။ ငါ့ကို အိမ်နန်းချစ်မှန်း သိတဲ့အခါက ငါကလွဲရင် အိမ်နန်းဘယ်သူ့ကိုမှ မချစ်စေချင်သလို အဖေက လွဲရင် အမေ ဘယ်သူ့ကိုမှ မချစ်စေချင်ဘူး။

"ကျုပ်ကိုမနှိပ်စက်ပါနဲ့ မညိုရယ်၊ ခုလို မအီမလည်ကြီးနေရတဲ့ အဖြစ်ဟာ လူကြီးတန်မဲ့နဲ့ လွမ်းစရာကောင်းပါတယ်ဗျာ"

"မအီမလည်မဖြစ်ပါဘူးလေ၊ ကျွန်မပြောပြီးပြီပဲ မဖြစ်နိုင်ပါဘူးလို့"

"ဒါပေမဲ့ ဘာ့ကြောင့် မဖြစ်နိုင်ပါဘူးဆိုတဲ့ အကြောင်းပြချက်မှ မပေးပဲဗျာ၊ ဒီတော့ကျုပ်မှာ ဘာအပြစ်အနာအဆာ ရှိတယ်ဆိုတာလည်း မစဉ်းစားတတ်နိုင်ဘူးပေါ့"

"မရှိပါဘူး၊ ဒါပေမဲ့ အပြစ်မရှိတိုင်းသာ လက်ထပ်ကြကြေးဆိုရင် ခက်ကရောပေါ့"



"ဒါကို ကျုပ်နားလည်ပါတယ် မညို၊ မေတ္တာမရှိပဲ လက်ထပ်ကြလို့တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ"

ဟော... ကြားရပြန်ပြီ။ ဒီစကားမျိုး ဖျက်ခနဲ နှလုံးက ထခုန်သွားတယ်။ အိမ်နန်းရဲ့ မျက်နှာကို မြင်မိတယ်။ မေတ္တာမရှိပဲ လက်ထပ်ကြလို့ မဖြစ်ဘူးတဲ့။ ဒါဖြင့် သူ့တူမတို့ ဖိုးကျားကြီးစားနေတာကျတော့...။

ဦးလေးကို ငါ နည်းနည်းချဉ်သွားတယ်။

"ကဲ...ကျုပ်မေးမယ်၊ ကျုပ်ကိုလက်တွဲဖို့ ငြင်းဆန်နေတဲ့နေရာမှာ ကျုပ်မှာလည်း အပြစ်မရှိဘူး၊ ဘာ့ကြောင့်ငြင်းဆန်တယ်ဆိုတဲ့ အကြောင်းပြချက်လည်း မရှိဘူးဆိုရင် ခင်ဗျား ကျုပ်အပေါ် နည်းနည်းလေးမှ မေတ္တာမရှိလို့ပဲ ဖြစ်ရမယ်၊ ဟုတ်လား မညို ဟင်..."

ဦးလေးရဲ့အသံဟာ လူကြီးဆန်တဲ့အချစ်ကြောင့် လှိုက်လှိုက်လှဲလှဲ ထွက်လာတဲ့အသံမျိုး။

"ကျုပ် စိတ်မကောင်းဘူးဗျာ"

"ကျွန်မလည်း စိတ်မကောင်းပါဘူး"

"ဘာကိုလည်း မညို၊ မညိုမှက စိတ်မကောင်းစရာ ဘာရှိလို့လဲ"

"ကိုအောင်ပန်းရဲ့ တကယ့်စေတနာနဲ့ ကမ်းလှမ်းတာကို လက်မခံနိုင်လို့ပေါ့"

"အဲ့သလို ကျုပ်ရဲ့ ကမ်းလှမ်းမှုကို ငြင်းဆန်မိတဲ့အတွက် စိတ်မကောင်းဘူးဆိုတာကိုက မေတ္တာတရားနဲ့ ပတ်သက်နေပြန်ပါရောလား မညို၊ ကျုပ် မညိုကို ဘယ်လိုမှ နားမလည်နိုင်တော့ဘူးဗျာ"

"ကျွန်မကို ကျွန်မလည်း နားမလည်နိုင်အောင်ပါပဲ ကိုအောင်ပန်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းကိုယ်စီချပြီး ငွေကြီးတွေရပ်နေကြတဲ့ လူကြီး နှစ်ယောက်ကိုကြည့်ရတာ ငါ့ရင်ထဲမှာ ဒဏ္ဍာရီပုံပြင်တစ်ခုခုကို ဖတ်ရသလို ခံစားရတယ်။

"ကဲ . . . ကျုပ် ပြန်မယ်"

ဒါပေမဲ့ ဦးလေးဟာ တော်တော်နဲ့ အိမ်ပေါ်က မဆင်းသေးဘူး။ တစ်ခုခုကို ချိတုံချတုံစဉ်းစားနေသလိုပဲ။ တော်တော်ကြာမှ လေးလေးနက်နက် ပြောချလိုက်တယ်။

"ကျုပ်တစ်ခုတော့ အခွင့်အရေးတောင်းချင်တယ် မညို၊ လာမယ့် တနင်္ဂနွေနေ့မှာ ကျုပ် မွေးနေ့ကျတယ်၊ အဲဒီနေ့မှာ မညိုဆီက တစ်စုံတစ်ရာ ကို ကြားချင်တယ်ဗျာ၊ မညို သေသေချာချာစဉ်းစားပြီး ပြောစေချင်တယ်"

"ခက်ပါလားရှင်၊ ကျွန်မမှာ စဉ်းစားစရာ မရှိတော့ပါဘူးလို့ ပြောပြီးပြီပဲ"

ငါ စိတ်တိုလာတယ်။ ဦးလေးက ဘာကြောင့် ဒါလောက် ငွဲကောင်း နေရသလဲ။ အမေကရော ဘာလို့ ခုလောက်ထိ သည်းညည်းခံနေရသလဲ။ မဆီမဆိုင် တွေးမိသေးတယ်။ တချို့လူတွေ အချစ်ကို တောင်းခံကြ တော်တော်ငွဲကောင်းတာပဲ။

"မဟုတ်သေးဘူး မညို၊ ကျုပ်ကို ဘဝဖော်အဖြစ် လက်တွဲဖို့ရာ ခင်ဗျား မစဉ်းစားတော့ဘူးဆိုတာ ကျုပ်သဘောပေါက်ပြီးပါပြီ၊ ခု ကျုပ် တောင်းခံနေတာ ခင်ဗျားရဲ့ မေတ္တာစကားကိုပါ၊ ခင်ဗျား ကျုပ်အပေါ် မေတ္တာ ရှိတယ် မရှိဘူးဆိုတဲ့ စကားလေးပါ၊ ဒီစကားကို တိတိကျကျကြားရပြီးရင် ကျုပ် ကျေနပ်နှစ်သိမ့်လိုက်ပါမယ် ဟုတ်ပြီလား၊ ဒါလောက်ကလေးနဲ့ပဲ ကျုပ် ကျေနပ်လိုက်ပါ့မယ်ဗျာ၊ ဒီနောက်ပိုင်းမှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျုပ် ဘယ်တော့မှ ထပ်မပြောတော့ဘူးလို့ ကတိပေးပါတယ်"



ဆို့ဆို့နင့်နင့်ပြောချလိုက်တဲ့ ဦးလေးရဲ့အသံနဲ့ အမေရဲ့လှုပ်ရှား တွေဝေသွားတဲ့မျက်နှာကို ငါ ငေးကြည့်နေမိတယ်။ နှစ်ယောက်စလုံးရဲ့ ဝေဒနာမျက်လုံးတွေကို ငါသတိထားမိတယ်။ အိမ်နန်းကို သိပ်သတိရ သွားတယ်။ ဟုတ်တယ်၊ မေတ္တာတရားနဲ့ ပတ်သက်ပြီး သူများတွေ ခံစားရ တာကိုကြည့်ရတဲ့အခါ ကိုယ့်ရဲ့အချစ်အကြောင်းကို ပိုပြီး သတိရစမြဲ မဟုတ်လား။ ဒါပေမဲ့ အဲဒီ သူများတွေဆိုတာက ငါ့အမေကိုယ်တိုင် ဖြစ်နေ တယ်။ ဘယ်လိုကြီးလဲကွာ။ ငါ့ရင်ထဲမှာ။

အိမ်ရဲ့ကြမ်းပြင်ကို နင်းပြီးဆင်းလာတဲ့ခြေသံ ကြားလိုက်ရ တယ်။ အိမ်ဘေးမှာ အသာလေးကပ်ပြီး နေရတယ်။ ပထမဆုံးအကြိမ် အဖြစ် သူများရဲ့အတွင်းရေးကို ငါ ချောင်းနားထောင်မိတယ်ဆိုတဲ့ အသိက ဝင်လာလို့ ဦးလေးမမြင်အောင် ပုန်းနေရတာပဲ။ ငါ့ကိုငါ ရှက်မိတယ်။

ခေါင်းငိုက်စိုက်ချပြီး တစ်လှမ်းချင်းထွက်သွားတဲ့ ဦးလေးကို အမေက အိမ်လှေကားကလေးပေါ်ကရပ်ပြီး ငေးကြည့်ကျန်ရစ်တယ်။ အမေ့မျက်လုံးတွေက ရီဝေနေတယ်။ ဦးလေးအတွက် စိတ်မကောင်း ဖြစ်လို့လား။ အဖေ့ကို သတိရလို့လား။ ငါ စဉ်းစားမရဘူး။

ဘာကြောင့်မှန်း မသိဘူး။ ငါ ထွက်ပြေးလာမိတယ်။ သစ်တော်ပင် တန်းတွေအတိုင်း ခြံထောင့်ရောက်တဲ့ဆီအထိ။ ခြံထောင့်က သစ်တော်ပင် တစ်ပင်အောက်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။ စိတ်ကို အတတ် နိုင်ဆုံး ငြိမ်ငြိမ်ထားလိုက်တော့ အတွေးတွေ အစီအရီပေါ်လာတယ်။ အတွေးတွေဆိုတာထက် တစ်ချိန်က ငါမသိခဲ့တဲ့ အကြောင်းအရာတွေကို သိလာရတယ်ဆိုရင် ပိုမှန်မယ်။

ဦးလေး ငါ့ကို တစ်ခါတစ်ခါ "သား"လို့ ခေါ်တတ်တာ

www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ၊ ဦးလေးရဲ့ ငါ့အပေါ်ထားတဲ့ စေတနာကြီးမားတာ ဘာကြောင့်လဲ၊ ငါ့ကို ကြည့်ကြည့်ပြီး ဦးလေးသက်ပြင်းချပုံဟာ ထူး သလိုလိုပဲလို့ ငါတွေးမိဖူးတယ်။ အဲ့ဒါကော ဘာကြောင့်လဲ၊ ဦးလေး အမေ့ကို ဂရုဘစိုက်ရှိတဲ့အခါ ဒေါ်လေး ဒေါ်စောနန်းမျက်နှာပျက်တာ ဘာကြောင်လဲ၊ ငါတို့မိသားစုကို အဖေမရှိတဲ့နောက်ပိုင်း ပိုပြီး ဂရုတစိုက် ရှိလာ ဘာထားပဲဟာ ဘာကြောင့်လဲ . . .။

ပုစ္ဆာ တွေအားလုံးရဲ့အဖြေကို ငါ တစ်ပြိုင်နက်တည်း သိလိုက် ရတယ်။ မ ဘာတွေ သိလိုက်ရလို့ ရင်ထဲမှာ ပေါ့ပါးသွားသလိုပဲ။ ဒါပေ မိကြီးကိုက ငါ့ကို လေးနက်သွားစေတယ်။

ငါ့ဘဝမှာ တစ်စုံတစ်ရာ ထပ်ပြီးပြောင်းလွဲအုံးမယ် ထင်တယ်။

သေသေချာချာ ဂရုစိုက်တဲ့ကြားက သစ်တော်သီးတစ်လုံး ပိုး နေတာ တွေ့လိုက်ရတယ်။

* * *

(၂၂)

အမေ့ကို ဖွင့်မေးဖို့ ကြိုးစားခဲ့တာကြာပြီ။ ဘယ်လိုမှ နှုတ် ပြောမထွက်ခဲ့ဘူး။ ပြောထွက်ဖို့ နေနေသာသာပါလေ အမေ့ကို မျက်နှာချင်း ဆိုင်ရမှာကိုပဲ မျက်နှာပူနေမိတယ်။ ဦးလေးနဲ့လည်း မဆုံအောင် ကြိုးစား မိတယ်။ အိမ်နန်းနဲ့လည်း လုံးဝမတွေ့ဘူး။ တွေ့ဖို့ရာလည်း မကြိုးစားမိဘူး။

သိပ်ပြီး သိစရာတော့ မရှိပါဘူး။ သူတို့ပြောတဲ့စကားတွေကို



ရှင်းနေပြီပဲ၊ ဒါပေမဲ့ တစ်ခုတော့ သိဖို့လိုအပ်တယ်။ အမေ ဦးလေးကို ဘယ်လိုသဘောထားသလဲ၊ ချစ်သလား၊ မချစ်ဘူးလား။ ဒါကို ငါ သိပ်သိချင် တယ်။ ဦးလေးရဲ့ အတူလက်တွဲဖို့ ကမ်းလှမ်းချက်ကို အမေ ငြင်းတာက တော့ ငါနဲ့ တစ်သဘောထားတည်းပဲ။ ဒါကတော့ ငြင်းတာပဲ ကောင်းတယ်။ ဘယ်လိုမှ မဖြစ်နိုင်တဲ့အဖြစ်ပဲ။ စဉ်းစားကြည့်လေ။ အရွယ်နုပျိုတဲ့၊ အလွန်ဖျက်လတ်တဲ့၊ အလွန်ချောမြောလှတဲ့ အိမ်နန်းတို့ လူငယ်ချင်းတောင် ခွဲခွာခဲ့ကြပြီးပြီပဲ။ အမေတို့ နိုင်တော့ တာပေါ့။

ဒါပေမဲ့ အမေ့မျက်လုံးတွေကို ငါမကြိုက်ဘူး။ ဘာကြောင့် ကရုဏာအရိပ်တွေ ရှိနေသလဲ၊ ဘာကြောင့် ရီဝေနေရသလဲ၊ ဘာကြောင့် အရောင်တောက်နေရသလဲ။ အချစ်တဲ့လား . . .

အမေ ဦးလေးကို ချစ်သလား၊ မချစ်ဘူးလား၊ ဒါကို ငါသိပ်သိ ချင်နေတယ်ကွာ။ သူငယ်ချင်းတို့ . . . မင်းတို့ကော ဘယ်လိုထင်သလဲ၊ ငါ့အမေဟာ ဦးလေး ဦးအောင်ပန်းကို ချစ်နေသလား၊ ဝိုင်းကူစဉ်းစားပေးကြပါ သူငယ်ချင်းတို့။

ဒါပေမဲ့ ခက်တာက အမေကွ။ အမေဆိုတာ သိကြရဲ့လား။ အမေ ဆိုတာ ငါ့ကို လူလောကထဲ အရောက်ပို့ပေးခဲ့တဲ့သူပေါ့၊ ငါက သူ့ရဲ့အချစ် ကို ဘယ်လိုလုပ်ပြီး ဖွင့်မေးရမှာလဲ။ သူ့ရဲ့အချစ်ကြောင့် ငါ လူဖြစ်လာတာ မဟုတ်လား။ ဒါပေမဲ့ ရဲရဲကြီးချင် ကြီးပလေ့စေ၊ ငါအမေ့ကို မေးမိတယ် သူငယ်ချင်းတို့။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဦးအောင်ပန်း ချိန်းဆိုသွားတဲ့ သူ့ရဲ့မွေးနေ့မရောက်ခင် နှစ်ရက်အလိုမှာ မေးမယ့်မေးမိတော့လည်း ဘာမှ နိဒါန်းမပျိုးမိတော့ဘူး။ ဒီအကြောင်းကို ငါ ဘယ်လိုသိနေသလဲလို့ အမေကမေးလာမယ့် မေးခွန်းအတွက်တောင် ငါ မစဉ်းစားမိတော့ဘူး။

"အမေ့ကို မေးစရာရှိတယ်"

"မေးလေ သားရဲ့"

"အမေ သူ့ကို ချစ်သလားဟင်"

"ဘယ်သူ့ကိုလဲ"

"ဦးလေး ဦးအောင်ပန်းကို"

အမေ မဖြေဘူး၊ ငါ့ကို ပြုံးကြည့်တယ်။ ငါ့ရဲ့ရူးချစ်ကန့်ကွန့်နိုင်တဲ့ အမူအရာကို သဘောကျသွားသလိုပဲ။ သားတစ်ယောက်ကို ခွင့်လွှတ်ပြီး ကြည့်တတ်တဲ့ အပေါ်စီးအကြည့်နဲ့ အမေ ငါ့ကို ကြည့်တယ်။ ဒီအကြည့်ကို ငါ မခံနိုင်ဘူး၊ ငါ့ကို လူရာမသွင်းတဲ့အကြည့်လို့ ထင်တယ်။

"ကျွန်တော်မေးတာကို ဖြေလေ အမေ"

အမေက ငါ့ပါးကို ဖွဖွလိမ်ဆွဲလိုက်တယ်။ ဒီအပြုအမူကိုက ငါ့မေးခွန်းကို အရေးတယူမရှိတဲ့သဘောမျိုးပဲ။ ပြီးတော့ ကြည့်အုံး။ ဒီလို လျှို့ဝှက်တဲ့အကြောင်းကို ငါကယ်လိုသိသလဲဆိုတာတောင် အမေက မမေးဘူး။ သိလည်း ဘာအရေးလည်းဆိုတဲ့ သဘော၊ ငါ ဝမ်းနည်းသွားတယ်ကွာ။

ငါဝမ်းနည်းသွားတာကို အမေက သိလိုက်တယ်။ ငါ့ဆံပင်တွေကို သပ်ပေးရင်းပြောတယ်။

"ဒီလောကမှာ အမေချစ်တာ သားပဲ ရှိပါတယ်ကွယ်၊ အမေ့ကိုယ် အမေထက် သားကို ပိုချစ်တယ်၊ ဒို့ပြင် အမေ့မှာ ချစ်ရမယ့်သူ မရှိပါဘူး"



အမေ့ရင်ခွင်ထဲကို ငါ့ခေါင်းကအလိုလို ခွေကျသွားတယ်၊ ကြည်နူးသွားတယ်။ အမေ့ကို တအားသိုင်းဖက်ပစ်လိုက်တယ်။ ဟော . . .ကျလာပြန်ပြီ မျက်ရည်။

ငါ သိပ်စိတ်ချမ်းသာသွားတယ်။ ငါ့မှာ လိုအပ်နေသမျှ ပြည့်စုံသွားသလိုပဲ။ ငါ့ကိုအမေက ဒီလောကမှာအချစ်ဆုံး။ ငါကလည်း အမေ့ကို အချစ်ဆုံး။ ငါနဲ့ အမေ့ကြားမှာ ဘာမှ အမှောင့်ပယောဂ မရှိနိုင်တော့ဘူး။

အမေ့ပေါင်ပေါ်ကို ငယ်ငယ်တုန်းကလို ခေါင်းအုံးပြီး လှဲချလိုက်တယ်။ ရင်ထဲမှာ လှပ်လှပ်.လှပ်လှပ်ဖြစ်နေတာကို အသက်ဝအောင်ရှူတဲ့နည်းနဲ့ ဖြေလိုက်တဲ့အခါ ငါ အိပ်ပျော်သွားတယ်။

ဘာအိပ်မက်မှ မမက်ဘူး။ စိတ်က ငြိမ်သက်နေတာကိုး။

အိပ်မက်ဆိုတာ နိမိတ်တစ်မျိုးဆိုရင်တော့ အိပ်မက်ဆိုးတစ်ခုခု မက်ဖို့ ကောင်းတယ်။ ခုတော့ အပမ်မက်ဆိုးမမက်ဘဲ ငါ့ရဲ့ငြိမ်စပြုနေတဲ့ သည်းခြေကို သတင်းတစ်ခုက လာလှုပ်တယ်။ ရင်ထဲမှာ ပြန်ငြိမ်းနောက်ကျိသွားရပြန်ရော။ လောကကြီးက တစ်ခါတစ်ခါ သိပ်တကယ် မတရားဘူး။

ငါ့စိတ်ကြည်နူးနေပြီလားဆိုရင် တစ်ခုခုနဲ့လာပြီး နှောင့်ယှက်ပစ်တတ်တယ်။ တစ်ချိန်ချိန်မှာ ဖြစ်လာမယ့်ကိစ္စမှန်း သိရက်နဲ့ တကယ်တမ်းဖြစ်လာတော့ . . .။ ရင်နာသွားရတာပဲ။

"သား၊ ထတော့၊ မောင်ခွာနီးတို့ အိမ်လည်လာကြတယ်"

အမေ့ပေါင်ပေါ်မှာ ဘယ်လောက်ကြာအောင် အိပ်ပျော်နေခဲ့သလဲတော့ မသိဘူး။ မျက်လုံးဖွင့်ကြည့်ကြည့်ချင်း ခွာနီ၊ စိန်ဝင်း၊ ကိုမေသန်းတို့ သုံးယောက်ကို ကြည်ကြည်လင်လင် မြင်လိုက်ရတယ်။

ဒါပေမဲ့ တစ်ယောက်မှ မျက်နှာမကောင်းဘူး။ သိပြီ၊ တစ်ခုခုတော့

www.burmeseclassic.com



ငါနဲ့ပတ်သက်လို့ ဖြစ်လာကြပြီ။ မျက်နှာတောင် မသစ်တော့ဘူး၊ သူတို့နဲ့ အတူ ခြံထဲကို ဆင်းလိုက်ခဲ့တယ်။

"ဆိုစမ်းပါအုံး ဘာဖြစ်လာကြတာလဲ"

"မင်းဘာမှ မသိသေးဘူးလား"

"မသိသေးလို့ မေးတာပေါ့"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြတယ်။ ပြီးတော့ ငါ့မျက်နှာကို ဝိုင်းကြည့်ကြတယ်၊ စိုးတော့ စိုးရိမ်တာပဲ။ ဒါပေမဲ့ ဟန်မပျက်အောင် သူတို့ကို ပြန်နောက်ရတယ်။

"ဘာလဲ . . . မင်းတို့နှမတွေ လင်နောက်လိုက်ကုန်လို့လား"

ခွာနီးက ငါ့ကို ပြန်ပြောလိုက်တဲ့အခါကျတော့ တစ်စွန်းတစ်စ ငါစိုးရိမ်လိုက်တယ်။

"ငါ့နှမဆိုရင် ဆံပင်ဆွဲပြီး ပါးရိုက်ပစ်လိုက်မှာပေါ့" တဲ့။

ကဲ . . . သူတို့ပြောမယ့်အကြောင်းဟာ အိမ်နန်းအကြောင်းက လွဲလို့ ဘာများရှိအုံးမှာလဲ။

"ဘာလဲ အိမ်နန်းအကြောင်းလား"

"မင်း သိပြီးပြီပေါ့"

"ငါနဲ့မတွေ့တာ တော်တော်တောင် ကြာသွားပြီပဲ"

"သူက ဘာမှပြောမပြဘူးလား"

"မတွေ့တာကြာပါပြီ ဆိုနေမှပဲကွာ"

"တောက်"

ကိုသန်းဖေရဲ့ တက်ခေါက်သံပေါ့။ တော်တော်မကျေမချမ်း ဖြစ်နေတယ်။ ငါ ပိုပြီး သိလာသလိုပဲ။ ဖိုးကျားအကြောင်း ပါလာလိမ့်မယ်



ထင်တယ်။ ဟုတ်သားပဲ၊ ဒီကောင်ပျောက်နေတာ ကြာပြီ။ သူ့ရော သတင်းရော။ ဒီကတည်းက ထင်သားပဲ။ တစ်ခုခုတော့ အကြံထုတ်နေပြီလို့။ ငါကလည်း အိမ်နန်းနဲ့ ပတ်သက်သမျှကို မေ့မေ့ပျောက်ပျောက် ထားခဲ့တာဆိုတော့ ဖိုးကျားအကြောင်းကိုလည်း စိတ်မဝင်စားမိတော့ဘူးပေါ့။

ခု ဒီကောင် ဘာပြဿနာလုပ်ပြန်ပြီလဲ။ ဒါပေမဲ့ သူဟာသူ ဘာပဲပြဿနာလုပ်လုပ် ငါနဲ့ ဘာမှမဆိုင်တော့ပဲ။ ဒီအတွက်တော့ ဒါလောက် ရင်ခုန်စရာ မရှိပါဘူး။

ဒါပေမဲ့ ကိုဖေသန်းတို့ ဒေါသဖြစ်လာကြတာကိုကြည့်ပြီး ငါ့စိတ်တွေ ပြန်လှုပ်ရှားလာရတယ်။

နံဘေးက လူတွေတောင် ဒေါသဖြစ်လာကြရတယ်ဆိုတော့ ကာယကံရှင်က ပိုပြီး စိတ်လှုပ်ရှားမိတော့တာပေါ့။

ဒါပေမဲ့ လုံးဝစိတ်မလှုပ်ရှားတဲ့ ဟန်ဆောင်ရတယ်။ ဒီအတွက် အကောင်းဆုံးနည်းကတော့ နောက်ပစ်လိုက်ဖို့ပဲ။

"ဘာတုန်းဗျ၊ အိမ်နန်း လင်နောက်လိုက်ပြေးပြီလား"

ကိုဖေသန်းက လေးလေးနက်နက် ပြန်ပြောတယ်။

"လင်နောက်လိုက်ပြေးတယ်ဆိုရင် ခံသာတာပေါ့ကွာ၊ လူမသိဘူး ခုဟာက . . ."

စကားမဆက်တော့ဘဲ ခါးကြားမှာထိုးလာတဲ့ သတင်းစာကို ဆွဲထုတ်လိုက်တယ်။

"မင်း သတင်းစာဖတ်ပြီးပြီလား"

ဟင့်အင်း

ရော့ . . . ဖတ်ကြည့်

www.burmeseclassic.com

www.burmeseclassic.com



"ဘာကို ဖတ်ရမှာလဲ၊ နိုင်ငံခြား သတင်းလား၊ စာအုပ်ကြော်ငြာလား၊ နာရေးလား"

"အေး . . . မင်းအတွက်တော့ နာရေးပေါ့ကွာ။ ဒါပေမဲ့ ဖတ်ရမှာက ကြော်ငြာ"

ကြော်ငြာစာမျက်နှာကို လှန်လိုက်တယ်။ လက်တွေ မသိမသာ တုန်နေတယ်။ မျက်လုံးက ကြော်ငြာတစ်ခုကို မရှာရဘဲ တွေ့နေရသလိုပဲ။ ကြော်ငြာကိုမဖတ်ရခင် စိတ်က အလိုလိုသိလိုက်ပြီ။ ဟုတ်တယ် ‐ ငါထင်တဲ့အတိုင်းပဲ၊ မင်းတို့လည်း ထင်ကြမှာပဲ။ အေး . . . မင်းတို့ထင်တာလည်း မှန်တာပဲ။ ဒါမျိုးက ရှင်းတယ်လေ။ ဇာတ်လမ်းဆိုတာ ဒီလိုပဲဖွဲ့ရတာပဲ မဟုတ်လား။

အိမ်နန်း စေ့စပ်လိုက်ပြီ။ ဟုတ်တယ်၊ သူမှန်းတဲ့ ဖိုးကျားနဲ့။

ထင်ထားတဲ့အတိုင်း ဖြစ်လာတာပေမယ့် တကယ်တမ်းဖတ်ရတော့ ခံရတယ်။ မြင်ဖူး၊ ဖတ်ဖူးနေကျ စေ့စပ်ကြောင်းလမ်းခြင်း ကြော်ငြာမျိုးပါပဲ။ ဒါပေမဲ့ ငါ့တစ်ကိုယ်လုံး ထုံကျင်သွားရတယ်။

ရင်ပတ်ရဲ့ ဘယ်ဘက်အခြမ်းမှာ ပိုပြီးနာတယ်။ တစ်ခုခုက ရုတ်တရက် ဆောင့်ထိုးလိုက်သလိုပဲ အောင့်သွားတယ်။

*           *           *

(၂၃)

အမေ့ကို ဦးလေး ဦးအောင်ပန်းချီန်းတဲ့နေ့ ရောက်လာပြီ။ မိုးလင်းကတည်းက ကယောင်ကတမ်းတွေ ဖြစ်နေတယ်။ ဂနာမငြိမ်ဘူး။ ဘာကိုမှ



လုပ်လို့ ကိုင်လို့ မရဘူး။ အမေတော့ မသိဘူး၊ ငါကတော့ ဦးလေးကို စောင့်နေမိပြီ။

အမေက ငါ့ကို ဖွင့်ပြောပြီးသားပဲ။ သူ ဒီလောကမှာ ငါ့ကို အချစ်ဆုံးတဲ့။ အမေချစ်တာ သားပဲရှိတယ်တဲ့။ ဒါပေမဲ့ ဒီစကားက ငါ့ကို ပြောတဲ့စကားပဲ။ အမေပြောတုန်းကလောက်သာ စိတ်ကျေနပ်သွားပေမယ့် နောက်ပိုင်းကျတော့ မယုံသလို ဖြစ်လာပြန်ရော။

အမေကိုယ်တိုင်က ဦးလေးကို ဖွင့်ပြောတာကို နားနဲ့ဆတ်ဆတ်ကြားချင်နေတယ်။ ဒါကြောင့်လည်း ဦးလေးချိန်းထားတဲ့ ဒီနေ့မှာ ငါစိတ်လှုပ်ရှားနေရတာပေါ့။ ပြီးတော့ ကြည့်အုံး။ ငါက ကိုယ်တိုင်လည်း စိတ်နဲ့ မဟုတ်ပဲ ကိုယ်တွေ့စွန့်လွှတ်ထားရတဲ့အဖြစ်၊ ငါ့အချစ် . . . ငါ့အိမ်နန်း။

ဒီနေ့ဟာ အိမ်နန်းရဲ့ စေ့စပ်သတင်းဖတ်ရပြီးလို့ နှစ်ရက်ပဲ ရှိသေးတဲ့နေ့။ ငါ့စိတ် ဘယ်လောက်ပင်ပန်းနေရမယ်ဆိုတာ ပြောစရာတောင် မလိုဘူး။

ငါ စဉ်းစားကြည့်တယ်။ သူ ငါ့ကို ဘာလို့ အသိမပေးခဲ့သလဲ။ ငါတို့ချင်း ကိုယ့်အသိနဲ့ကိုယ် လမ်းခွဲခဲ့ကြတာတစ်ပိုင်းပဲ။ တကယ်တမ်းခုလို အရေးကြီးပြီဆိုရင်တော့ အသိပေးဖို့ ကောင်းတယ်။ အနည်းဆုံး သူငယ်ချင်းတစ်ယောက်အဖြစ် ဖြစ်ဖြစ်ပေါ့။

သူ့ကို မတိုင်ပင်ဘဲ လူကြီးတွေချင်း စီစဉ်လိုက်ကြတာများလား။ မဖြစ်နိုင်ဘူး။ သူပြောတယ်၊ သူ့သဘောမပါဘဲ မလုပ်ကြပါဘူးတဲ့။ ဒါဖြင့် ခုကိစ္စက သူ့သဘောပါ ပါတာပေါ့။ ထားပါ . . . ဒါလည်း ဘာဖြစ်သလဲ၊ သူလုပ်သင့်တာကို သူဘာသာလုပ်တာပဲ။ ဒါပေမဲ့ ငါ့ကို လုံးဝအသိမပေးတာတော့ ငါ ဝမ်းနည်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ စိတ်မချမ်းသာမှာ စိုးလို့များလား၊ ဘာထူးသေးလဲ သတင်းစာထဲတောင်မှ ထည့်ကြော်ငြာသေးတာပဲ။

ဒါထားအုံး။ ဖိုးကျားကိုတော့ ငါ လုံးဝမကျေနပ်ဘူး၊ ဒီကောင်ဘယ်လိုနည်းနဲ့ အကောက်ကြံလိုက်ပါလိမ့်။ ခုလောက် မြန်မြန်ဆန်ဆန်ကြီးဖြစ်သွားတာ သင်းအကြံပဲ ဖြစ်ရမယ်၊ ဖွဟဲ့ . . . လွဲပါစေ ဖယ်ပါစေ သင်း အပိုင်များကြံလိုက်လို့လား။ ဒီလိုတွေးမိတော့ စေ့စပ်တဲ့သတင်းဖတ်လိုက်ရချိန်ကလို ဖြစ်သွားရပြန်တယ်။ ဘယ်ဘက်ရင်ညွှန့် အောင့်သွားတယ်။

တစ်ပြိုင်တည်းမှာ ဝေဒနာနှစ်ခုကို ခံစားဖူးကြသလား။ ကိုယ်ရပြောပေါ်မှာ၊ ကိုယ်တွင်း အသားဆိုင်၊ အကြောဆိုင်၊ အရိုးတွေပေါ်မှာ ပြောတာမဟုတ်ဘူး။

စိတ်မှာ ဘယ်နေရာမှန်း မသိနိုင်တဲ့နေရာမှာ။ အဲ့ဒီလို မသိနိုင်တဲ့နေရာမှာ တစ်ပြိုင်နက်တည်း ဝေဒနာနှစ်ခုကို ခံစားဖူးကြသလား။

*　　　*　　　*

နေလယ်ပိုင်းမှာ မိချို ရောက်လာတယ်။ ဒီအကြောင်းကို သူလည်း သိပြီးသားမို့ မျက်နှာမကောင်းရှာဘူး။

"နင့်ကို တွေ့ချင်လို့တဲ့"

"ဘယ်သူကလဲ"

"အိမ်နန်းကပေါ့ဟဲ့"

"ဘာကိစ္စလဲ"



"မသိဘူး၊ မျက်နှာတော်တော့်ကို မကောင်းဘူးဟာ . . . ဟို . . . ဟိုကိစ္စပဲ ထင်တယ်"

"ဟို . . . ကိစ္စကတော့ ငါနဲ့ မဆိုင်ပါဘူးဟာ . . . ပြီးလည်း ပြီးနေပြီပဲ"

"နင်သွားတွေ့လိုက်ပါအုံး"

"ငါ ဒီနေ့ မအားဘူး"

"သွားတွေ့လိုက်ပါဟာ . . . နည်းနည်းအရေးကြီးပုံရတယ်"

ငါ့စိတ်ထဲက အတွေးတစ်ခု ဝင်လာတယ်။ သူစေ့စပ်တဲ့ကိစ္စများ ရုပ်လိုက်ပြီလားလို့၊ ဒါပေမဲ့ မဖြစ်နိုင်ပါဘူး၊ ငါ စိတ်ကူးယဉ်တာပါ။ အိမ်နန်းဟာ လူကြီးတွေမျက်နှာပျက်အောင်တော့ လုပ်မယ် မထင်ဘူး။

ဘာကြောင့် ငါ့ကို တွေ့ချင်ရသလဲ။ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့တော့ ဒီအကြောင်းနဲ့ ပတ်သက်နေမှာပဲ။ ဒါပဲ ရှိတယ်၊ ဒီပြင် ဘာမှ ရှိဘူး။

သူ တောင်းပန်မလို့လား၊ လိုမှ မလိုဘဲ၊ တို့ချင်းနားလည်မှု ရှိပြီးပြီပဲ ဘာတောင်းပန်စရာ လိုတော့လဲ။

"မနက်ဖြန် လာတွေ့မယ်လို့ ပြောလိုက်ဟာ"

"မဟုတ်ဘူးဟာ . . . ဒီနေ့ပဲ သူတွေ့ချင်ပုံရတယ်၊ ငါ့အထင်ပြောရရင်တော့ သူ နင့်ကိုအရေးကြီးတာ ပြောစရာရှိပုံရတယ်။ လူကြီးတွေရှေ့မှာလည်း မပြောချင်ဘူးနဲ့တူတယ်။ ဒီနေ့ သူတို့အိမ်မှာ သူတစ်ယောက်တည်း"

ငါ့ကို စိတ်လှုပ်ရှားစေတဲ့စကားပဲ။ သူတစ်ယောက်တည်းတဲ့ ငါနဲ့ အိမ်နန်းနှစ်ယောက်တည်း မတွေ့ရတာကြာပြီ။ မိချိုပြောပုံက အိမ်နန်းက

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တည်း တွေ့ချင်ပုံမျိုး။ ဘယ်လိုလည်း စိတ်ချုပ်တီးထားပေမယ့် လှုပ်ရှားလာတာပဲ။ ငါ သူ့ကို သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တယ်။

"ဒေါ်လေးတို့၊ ဦးလေးတို့က ဘယ်သွားကြလို့လဲ"

"အိမ်နန်းကပြောတော့ ဦးလေး ဦးအောင်ပန်းမွှေးနေ့မို့ တောင်ကြီးက သူတို့မိတ်ဆွေတစ်ယောက်အိမ်မှာ ပါတီသွားလုပ်သလိုလိုပဲ"

ဘာပဲဖြစ်ဖြစ် သူနဲ့ သွားတွေ့လိုက်ရရင် တစ်ခုခုတော့ ထူးခြားမယ်လို့ ငါထင်တယ်။ ဒါမှမဟုတ်လည်း နောက်ဆုံးမီးတောက်အဖြစ် တို့နဲ့ ဇာတ်လမ်းသိမ်းလိမ့်မယ်။ ပြီးသွားရင်လည်း အေးတာပါပဲ။ ငါ သည်းညည်းတော့ ခံရလိမ့်မယ်။

လင်ယူတော့မယ်လို့ ကောင်မလေးတစ်ယောက်က ဖွင့်ပြောတာကို ခံရဖူးသလား သူငယ်ချင်းတို့။ ငါသွားခံဖို့ ဆုံးဖြတ်လိုက်ပြီ။ သူပြောသမျှ သူတောင်းသမျှ၊ သူငိုသမျှကို သည်းညည်းခံဖို့ ငါ ဆုံးဖြတ်လိုက်ပြီ။

ငါ့စိတ်က အလိုလိုသိနေတယ်။ သင်း . . . ဒီအကြောင်းကလွဲရင် ပြောစရာမှ မရှိဘဲလေ။ နောက်ဆုံးအနေနဲ့ သင်းပြောသမျှကို သည်းညည်းခံပြီး နားထောင်လိုက်တော့မယ်။

* * *

အိမ်နန်းက မငိုဘူး။ ထူးဆန်းတယ်။ သူ ခဏခဏ ငိုတတ်တာမင်းတို့သိသားပဲ၊ ဒီတစ်ခါမငိုတော့ တော်တော်ထူးဆန်းတယ်။

အိမ်နန်းရဲ့ မျက်နှာဟာ တစ်ခါမှ မမြင်ဖူးလောက်အောင် တည်ငြိမ်နေတယ်။



"နင်သတင်းစာ ဖတ်ပြီးပြီ မဟုတ်လား"

ငါ ခေါင်းခါပြလိုက်တယ်။

"ဒါပေမဲ့ နင်သိပြီးပြီ မဟုတ်လား"

ငါ ခေါင်းညိတ်ပြလိုက်တယ်။

"စိတ်ညစ်သွားလား"

ငါ ခေါင်းခါပြလိုက်တယ်။

"နည်းနည်းတော့ စိတ်ညစ်မှာပါ။ ဟုတ်တယ် မဟုတ်လား"

"မညစ်တော့ပါဘူး၊ ဒီလိုပဲ ဖြစ်လာလိမ့်မယ်ဆိုတာ ကြိုသိပြီးသားပဲ၊ သေပြီးသားလူဟာ သေရမှာကို ကြောက်နေစရာမလိုဘူးလေ"

"ဒါပေမဲ့ နင် နည်းနည်းတော့ စိတ်မကောင်း ဖြစ်သင့်ပါတယ် အပြာရယ်"

"မဖြစ်ပါဘူး။ မျှော်လင့်ချက်တွေကုန်ခဲ့တာ ကြာပြီပဲ အိမ်နန်း"

အိမ်နန်းက ခေါင်းခါတယ်။ ခုအချိန်မှာ အိမ်နန်းကို ကြည့်ရတာ တည်ငြိမ်လွန်းနေတယ်။ ငါထင်တယ်။ သူလည်း ဘဝဆိုတဲ့ဥစ္စာကို အလေးအနက်ထားတတ်နေပြီပဲ။

"အပြာရယ် မျှော်လင့်ချက်ဆိုတာ ကုန်တယ်လို့ မရှိပါဘူး"

"ငါ နင့်ကို မမျှော်လင့်ချင်တော့ဘူး အိမ်နန်း"

အိမ်နန်းက ပြုံးတယ်။ သူ့အပြုံးက ထူးဆန်းတယ်။

"အပြာရယ် . . . မျှော်လင့်ချက်ဆိုတာ တစ်မျိုးတည်းရှိတာ မဟုတ်ပါဘူး"

"အိမ်နန်းရယ် . . . အသည်းနှလုံးဆိုတာတော့ တစ်ခုတည်းရှိတာပါ"

www.burmeseclassic.com



"ဒါပေမဲ့ အဲ့ဒီအသည်းနှလုံးတစ်ခုက ခံစားချက်ပေါင်းစုံကို ဖေး တတ်တယ်လေ"

"ခံစားချက်တွေ ဘယ်လောက်မျိုးစုံပေမယ့် ဝေဒနာဆိုတာ တစ်ခု ပဲရှိတာပဲ"

ဘယ်လိုမျိုးစကားတွေကို ငါတို့ပြောပြောနေကြသလဲ၊ စိတ်ကူး ယဉ်စကားမျိုးတွေလား၊ ရင်ထဲက ဖွင့်ထွက်လာတဲ့ စကားမျိုးလား။

ဘာပဲဖြစ်ဖြစ် အရေးမရ အဖတ်မရတဲ့ ပေါက်တတ်ကရစကားတွေ ကို အနိုင်လုပြောနေကြရင်း အချိန်တော်တော်ကုန်သွားတယ်။

အိမ်နန်းက ငါ့ကိုကော်ဖီတစ်ခွက် ဖျော်တိုက်တယ်။ ရင်တစ်ချက် ခုန်သွားတယ်။ သူတို့အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ခဲ့ထွက်ခဲ့ရတာတွေကို သတိရသွားတယ်။

ရှေ့ဆိုရင် ဒီအခွင့်အရေးတွေ ကုန်ပြီ။ သူငယ်ချင်းတွေ အဖြစ်နဲ့ သူတို့အိမ်ကို လာနိုင်၊ သွားနိုင်တယ်ပဲ ထားအုံး။ ငါ မလာချင်တော့ဘူး။ လာလည်း မလာသင့်တော့ဘူး။ ဘယ်လိုကော လာရတော့မှာလဲ။

စိတ်ကူးယဉ်တယ်လို့ ဆိုကြ၊ ငါကတော့ ရှေ့လျှောက် အိမ်နန်း ကို ရှောင်ရတော့မှာပဲ။

"ငါပြန်လို့ ရပြီလား"

ပေါက်တတ်ကရစကားတွေ တော်တော်များများပြောပြီးကြတဲ့ အခါ ငါပြန်ဖို့ ဟန်ပြင်ရတယ်။ အိမ်နန်းက ငါ့စကားကို ရယ်တယ်။

"ဘာလဲ ... နင်က ငါ့ဆီကအမိန့်ကို တောင်းခံနေတာလား"

ငါ ပြန်ရယ်ပြလိုက်တယ်။ ဒါပေမဲ့ ရယ်ပြရင်းနဲ့ ဘာလို့ခေါင်းညိတ် ပြမိသလဲ။ အိမ်နန်းက ပြောတယ်။



"ကောင်းပြီ၊ နင် ငါ့အမိန့်ကို တောင်းခံနေတာဆိုရင် ငါအမိန့် ပေးမယ် နင် မပြန်ရဘူး"

"ဘာပြုလို့လဲ"

"ကိစ္စရှိသေးတယ်"

"ဒါဖြင့်ပြော ..."

"လာ ... တို့ဝက်သစ်ချပင်ကြီးအောက် သွားကြရအောင်"

ဒီအတွက်တော့ ဘာမှ ထပ်ပြောစရာမလိုဘူး။ ဝက်သစ်ချပင်ကြီး အောက်ကို တို့ရောက်ခဲ့ကြတယ်။

ဘာမှ မပြောင်းလဲဘူး။ ဒီအပင်ကြီးကတော့ ဒီအပင်ကြီးပဲ။ အေးလေ ... သစ်ပင်ဆိုတာ စိတ်ရှိတဲ့သတ္တဝါမှ မဟုတ်တာ။ ဘာများ ပြောင်းလွဲမှာတဲ့လဲ။

သဘာဝအရ ကြီးထွားရင့်ရော်လာတာကလွဲလို့ဘာမှ ပြောင်းလွဲ စရာအကြောင်း မရှိဘူး၊ စိတ်ရှိတဲ့လူတွေကသာ မကြာမကြာ ပြောင်းလွဲ နေကြတာ။

ငါက ဝက်သစ်ချပင်ကြီးကို မော့ကြည့်နေတယ်။ ငါထင်တယ်။ အိမ်နန်းက ငါ့မျက်နှာကို မော့ကြည့်နေလိမ့်မယ်လို့။

တော်တော်ကြီးကြာအောင် ငြိမ်နေကြပြီးမှ ငါက မေးလိုက်တယ်။

"ကဲ ... ကိစ္စရှိတယ်ဆို"

ဘာမှ ပြန်မဖြေဘူး၊ ငါ သူ့ကို ငုံ့ကြည့်လိုက်တယ်။ ဟုတ်တယ်။ ငါ့ကို သူ မော့ကြည့်နေတယ်။ သူ့မျက်လုံးမှာ ထူးခြားတာတွေ တွေ့ရတယ်။

သူ့နှုတ်ခမ်းက စကားမပြောပေမယ့် သူ့မျက်လုံးတွေက စကား ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အဓိပ္ပာယ်ကိုတော့ ရှာမရဘူး။ ကောင်မလေး တစ်ယောက်ရဲ့ ရီဝေတဲ့ မျက်လုံးစကားတွေကို ရုတ်တရက်နားလည်ဖို့ဆိုတာ လွယ်မှမလွယ်ပဲလေ။

ဒါပေမဲ့ ထူးဆန်းတာတစ်ခု ရှိတယ်။ နှုတ်ခမ်းစကားတွေကို နားနဲ့ နားလည်နိုင်ပေမယ့် မျက်လုံးစကားတွေကိုတော့ မျက်လုံးနဲ့ပဲ နားလည်နိုင်တယ်။

အိမ်နန်းရဲ့ မျက်လုံးတွေကို စိမ့်နေအောင် ကြည့်နေရင်းနဲ့ သူ့မျက်လုံးရဲ့စကားကို အလိုလိုနားလည်နိုင်တယ်။

နားလည်တဲ့အခါ ငါ ကြောက်လာတယ်။ ကဝေမတစ်ယောက်ရဲ့ မျက်လုံးကို ကြည့်ရတဲ့အခါမှာ ကြောက်ရတာမျိုးမဟုတ်ဘူး။ ချစ်သူ့ရဲ့ မျက်လုံးကို စိုက်ကြည့်ရတဲ့အခါမှာ ရင်ခုန်ပြီး ကြောက်ရတာမျိုး။ မင်းတို့ သိကြရဲ့လား။ မင်းတို့ အဲ့သလိုကော ကြောက်ဖူးကြရဲ့လား။

အိမ်နန်းဆီက ငါ မျက်လုံးလွှဲပစ်လိုက်ရတယ်။ သိပ်ချစ်ဖို့ ကောင်းတဲ့မျက်လုံးကို သိပ်ကြောက်နေရပြီ။

တစ်ခါတစ်ခါ သိပ်ချစ်ဖို့ကောင်းတဲ့ အကြောင်းတရားတွေဟာ သိပ်ကြောက်စရာ ကောင်းတတ်ပါလား။

"အပြာ . . ."

ကတုန်ကယင်ထွက်လာတဲ့ အိမ်နန်းရဲ့စကားကြောင့် ယောင်ပြီး သူ့ကို ပြန်ကြည့်မိတယ်။ သူ့မျက်လုံးကတော့ ခုနကအတိုင်းပဲ ရီဝေနေတုန်းပဲ၊ သူ့နှုတ်ခမ်းကတော့ ဟဟကလေး ပွင့်နေတယ်။

ငါထင်တယ်၊ သူ့မျက်လုံးထဲက အဓိပ္ပာယ်ကို ငါ မသိသေးဘူးလို့ သူ ထင်နေတယ်။



သူပြောချင်တာကို ငါ သိပ်သိစေချင်နေပုံလည်း ရတယ်။ ကြည့်လေ မျက်လုံးနဲ့စကားပြောနေရာက နှုတ်ခမ်းပါ ပါလာပြီ။ သူ့နှုတ်ခမ်းလေး ဟစိစိလုပ်ထားပုံကိုက သိသာလွန်းတယ်။ ဂျပန်အချစ်ဇာတ်ကားတွေထဲမှာ ဂျပန်မင်းသမီးလေးတွေ မပွင့်တစ်ပွင့်နှုတ်ခမ်းနဲ့ ချစ်သူကို ငေးမောကြည့်နေတတ်တာကို မင်းတို့ မြင်ဖူးကြမှာပါလေ။

ငါ ဘာလုပ်ရမလဲ သူငယ်ချင်းတို့။ ဂျပန်မင်းသားတွေလိုတော့ ငါ မကြမ်းရဲဘူး။ တကယ်တော့ ရုပ်ရှင်ဆိုတာ တကယ့်အဖြစ်မှ မဟုတ်ဘဲ လေကွာ။

တို့နှစ်ယောက် မျက်လုံးချင်းဆုံကြည့်နေကြတဲ့ စက္ကန့်ပိုင်းလောက်အချိန်ကလေးဟာ အကြာကြီးလို့ ထင်ရတယ်။ ရင်ထဲမှာ ရှန်းရှင်းဆန်ခတ်ဖြစ်နေတယ်။ ဒါပေမဲ့ ရင်ထဲမှာ ဘာကာလီစာမှ မရှိတော့ဘူးလို့လည်း ထင်နေတယ်၊ တစ်မျိုးပဲ။

အချစ်ဆိုတာ တစ်မျိုးပဲလေ၊ အချစ်ဆိုတာ ရုပ်ဝတ္ထုမဟုတ်ပေမယ့် ရုပ်ဝတ္ထုနဲ့ ဖြေသိမ့်ရတဲ့အရာပဲ။ ကြည့်စမ်း . . . ဘယ်လောက်လှတဲ့ နှုတ်ခမ်းလေးလဲ၊ ဆတ်ဆတ်ခုန်နေတဲ့ နှုတ်ခမ်းလေး . . .။

အသိစိတ်က ရုတ်တရက် ဘယ်ရောက်သွားမှန်း မသိဘူး။ ကိုယ့်ကိုကိုယ်ထိန်းချုပ်နိုင်တဲ့ အစွမ်းသတ္တိကလည်း ဘယ်ပျောက်သွားမှန်း မသိဘူး။ ငါ ဘာလုပ်လိုက်တာလဲ၊ အသိစိတ်ဝင်လာတဲ့အချိန်မှာ ဆတ်ခနဲ ပြန်ခွာလိုက်တယ်။

ဟုတ်တယ်၊ တစ်စက္ကန့်လောက်တော့ ကြာသွားတယ်။ နွေးခနဲ ဖြစ်သွားတယ်လို့ သိလိုက်တဲ့အချိန်မှာ ပြန်ခွာလိုက်ရတယ်။

တစ်ယောက်ကိုတစ်ယောက် ကြည့်နေမိကြပြန်ရော။ ဒီတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တော့ ကြောက်စိတ်မရှိတော့ဘူး။ မချိုတင်ကဲ ဝမ်းနည်းပက်လက် အကြည့်ချင်းလွဲပစ်ရမှာတောင် နမြောစရာ။

ဟော . . . သူ့မျက်လုံးတွေက စကားပြောလာပြန်ပြီ။ သူ့နှုတ်ခမ်းလေးက တစ်ရှုရှုဖြစ်လာပြန်ပြီ၊ ငါသိနေပြန်ပြီ။ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲ . . .။

ဘာလုပ်ရမလဲ၊ စဉ်းစားနေတုန်း ဘာလုပ်မိမှန်း မသိတော့ပြန်ဘူး။

နွေးတယ်။ နွေးခန့်နေသွားတယ်လို့ သိလိုက်တယ်။ ဒီတစ်ခါပြန်မခွာမိဘူး၊ ပြန်ခွာချင်စိတ်လည်း မရှိတော့ဘူး။ ဘယ်လိုလုပ်ပြီးတော့ကော ခွာရမှာလဲ။

ငါထင်တယ်၊ ဒီတစ်ခါ တစ်မိနစ်လောက် ကြာသွားတယ်။ တို့နှစ်ယောက်ရဲ့နှုတ်ခမ်းတွေ တစ်ဆတ်ဆတ်ခုန်နေရာက ငြိမ်ကျသွားတယ်။ တစ်ယောက်ကိုတစ်ယောက် ကျစ်ကျစ်ပါအောင် ဖတ်တွယ်ထားကြတယ်။ မျက်စေ့တွေကို မှိတ်ထားကြတယ်။

မျက်စေ့ထဲမှာ လူတစ်ယောက်ကို မြင်ရတယ်။

ဖိုးကျား . . .။

မျက်လုံးကို ဖွင့်ကြည့်လိုက်တယ်။ အိမ်နန်းက အလန့်တကြားမော့ကြည့်တယ်။

လက်တွေကိုတော့ မဖြေညိမိကြဘူး၊ တစ်ယောက်ကိုတစ်ယောက် သိုင်းဖက်ထားကြတုန်းပဲ။

အိမ်နန်းရဲ့မျက်နှာလေးက ငါ့ရင်ခွင်ထဲ ခွေကျလာတယ်။ ငါ့မျက်နှာက အိမ်နန်းရဲ့ခေါင်းပေါ်ကို မှောက်ကျသွားတယ်။

*          *          *



ငါတို့နှစ်ယောက်စလုံး ငိုကြရတယ်ကွာ။

သိတယ်။ နောက်ဆုံးအနမ်းဆိုတာကို စိတ်က အလိုလိုသိနေတယ်။ စိတ်ကို အတတ်နိုင်ဆုံးထိန်းချုပ်ပြီး အိမ်ပြန်လာခဲ့ရတယ်။ တစ်လမ်းလုံး အိမ်နန်းရဲ့မျက်နှာနဲ့ အိမ်နန်းရဲ့အနမ်းကလွဲလို့ ဘာကိုမှ သတိမရဘူး။

အောင်ပန်းကိုပြန်ရောက်တော့ မှောင်ရီပျိုးနေပြီ။ လမ်းမီးတိုင်တွေတောင် လင်းနေကြပြီ။ မြို့အထွက်ကျတော့ လမ်းမီးတိုင်မရှိတော့ဘူး။ မှောင်နှံမည်းမည်း။

ငါက အမှောင်ကို ကြောက်တတ်တဲ့လူ မဟုတ်ဘူး။ ဒါပေမဲ့ ခု ငါ ကြောက်နေသလိုပဲ။ ဘာကိုကြောက်နေမှန်းလည်း မသိဘူး။

အတိတ်နိမိတ် တစ်ခုခုပဲ ထင်တယ်။ ငါ့စိတ်ထဲမှာ လှုပ်ရှားလွန်းလာရင် တစ်ခုခုဖြစ်တတ်တယ်။ အစွဲအလမ်းပဲ ထင်တယ်။

ငါတို့ခြံနဲ့ မလှမ်းမကမ်းရောက်တဲ့အခါ အိမ်ကရေနံဆီမီးခွက်ရောင်ကလေးကို သစ်တော်ပင်တွေကြားမှာ လက်ခနဲ၊ လက်ခနဲ တွေ့လိုက်ရတယ်။

လှမ်းနေတဲ့ခြေလှမ်းကို တုံ့ခနဲ ရပ်ပစ်လိုက်တယ်။ သတိရသွားတယ်။ ဒီညနေ ဦးလေး ဦးအောင်ပန်း အမေ့ဆီကိုလာမယ်လို့ ချိန်းထားတယ်။ စိတ်ပူသွားတယ်။ ဘာမှမဖြစ်နိုင်တဲ့ကိစ္စမှန်း သိရက်သားနဲ့ စိတ်ပူသွားတယ်။

အိမ်ဘက်ကို သုတ်ခြေတင်ပြေးလာခဲ့တယ်။

ခြံဝကားလမ်းဘေးမှာ ဦးလေးရဲ့ကား ရပ်ထားတယ်။ ငါ နောက်ကျပြီ ထင်တယ်။ သူတို့ ဘာတွေ ပြောဆိုပြီးနေကြပြီလဲ။ အမေက ဦးလေးကို အဖြေပေးလိုက်ပြီလား။ ကြည့်စမ်း တိုက်တိုက်ဆိုင်ဆိုင်။ ငါ့အချစ်ရေးကို ငါဆုံးဖြတ်လာခဲ့ရတဲ့နေ့မှာ အမေ့အချစ်ရေးကို အမေ ဆုံးဖြတ်ရတော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ရှိုခဲ့ လူတစ်ယောက်ကို မြင်လိုက်ရတယ်။ ဘယ်သူလဲ ဦးလေးလား။ ကားနားမှာ တစ်ချက်ရပ်ပြီး ကြည့်လိုက်တယ်။

ဖိုးကျား . . .။

ငါ့ကိုမြင်ရက်သားနဲ့ မမြင်သလိုလုပ်နေတဲ့ ဖိုးကျား။ ငါ သိပ်စိတ်ဆိုးသွားတယ်။ ဦးလေး ငါ့အမေဆီကိုလာတာ သင်းကဘာလို့ လိုက်လာရသလဲ။ အိမ်ဘက်ကို ပြေးလာခဲ့တယ်။ နောက်နားက ကားတံခါး ဖွင့်သံ ပိတ်သံကို ကြားလိုက်ရတယ်။ ဖိုးကျား လိုက်လာပြီ ထင်တယ်။ ငါရပ်လိုက်တယ်။ လှည့်ကြည့်တယ်။ ဣန္ဒြေရရ လမ်းလျှောက်လာတဲ့ ဖိုးကျားကို တွေ့တယ်။

သိပ်ဒေါသဖြစ်နေပြီ။ သင်းနဲ့ ဘာဆိုင်လို့လဲ။ ငါ့အိမ်ကို ငါပြန်တာပဲ။ သင်းက ဘာလို့ ငါ့နောက်က လိုက်လာရသလဲ။

အမှန်ဆို ငါ့စိတ်ကူးက အိမ်ကိုပြန်မယ်။ အမေနဲ့ ဦးလေး ဘာတွေ ပြောကြ ဆိုကြတယ်ဆိုတာ နားထောင်မယ်။ ဒါလောက်ပဲ။ ခုတော့ သင်းလုပ်ပုံက မရိုးသားဘူး။ ငါ အိမ်ကိုပြန်ရောက်ရင်ပဲ တစ်ခုခုဖြစ်တော့မှာမို့ သူက လိုက်ကြည့်တဲ့သဘော၊ ဘာတုန်း။ ဘာအဓိပ္ပာယ်တုန်း။

ဦးလေးလာတာကို သူက ကားလိုက်မောင်းပို့ပေးတာဆိုရင် သူ ကားပေါ်မှာပဲနေပေါ့။ ဘာ့ကြောင့် ငါ့နောက်ကို ဆင်းလိုက်လာခဲ့ရသလဲ။ ငါ့အိမ်မှာ ဘာတွေဖြစ်နေပြီလဲ။

ငါ အိမ်ဘက်ကို ခွတ်ပြေးလာခဲ့တယ်။ ဖိုးကျားကတော့ ပြေးလိုက်မလာဘူး။ လမ်းလျှောက်လိုက်လာတယ်။

ကိစ္စမရှိဘူး။ သင်းက အရေးမကြီးဘူး။ အိမ်မှာ ဘာဖြစ်နေတယ်ဆိုတာ အရေးကြီးတယ်။



အိပ်လေ့ကုလားထိုင်ကို တစ်ချက်တည်းနဲ့ ခုန်တက်လိုက်တယ်။ ညနေစောင်းက အိမ်နန်းရဲ့အနမ်းတွေ ဘယ်ရောက်ကုန်ပြီလဲ။ တစ်ခါမှ မကြုံဖူးအောင် ဒေါသဖြစ်နေပြီ။

ခါးကိုတင်းတင်းထောက်ပြီး မကြည့်ဖူးတဲ့အကြည့်နဲ့ ကြည့်ပစ်လိုက်တယ်။

ဦးလေးနဲ့ အမေ့ကို အိမ်ရှေ့ခန်းမှာပဲ မျက်နှာချင်းဆိုင်ထိုင်ရက် တွေ့လိုက်ရတယ်။ သူတို့ ဘာမှ ထူးထူးခြားခြားဖြစ်မနေကြဘူး။

အမေကတော့ ငါ့ကို စိုးရိမ်တကြီး လှမ်းကြည့်တယ်။ ဦးလေး ကတော့ ခပ်အေးအေးပဲ။ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး ငါ့အမူအရာကို နားမလည်သလို ကြည့်နေကြတယ်။

အိမ်လေ့ကားရဲ့ဝါးလုံးကို နင်းတက်လိုက်သံ ကြားရတယ်။ လှည့်ကြည့်တော့ အိမ်လေ့ကားမှာရပ်နေတဲ့ ဖိုးကျား။ ငါ့ကို လုံးဝမကြည့်ဘူး။ စီးကရက်တစ်လိပ် ပါးစပ်မှာတပ်ပြီး မီးငုံ့ညှိနေတယ်။ ငါဘယ်လောက် အူယားလိုက်မလဲဆိုတာ မင်းတို့စဉ်းစားကြည့်ကြစမ်း။ ဒီကောင်ဘာသဘော နဲ့ ငါ့ကို ရန်စနေသလဲ။

ဦးလေးနဲ့ အမေ့ဘက်ကို ပြန်လှည့်လိုက်တယ်။

"ကဲ . . .ပြောလို့ဆိုလို့ ပြီးကြပြီလား"

ရုတ်တရက် ငါ့ မေးခွန်းကို သူတို့မဖြေနိုင်ကြဘူး။ ပါးစပ် အဟောင်းသားတွေနဲ့။ ငါ ဒေါသတကြီးနဲ့ ထပ်အော်ပစ်လိုက်တယ်။

"ဘယ်လိုလဲ ကျုပ် မေးနေတယ်ဗျာ"

အမေကစပြီး ပြန်ပြောတယ်။

"သား ဘာဖြစ်လာသလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ဘာမှ မဖြစ်ဘူး။ အမေတို့သာ ဖြစ်နေတာ"

"အို . . ."

ဦးလေး ဦးအောင်ပန်းက တစ်လုံးချင်း ပြန်ပြောတယ်။

"နေပါအုံးသားရယ် . . .၊ ဦးလေးအစအဆုံး ရှင်းပြပါမယ်၊ ကဲ . . . လာ၊ ထိုင်အုံး"

"မလိုဘူး၊ ဘာမှ ရှင်းပြစရာမလိုဘူး"

"မဟုတ်ဘူးလေကွယ်၊ ဦးလေးပြောတာလည်း နားထောင်အုံးမှပေါ့၊ တကယ်တော့"

"မသိဘူးဗျာ၊ ပြန်ကြတော့"

အမေက အထိတ်တလန့်ဝင်ပြောတယ်။

"ဟဲ့– သား၊ ဘယ်လိုပြောလိုက်တာလဲ"

"လူလို ပြောလိုက်တာ အမေ"

ဦးလေးရော အမေရော ငါ့ကို ဘာပြန်ပြောရမယ်မှန်းမသိ ဖြစ်သွားကြတယ်။ ဒီတစ်ခါ ငါ့စကားကို တုံ့ပြန်တဲ့လူက ဖိုးကျား။

"ဒီမှာ ကိုကြည်ပြာ၊ လူကြီးတွေ ပြောနေကြတာလည်း နည်းနည်း နားထောင်အုံးမှပေါ့ဗျာ"

ငါ သူ့ကို လှည့်မကြည့်ပဲ ပြန်ပြောလိုက်တယ်။

"ဟေ့ကောင် . . .မင်း ကြောင်သူတော်ဝင်မလုပ်နဲ့၊ မင်းနဲ့ ဘာမှ မဆိုင်ဘူး"

"မဟုတ်ဘူးလေ . . .ကျွန်တော်က စေတနာနဲ့ပြောတာပါ"

"မင်းမှာ ဘယ်တော့မှ စေတနာကောင်းမရှိနိုင်ဘူးဆိုတာ ငါ သိတယ် ဖိုးကျား"



"ဦးလေး ကိုအောင်ပန်းအတွက်တော့ ကျုပ် စေတနာထားရလိမ့်မယ်ဆိုတာ ခင်ဗျားသဘောပေါက်သင့်ပါတယ်"

ငါ့ကိုယ်ကို သူ့ဘက် ချာခနဲလှည့်လိုက်တယ်။ ငါ့မျက်လုံးက မီးဝင်းဝင်းတောက်နေမှာပဲ။ အမေ ငါ့ဆီပြေးလာပြီး ငါ့လက်မောင်းကို လာကိုင်တယ်။

"ဘာတုန်း ဖိုးကျား၊ ဦးလေးကိုထိရင် မခံဘူးလို့ ဆိုလိုတာလား။ ငါက ဦးလေးကို ထိပါးလိမ့်မယ်လို့ကော မင်းထင်သလား။ ဦးလေးကကော ငါက ထိပါးရအောင်လုပ်ဖို့အတွက် ငါ့အိမ်ကိုရောက်နေတာလို့ မင်းဆိုလိုသလား"

"မဟုတ်ပါဘူး၊ တခြားစီပဲ၊ ကျုပ်ပြောနေတာ ခုဖြစ်နေတဲ့ကိစ္စပါ"

"စကားကို ယောင်ဝါးဝါးမလုပ်စမ်းပါနဲ့ ဖိုးကျားရာ၊ မင်းဒီအိမ်ကို လိုက်လာကတည်းက ငါမသင်္ကာဘူး။ မင်း ဘာအတွက် လိုက်လာရသလဲ"

"ဦးလေး ကိုအောင်ပန်းကို ကားလိုက်မောင်းပို့တာ"

"ဘာကြောင့်ကားပေါ်မှာမနေဘဲ ငါ့နောက် လိုက်လာရသလဲ"

"ဦးလေးနဲ့ ပတ်သက်လို့ ငါ့မှာ တာဝန်ရှိလို့"

"ဘာကွ . . .မင်းမှာတာဝန်ရှိရအောင် ငါကစိတ်မချရတဲ့လူမို့လား"

သူ ဘာမှ ပြန်မဖြေနိုင်ဘူး။ အမေကတော့ ငါ့ကိုတတွတ်တွတ်နဲ့ စကားတွေပြောနေတယ်။ ဘာတွေပြောနေမှန်း ငါမသိဘူး။

ငါ ရယ်ပစ်လိုက်တယ်။

"လုပ်မနေစမ်းပါနဲ့ ဖိုးကျားရာ၊ အပြစ်မရှိတဲ့လူကို စိတ်မချဘူးပြောတာ အပြစ်ရှိတဲ့လူတွေ ဥပုသ်စောင့်တဲ့ ဝံပုလွေဆိုတာ မရှိပါဘူး။ မင်းတို့ ငါ့အိမ်ကို ဘာကြောင့်လာတယ်ဆိုတာ ငါသိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကျားက မထီလေးစားနဲ့ ပြန်ပြောတယ်။

"သိရင်လည်း ပြီးရောပေါ့"

ငါ့ကိုယ်ဟာ မြောက်ခနဲ ဖြစ်သွားတယ်။ အိမ်ပေါက်ဝနားကို ငါ ရောက်သွားတယ်။ အမေနဲ့ ဦးလေး ငါ့နောက်ကိုရောက်လာပြီး ငါ့ကို ဝင်ဆွဲတယ်။ ဖိုးကျားကတော့ လန့်ပြီး လေကားပေါ်က နောက်ပြန်ခုန်ချလိုက်တယ်။

"သိရင်လည်း ပြီးရောပေါ့ ဟုတ်လားကွ ဖိုးကျား။ မင်းအမေကို လူတစ်ယောက်က စော်ကားမှန်းသိရင် မင်းလည်း သိရင်ပြီးရောလို့ နေမလား"

ဦးလေးက ငါ့ပခုံးကိုဖက်ရင်း ဝမ်းနည်းပက်လက်ဝင်ပြောတယ်။

"နေပါအုံး အပြာရယ်၊ ဦးလေး ရှင်းပြပါအုံးမယ်၊ ဦးလေး ပြောတာနားထောင်ပြီး မင်းကြိုက်သလို ဆုံးဖြတ်ပါကွာ ဟုတ်လား"

ငါ ခေါင်းခါလိုက်တယ်။

"မလိုတော့ဘူးလေ၊ စကားနဲ့ အိမ်တိုင်ယာရောက် လာစော်ကားပြီးမှတော့ ဘာထပ်ရှင်းနေစရာလိုသေးလဲ၊ ကဲ- ခင်ဗျားတို့ ပြန်ကြပါတော့"

အားလုံး တုတ်တုတ်မှမလှုပ်ပဲ ငြိမ်နေတယ်။ အမေ ငိုပြီ။ ငါ့ လက်မောင်းကိုဖက်ပြီး အမေငိုနေပြီ။ ငါလည်း ငိုချင်လာတယ်။

"အမေမငိုနဲ့၊ ကျွန်တော် အမေ့ကို ပြောဖူးသားပဲ၊ ကျွန်တော့်မှာ လက်နှစ်ချောင်းရှိနေသမျှ ဘယ်အရပ်ကိုဖြစ်ဖြစ် ချီပိုးပြီးခေါ်သွားနိုင်တယ်၊ အမေ့ကို ကျွန်တော်လုပ်ကျွေးနိုင်တယ်၊ လူဆိုတာ ဘဝကိုဖန်တီးရတာပါ၊ အမေ ကျွန်တော် သိတယ်၊ ဒီပြဿနာပေါ်လာရင် ကျွန်တော်တို့ ဒီခြံကို စွန့်လွှတ်ရမယ်ဆိုတာ၊ စွန့်လွှတ်နိုင်စွမ်းရှိလို့ ခုလို ကျွန်တော် ရှင်းရတာ"



အမေ့ကို စကားဖြတ်ပြီး ဦးလေးဘက်ကို လှည့်လိုက်တယ်။

"ကဲ . . . ပြန်ပါတော့ ဦးလေး၊ ခုလို ကျေးဇူးရှင်ကို စော်ကားတဲ့ အပြစ်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဒဏ်ခတ်ပါ့မယ်၊ လောလော ဆယ်တော့ ဦးလေးတို့ ပြန်ကြပါ"

ငါ အိမ်ထဲဘက်ကို ပြန်ဝင်လာခဲ့တယ်။ ခြေပစ်လက်ပစ်ထိုင် ချလိုက်တယ်။

အမေက ဦးလေးကို စကားတစ်ခွန်း တိုးတိုးလေးပြောလိုက်တယ်၊ ဦးလေးက သက်ပြင်းကြီးချပြီး အိမ်ပေါ်က တစ်လှမ်းချင်းဆင်းသွားတယ်။

ငါ့စိတ်ထဲမှာ တစ်ခုထင်နေတယ်။ ဖိုးကျား တစ်စုံတစ်ရာပြောတော့မယ်လို့ ငါ နားစွင့်လိုက်တယ်။

ဒီလိုနားစွင့်လိုက်မိတာဟာ ငါ့ဘဝမှာ အကြီးမားဆုံး အပြောင်းအလဲဖြစ်ဖို့ပဲဆိုတာ ငါ မသိခဲ့ဘူး။ ငါထင်တဲ့အတိုင်းပဲ ဖိုးကျားက ဦးလေးကို ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကြားလိုက်ရတယ်။

"ဦးလေး ကိုအောင်ပန်းဟာက ပြောင်းပြန်ပဲဗျ။ ခြံစောင့်က တံခါးဖွင့်မပေးလို့ အိမ်ထဲမဝင်ရတဲ့ အိမ်ရှင်လိုဖြစ်နေပြီ"

ဝုန်းခနဲ မြည်သွားတယ်။ အိမ်တံခါးပေါက်ဝကို ငါ ရောက်သွားတယ်။ တစ်ခုခုပြန်ပြီးပြောဖို့ စဉ်းစားသေးတယ်။ မရတော့ဘူး၊ အိမ်ပေါ်ကနေခုန်ဆင်းပြီး ဖိုးကျားဆီကို ပြေးသွားတယ်။ ဦးလေး ဦးအောင်ပန်းက ဖိုးကျားရှေ့ကကာပြီး ငါ့ကို တားသေးတယ်၊ ဒါပေမဲ့ သိပ်နောက်ကျသွားပြီ။

ဘယ်ဘက်လက်နဲ့ ဦးလေးကို တွန်းဖယ်ပြီး ညာဘက်လက်သီး ဖိုးကျားရဲ့ မျက်နှာဆီကို စွတ်ထိုးပစ်လိုက်ပြီ။ ထိတယ်၊ မျက်ခွက်တည့်တည့် ကို ထိတယ်၊ ဖိုးကျား နောက်ပက်လက်လန်ကျသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငါ့ရဲ့လက်ဖျံမှာလည်း ပူကနဲ ဖြစ်သွားတယ်။ စက္ကန့်ပိုင်းအတွင်းမှာ စေးထန်းထန်း ဖြစ်သွားတယ်။

သွေးဆူနေလို့ ထင်တယ်။ ဟက်လက်လန်ကျသွားတဲ့ ဖိုးကျားကို ဖိထိုးဖို့လည်း ကြိုးစားနေမိတယ်။ လက်ဖျံတစ်လျှောက်မှာ ပူရှက်ဆိတ်တွေ လမ်းလျှောက်သွားကြသလို ခံစားလိုက်ရတယ်။

ဆွဲကြ၊ လွဲကြ၊ ရုန်းကြ၊ ကန်ကြဖြစ်တော့မှ လက်ဖျံမှာ စပ်ဖျင်းဖျင်းဖြစ်သွားတာကို ခံစားလိုက်ရတယ်။ ညာဘက်လက်ဖျံမှာ စမ်းကြည့်လိုက်တယ်။ ဟင် . . . သွေးတွေ၊ ငါ့လက်မှာ ငါ့ကိုယ်က သွေးတွေ၊ ဒေါသဖြစ်နေတဲ့ သွေးတွေ၊ ဆူပွက်နေတဲ့ သွေးတွေ။

စပ်ဖျင်းဖျင်း ခံစားရတယ်။ ချက်ချင်းသိလိုက်ပြီ။ ငါ့လက်က ဒဏ်ရာဟာ ဘာဒဏ်ရာလည်းဆိုတာ။ ပထမအကြိမ်အဖြစ် ဖိုးကျားနဲ့ ငါ ကိုယ်ထိလက်ရောက် ရန်ဖြစ်ဖူးတယ်။ အထိကရ ဝက်ချပင်အိုကြီးအောက်မှာ၊ ခုလိုပဲ ည။ အိမ်နန်းတို့အိမ်မှာ ဘုရားကိုးဆူကပ်တဲ့ည။

မင်းတို့ မှတ်မိကြသလား။ အဲဒီညက အဖြစ်အပျက်ကို။ ဒီတုန်းက ဖိုးကျား ငါ့ကို ဘယ်လိုရန်မူခဲ့သလဲ။ လက်ချည်းသက်သက်လား မဟုတ်ဘူး၊ သူ့မှာ လက်နက်ပါတယ်။ ဓား . . . ဟုတ်သလား။ ဓား . . . သူ ငါ့ကို ဓားနဲ့ထိုးဖို့ ကြိုးစားခဲ့တာလေ။ အေး . . . ဒါကို ငါချက်ချင်းသတိရတယ်။

ကြောက်တာတော့ မဟုတ်ဘူး။ သတိထားတာ။ အသက်ကို ဉာဏ်စောင့်သတဲ့။ ငါ့ကိုငါ ဖိုးကျားနားက ဖျတ်ခနဲ ခွာပစ်လိုက်တယ်။ ငါ့ မျက်လုံးတွေက သူ့ကို စစ်ဆေးကြည့်ပြီးသား ဖြစ်နေပြီ။

ငါ့ကိုငါ ခုလောက်မျက်စေ့ လျင်မှန်းမသိဘူး။ ကြည့်စမ်း . . . ဖိုးကျားရဲ့ ဘယ်ဘက်လက်ထဲမှာ ဓား။



"ခွေးကောင် . . . သတ္တိမရှိတဲ့ကျား"

အဓိပ္ပာယ်ရှိသလား၊ မရှိဘူးလားတော့ ငါမသိဘူး။ လွှတ်ခနဲ ငါ့ပါးစပ်က စကားတွေထွက်ကုန်တယ်။ ဘာပြောမိလို့ ပြောမိမှန်းလည်း ငါ့ဘာသာ မသိဘူး။

ဒီတစ်ခါဟာ သူနဲ့ ငါ့အဖို့ နောက်ဆုံးရန်ပွဲဆိုတာကို ငါ့စိတ်က သိနေတယ်။ ဒီတစ်ချီမှာ သူ့ကို ငါ လုံးဝမလှုန်နိုင်အောင် တိုက်ရလိမ့်မယ်။ သူက တစ်ခါနာထားတဲ့ကျား။ ကျားနာခဲ့ခဲမယ့် ဖိုးကျား။ ငါက အပြတ်မလုပ်ရင် သူ ငါ့ကို အပြတ်လုပ်လိမ့်မယ်။

ငါလျှင်နေတယ် သူငယ်ချင်းတို့ . . . ငါ့တစ်ကိုယ်လုံးဟာ သိမ်ဖျတ်လတ်နေတယ်။ အထူးသဖြင့် ငါ့မျက်လုံး။

ငါပတ်ဝန်းကျင်ကို ကြည့်လိုက်တယ်။ အုတ်ခဲနှစ်လုံး တွေ့တယ်။ ခပ်လှမ်းလှမ်းမှာ။ ငါနဲ့ အနီးဆုံးနေရာမှာ။ ဝါးခြမ်းပြားတစ်ခြမ်း။

ဒီတစ်ချီမှာ သူ့ကိုလက်နဲ့ချည်း သက်သက်တိုက်ခိုက်လို့ မရတော့ဘူး။ ဒါကြောင့် တွေ့ရာအနီးဆုံးလက်နက်ကို ကောက်ကိုင်လိုက်တယ်။ ဝါးခြမ်းပြား။

ဝါးခြမ်းပြား ကောက်ကိုင်လိုက်ချိန်မှာ သူက ငါ့ဆီကို ထပြေးလာနေပြီ။ ဘယ်ဘက်လက်ထဲက ဓားကို ညာဘက်ပြောင်းကိုင်ပြီးနေပြီ။ သာမန်လူတစ်ယောက်အဖို့ ဘယ်ဘက်ထက် ညာဘက်က ပိုပြီးအားသန်တယ်ဆိုတာ မင်းတို့အသိပဲ။ ငါ သိပ်သတိထားရမယ့်အချိန် ရောက်နေပြီ။

ပြေးဝင်လာတဲ့ ဖိုးကျားရဲ့မျက်နှာကို ဝါးခြမ်းပြားနဲ့ လွှဲရိုက်ပစ်လိုက်တယ်။

ငါ ကြားဖူးတယ်။ လူတစ်ယောက်ရဲ့ မျက်နှာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြင်းပြင်းတစ်ချက်ရိုက်လိုက်ရင် ပြာခနဲဖြစ်သွားပြီး ချာလည်လည် သွားတတ်သတဲ့။ ဟုတ်တယ်၊ ဝါးခြမ်းပြားနဲ့ သူ့မျက်နှာကို ရိုက်ပစ်လိုက်တဲ့အခါ ဖိုးကျားဟာ မျက်ကန်းတစ်ယောက်လို ချာလည်လည်ထွက်သွားတယ်။

ဒါကို အခွင့်ကောင်းယူပြီး သူ့ရဲ့မျက်နှာကို တစ်အားကြုံးထိုးပစ်လိုက်တယ်။ မျက်နှာကိုမထိဘူး။ နောက်စေ့ကို ထိပြီးမှောက်ရက် ဟတ်ထိုးဖြစ်သွားတယ်။

ကုန်းကွကွဖြစ်နေတဲ့ ဖိုးကျားရဲ့ နံစောင်းကို တစ်ချက်တည်းနဲ့ အလဲပိတ်ကန်ပစ်ဖို့ ငါ အရှိန်ယူလိုက်တယ်။ ဒီတုန်းမှာပဲ ဖိုးကျားက ကုန်းနေရာက လှစ်ခနဲလှည့်ပြီး ငါ့ကို ဓားနဲ့တွက်ပစ်လိုက်တယ်။ သူ့နံစောင်းကိုကန်ဖို့ ရွယ်ထားတဲ့ ငါ့ခြေထောက်ဟာ လျှပ်တစ်ပြက်အတွင်း သူ့လက်ကို ဖတ်ကနဲ လှမ်းကန်လိုက်တယ်။

သူ့လက်ထဲကဓားဟာ ငါနဲ့ သူ နှစ်ယောက်ရဲ့ကြားက လွင့်ထွက်သွားတယ်။ ဓားကျသွားတဲ့နေရာကို သူရော ငါရော မြင်တယ်။ ဒါပေမဲ့ သူက နောက်ကျတယ်။ သွေးဆူနေတဲ့ ငါက ဓားကိုအရင် ပြေးကောက်မိတယ်။

မင်းတို့ ယုံကြပါကွာ။ ငါလုံးဝ မရည်ရွယ်ရိုးအမှန်ပါ။ ဒေါသကြောင့် ငါ့ကိုငါ မထိန်းနိုင်တာမှန်ပေမယ့် ခလောက်ဖြစ်သွားလိမ့်မယ်လို့ ငါ မထင်မိခဲ့ရိုးအမှန်ပါ။

ဖြစ်သွားပါစေတော့ဆိုတဲ့ စေတနာမပါ ပါဘူး။ ဒါပေမဲ့ ဖြစ်ချင်မှုဘာဟာ သူ့ဟာသူ ဖြစ်လာတတ်မြဲပဲ မဟုတ်လား။

ငါ့လက်ထဲ ဓားရောက်ရောက်ချင်း ငါ့နောက်က ပြေးလိုက်လာတဲ့ ဖိုးကျားဆီကို ဓားနဲ့တအား လှမ်းပေါက်မိတယ်။



ငါဟာ ဓားသမားမဟုတ်ပါဘူး။ ဒါပေမဲ့ ဒေါသတကြီး ပစ်ပေါက်လိုက်တဲ့ ဓားသွားဟာ ပြေးဝင်လာတဲ့ ဖိုးကျားရဲ့ ရင်ညွှန့်ဆီမှာ "ဒုတ်" ဆိုတဲ့အသံနဲ့အတူ ရပ်သွားတယ်။

"အား" လို့ အော်လိုက်တဲ့ ဖိုးကျားဟာ ဒူးထောက်ကျသွားတယ်။

ငါလဲ "ဟာ" ခနဲ တစ်ချက်အော်လိုက်မိပြီး ကြက်သေသေသွားတယ်။

ငါ့ဆီကိုပြေးလာတဲ့ အမေနဲ့ ဖိုးကျားကို ပြေးပွေ့လိုက်တဲ့ ဦးလေးဟာ ငါ့ရဲ့မှတ်မိနိုင်တဲ့မြင်ကွင်းက နောက်ဆုံးလူနှစ်ယောက်ပဲ။

*　　　　*　　　　*

ရဲဌာနရောက်မှ သူငယ်ချင်း ရဲသားတစ်ယောက် ပြောပြလို့ သိရတယ်။ ငါ နှလုံးလေရိုက်ပြီး သတိလစ်သွားသတဲ့။

*　　　　*　　　　*

လူ့ပြည်က အပ်ဖျားနဲ့ ဗြဟ္မာပြည်က အပ်ဖျားထိမိကြဖို့ မလွယ်ပေမယ့် တိုက်ဆိုင်ချင်တော့ ဓားပစ်တဲ့အလုပ်ကို လုံးဝမသိတဲ့ ငါ့ရဲ့ဓားသွားဟာ ဖိုးကျားရဲ့ နှလုံးသားတည့်တည့်ကိုမှ ဝင်စိုက်သတဲ့ကွာ။

ဖိုးကျား ဆေးရုံမရောက်ခင် ဆုံးပါးသွားသတဲ့။

*　　　　*　　　　*

ကျန်တဲ့ကိစ္စတွေကတော့ ထုံးစံအတိုင်းပေါ့လေ။ ငါ့ကို ရဲက

www.burmeseclassic.com

www.burmeseclassic.com



ဖမ်းတယ်။ အမှုဖွင့်တယ်။ ချုပ်နှောင်ထားတယ်။ အမှုစစ်တယ်။ အမိန့်ချတယ်။

ငါ ထောင်ကျခဲ့ရတယ်ကွာ။ ဘာမှမဟုတ်တဲ့ ပြဿနာနဲ့။ ဘာမှမဟုတ်တဲ့အခြေအနေမှာ ဘာမှမဟုတ်တဲ့ လူတစ်ယောက်အတွက်နဲ့။

ဒါပေမဲ့လေ၊ ဥပဒေဆိုတာ လူနဲ့မဆိုင်ဘူး၊ ကျင့်ဝတ်သိက္ခာနဲ့သာဆိုင်သာပဲ။

ငါ ဘာမှ ဆက်မပြောပါရစေနဲ့တော့။ အဲဒီတုန်းက အဖြစ်အပျက်တွေကို ငါလည်း ဆက်မပြောချင်တော့ဘူး။ ပြီးခဲ့ပြီပဲလေ။

ငါ အချုပ်သားဘဝရောက်နေခိုက်မှာ ထူးခြားတာလေးခုပဲ ရှိတယ်။

မင်းတို့ ငါ့ဆီလာကြတယ်။ ဘာစကားမှမပြောကြဘဲ မင်းတို့ ပြန်သွားကြတယ်။

အမေ ငါ့ဆီလာတယ်။ "လူမိုက်"ဆိုတဲ့ စကားတစ်ခွန်းပြောပြီး ပြန်သွားတယ်။

အိမ်နန်း ငါ့ဆီလာတယ်။ ငါ လုံးဝအတွေ့မခံခဲ့ဘူး။

ဦးလေး ငါ့ဆီလာတယ်။ ဦးလေးပြောတဲ့စကားကို ငါနားထောင်မိတယ်။ ငါ နောင်တရမိတယ် သူငယ်ချင်းတို့၊ ဒါပေမဲ့ နောင်တဆိုတာ ပြင်ယူလို့မရတဲ့ အခြေအနေကျမှ ရတတ်တဲ့အရာမဟုတ်လား၊ ဦးလေးက ပြောတယ်။

"သားရယ် . . . မင်း ဦးလေး ရှင်းပြတာကို နားထောင်ခဲ့ရင် ခုလို မဖြစ်နိုင်ဘူး။ တကယ်တော့ မင်းအဖေနဲ့ ဦးလေးနဲ့ဟာ မင်းအမေကို ပြိုင်ပိုးခဲ့ကြတယ်"



"မင်းအဖေက မင်းအမေရဲ့ မေတ္တာကိုရခဲ့တယ်၊ ဦးလေးက ရှုံးတဲ့လူ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ထိ ဦးလေး သူ့မေတ္တာကို စောင့်ခဲ့တယ်။ ရိုးရိုးသားသား ချစ်ရေးဆိုခဲ့တာပါ ကလေးရယ် . . ."တဲ့။

ဦးလေးဟာ ငါ့အတွက် ရှေ့နေငှားပြီး အစွမ်းကုန်ကြိုးစားခဲ့တယ်။ မရပါဘူး၊ ငါကိုယ်တိုင်က ဝန်ခံပြီးသားပဲ။

* * *

ခု ငါ ထောင်ကလွတ်လာပြီ။

ကဲ . . . ငါ့ဇာတ်လမ်းက ဘယ်လောက်ရိုးသလဲ၊ သာမန်ဖြစ်ရိုးဖြစ်စဉ်ကိစ္စတစ်ခုပဲ။

ဆင်းရဲတဲ့ ကောင်လေးတစ်ယောက်နဲ့ ချမ်းသာတဲ့ ကောင်မလေးတစ်ယောက် ချစ်ကြတယ်။ သူငယ်ချင်းတွေအဖြစ်နဲ့ ငယ်ငယ်ကချစ်ကြတော့ ပြဿနာမပေါ်ဘူး။ အရွယ်လေးတွေကိုယ်စီရလာကြတော့ စိတ်လှုပ်ရှားကစား ဘတ်လာတယ်။

ဆိုပါတော့ . . . အချစ်ပေါ့လေ။ အချစ်ဆိုကတည်းက အထစ်အငေါ့ကို အခြေခံတဲ့အရာမဟုတ်လား။ သူတို့နှစ်ယောက်ကြားမှာ ပြဿနာတစ်စ၊ နှစ်စ ဝင်လာတယ်။

နောက်ဆုံး ထုံးစံအတိုင်း လူကြမ်းဝင်လာတယ်။ ဒါပေါ့ ငါ့နေရာကကြည့်ရင် ဖိုးကျားက လူကြမ်းပေါ့။ လူကြမ်းဝင်လာရင် ဇာတ်လမ်းနည်းနည်းရှုပ်လာတာပေါ့။

နောက်တော့ လူကြမ်းနဲ့ ဇာတ်လိုက်နဲ့ အားပြိုင်ကြရော၊ ဒါက

www.burmeseclassic.com



ငါ့ဘက်ကကြည့်ပြီး ငါ့ကိုယ်ငါ ဇာတ်လိုက်အနေနဲ့ ပြောရမှာဆိုတော့ လူကြမ်းဟာ အဆုံးသတ်မှာ ရှုံးရမှာပေါ့။

ဖိုးကျား ငါ့ကို ရှုံးသွားခဲ့ပြီ။ ဒါပေမဲ့ တရားဥပဒေအရ ငါလည်း ထောင်ကျခဲ့ရပြီ။ ထောင်ကျပြီးရင် ထောင်က လွတ်ဖို့ရမှာပေါ့။

ကောင်းပြီ...ထောင်ကလွတ်တဲ့အခါ ငါ့ဇာတ်လမ်းက ဇာတ်သိမ်းခန်းရောက်ရမှာပေါ့။

ဇာတ်သိမ်းဖို့အတွက် အချက်အလက်တချို့ကို ငါ ပြောပြမယ်။

တစ်နေ့မှာ အမေနဲ့ ဦးလေး နှစ်ယောက်အတူ ငါ့ကိုထောင်ဝင်စာလာ တွေ့တယ်။ သဘောပေါက်လိုက်တယ်။ သူတို့ လက်ထပ်လိုက်ကြပြီ။ ငါ ထောင်ကထွက်လာတဲ့အခါ ပညာဆက်သင်ဖို့ ခြံလုပ်ငန်းကို ဆက်လုပ်ဖို့ စတဲ့ အားတက်စရာတွေကို ပြောပြကြတယ်။

အရင်တုန်းကလို ငါ့စိတ်တွေ မလှုပ်ရှားတော့ဘူး၊ အမေ့ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့လည်း ငါ့မှာဘာဝေဒနာမှ မခံစားလိုက်ရဘူး။

လူဆိုတာ ကိုယ့်ဘဝနဲ့ကိုယ် မဟုတ်လား။ ငါ ထင်တယ် အရင်ကထက်စာရင်တော့ ငါ ရင့်ကျက်လာပြီ။

မင်းတို့တစ်တွေလည်း ငါ့ဆီကို ထောင်ဝင်စာလာတွေ့ကြကာပဲ။ ကိုဖေသန်းတို့၊ ခွာနီးတို့၊ မိချိုတို့လည်း လာကြတယ်။

သူငယ်ချင်းတွေကတော့ ရယ်စရာ မောစရာ ပြောကြဆိုကြတာပေါ့ကွာ။

ဒီလို သူငယ်ချင်းတွေနဲ့ တွေ့ရတော့ အိမ်နန်းကို ငါ သတိရတယ်။ မိချိုကတော့ ပြောတယ်။



"သူလည်း နင့်ကို သိပ်သတိရနေပါတယ်ဟာ...ဒါပေမဲ့ သူမအားလို့ နင့်ဆီ လာမတွေ့တာပါ၊ သတိရတဲ့အကြောင်းတော့ ပြောခိုင်းပါတယ်"

"အိမ်နန်း ခုဆို သိပ်ပိန်တာပဲ အပြာရယ်၊ ဘယ်တော့မှလည်း ပျော်ပျော်ရွှင်ရွှင်မမြင်ရဘူး။ အိမ်ထဲက အိမ်ပြင်ကိုတောင် မထွက်သလောက်ပဲ"

"နင်တို့နှစ်ယောက်ရဲ့အဖြစ်ကို ငါတို့တော့ သိပ်သနားတာပဲ"

"နင် ထောင်ကထွက်ရင် သူ့ကိုအရင်လိုပဲ ပြန်ပြီးဆက်ဆံပေါ့ဟာ နော် "

"သူလည်း နင့်ကို စောင့်မယ်ထင်ပါတယ်ဟာ"

သူငယ်ချင်းတွေရဲ့ အိမ်နန်းနဲ့ ပတ်သက်တဲ့ စကားတွေကို ငါ အလိုက်အထိုက်ပဲ ပြန်ပြောခဲ့တယ်။

ဒါပေမဲ့ အိမ်နန်းနဲ့ ပတ်သက်လို့ ထောင်ထဲမှာရှိနေတုန်းမှာ ငါ ဘာမှမစဉ်းစားချင်ဘူး။

ကောင်းပြီ ထောင်ကျနေတုန်းမှာ မစဉ်းစားချင်ဘူးဆိုရင် ထောင်ကလွတ်တဲ့အခါ စဉ်းစားရမှာပေါ့။

သင်း...ငါ့ဆီကို ထောင်ဝင်စာ တစ်ခေါက်လေးတောင်မှ လာမကြည့်ခဲ့ဘူး။

သူ သိပ်သတိရပါတယ်ဆိုတာရော ဟုတ်ရဲ့လား။

တငိုင်ငိုင် တတွေတွေ ဖြစ်နေတယ်ဆိုတာက ငါ့အတွက်လား။ ဖိုးကျားအတွက်လား မပြောနိုင်ဘူးလေ။ လူဆိုတာက...။

ဘာပဲဖြစ်ဖြစ် အိမ်နန်းနဲ့ ပတ်သက်လို့ ငါ သိချင်တာတစ်ခုပဲ ရှိတယ်။ သူ့အချစ်...။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပါ ရယူဖို့ဆိုတာတော့ စိတ်မကူးတော့ဘူး။ ဒါပေမဲ့ သူ့ရဲ့ အချစ်ကိုတော့ ငါ ပြန်ရချင်သေးတယ်။ ပြန်ရချင်သေးတယ်ဆိုတာထက် အရင်ကလိုပဲ ငါ့ကိုဆက်ပြီး ချစ်နေစေချင်တယ်။ ငါ့ရဲ့အပြန်ခရီးမှာ အိမ်နန်းနဲ့ ပတ်သက်လို့ ငါအတောင့်တဆုံးအရာဟာ သူ့အချစ်ပဲ။

* * *

ကိုယ့်အိမ်ကိုယ့်ယာ၊ ကိုယ့်ဒေသကို ချစ်တဲ့စိတ်ဟာ သိပ်သိသာတယ်။

သာစည်ကထွက်လာလို့ ရှမ်းရိုးမရဲ့မြေဖိုးပေါ် တက်လိုက်တယ်ဆိုရင်ထဲ လှုပ်ခနဲ ကြည်နူးသွားရတယ်။ ဝမ်းသာဝမ်းနည်း ဖြစ်ရတယ်။

တောင်ကြောတစ်ဝိုက်မှာရှိတဲ့ အခြေအနေတွေ ဘာမှမပြောင်းလွှဲပေမယ့် အချိန်ကာလကတော့ ပြောင်းလွှဲသွားခဲ့ပြီ။ ဒေါသတစ်ချက်ကြီးလိုက်ရုံနဲ့ အချိန်ပေါင်းများစွာဟာ နှမြောစရာကုန်သွားခဲ့ရတယ်။

နှစ်နဲ့ချီပြီးကြာမြင့်အောင် ကွဲကွာခဲ့ရတဲ့ ရှမ်းရိုးမကြီးတွေကို အဝေးကြီးမှာ မြင်နေရတယ်။ ကလောမြို့ကလေးဟာ ဘယ်တောင်ကြီးတွေရဲ့ကြားထဲမှာ ရှိမလဲလို့ မှန်းဆမိတယ်။

ဒီအခါ ရင်တုန်လာတယ်။ ကလောမှာ ငါ့ချစ်သူရှိတယ်။ ငါ့ကို အရင်ကလို ချစ်သေးသလား။ မချစ်တော့ဘူးလား မသိရတဲ့ ငါ့ချစ်သူ။

ချစ်သေးသလား၊ မချစ်တော့ဘူးလား ဆိုတဲ့အဖြေကို ဒီနေ့ သိရမယ်။ ငါ ကလောကိုရောက်ရင် သိရတော့မယ်။ ဒီအတွက် စဉ်းစားလိုက်တိုင်း ရင်ခုန်တယ်။



မင်းတို့ကိုပြောပြဖို့ တစ်ခုမေ့ကျန်ခဲ့တယ်။ ရန်ကုန်က ရထားစီးခဲ့တယ်။ သာစည်ကို ညနစ်ချက်တီးလောက် ရောက်တယ်။ မနက်လေးနာရီလောက်မှာ သာစည်က ရွှေညောင်ကို ရထားပြန်ထွက်ဖို့ပဲ။ ဒါပေမဲ့ စက်ခေါင်းပျက်သွားလို့ နောက်ကျမယ် ပြောကြတယ်။ ငါ သည်းညည်းခံမစောင့်နိုင်ဘူး။

မနက် ခုနစ်နာရီခွဲလောက်မှာ ရထားပေါ်ကဆင်းပြီး တောင်ကြီးကားဂိတ်ဘက် ထွက်လာခဲ့တယ်။ အောင်ပန်းကို ကားနဲ့ပဲ ပြန်တော့မယ်။

ကားဂိတ်ရောက်တော့ ကားတစ်စီးထွက်ဖို့အသင့် ဖြစ်နေပြီ။ အဲ့ဒီကားနဲ့ပဲလိုက်ဖို့ ကားပေါ်အတက်မှာ . . .။

"ဟော့ . . . အပြာ"

ငိုသံပါကြီးနဲ့ ဝမ်းသာအားရခေါ်လိုက်တဲ့ အသံကြားရတယ်။ သိပ်မှတ်မိတာပေါ့။ ငါ့ချစ်သူငယ်ချင်း သန်းထွတ်။

ငါနဲ့ သူ ပြေးဖက်လိုက်ကြတယ်။ ဒီကောင်ကြီး ငိုရှာတယ်။

"မင်းလွတ်လာပြီနော်၊ မင်းကွာ စာလေးဘာလေး ကြိုရေးလိုက်ရောပေါ့၊ ငါ ရန်ကုန်ဆင်းကြိုမှာပေါ့"

"ထောင်ထဲကနေ ထောင်ပြင်စာရေးလို့ ရမှမရပဲကွ"

"ခု မင်းအိမ်တန်းပြန်မှာလား"

"ဟ . . . ထောင်ကပြန်လာတဲ့ကောင် အမက်မောဆုံးအရာဟာ ကိုယ့်အိမ်ကိုယ့်ယာပေါ့ကွ"

"ဒါပေမဲ့ မင်းတို့အိမ်မှာ ခု ငါတစ်ယောက်တည်းနေတာ"

"ဟင် . . . အမေကကော . . ."

"ဟာ . . . မင်း သိပြီးပြီဆို၊ ဦးလေးနဲ့ကိစ္စ"

www.burmeseclassic.com

www.burmeseclassic.com



"ဒြော် . . . ဟုတ်သားပဲ၊ ဒါဖြင့် အမေက ဦးလေးတို့အိမ်မှာ ပေါ့"

"ဒါပေါ့ကွ၊ ဦးလေးကတော့ အမေ့အိမ် ဘယ်လိုက်နေပါ့မလဲ"

ငါတို့နှစ်ယောက် ကိုယ့်အစီဗွာယ်နဲ့ကိုယ် ရယ်လိုက်ကြတယ်။ ငါတစ်ခုကို သတိရသွားတယ်။

"ဒါနဲ့ နေပါအုံး သန်းထွတ်ရာ၊ အမေတို့နဲ့ ဒေါ်လေး ဒေါ်စောနန်းနဲ့ကော အဆင်ပြေကြရဲ့လား"

"ပြေပါတယ်ကွာ၊ ဘာမပြေစရာရှိလဲ"

"ကဲ . . . ဒါဖြင့် ပြန်မယ်ကွာ၊ ငါကတော့ သူတို့အိမ်မှာ မနေချင်ဘူး။ မင်းနဲ့ပဲ ငါ့အိမ်ငါ ပြန်နေမယ်။ နို့ . . . မင်းကောပြန်မှာပဲ မဟုတ်လား။ လာသွားကြစို့"

"နေအုံးကွ၊ ငါကတော့ ခုပြန်မှာပဲ၊ မင်းနေ့လယ်မှ လိုက်ခဲ့ပါလား"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ဦးလေး ဦးအောင်ပန်းရောက်နေတယ်၊ ဈေးအရှေ့ပွဲရုံမှာ၊ မင်း ဦးလေးနဲ့ သွားတွေ့သင့်တာပေါ့၊ ကောင်းပြီ . . . ငါ နေခဲ့မယ်၊ ကလော ရောက်ရင် အမေ့ကိုသာ ဝင်အကြောင်းကြားနှင့်"

"အမေ့ကိုတင်ပဲလားကွ"

ရင်ခုန်သွားတယ်။ လွမ်းသွားတယ်။ အိမ်နန်းရဲ့ မျက်နှာလေးကို ကွက်ခနဲ မြင်သွားတယ်။

ကြည့်စမ်း . . . ငါချစ်သူနဲ့ပြန်တွေ့ရဖို့ အချိန်ဘယ်လောက်နီးကပ်နေပြီလဲ။ ပျော်ပျော်ရွှင်ရွှင်တွေ့ရမယ်လား။ ဝမ်းနည်းပက်လက် တွေ့ရမည်လား။



ဘာပဲဖြစ်ဖြစ် ချစ်သူကို တွေ့ရခါနီးတော့ ရင်ခုန်မြဲပေါ့လေ။ ရတ်တရက် ဆုံးဖြတ်လိုက်တယ်။

"မင်း ခု ဒီကားနဲ့လိုက်သွားမှာ မဟုတ်လား၊ ငါစာတစ်စောင် ရေးပေးလိုက်မယ်"

"အမေ့ဆီကိုလား"

"အိမ်နန်းဆီကိုပါကွာ"

"ဟာ . . . ဟိုရောက်ရင် တွေ့ရမှာပဲ"

"မဟုတ်ဘူး၊ တွေ့ချင်မှ တွေ့ရမှာ"

"ဟာ မင်းဟာက မဟုတ်သေးပါဘူးကွာ"

"ဟုတ်ပါတယ်၊ ငါ စာတစ်စောင် ရေးပေးလိုက်မယ်၊ ဒီစာကို သူ့ကို ပေးလိုက်ပါ၊ ဒီစာဟာ သူနဲ့ ငါအတွက် အဆုံးအဖြတ်ပဲ"

"မင်းခုထိ ကလေးဆန်တုန်းပါလား အပြောရယ်"

"အေး . . . အချစ်ဆိုတာ လူကြီးဆန်လို့ရတဲ့အရာမှ မဟုတ်ဘဲ"

သန်းထွတ်နဲ့ စာတစ်စောင်ရေးပေးလိုက်တယ်။ ဘတ်စ်ကား ထွက်တော့မှာမို့ တိုတိုပဲ ရေးပေးလိုက်ရတယ်။

**အိမ်နန်း**

ငါ လွတ်လာပြီ။ ငါအခု သာစည်မှာ။ နေ့လယ်မှ ဦးလေးနဲ့ အတူ ပြန်လာခဲ့မယ်။ ခုအချိန်မှာ ငါအသိချင်ဆုံး အရာတစ်ခုပဲ ရှိတယ်။

နင့်ရဲ့အချစ်၊ နင် ငါ့ကို ချစ်တုန်းပဲလား၊ မုန်းလိုက်ပြီလား၊ ဒီအဖြေကို ငါ့ကို ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



နင့်မှာ ငါလက်ဆောင်ပေးထားတဲ့ ဖဲကြိုးဝါကလေး ရှိသေးလား၊ ရှိသေးတယ်ဆိုရင် ငါ့အချစ် နင့်ဆီမှာ ရှိသေးလို့ပဲပေါ့။ မရှိတော့ဘူးဆိုရင် ငါ့အချစ် နင့်ဆီမှာ မရှိတော့ဘူးပေါ့။

ငါ့ကို အဖြေပေးပါ အိမ်နန်း။ တကယ်လို့ ငါ့ကို နင် အရင်ကလို ချစ်နေတုန်းဆိုရင် ငါပေးထားခဲ့တဲ့ ဖဲကြိုးဝါလေးကို တို့နှစ်ယောက်ရဲ့ အထင်ကရဖြစ်တဲ့ ဖက်သစ်ချပင်ကြီးမှာ ငါမြင်သာအောင် ချိတ်ထားပေးပါ။

နင်နဲ့ မျက်နှာချင်းမဆိုင်ရခင်မှာ နင့်အချစ်အကြောင်းကို ငါသိပါရစေ။ ဖက်သစ်ချပင်ကြီးမှာ ဖဲကြိုးဝါလေး ချိတ်ထား၊ မထားကို ကြည့်ပြီး နင့်အပေါ် ငါ နားလည်လိုက်ပါမယ်။

အချစ်ဆုံး အပြာ

* * *

ဦးလေးနဲ့ တွေ့တယ်။ ဦးလေးခမျာလည်း ဝမ်းသာလွန်းလို့ မျက်ရည်တောင် လည်ရှာတယ်။ အလုပ်ကိစ္စတွေ အောင်မြင်တဲ့အကြောင်း၊ ငါအနားယူပြီးရင် လုပ်ငန်းဦးစီးဖို့အကြောင်း စသည်ဖြင့်ပေါ့ကွာ။ စကားတွေ ဖောင်လောက်အောင် ပြောတယ်။

စိတ်ဝင်စားပါတယ်။ တတ်နိုင်သလောက် စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ကွာ ဘယ်လိုဖြစ်တယ်တော့ မသိဘူး၊ စိတ်က အိမ်နန်းဆီကိုပဲ ရောက်ရောက်နေတယ်။

ဦးလေးနဲ့ စကားစမြည်ပြောပြီး ထမင်းပါစားသောက်ပြီးတော့မှ ဦးလေးက ပြောတယ်။

"ကိုင်း . . . အပြာ၊ သား ပြန်နင့်တော့ . . .၊ ဦးလေးညနေမှ ပြန်မယ်၊ မင်းအမေလည်း ခုလောက်ဆို မျှော်ရောပေါ့"

ငါကလည်း ပြန်ချင်ရက်လက်တို့ ဘတ်စ်ကားတစ်စီးနဲ့ ငါပြန်လာခဲ့တယ်။

* * *

တပေါင်းလဆိုတော့ နေလို့ထိုင်လို့ အင်မတန်ကောင်းတယ်။ နေရာအနှံ့မှာ ရွက်ကြွေတောတွေကို မြင်ရတယ်။ လေရူးအငွေ့မှာ သစ်ရွက်ကြွေလေးတွေ ဝဲကာ၊ ဝဲကာကျသွားတာကိုက လွမ်းစရာ၊ ကြည်နူးစရာ။

ငါပေးလိုက်တဲ့စာ အိမ်နန်းရဲ့လား။ သူ ဘယ်လိုသဘောထားမလဲ။ ချစ်သေးလား၊ မုန်းပြီလား၊ ရင်ခုန်စရာ။

ဒီအချိန်ဆို သစ်တော်သီးတွေ ကောင်းကောင်းပေါ်ပြီ။ နွေသီး သစ်တော်သီးကို သတိရတော့ သစ်တော်သီးခြံကိုလည်း သတိရတယ်။ သစ်တော်သီးခြံထဲမှာ တို့ငယ်ငယ်က ကစားခဲ့ကြတယ်။ အရွယ်ရတော့ ပျော်ပါးခဲ့ကြတယ်။ စိတ်ကစားတတ်တဲ့အရွယ်မှာ အစောင်းအချိတ်တွေနဲ့ စကားထာဝှက်ခဲ့ကြတယ်။ အကြီးဆုံး သစ်တော်သီးကို ဦးဦးဖျားဖျား ခူးပြီး လက်ဆောင်ပေးခဲ့ကြတယ်။

ငါစီးလာတဲ့ ဘတ်စ်ကားက အစုတ်ကြီး။ လူလည်း သိပ်မပါဘူး။ စက်ခေါင်းက မီးခိုးတွေလား၊ ရေငွေ့တွေလား မသိဘူး၊ ဆူဝေထွက်နေတယ်။

ဝန်မများဘဲနဲ့ ကားက တဟည်းဟည်းတုန်ပြီး တောင်တွေကို ကွေ့တက်နေရတယ်။ ငါ့ နှလုံးသားလိုပဲ။

ကားမောင်းတဲ့ တရုတ်ကြီးအိပ်ငိုက်နေတာ မြင်ရတာည်းက ဒီကား



www.burmeseclassic.com

www.burmeseclassic.com



မခွဲဘူးဆိုတာ သိတယ်။ ကြားကား၊ ဒါပေမဲ့ ရောက်ချင်ဇောနဲ့မို့ စီးခဲ့ရတာ နောက်တစ်စီးစောင့်နေရင် ကြာသွားမှာစိုးလို့။

ငါ့နှလုံးသားလို ကတုန်ကယင်ဖြစ်နေပေမယ့် ကားဆရာ သူ့အင်အားရှိသလောက်တော့ တောင်ပေါ်ကိုတက်တပြပေ့။

“လှိုင်းတက်” ရောက်တော့က အမေ့ကို သတိရတယ်။ အမေက ရေအိုးကောင်းကောင်း ကြိုက်တတ်တယ်။ လှိုင်းတက် ရေအိုးက နာမည်ကြီးတယ်။ အမေ့ဖို့ ရေအိုးတစ်လုံး ဆင်းဝယ်ခဲ့ရတယ်။

လှိုင်းတက်ကလွန်တော့ အတက်ခရီးရှည်ပဲ။ ကွေ့ကာ ပတ်ကာနဲ့ တောင်ကြောပေါ်တက်ရလေလေ ရင်ခုန်လေလေပဲ။ တောင်ကြောပေါ်တက်ရတာနဲ့ ရင်ခုန်ကတော့ တခြားစီပေါ့လေ။ ဒါပေမဲ့ ကိုယ့်ဘာသာနဲ့ ကိုယ့်အလွမ်းပဲ။

ခုချိန်ထိတော့ မြေပြန့်နဲ့ တောင်ပေါ် စပ်ကြားဒေသမို့ ထင်းရှူးကို မရသေးဘူး၊ ထင်းရှူးပင်ကိုလည်း မမြင်ရသေးဘူး။

အင်း . . . ထင်းရှူးပင်ကို စမြင်ရပြီဆိုလည်း ငါ ဘယ်လောက်များ စိတ်လှုပ်ရှားရမလဲလေ။ ထင်းရှူးဆိုတာ ကလောနဲ့နီးတဲ့ဒေသမှာ စပြီး ပေါက်ရောက်တာ မဟုတ်လား။ ကလောဆိုတာ သိကြရဲ့လား။ ငါ့ချစ်သူရှိရာ အရပ်ပေါ့။

ဒီအချိန်ဆို ထင်းရှူးရွက်ဖျားကလေးတွေ နုပျိုနေပြီလား၊ ရွက်ခြောက်တွေ ကြွေတုန်းပဲလား၊ ငါ မသိနိုင်တော့ဘူး။

ဝက်သစ်ချပင်ကြီးမှာ ဖဲကြိုးဝါလေး တစ်စရှိနေသလား၊ မရှိနေဘူးလား၊ ငါ မသိနိုင်ပါဘူး။

အိမ်နန်းရင်ထဲမှာ အချစ်ရှိသေးလား၊ မရှိတော့ဘူးလား၊ ငါ မသိ



နိုင်ပါဘူး။ ထောင်ကျသွားတဲ့အခါ ထောင်ကလွတ်မယ့်ရက်ကို သိနိုင်တယ်။

ချစ်သူရဲ့ရင်ထဲက အချစ်ရှိ မရှိကို မသိနိုင်ဘူး။

မိမိမှာ အပြစ်ရှိ၊ မရှိကိုသိနေရင် တရားသူကြီးဘယ်လိုဆုံးဖြတ်မယ်ဆိုတာ သိနိုင်တယ်။

မိမိမှာ အပြစ်မရှိပေမယ့် အချစ်ခံရမှာလား၊ အမုန်းခံရမှာလား ဆိုတာ မသိနိုင်ဘူး။

ဒါပေမဲ့ကွာ . . .၊ အချစ်ခံရပြီးခါမှ နောက်တစ်ကြိမ် အချစ်ကို ပြန်တောင်းရတယ်ဆိုတာ အောက်တန်းကျလွန်းတယ်။ အင်း . . . အချစ်ဆိုတာကိုက အောက်တန်းတော်တော်ကျတဲ့အရာပါလား။

* * *

မော်တော်ကားရေဆူလို့ လမ်းမှာ ခဏနားရတယ်။ အပေါ့အပါး ဆင်းသွားကြရတယ်။

တောင်ကုန်းလေးတစ်ခုပေါ် ငါတက်ခဲ့တယ်။ ပတ်ဝန်းကျင်ကို လွမ်းလွမ်းမောမော ငေးမိတယ်။

ဟင် . . . ငါ့ရင် ထိတ်ခနဲ ဖြစ်ရပြီ။ ကြည့်စမ်းပါအုံး။ ဟိုး . . . အဝေးကြီးမှာ ထင်းရှူးပင်တန်းတွေကို မြင်နေရပြီ။

ကလောနဲ့ နီးလာပြီကိုး။ ကိုယ့်သဘောနဲ့ကိုယ် ဖြေခဲ့တဲ့ စာမေးပွဲကို ခုမှ အောင်စာရင်းကြည့်ရမှာ ကြောက်နေမိတယ်။

အိမ်နန်းဆီကို စာမရေးဘဲ ဒီအတိုင်းလာခဲ့ရင်လည်း ရသားပဲ၊ ဒီလို ဆိုလောက် ရင်မခုန်ရဘူး။ ဣန္ဒြေရရပဲ အိမ်နန်းကိုသွားတွေ့ပြီး တို့အချစ်

www.burmeseclassic.com



ကိစ္စကို နောက်မှဖြည်းဖြည်းချင်း ရှင်းရင်လည်း ရတာပဲ။ ခုတော့ ငါက လောကြီးလွန်းတယ်။ ကလေးကလားဆန်တယ်။ ဒါပေမဲ့ အချစ်နဲ့ ပတ်သက်လာရင် လူတွေဟာ ရတ်တရက်ဆုံးဖြတ်တတ်တဲ့ သတ္တဝါမျိုးပဲ။

အချစ်ဆိုတာ စိတ်လှုပ်ရှားစေဆုံးအရာပဲ။ နူးညံ့သလောက် စိတ်လှုပ်ရှားစေတဲ့အရာ။

ဟော . . . ကားဟွန်းတီးပြီ၊ လူခေါ်နေပြီ။ ကားထွက်တော့မယ်။ တောင်ကုန်းလေးပေါ်က ပြေးဆင်းခဲ့တယ်။ ပြေးလာရင်းနဲ့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တယ်။

ဘတ်စ်ကားတိုင်း အိမ်နှန်းတို့ အိမ်ရှေ့ကဖြတ်မြဲပဲ။ တကယ်လို့ ကလောရောက်ရင် ဘတ်စ်ကားပေါ်ကပဲ ကြည့်မယ်။ အိမ်နှန်းတို့ခြံထိပ်က ဝက်သစ်ချပင်ကြီးကို။ ဝက်သစ်ချပင်ကြီးမှာ ဖဲကြိုးဝါလေးတွေ့ရင် ကလောမှာဆင်းပြီး သူတို့အိမ် ဝင်မယ်။ အိမ်နှန်းနဲ့ တွေ့မယ်။ အမေနဲ့ တွေ့မယ်။ တကယ်လို့ ဝက်သစ်ချပင်ကြီးမှာ ဖဲကြိုးဝါလေးမတွေ့ရင် ကလောမှာ မဆင်းဘူး။ အောင်ပန်းထိ ဆက်စီးသွားမယ်။ နည်းနည်းစိတ်သက်သာရာရမှပဲ ကလောကိုဆင်းပြီး အမေ့ကို နှုတ်ဆက်တော့မယ်။

ဟုတ်တယ်၊ အပြစ်ဆိုလည်း ဆိုကြတော့။ လူဆိုတာ အသက်နဲ့ လူလုပ်တာ မဟုတ်ဘူး။ အရက်နဲ့ လူလုပ်တာလည်း မဟုတ်ဘူး၊ အချစ်နဲ့ လူလုပ်တာ။ ခုလတ်တလောမှာ ငါ့စိတ်မှာ အချစ်ကလွဲလို့ ဘာမှမရှိဘူး။ ဘယ်သူအပြစ်ဆိုဆို ငါ မမှုချင်တော့ဘူး။

ငါ့ရင်ထဲမှာ အိမ်နှန်း။

*　　　*　　　*



ထင်းရှူးပင်ပျိုတွေရဲ့ ထွက်သက်လေကို စပြီးရှူရှိုက်ရတဲ့အချိန်ကနေ ကလောမြို့ကို ပျပျလေးလှမ်းမြင်ရတဲ့ဆီအထိ ခပေါင်းစီးကရက်တစ်ဘူး ကုန်သွားတယ်။

ငါ ဆေးလိပ်မသောက်တတ်ခဲ့ပါဘူး။ ထောင်ထဲရောက်မှ သောက်တတ်ခဲ့တာ။ ထောင်ထဲမှာ ဆေးလိပ်ဟာ အဖိုးအတန်ဆုံးအရာပဲ။ ဒါပေမဲ့ အပျင်းပြေသဘောလောက်ပါ။

တစ်ခုတော့ ရှိတယ်။ စိတ်လှုပ်ရှားရင် ဆေးလိပ်ပိုသောက်လို့ကောင်းတယ်။ ခုဆို ငါဘယ်လောက် စိတ်လှုပ်ရှားနေမလဲ။ မင်းတို့စဉ်းစားကြည့်။ ပြောပါပကော။ ခပေါင်းတစ်ဘူး ကုန်သွားပြီ။ ဘယ်လောက်မှ မကြာသေးဘူး။

မြို့အဝင်မှာ ဝက်သစ်ချပင်ပျိုတစ်ပင်ကို တွေ့လိုက်တယ်။ ဗိုပြီးစိတ်လှုပ်ရှားရတယ်။ အိမ်နှန်းတို့ခြံထိပ်က ဝက်သစ်ချပင်ကြီးမှာ ဖဲကြိုးဝါလေးရှိပါ့မလား။

ဆတ်ခနဲ ထိုင်ရာက ထလိုက်တယ်။ ကားမောင်းဆရာ တရုတ်ကြီးရှိရာကို လျှောက်လာခဲ့တယ်။ တရုတ်ကြီးကတော့ အိပ်ငိုက်ရက် ကားမောင်းရက်ပဲ။ ဘေးစက်ခေါင်းကလည်း မိုးခိုးအူရက်၊ ရေဆူရက်ပဲ။

တရုတ်ကြီးကို အော်ခေါ်လိုက်တယ်။ ကားစက်သံကြောင့် သူ ရုတ်တရက် မကြားဘူး။

"ဆရာကြီး"

မေးဆတ်ပြတယ်။ ဘာတုန်းဆိုတဲ့သဘော။

"ဦးအောင်ပန်းအိမ် သိသလား"

ခေါင်းညိတ်ပြတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီ ခြံထိပ်က ဝက်သစ်ချပင်အိုကြီးကိုရော မှတ်မိလား"

ကြောင်စီစီနဲ့ လှည့်ကြည့်တယ်။

"ဘာတွေ လာပြောနေတာလဲကွ"

"မဟုတ်ဘူးလေ၊ ကျွန်တော်အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ဘာတုန်း"

"အဲ့ဒီဝက်သစ်ချပင်ကြီးကို ဦးလေးမှတ်မိတယ် မဟုတ်လား"

"အေး"

"အဲ့ဒီ အပင်ကြီးနားရောက်ရင် ဖြည်းဖြည်းမောင်းပေးပါဗျာ"

"မင်း ဆင်းမလို့လား"

"ဆင်းချင် ဆင်းမယ်"

"ဆင်းရင် ဆင်းမယ်ပေါ့ကွာ၊ မဆင်းရင် မဆင်းဘူးပေါ့"

ဟုတ်တော့ဟုတ်တယ်၊ ငါ့စကားတွေက ကြောင်စီစီနဲ့။ သူ့စိတ် မရှည်မယ်ဆိုလည်း မရှည်စရာပဲ၊ ငါ စိတ်ကူးရသွားတယ်။

"ဒီလိုလုပ်ဗျာ ဦးလေး"

"ပြော"

"အဲ့ဒီ အပင်ကြီးနားရောက်ရင် ဦးလေး အဲ့ဒီအပင်ကြီးကို ကြည့်လိုက်ပါ၊ တကယ်လို့ အဲ့ဒီအပင်ကြီးမှာ ဖဲကြိုးဝါစကလေးတစ်ခုတွေ့ရင်"

"ဘာကွ၊ ဖဲကြိုး . . ."

"ဟာ . . . ဖဲကြိုးဝါပါ ဦးလေးရ၊ ဖဲပြား . . . ဖဲပြား အဝါရောင်လေး"

"မင်းဟာက ဘာတွေလဲကွ"

"ကျွန်တော့်ကို ကူညီပါ ဦးလေးရာ"

"ဘာကူညီရမှန်းမှာ မသိတာ"



"ဒါကြောင့် ကျွန်တော်ပြောပြနေတာပေါ့။ အဲ့ဒီ ဝက်သစ်ချပင်ကြီးလေ၊ ဦးအောင်ပန်းတို့ခြံထိပ်ကလေ၊ အဲ့ဒီအပင်ကြီးနားရောက်ရင် ဦးလေး ကြည့်လိုက်၊ အဲ့ဒီအပင်ကြီးမှာ ဖဲကြိုး . . . ဖဲပြားအဝါရောင်ကလေးတွေ့လို့ ရှိရင် ကားရပ်ပေး၊ ကျွန်တော် ဆင်းမယ်၊ မတွေ့ရင် ဆက်သာမောင်းတော့ ဟုတ်လား နော် ဦးလေး"

"မင်းက ကြောင်တယ်ကွာ"

"လုပ်ပါဦးလေးရာ ကူညီပါနော်"

"ဟ . . . မင်းဘာသာ ကြည့်ပေါ့ကွ"

"ကျွန်တော် မကြည့်ရဲလို့ပါ"

"သရဲမှ မဟုတ်ပဲကွ"

"ဦးလေး မသိပါဘူး"

"ဟာ . . . ရှုပ်တယ်ကွာ၊ ငါမသိဘူး"

သူ စိတ်တိုသွားတယ်။ ဟုတ်တော့လည်း ဟုတ်သားပဲ၊ ငါ့အပြစ်ကလည်း ကြောင်လွန်းအားကြီးတယ်။ ဘတ်စ်ကားဆရာဆိုတာ မှတ်တိုင်မှာသာ ရပ်တော့မပေါ့။ မှတ်တိုင်မဟုတ်ပဲ ဆင်းချင်လည်း သူ့ကို ဘယ်နား ဆင်းမယ် ပြောလိုက် ပြီးတာပဲ၊ ခုတော့ ဖဲကြိုးတွေရော၊ ဖဲပြားတွေရော စုံနေတာပဲ၊ ဝက်သစ်ချပင်လည်းပါတယ်။ ကဲ . . . ဘယ်လောက်ရှုပ်သလဲ ငါ့ညစ္စာက။

ဒါနဲ့ မထူးတော့ဘူးဆိုပြီး တရုတ်ကြီးကို စည်းရုံးရတယ်။

ငါ့အစီအစဉ်နဲ့ ငါ့အဖြစ်အပျက်ကို ပြောပြလိုက်တယ်။ ဝက်သစ်ချပင်ကြီးရယ်၊ ဖဲကြိုးဝါရယ်၊ အိမ်နန်းရယ်၊ ငါရယ်အကြောင်း၊

သူ . . . ငါ့ကို ချစ်မချစ် ဒီဖဲကြိုးဝါကလေးက အဖြေပေးမယ့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မထူးတော့ဘူးလေ။ ငါ့စိတ်က လှုပ်ရှားလွန်းနေပြီ။ ဘာသိက္ခာကိုမှ မစောင့်စည်းနိုင်တော့ဘူး။

တရုတ်ကြီးက ရယ်တယ်၊ အားရပါးရ ရယ်တယ်။ ကားမောင်းခွေကို လက်တစ်ဖက်လွှတ်ပြီး ငါ့ပခုံးကို လှမ်းဖက်တယ်။

"ဒါဆိုလည်း မင်းဘာသာ ကြည့်နေပေါ့ကွာ"

"မဟုတ်ဘူး ဦးလေးရ၊ ကျွန်တော် ကြောက်လို့ပါ"

"ဘာကိုလဲ"

"တကယ်လို့ ဖဲကြိုးဝါလေးမရှိရင် ဒုက္ခပဲ"

"ဒါတော့ ဘယ်တတ်နိုင်မှာလဲ၊ ဒါပေမဲ့ ရှိမှာပါကွာ"

"လုပ်ပါဗျာ၊ ဦးလေးပဲ ကြည့်နေပေးပါ"

"မင်းက ဘာလုပ်နေမလဲ"

"ကျွန်တော် မျက်စေ့မှိတ်ထားမှာပေါ့"

တရုတ်ကြီးက သွားကျိုးတွေပေါ်အောင် ရယ်တယ်။

"ကဲ . . . ကဲ . . . သွား . . .၊ မျက်စေ့မှိတ်ထားချေ ငါကြည့်ပေးမယ်။ ဟိုမှာ ကလောကို ဝင်နေပြီ"

ငါ့နေရာကို ငါပြန်လာတယ်။ ထိုင်ခုံမှာထိုင်ပြီး ရှေ့ထိုင်ခုံနောက်မှီပေါ် မျက်နှာမှောက်ထားလိုက်တယ်။

ဒရိုင်ဘာ တရုတ်ကြီးက စပယ်ယာကုလားကြီးကို လှမ်းခေါ်သံကြားရတယ်။

ပြီးတော့ ကုလားကြီးနဲ့ တရုတ်ကြီး ရယ်သံကြားလိုက်ရတယ်။ ငါ့အကြောင်းပြောပြီး ရယ်ကြတယ်ထင်တယ်။

တော်တော်ကြာတော့ တစ်ယောက်ရဲ့အသံကို ကြားရတယ်။



– "ဘာလဲဟင်၊ ဘာဖြစ်တာလဲ"

စပယ်ယာကုလားကြီးက ကုလားသံနဲ့ ရှင်းပြလိုက်တယ်။ ဟာ-သွားပြီ။ ငါ့အကြောင်းကို ရှင်းပြနေတာပဲ။ မိန်းမကြီးက အားရပါးရရယ်တယ်။ တစ်ကားလုံး ငါ့ကိုဝိုင်းကြည့်ပြီး ရယ်နေကြပြီထင်တယ်၊ ရှက်လိုက်တာ။

ငါဘာသာ စိတ်လှုပ်ရှားနေရတဲ့အထဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူး။ ငါ့အဖြစ်ကိုက ကလေးငယ်တစ်ယောက်ရဲ့အဖြစ်မျိုး ရောက်နေပြီပဲ။

ကြည့်လေ။ ငါ့ကို ကားတစ်စီးလုံးက ကလေးတစ်ယောက် ချော်ချော်တောင်းတာကို ဝိုင်းကြည့်သလို ကြည့်နေကြတယ်။

တစ်ယောက်တစ်ပေါက် ပြောကြ၊ ဆိုကြ၊ ရယ်ကြ၊ မောကြနဲ့ ကားကတော့ တအိအိနဲ့ တစ်ကွေ့ပြီးတစ်ကွေ့ ကွေ့တတ်လာတယ်။ ငါသိတယ်။ ကလောမြို့ကို နီးသထက်နီးလာပြီ။ ဘယ်အရှိန်နဲ့မောင်းရင် ဘယ်လောက်ကြာတဲ့အခါ ဘယ်ကိုရောက်တယ်ဆိုတာ ငါသိတာပေါ့။

အခုလောက်ဆို ကလောကို ဝင်ပြီ။

ဆူဆူညံညံနဲ့ ပြောလာကြတဲ့ တစ်ယောက်တစ်ပေါက်အသံတွေ တဖြည်းဖြည်းစဲသွားတယ်။

သိပြီ။ အိမ်နန်းတို့ရပ်ကွက် ရောက်လာပြီ၊ ကားထဲပါသမျှ လူတွေအကုန်လုံး ငါ့အဖြစ်ကို သိနေကြပြီပဲ။ သူတို့ ငါ့အစား စိတ်ဝင်စားနေကြပြီ။ ငါ့အစား ဝက်သစ်ချပင်ကြီးကို ရှာနေပြီး ငါနဲ့အတူ သူတို့လည်း ငြိမ်ခံနေကြပြီ။

ဒါပေမဲ့ မတူပါဘူး။ ငါစိုးရိမ်လို့ ရင်ခုန်ရတာ။ တကယ် ကိုယ်တိုင်ခံစားနေရတဲ့လူ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က အပျော်တမ်းရင်ခုန်တာ။ ရုပ်ရှင်ကြည့်ပြီး ရင်ခုန်တာ တစ်မျိုး။

ကားတစ်စီးလုံး စက်သံကလွဲလို့ ဘာမှမကြားရဘူး။ အားလုံး စိတ်ဝင်တစားငြိမ်သက်နေကြတယ်။ တဖြည်းဖြည်းနဲ့ အိမ်နန်းတို့အိမ်နားကို ရောက်လာပြီဆိုတာ ငါ သိနေတယ်။

ငါကတော့ မျက်နှာမောက်လျက်သားပဲ။ ငါ ဘယ်လောက် စိတ်လှုပ်ရှားနေတယ်ဆိုတာ ပြောမပြတတ်အောင်ပါ သူငယ်ချင်းတို့။

*           *           *

ကျွီခနဲမြည်သွားတယ်။ ကားတစ်စီးလုံး တုံ့ခနဲရပ်သွားတယ်။ ငါ ခေါင်းမဖော်ရဲသေးဘူး။ ကားတစ်စီးလုံး တုပ်တုပ်မလှုပ်။ စက္ကန့်ပိုင်းလောက် ကြာတယ်။

"ဟယ်"ဆိုတဲ့အသံတွေ ကပေါက်တိကပေါက်ချာ ထွက်လာတယ်။

ငါ့ခေါင်းကို လူတစ်ယောက်က လာပေါက်တယ်။

"ဟိုမှာ ကြည့်စမ်းကလေး"

မိန်းမကြီးတစ်ယောက်ရဲ့အသံ။

ငါ ခေါင်းကို အသာလေးမော့ကြည့်လိုက်တယ်။ ညာဘက်ဘေးမှာ ဘာမှမတွေ့ဘူး။ ဒါပေါ့။ ကားရဲ့ညာဘက်က အိမ်နန်းတို့နဲ့ မျက်နှာချင်းဆိုင် အိမ်ပဲ။ ဘယ်ဘက် . . .။

"ဟာ . . ."

ဒီတစ်ခါ အာမေဍိတ်အသံပြုလိုက်တာ ငါ။



ကားရဲ့ဘယ်ဘက်ဘေးကို ကြည့်လိုက်တယ်။

အိမ်နန်းတို့ခြံ ပြီးတော့ ခြံထိပ်က ဝက်သစ်ချပင်အိုကြီး။ အချစ် ဝက်သစ်ချပင်အိုကြီး။

အချစ်သစ်ပင်ကြီး။

ကြည့်စမ်း။

ကြည့်လိုက်ကြစမ်း။ အချစ်တွေ ဖူးကြိုးဝါတွေ။

ငါ့အချစ်ရဲ့ သင်္ကေတဖူးကြိုးဝါ။ ဝက်သစ်ချပင်အိုကြီးမှာ။

တစ်စတည်းမဟုတ်ဘူး . . . တစ်စတည်းမဟုတ်ဘူး။ အများကြီး အများကြီး . . .။

အို . . . အများကြီးပါလား။

အချစ်တွေ အများကြီးပါလား။

ဝက်သစ်ချပင်အိုကြီးမှာ ဖူးကြိုးဝါတွေ အများကြီး ချည်နှောင်ထား ပါလားကွယ်။

သုမောင်

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအမျိုးမျိုးကြောင့် မိဘမဲ့ဖြစ်ခဲ့ကြရသည့် လူငယ်လေးများ၏
လောကကြီးအလယ်တွင်
ကြမ်းတမ်းသောလောကစံရဲ့ ထုထောင်းရိုက်နှက်ချက်များကို ကြံကြံခံရင်း
ဘဝပင်လယ်ကြော့တွင် အသက်ရှင်ရပ်တည်ရေးအတွက်
ကြိုးပမ်းရုန်းကန်မှုများကို
အသေးစိတ်ရေးဖွဲ့ထားသော
လူငယ်ဘဝပြုပြင်ရေးအမြင်များကို
စာနာစိတ်အပြည့်ဖြင့် ထုံမွမ်းတင်ပြထားသည့် . . .

**မောင်ထွန်းသူ**

၏

# တောင်ပံမဲ့သည့်ငှက်ငယ်များ

မည်ကဲ့သို့ ပျံဝဲခဲ့ကြသည်ကို စောင့်မျှော်ကြပါကုန်။
လူငယ်တို့အရေး၌ စိတ်ဝင်စားမှု တိုးတက်လာရန် ရည်သန်လျက်-

ရန်အောင်စာပေ-၂ မှ
ထုတ်ဝေဖြန့်ချိလိုက်သည်။

သုမောင်

ရဲ့

# အကြွေး

ဒီမှာ ဦးဘဒင်-

ခင်ဗျားကြီး တကယ်သတ္တိကောင်းတယ်။ ကတိတည်တယ်ဆိုရင် ခင်ဗျား အပေါ်မှာ ကျုပ် ကျည်ဆန်တစ်တောင့် အကြွေးရှိတယ်ဆိုတာ လက်ခံရလိမ့်မယ်။

(အောင်ဗလ)

ဟိတ်ကောင်လေး-

မင်းအဆင်ပြေတဲ့အခါ မချိန်မရွေးငါ့ဆီလာပြီး ကျည်ဆန်အကြွေး ဆပ်နိုင်တယ်၊ ဒါပေမဲ့ . . . တစ်တောင့်ထဲနော်။

(ဦးဘဒင်)

ရန်အောင်စာပေ-၂ မှ
မကြာမီ ထွက်ပေါ်လာမည်။

တော်လှန်ရေးသမားပေါက်စ လူငယ်လေးတစ်ယောက်၏
စွန့်စားခန်းများဖြင့်ပြွမ်းသော ဂျပန်တော်လှန်ရေးနောက်ခံ
ဇာတ်လမ်း

www.burmeseclassic.com